NOBLE-MYANMAR
LITERARY FESTIVAL
(LITERATURE FOR PEACE)



# နိုဗယ်ဆုရ
## စာရေးဆရာများ ၏
# ဝတ္ထုတိုများ

# နိုဗယ်ဆုရ စာရေးဆရာများ
# ၏
# ဝတ္ထုတိုများ

ကလောင်စုံ

| | |
|---|---|
| ပုံနှိပ်ခြင်း | ပ-အကြိမ်၊ နေရီရီ၊ ၂၀၁၅၊ ဇန်နဝါရီလ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးအောင်သပြေ (**Digital Cottage**) အမှတ်(၂/က)၊ အောင်ရတနာလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခွင့်အမှတ် | ၁၀၄၆၃ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်) ၂/က၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခွင့်အမှတ် | ၀၃၇၆၂ |
| မျက်နှာဖုံး | ပန်းချီလင်းဝဏ္ဏ |
| ကာလာခွဲ | **Sunn** |
| အတွင်းဖလင် | **AZ** |
| ကွန်ပျူတာစာစီ | နေရီရီ |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| တန်ဖိုး | ၂၅၀၀ |
| ဖြန့်ချိရေး | နေရီရီ |

နိုဗယ်ဆုရ စာရေးဆရာများ၏ ဝတ္ထုတိုများ ၈၉၅. ၈၃
နေရီရီစာအုပ်တိုက်၊ ပ-အကြိမ်၊ ၂၀၁၅
၂၁၅ စာ၊ ၁၃. ၅ X ၂၀ စင်တီ။
နိုဗယ်ဆုရ စာရေးဆရာများ၏ ဝတ္ထုတိုများ (ကလောင်စုံ)

# မာတိကာ


**Yasunari Kawabata (1899-1972) -**

၁။ ပြန်လည်၍ တွေ့ဆုံခြင်း(**Re encounter**)
– တက်တိုး ၁

**Ernest Hemingway (1899-1961) -**

၂။ လူသတ်သမားများ (**The Killers**)
– အောင်သင်း ၂၇

၃။ နှာခြင်းကင်းရပါစေသား (**Indian Camp**)
– စမ်းစမ်းတင် ၄၀

၄။ တစ်စုံတစ်ရာ၏ နိဂုံး (**The End of Something**)
– ဘုန်းမြင့်(မန္တလေး) ၄၆

**Heinrich Boll (1917-1985) -**

၅။ ဓားတွေနှင့်လူ (**The Man With the Knives**)
– ကျော်လှိုင်ဦး ၅၅

၆။ ပိုးဟပ်ဖြူမလေး (**Pale Anna**)
– ညွန့်ကြူး ၇၀

**Naguib Mahfouz (1911-2006) -**

၇။ အဘိုးအိုနဲ့ မြေနေရာ (**The Old Man and the Land**)
– မောင်ညီညွတ် ၈၁

၈။ ကြောင်နက်စားသောက်ဆိုင်(**The Tavern of The Blackcat**)
– ပိုးတီ ၈၆

**Rudyard Kipling (1865-1936)-**

၉။ ချစ်မြားရှင် (Cupid's Arrow)
– ထင်လင်း ၉၉

**V.S.Nai Paul (1932-  ) -**

၁၀။ ကျန်ရစ်သူမိသားစု (The Mourners)
– မောင်ညီညွတ် ၁၀၇

**Pearl S.Buck (1892-1973)-**

၁၁။ မရဏာနှင့် လင်းအရုဏ် (Death And Dawn)
– နတ်နွယ် ၁၁၅

၁၂။ ပြန်ပေး (Ransom)
– နတ်နွယ် ၁၂၈

၁၃။ ရန်ပွဲ (The Quarrel)
– ကောင်းညွန့် ၁၇၃

၁၄။ မောင့်စိတ်ထဲမှာ စွဲလမ်းစရာ (Enchantment)
– နတ်နွယ် ၁၈၄

**John Steinbeck (1902-1962)-**

၁၅။ အိမ်အပြန် (Over The Hill)
– စိုးသိဏ်း ၂၀၁



## Yasunari Kawabata (1899-1972)

ဂျပန်စာရေးဆရာ ယဆုနာရိ ကာဝါဘတ္တာသည် ဂျပန်နိုင်ငံ၏ပထမဦးဆုံးသော နိုဗယ်ဆုကို ဝတ္ထုတိုဖြင့် ၁၉၆၈ ခုနှစ်တွင် ရရှိခဲ့သည်။ သူ ငယ်စဉ်ကပင် သူ့မိဘနှစ်ပါးစလုံးကွယ်လွန်ခဲ့ကြသဖြင့် ဆွေမျိုးများ၏ အကူအညီဖြင့် ကြီးပြင်းလာရသူဖြစ်သည်။ ကျောင်းသားဘဝကတည်းက ပန်းချီဆရာဖြစ်ချင်စိတ်ရှိခဲ့သည်။ ၁၉၂၀ တွင် Imperial University သို့ တက်ရောက်ပြီး ၁၉၂၄ တွင် ဘွဲ့ရသောအခါ ဂျပန်စာပေ၊ အင်္ဂလိပ်စာပေတို့ကို နှစ်သက်လာ၍ မဂ္ဂဇင်းတစ်စောင်တွင် စာရေးစပြုလာသည်။ နောင်အခါ၌ 'အသိသစ် အမြင်သစ် စာပေလှုပ်ရှားမှု'၏ အာဘော်ဖြစ်သော မဂ္ဂဇင်းတွင်' The Izu Dancer' ဝတ္ထုတိုကို ထည့်သွင်းဖော်ပြခဲ့သည်။ ထိုအချိန်မှစ၍ ဝတ္ထုတို၊ ရှည် အမြောက်အမြားရေးခဲ့ရာထင်ရှား ကျော်ကြားလာခဲ့သည့်ပြင် ၁၉၂၅ တွင် ပထမစတင်ထုတ်ဝေသည့် ' The Izu Dancer' သည် ယခုတိုင် အဖတ်များ၊ အကြိုက်များသော ဝတ္ထုဖြစ်သည်။

၁၉၂၁ မှ ၁၉၇၂ ခုနှစ်အတွင်း ဝတ္ထုအတို၊ အရှည် ပေါင်း ၁၄၆ ပုဒ် ရေးသားခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

# ပြန်လည်၍ တွေ့ဆုံခြင်း

**တက်တိုး**

ဂျပန်တို့ စစ်ရှုံးပြီးသည့်နောက်၊ ယူဇိုအတ်ဆူဂီး၏ ဘဝသည် ဖူဂျီးကိုးကို ပြန်၍ တွေ့သည့်အချိန်မှ စသည်ဟု ဆိုနိုင်ပေလိမ့်မည်။ အတိအကျဆိုရပါမူ ထိုအခါမှ စ၍ သူ့ကိုယ်သူ ပြန်လည်တွေ့ဆုံသည်ဟု ဆိုရပေမည်။

ဖူဂျီးကိုးကို မြင်လိုက်လျှင် သူသည် သူ့ကိုယ်သူ အသက်ရှင်နေသေးကြောင်း သတိပြုမိတော့၏။ ယင်းသို့ သတိပြုမိရာတွင် ဝမ်းသာခြင်းလည်း မရှိ ဝမ်းနည်းခြင်းလည်း မရှိပေ။ သာမန် သဘာဝအားဖြင့်သာ ဖြစ်သည်။ ယင်းသို့ ဖူဂျီးကိုးကို ပြန်၍ တွေ့လိုက်စေကာမူ သူ့၌ မည်သည့်စိတ်အာရုံမျိုးမှ မပေါ်ထွန်းချေ။ သူသည် ဖူဂျီးကိုးကို သက်ရှိသတ္တဝါတစ်ဦးဟူ၍ သော်လည်းကောင်း၊ သက်မဲ့ပစ္စည်းတစ်ခုဟူ၍ သော်လည်းကောင်း အမှတ်မပြုမိပေ။ သူသည် သူ၏အတိတ်ဘဝကို ပြန်လည်တွေ့ဆုံရသည်ဟူ၍သာ မှတ်ထင်မိ၏။ သူ့အတိတ်ဘဝသည် ဖူဂျီးကိုး၏ သဏ္ဌာန်ကို ဆောင်လျက်ရှိ၏။ ဖူဂျီးကိုးက သူ့အတိတ်ဘဝကို အကောင်အထည် ဖော်လိုက်ခြင်းလည်း ဖြစ်၏။ သူ့အဖို့ အတိတ်ဘဝသည် အကယ်စင်စစ် ပကတိ ဖြစ်သည်မဆိုသာ၊ အကယ်၍ ဖူဂျီကိုးက ထိုဘဝကို ပြန်လည်အသက်သွင်းပေးပါမူ ပစ္စုပ္ပန်ဘဝသည်လည်း အဓိပ္ပာယ်ရှိလာပေလိမ့်မည်။ ယူဇိုသည် သူ၏ အတိတ်ဘဝ နှင့် ပစ္စုပ္ပန်ဘဝတို့သည် ဆက်စပ်လျက်ရှိကာ သူ့ရှေ့တွင် မျက်ဝါးထင်ထင် ပေါ်လာသည်ကို မြင်တွေ့ရလေတော့သည်။

သူ့အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ခွဲခြားထားလိုက်သည်မှာ စစ်ကြီးပင် ဖြစ်၏။ ယခုကဲ့သို့ယူဇိုအဖို့ အံ့အားသင့်၍ မူးတူးမင်တင် ဖြစ်ရခြင်းမှာလည်း စစ်ကြီး ကြောင့်ပင်ဖြစ်၏။ စစ်ကြီးနှင့်အတူ မြှုပ်နှံထားခဲ့ရာမှ ပြန်၍ထွက်ပေါ်လာသည့် အရာကြောင့် အံ့အားသင့်ရခြင်းဖြစ်သည်။ စစ်အတွင်းက အစုလိုက် အပြုံလိုက်

သတ်ဖြတ်ခြင်း၊ အကြီးအကျယ်ပျက်စီးခြင်းတို့သည် 'ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ကြားတွင် ဖြစ်ပျက်ခဲ့သော အသေးအမွှား ကိစ္စကလေးများကို ဖျောက်ဖျက်ခြင်းငှာ မစွမ်းသာချေ။ ယူဇိုက ဖူဂျီးကိုးကို အရှင်လတ်လတ်ပြန်၍ တွေ့ခြင်းသည် သူ့ကိုယ်သူ အရှင်လတ်လတ်ပြန်၍ တွေ့ခြင်းပင်ဖြစ်၏။ သူသည်သူနှင့် ဖူဂျီးကိုးတို့ ခွဲခွာလိုက်ခြင်းသည် သူနှင့် သူ့ အတိတ်ဘဝတို့ ခွဲခွာလိုက်ခြင်းပင် ဖြစ်သည်ဟုထင်စားမိခဲ့၏။ ယင်းသို့ ခွဲခွာရသည့်အတွက် စိတ်မထိခိုက်ခဲ့ပေ။ ယင်းတို့ ခွဲခွာမှုကိုလည်း မေ့ပျောက်ခြင်းဖြင့် အောင်မြင်ပြီးစီးခဲ့သည်ဟု ထင်မိခဲ့၏။ သူသည် စစ်ကြီးတစ်လျှောက်လုံး အသက်ကို ဖက်ဖြင့်ထုပ်၍ နေလာခဲ့လေပြီ။

ယခု ဂျာမန်စစ်ရှုံးသည့်နောက် နှစ်လကျော်တွင် ဖူဂျီးကိုးကို ပြန်၍ တွေ့ဆုံ မိခဲ့လေပြီ။ ထိုသို့တွေ့လိုက်သည်တွင် သူ့အဖို့ အချိန်ကာလသည်လည်း ဂျပန်ပြည် စစ်ရှုံးသကဲ့သို့ပင် ကျဆုံးလေတော့သည်။ ဂျပန်ပြည် စစ်ရှုံးလိုက်သဖြင့် ပြည်သူတို့သည် မိမိတို့၏ ကိုယ်ပိုင်ဘဝနှင့် ပြည်သူ့ဘဝတို့တွင် အတိတ်ပစ္စုပ္ပန် အနာဂတ်တို့သည် ရောထွေးလျက် မရေမရာဖြစ်နေကြလေသည်။ ပြည်သူများအဖို့ ကြီးမား ဆူဝေလျက်ရှိသော ဝဲကြီး အစုပ်ခံရသကဲ့သို့ပင် ဖြစ်ချေသည်။

ယူဇိုသည် ကာမာကူရားမြို့ မီးရထားဘူတာရုံမှ ထွက်လာပြီးလျှင် ဝါကာမီယာလမ်းမကြီးတစ်လျှောက်တွင် လျှောက်လာလေရာ လမ်းဘေးနှစ်ဖက်တွင် ပေါက်လျက်ရှိသော ထင်းရှူးပင်မြင့်ကြီးများကို ကြည့်ကာ သူသည် ထိုသစ်ပင်ကြီးများနှင့် အတူ ကုန်လွန်ခဲ့သော အချိန်ကာလကို လိုက်လျောခံယူခဲ့သည်ဟူသော အတွေးမျိုး ဝင်လျက်ရှိလေသည်။ ဗုံးအကြီးအကျယ် အကြဲခံရသော တိုကျိုမြို့ကြီးတွင်မူ သဘာဝ အခြေအနေသည် ယင်းကဲ့သို့မဟုတ်ချေ။ စစ်ကာလအတွင်းမှသည် ယခုတိုင်အောင်ပင် တိုကျိုမြို့တွင်းရှိ ထင်းရှူးပင်များသည် တိုင်းပြည်၏ ဆိုးစေသော ကံကြမ္မာနှင့် အလားတူစွာ ပျက်ပြုန်းတုံးတိလျက် ရှိကြကုန်၏။ ယခု ကာမာကူရားမြို့တွင်မူကား ထင်းရှူးပင်များသည် စစ်ဒဏ်မှ ကင်းလွတ်၍ အစိအရီမြိုင်မြိုင် ဆိုင်ဆိုင်ရှိကြပေသည်။

ယူဇိုသည် ကာမာကူရားမြို့မှ မိတ်ဆွေတစ်ယောက်က ယဉ်ကျေးမှုပွဲတော်သို့ တက်ရောက်ရန် ဖိတ်ကြားသည့် ကပ်ပြားလေးတစ်ခု ရရှိခဲ့သောကြောင့် လာရခြင်း ဖြစ်သည်။ ပွဲတော်ကို ဆူရူဂါအိုကားဟာချီမန်း ဘုရားကျောင်းရှေ့တွင် ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ သူသည် ယဉ်ကျေးမှုပွဲတော်ကို တက်ရောက်ရလျှင် စစ်နတ်ကြီး၏ ဖမ်းစားမှုမှဝေးကွာ၍ စိတ်ဓာတ်သစ်များ ပေါ်ထွန်းလာကောင်း၏ဟု ထင်မိခဲ့လေသည်။ ယခုအခါမူ စစ်ကြီးပြီး၍ ငြိမ်းချမ်းရေးရလေပြီ

ဖြစ်သောကြောင့် စစ်အတွင်းက လူအများ ဘုရားပုထိုးသို့ သွား၍ စစ်အောင်မှု ရပါစေဟူသော ဆုတောင်းခြင်းမျိုး မရှိတော့ချေ။

ဘုရားရှိခိုးကျောင်း၏ ရုံးခန်းရှေ့သို့ ရောက်လာသောအခါ ယူဇိုသည် ကီမိုနိုအင်္ကျီရှည်ကြီးများ ဝတ်ထားသော မိန်းမပျိုတစ်စု၏ ဆူညံစွာ ရယ်မောသံများကို သတိပြုမိ၏။ များစွာသော လူတို့သည် စစ်အတွင်းကဝတ်ဆင်ကြသော ယူနီဖောင်းများ၊ လေကြောင်းရန် ကာကွယ်ရေးအဝတ်များကို ဟောင်းဟောင်းနွမ်းနွမ်းနှင့်ပင် ဝတ်နေကြလေရာ ယခုကဲ့သို့ တောက်ပြောင်သစ်လွင်သော အဝတ်အစားမျိုးသည် တောက်ပြောင်လွန်းသဖြင့် မဆီလျော်သလို ဖြစ်နေလေတော့သည်။

အမေရိကန်စစ်သားများကိုလည်း ယဉ်ကျေးမှုပွဲတော်သို့ ဖိတ်ထားသဖြင့် သူတို့အား လက်ဖက်ရည်နှင့်ဧည့်ခံရန် ထိုအမျိုးသမီးကလေးများသည် ယင်းသို့ အလှ ပြင်၍ လာနေကြခြင်း ဖြစ်သည်။ အမေရိကန်စစ်သားများသည် မကြာခင်ကမှ ရောက်လာကြသူများ ဖြစ်သဖြင့် ကီမိုနိုအဝတ်အစားသည် သူတို့အဖို့ အထူးအဆန်း ဖြစ်နေသည်။ ထို့ကြောင့်ပင် သူတို့သည် ထိုအမျိုးသမီးများကို ရှုထောင့်အမျိုးမျိုးမှ နေ၍ ဓာတ်ပုံရိုက်နေကြလေသည်။

ယူဇိုသည် ထိုကီမိုနိုအဝတ်အစားမျိုးကို လွန်ခဲ့သည့် နှစ်နှစ် သုံးနှစ်က ဂျပန်တို့ ဝတ်စားခဲ့ကြကြောင်းကို မယုံနိုင်သလောက် ဖြစ်နေသည်။ သူ့ကို လေဟာပြင် ဧည့်ခံပွဲ အခမ်းအနားသို့ ခေါ်သွားသောအခါ သူသည် ဆင်းရဲနွမ်းပါး၍ စစ်ဒဏ်ကို ခံလိုက်ကြရသော လူအများကြားတွင် ယင်းသို့ တောက်တောက်ပြောင်ပြောင် ဝတ်စားလာခြင်းသည် မထေမဲ့မြင်ပြုရာကျသည်ဟု အောက်မေ့ကာ ယင်းသို့ ပြုရက်ကြချေသည်ဟု စိတ်ထဲတွင် ရေရွတ်အံ့အားသင့်မိလေသည်။ ထိုအဝတ်အစားများကို ဝတ်စားထားသော အမျိုးသမီးများ၏ ဣန္ဒြေနည်းပါးလှသော အမူအရာ အပြောအဆိုတို့ကိုလည်း သတိပြုမိ၏။ ထို့ကြောင့်ပင်လျှင် ယူဇိုသည် အတိတ်ကာလကို ပြန်ပြောင်းတွေးမြင်မိလေသည်။

လက်ဖက်ရည်ဧည့်ခံပွဲကို သစ်ပင်များ ဝန်းရံလျက်ရှိသော မြေကွက်လပ်တွင် ကျင်းပသည်။ ဘုရားပွဲတော်များတွင် မြင်တွေ့နေကျဖြစ်သော စားပွဲရှည်ရှည် အနံ့ကျဉ်းကျဉ်းများတွင် အမေရိကန်စစ်သားများတို့သည် ငြိမ်သက်စွာ ထိုင်လျက် သူတို့အဖို့ အထူးအဆန်းအသစ်ဖြစ်နေသော ရှုခင်းကို ရိုးသားစွာ ငေးမောကြည့်ရှုနေကြသည်။ အသက် ၁၀ နှစ်ခန့်ရှိသော မိန်းကလေးတို့သည် လက်ဖက်ရည်ပန်းကန်များကို နိုင်ငံခြားဧည့်သည်များ ရှေ့တွင်ချကြသည်။ သူတို့ဝတ်ထားသော ကီမိုနိုဝတ်စုံများ၏ အရောင်အဆင်းများနှင့် လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။

ရှေးရိုးမူရာတို့ကို မြင်တွေ့ရသော ယူဇိုသည် ရှေးဟောင်းပြဇာတ်များတွင် ပါဝင်သော ကလေးဇာတ်ကောင်များကို သတိရမိလေသည်။

တစ်ဖန်ကီမိုနို အကျီရှည်ကြီးများနှင့် ခါးနောက်ဘက်တွင် ပုံ၍ထားသော အိုဘီခေါ် ခေါင်းဖုံးသဏ္ဌာန်အပိုင်းတို့သည် ယခုခေတ်နှင့် မဆီလျော်တော့ပဲ၊ ရှေးဆန်လွန်းလှသည်ဟု ယူဇိုက ထင်မိသည်။ သူတို့သည် ဂုဏ်သရေရှိ မိကောင်းဖခင်သမီးများဖြစ်ကြ၍ သူတို့၏ အမူအရာသည် ဂုဏ်ရှင်ကြေးရှင်များ၏ အမူအရာပင် ဖြစ်စေကာမူ၊ ယခုကြည့်ရသည်မှာ အပေါစားမျိုးနှင့် တူနေချေသည်။ သူတို့၏ ပြောင်လက်သော အဝတ်အစားများနှင့် အဆင်များသည် ယူဇို၏မျက်စိတွင် ရိုင်းသလိုလို ဖြစ်စေ၏။ သူသည် စစ်မဖြစ်ခင်က ကီမိုနိုဝတ်စုံများကို ချုပ်လုပ်သော သူတို့၏ အနုပညာသည် ယခုစစ်ပြီးချိန်တွင် ကျဆင်းနေပြီဟု ထင်မိသည်။ နောက်မြင်တွေ့ရသောအက ဝတ်စုံများသည် သူ့အထင်ကို ထောက်ခံအတည်ပြုနေကြဟန် ရှိချေသည်။

ရှေးခေတ်ကမူ အကဝတ်စုံများသည် ထူးခြားကြ၏။ သာမန်အမျိုးသမီးတို့၏ ဝတ်စုံများနှင့်မတူပေ။ ယခု၌မူ သာမန်အမျိုးသမီးဝတ်စုံတို့က အကဝတ်စုံတို့ထက်ပင် ထူးခြားတောက်ပြောင်စေလေတော့သည်။ သို့ရာတွင် အကဝတ်စုံများ၌ သိမ်မွေ့သောအချင်းအရာ ရှိနေသေး၏။ အရောင်အဆင်းမှာလည်း ကြွေရလှပေသေးသည်။

အကများကို ဘုရားရှိခိုးကျောင်းကရှိ ဇာတ်ခုံပေါ်တွင် ပြုလုပ်ကြသည်။ အုရယာဆုအက၊ ရှိရှိအက၊ ရှိဇုကအက၊ ဂျပ်ရိုကု ဟုခေါ်သော ပန်းမာလ်တို့ကို ကြည့်ရှုသည့်အက စသည်ဖြင့် စုံနေလေသည်။ ပန်းမာလ်များကို ကြည့်ရှုရင်း ကပြသည့် နောက်ဆုံး ဖော်ပြရာ အကမျိုးသည် ရှေးခေတ်အကဖြစ်သည်။ ယခု၌မူ တိမ်ကောနေပေပြီ။ ထိုအကကို မြင်တွေ့ရသော ယူဇို၏ ရင်ထဲတွင် ပလွေသံလှိုင်းများကဲ့သို့ တွန့်လွန့်သော အာရုံလှိုင်းများ ထလျက်ရှိလေသည်။

သီးသန့်ထိုင်ခုံများတွင် တစ်ပိုင်းကို အမေရိကန်စစ်သားများအတွက် ဖယ်ထားသည်။ ယူဇိုသည် အနောက်ဘက်ပိုင်းရှိ ထိုင်ခုံတစ်ခုံတွင် ထိုင်သည်။ သူ့အနီးတွင် အဓိကရ သစ်ပင်ကြီးတစ်ပင်ရှိ၏။ သစ်ပင်ကြီးမှာ အသက်ရှည်ပြီဖြစ်ရာ ပင်စည်သည် ဝါကျင့်ကျင့်ဖြစ်နေသည်။ သီးသန့်မဟုတ်သော ထိုင်ခုံများမှ ကလေးတို့သည် တဖြည်းဖြည်း သီးသန့်ထိုင်ခုံတန်းများဘက်သို့ တိုး၍လာကြသည်။ အဝတ်အစား စုတ်စုတ်ချာချာနှင့် ကလေးစုကြီးကို နောက်ခံ၍ သွားလာလှုပ်ရှားလျက်ရှိသော ကီမိုနို လက်ရှည် ဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးများ၏

အရောင်အဝါတို့သည် ကြောင်တက်တက် ဖြစ်နေလေတော့၏။

ညွှန်တောရှေ့တွင် ပေါက်နေသော ပန်းများနှင့် တူနေချေသည်။ နေရောင်သည် ထင်းရှူးပင်အုပ်ကို ဖြတ်၍ စောင်းစောင်းထွန်းတောက်နေသည်။ ဇာတ်ခုံထိပ်က တန်းနီနီကို အရောင်ထိုးလျက်ရှိသည်။

ဂျင်ရိုကုအကကို ကနေသော ကချေသည်သည် ဇာတ်ခုံပေါ်မှ ဆင်းပြီးလျှင် အဖော်ကို နောက်ချန်ထားခဲ့ပြီးနောက် တစ်ယောက်တည်း ထွက်သွားသည်။ ယူဇိုက သူ့ကိုကြည့်ကျန်ခဲ့လေရာ သူ့ကီမိုနိုအဝတ်သည် မြေပြင်ပေါ်တွင် ဒရွတ်ဆွဲ၍ ပါသွားသည့် အောက်နားကို မြင်လိုက်ရသဖြင့် ဝမ်းနည်းသလိုလို စိတ်တွင် ဟာတိဟာတာ ဖြစ်သွားလေသည်။ ဝါဂွမ်းသွပ်ပြီး ချုပ်ထားသော အောက်နားဖြစ်လေရာ သူ လျှောက်ရင်း ခြေလှမ်းတိုင်း အတွင်းခံ ထဘီအစ ပေါ်ထွက်လာလေသည်။ အတွင်းခံအစသည် လှပ၍ကြာဆန်သော ဂျပန်အမျိုးသမီးတစ်ဦး၏ အသားနှင့် တူလေသည်။ ကီမိုနို ဒရွတ်တိုက်၍ အတွင်းခံအစကလေး ပေါ်လာလိုက်၊ ပြန်ဖုံးသွားလိုက်၊ ပြန်ပေါ် လာလိုက်ဖြစ်သည်ကို ကြည့်ရသောအခါ ယူဇိုသည် စိတ်ထိခိုက်ဖွယ်ကောင်းလှသော အလှမျိုးကို မြင်တွေ့ရတော့သည်။ ထိုအမြင်ကြောင့် သူ့ရင်တွင်းဝယ် တိမ်းမတ်သော ဆန္ဒစိတ်တို့သည် ဝမ်းနည်းသလို စိတ်များကြားထဲမှ ထိုးထွက်လာလေသည်။

နောက်ပိုင်းတွင်ရှိသော ဘုရားကျောင်းသည် ငြိမ်သက်လျက်ရှိ၏။ ဇာတ်ခုံ၏ နောက်ခံကားသဖွယ် ဖြစ်နေလေသည်။

ရှိဇုဂိုဇင်အကမျိုးသည် အလယ်ခေတ်က အကမျိုး ဖြစ်သည်။ ဂျင်ရိုကုအကမျိုးသည်ကား ခေတ်မှီသောအကမျိုးဖြစ်ပုံရ၏။ ဂျပန်တို့၏ စစ်ရှုံးပြီးသည့်နောက်တွင် ယူဇို၏ မျက်စိများတွင် အကဟူသရွေ့၌ အာရုံမပြုမိတော့ချေ။

သူသည် အကကိုငေးကြည့်နေခိုက်တွင် ဖူဂျီးကိုး၏ ရုပ်အသွင်သည် သူ့မြင်ကွင်းထဲသို့ ရုတ်တရက် ဝင်လာလေသည်။

"ဟာ. . . မဟုတ်နိုင်ပါဘူး" ဟု သူက အံ့အားသင့်စွာ ရေရွတ်မိ၏။ ပြီးလျှင် ချက်ခြင်းပင် မင်သက်မိသလိုဖြစ်ကာ ငေးစိုက်နေမိသည်။ သူ့ရင်တွင်းမှ ထိုးထွက်ရန် ကြိုးစားနေသော သူ့ဆန္ဒများကို ပြင်းပြင်းထန်ထန် နှိမ်နင်းရလေသည်။ "ဒီကောက်ကျစ်တဲ့ မြေခွေးမကြောင့် ငါ နောက်ထပ် ဒုက္ခမရောက်နိုင်တော့ပါဘူး" ဟူသော အတွေးဆိုးဖြင့် ဆန္ဒစိတ်များကို နှိမ်နင်းရသည်။ သို့ပါသော်လည်း သူသည်၊ ဖူဂျီးကိုးသည် အသက်ရှင်နေသော သတ္တဝါဖြစ်သည်။ သူ့ကို ဒုက္ခပေးမည်ဆိုက ပေးနိုင်သည် ဟူသော အတွေးကို ဖျောက်ဖျက်ပစ်၍

မရချေ။ ထို့ကြောင့် သူသည် ဟန်မပျက်နေလိုက်၏။ မျက်နှာတောင်မှ လွှဲမပစ်ပေ။

ကချေသည်၏ ခြေသလုံးသားကလေးကို မက်မောခဲ့သော ဆန္ဒမီးတောက်ကလေးသည် ဖူဂျီးကိုးကို မြင်လိုက်ခြင်းဖြစ်၏။ ငြိမ်သက်ခြင်း ခံလိုက်ရ၏။ ဖူဂျီးကိုးက သူ့ကို စွဲမက်စေလှသည်တော့ မဟုတ်ပေ။ ကျေနပ်မှု နှစ်သိမ့်မွေ့လျော်မှုတို့ဖြင့် ဝိထိကျနေရာမှ ဖြုန်းခနဲ လန့်နိုးသလိုဖြစ်ကာ ဖူဂျီကိုး၏ မျက်နှာကို သူ့မျက်စိထဲတွင် ကြေးမုံရိပ်သွင် ထင်စေလေတော့သည်။ သူသည် ဖူဂျီးကိုးကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဘဝ၏ရေအယဉ်ထဲသို့ ပစ်ချခြင်းခံရသကဲ့သို့ဖြစ်သွား၏။ ယင်းသို့ ခံစားနေရခိုက်တွင် ယူဇိုသည် သူ၏ကိုယ်ကာယ အပိုင်းတစ်ပိုင်းနှင့် သူပြန်၍တွေ့ရသော ပူနွေး၍ အတွေ့အထိရှိသော ခံစားမှုကို ရှိလေတော့သည်။ ထို့ကြောင့်ပင် သူ့၌ ဖိန်းရှိန်းပူထူသွားလေသည်။

ဖူဂျီးကိုးသည် အကကို အာရုံစိုက်၍ကြည့်နေသဖြင့် ယူဇိုကို မမြင်မိချေ။ သူက ဖူဂျီးကိုးကိုမြင်၍ မှတ်မိသော်လည်း ဖူဂျီးကိုးက သူ့ကိုမမြင်သည့်အတွက် သူ့စိတ်ထဲတွင် ထူးဆန်းနေသော ခံစားမှုတစ်ခုရှိနေသည်။ တစ်ယောက်ကို တစ်ယောက် မမြင်မိဟုဆိုရမှာလည်း နှစ်ယောက်သားမှာ ပေ၂၀ သာ ကွာခြားကြသည်။ ထို့ကြောင့် ပို၍ ထူးဆန်းနေလေတော့၏။

ဖူဂျီးကိုးက မတုန်မလှုပ် အေးအေးဆေးဆေး လုပ်နေသဖြင့် ယူဇိုက အားမလိုအားမရဖြစ်ကာ သူ ထိုင်ရာမှ ထ၍လာပြီးလျှင် ဝိထိကျနေသူတစ်ဦးအား ပြန်၍သတိရအောင် လုပ်သည့်နည်းဖြင့် သူက ဖူဂျီးကိုး၏ နောက်ကျောကို လက်ဖြင့် ပုတ်လိုက်သည်။

"အို . . . " ဟု ဖူဂျီးကိုးက ကန့်လန့်ဖျပ်၍ အော်ပြီးလျှင် မူးမေ့သွားမည်ပုံဟန် ဖြစ်သွားသည်။ သို့သော် ချက်ခြင်းပင် ဣန္ဒြေဆည်ပြီးလျှင် ထိုင်ရာမှထလိုက်သည်။ သူ့ကိုမှာ တုန်လျက်။ ယူဇို၏လက်က ထိုအဖြစ်ကို သိလိုက်သည်။

"ရှင် ဘေးရန်ကင်းတယ်နော် . . . လန့်သွားတာပဲ။ ရှင်နေထိုင်ကောင်းရဲ့လား" ဖူဂျီးကိုးသည် ခပ်မတ်မတ်ရပ်လိုက်သည်။ ယူဇိုက သူ့ရင်ခွင်ထဲသို့ ဖူဂျီးကိုး ဝင်လာလိမ့်မည်ဟု ထင်မိလိုက်သည်။

"ရှင် စစ်အတွင်းမှာ ဘယ်ရောက်နေသတုံး"

"ဟင် . . . "

ယူဇိုသည် သူ စစ်အတွင်းက တစ်နေရာရောက်နေ၍သာ ဖူဂျီးကိုးနှင့် ကွဲနေရသည်ဟူသော အဓိပ္ပာယ်ဖြင့် မေးမြန်းခြင်းခံရကြောင်း သတိပြုမိ၏။ သူသည် ဖူဂျီးကိုး၏အသံကိုကြားလိုက်ရသောအခါ ထူးဆန်းသလိုဖြစ်ပြီးလျှင် ကြောင်တက်

တက်ဖြစ်နေသည်။ သူသည် မိန်းမတစ်ယောက်၏ အသံကိုမကြားခဲ့ရသည်မှာ နှစ်လ ရှည်ကြာလေပြီဟု ထင်မှတ်မိသည်။ ယခုသူတို့နှစ်ယောက် လူတောထဲတွင် ရှိနေသည်ကို သူ သတိမမူမိ။ လူသူကင်းရာတွင် ဖူးဂျီးကိုးနှင့် ချိန်းတွေ့နေသည်ဟူ၍ပင် ထင်မိလေသည်။ ဖူဂျီးကိုးနှင့် ပထမတွေ့စဉ်က ပေါ်ထွန်းခဲ့သော ဆန္ဒအာရုံများသည် သူ့သန္တာန်တွင် ကျိတ်ကျိတ်တိုးတိုး ဖြစ်နေကြချေသည်။

ထိုမိန်းမနှင့် ပြန်၍ပေါင်းလျှင် သူ့တွင်ပြဿနာအမျိုးမျိုး တက်ဦးမည်ကို သူ သိပါ၏။ အငယ်အနှောင်း ထားရကောင်းလားဟူ၍ အများက ရှုတ်ချပြစ်တင်ကြမည်ကေန်ဖြစ်၏။ သူ့သားမယားများနှင့် အဆင်မပြေ ဖြစ်မည်လည်း သေချာသည်။ သို့သော် ယခုဖူဂျီးကိုး ပြန်တွေ့ရသောအခါ ထိုပြဿနာကို ကြောက်သောစိတ်တို့သည် ဆန္ဒစိတ်များ၏ တွန်းလှန်ဖြိုဖျက်ခြင်းခံရသောကြောင့် ပျောက်ပျက်ကြရလေသည်။ မတွန်းလှန်နိုင်အောင် ဆွဲဆောင်မှုကြီးလှသော ပေါင်းသင်းမှုကိုပင် သူ လက်ခံဖို့ ပိုင်းဖြတ်လိုက်မိလေတော့သည်။ ထို့ကြောင့် သတိဆိုသောတရားက အချိန်မီလာ၍ တားသော်လည်း သူသည် မြောင်းကိုခုန်၍ ဖူဂျီးကိုးကို ယူလေပြီတကား။

သူ့အဖို့ နိဗ္ဗာန်လမ်းပေါက်၍ လွတ်လပ်မှုရရှိသကဲ့သို့ဖြစ်သည်။ သူသည် ယင်းသို့ ရေးကတစ်ခါမျှ မဖြစ်ခဲ့ဖူးချေ။ သူ၏အဆန်းကြယ်ဆုံး အိပ်မက်ထဲမှာပင် ထိုမျှသစ်လန်းဝေဆာသော အာရုံမျိုးကို မခံစားရဘူးချေ။ သူသည် သူနှင့် ဖူဂျီးကိုးတို့ ပြန်တွေ့လျှင် ထိုမျှလောက်ထူးကဲ ပြင်းထန်သော ဆန္ဒစိတ်အာရုံတွေ ဝေဆာလိမ့်မည်ဟု မထင်မိခဲ့ပေ။

ဖူဂျီးကိုးက သူ့ကို အပြစ်တင် စကားဆိုမည် ဟန်ပန်အသွင်အပြင် လုံးဝမရှိပေ။

"ရှင့်ရုပ်ကတော့ နည်းနည်းကလေးမှ မပြောင်းဘူး။ အရင်အတိုင်းပဲ"

"ဟာ. . . ဘယ်ဟုတ်မလဲ။ ငါ့ရုပ် အများကြီး ပြောင်းလဲသွားတာပေါ့"

"မဟုတ်ပါဘူး။ ရှင် နည်းနည်းမှ မပြောင်းပါဘူး"

ဖူဂျီးကိုးက ယခုကဲ့သို့ အသေအချာ ယုံယုံကြည်ကြည် ပြောလိုက်သဖြင့် ယူဇိုလည်း ဆက်၍မငြင်းတော့ဘဲ "ဟုတ်မှာပေါ့" ဟု ဖြေလိုက်သည်။

"စစ်အတွင်းမှာ ဘာတွေလုပ်နေသလဲ"

"စစ်တိုက်နေရတာပေါ့" ဟု ယူဇိုကဒေါသသံနှော၍ ပြောလိုက်မိသည်။

"မဟုတ်နိုင်ပါဘူး။ ရှင့်ကြည့်ရတာ စစ်တိုက်တဲ့ထဲ ပါပုံမရပါဘူး"

အနီးပတ်ဝန်းကျင်ရှိလူများက တခစ်ခစ် ရယ်မောကြသည်။ ဖူဂျီးကိုလည်း

ရောချိရယ်လိုက်၏။ အနီးရှိ လူများကမူ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် မမျှော်လင့်ဘဲ ကြုံတွေ့ကြရပုံကို ကြည့်ပြီးလျှင် သဘောကျနေကြသည်။ ဖူဂျီးကိုးသည် ပတ်ဝန်းကျင် အခြေအနေအရ လိုက်လျောစွာနေလိုက်သည်။

ယူဇိုဒ္မမူ စိတ်မလုံသလိုဖြစ်မိ၏။ ယင်းသို့ဖြစ်လေသည့်အခါဝယ် ဖူဂျီးကိုး၌ ဖြစ်ပေါ်နေသော ရှေးကနှင့် အသွင်မတူမှုတို့သည် သူ့မျက်စိထဲတွင် ပို၍ထင်ရှားလာဟန်ရှိ၏။ ဖူဂျီးကိုးသည် ရှေးက ခပ်ဝဝဖြစ်သော်လည်း ယခုအတော်ပင် ပိန်သွားသည်။ သူ့မျက်လုံးများသည် ရှေးကထက်ပို၍ ပြောင်လက်လာသည်။ ရှေးကမူ ဖူဂျီးကိုးသည် သူ့မျက်ခုန်းမွေးနီကျင်ကျင်ဖြစ်နေသည်ကို မဲအောင် ခဲတံဖြင့် ဆွဲလေ့ရှိ၏။ ယခု၌မူ ယင်းသို့ပြုပြင်ထားခြင်း မရှိချေ။ မျက်ခုန်းမွေးကိုသာမက၊ သူ့မျက်နှာတစ်ခုလုံးကိုလည်း ပြုပြင်မှုန်းခြယ်ထားခြင်း မရှိချေ။ သူ့ပါးတွင် အနီရောင်မရှိဘဲ ဖြူဖတ်ဖြူလျော် ဖြစ်နေသည်။ သူ့ကိုကြည့်ရသည်မှာ အားမရစရာပင်။ အလှအပကင်းနေသလို ဖြစ်ချေသည်။ လည်ပင်းမှ အထက်နဖူးအထိ သူ့အသားသည် နဂိုရ်က ဖြူသော်လည်း ယခု၌မူ ညိုနေလေပြီ။ သူ့မျက်နှာထားမှာလည်း ကြည်ကြည်လင်လင် မရှိ။ စိုးရိမ်ကြောင့်ကြမှုများသည် သန်းဝေလျက်ရှိ၏။ ဆံပင်မှာ နဂိုရ်က အတော်ပင်လှ၏။ ယခု၌ကား သပ်သပ်ရပ်ရပ်မဖီးဘဲ ပစ်စလက်ခတ် ထုံးထားသည်။ သူ့ဦးခေါင်းသည် သူ့ဆံပင်ပွကြီးအောက်တွင် စိတ်ပျက်စရာ ကောင်းလောက်အောင် သေးငယ်လျက်ရှိ၏။ သူ့မျက်လုံးများကသာ ယူဇိုနှင့်တွေ့ရသဖြင့် ဝမ်းသာကြောင်းပြ၍ နေသည်။

သူနှင့် ယူဇိုတို့သည် အသက်အားဖြင့် အတော်ကွာသည်မှန်ခဲ့သော်လည်း ယခု သူက အိုစာနေသောကြောင့် သိသိသာသာ ကွာခြားမှု မရှိတော့သလို ဖြစ်နေသည်။ ထိုအချက်ကြောင့် ယူဇိုက ကျေနပ်ရမည့်အစား မကျေနပ်သလိုလို ရင်ထဲ၌ဖြစ်နေမိ၏။ သို့ရာတွင် ယူဇိုသည် အသက်က ထောက်လင့်ကစား ရင်တွင်း၌မူ တလှပ်လှပ်ဖြစ်ကာ ပျို့ရွယ်သူ၏ ဆန္ဒအာရုံများ ထွန်းပေါ်လျက်ရှိလေတော့သည်။

"ရှင် . . . တကယ်ပဲ မပြောင်းလဲပါဘူး၊ အရင်တုန်းကလိုပါပဲ" ဟု ဖူဂျီးကိုး က ထပ်၍ပြောသည်။

ယူဇိုလည်း ဖူဂျီကိုး၏ နောက်သို့ လိုက်ပါသွားရင်း လူထုနောက်နားသို့ သူတို့နှစ်ယောက် ရောက်သွားကြ၏။ ဖူဂျီးကိုးက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ "ရှင့်မယားကော ဘယ်မှာလဲ" ဟု မေးလိုက်သည်။

ယူဇိုက "ဟင် . . . " ဟူ၍သာ ဆိုလိုက်၏။

"ရှင့်မယားကော ဘေးရန်ကင်းရဲ့မဟုတ်လား . . . "

"ဟာ . . . အင်း . . ."

"ကောင်းတာပေါ့။ ဒါနဲ့ ကလေးတွေကော ကျန်းကျန်းမာမာပဲလား"

"ငါ သူတို့ကို နေရာပြောင်းပေးထားခဲ့တယ်"

"အို . . . ဟုတ်လား၊ ဘယ်ကိုပြောင်းပေးထားခဲ့သလဲ"

"တောပိုင်းပေါ့။ ကောဖူးဘက်ကို"

"ဩော် . . . ဟုတ်လား။ ရှင့်အိမ်ကော။ ဗုံးဒဏ်ကင်းရဲ့လား။"

"ဘယ်ကင်းမလဲ၊ ဗုံးထိပြီး မီးလောင်သွားပြီ"

"အို . . . ဖြစ်မှဖြစ်ရလေ၊ ကျွန်မရဲ့ အိမ်လည်း မီးထဲပါသွားတယ်"

"အို . . . ဟုတ်လား။ ဘယ်မှာလဲ"

"တိုကျိုမှာပေါ့"

"ဩော် . . . မင်း တိုကျိုမှာပဲ ဆက်နေနေသလား"

"မနေလို့ ဘယ်လိုလုပ်ရမလဲ။ မိန်းမသားတစ်ယောက်ထဲမို့ ဘယ်ကိုမလည်း သွားစရာရှိမှ မရှိဘဲ"

ယူဇို၏ဒူးများသည် ရုတ်တရက် တုန်လာလေသည်။ အအေးမိသွားသလိုပင်။

"သေချင် သေပါစေတော့လို့ စိတ်ပိုင်းဖြတ်ပြီးမှတော့၊ သေချင်သေရရင် တိုကျိုမှာပဲ စိတ်ချလက်ချ သေလိုက်တော့မှာပေါ့။ စစ်အတွင်းမှာတော့ နေရေးထိုင်ရေးဆိုတာ ဘယ်မှာကျကျနနရှိမှာလဲ။ ဘယ်သူကောရှိမှာလဲ။ မထူးပါဘူး။ ဟန်နဲ့ပန်နဲ့ နေလို့ဖြစ်နိုင်ကြတာမှ မဟုတ်ဘဲ။ ကျွန်မအဖို့တော့ ကျန်းကျန်းမာမာ ရှိရင်တော်ပြီ။ ဒုက္ခခံရတာကို ဝမ်းနည်းမနေတော့ပါဘူး"

"မင်းအိမ်ပြန်မသွားဘူးလား"

"အိမ်ပြန်လို့ ဘယ်မှာဖြစ်နိုင်မလဲ"

ဖူဂျီးကိုးက ပြန်မေးလိုက်သော အမေးတွင် ယူဇိုအား အပြစ်တင်သံပါနေလေသည်။ သို့ရာတွင် သူသည် ယူဇိုအပေါ်တွင် အာဃာတ မထားပေ။ ထားကြောင်းကိုလည်း မပြပေ။ ယူဇို၌ တာဝန်မကင်းသော်လည်း သူကတော့ ခပ်ပေါ့ပေါ့သဘောထားလေသည်။ ထို့ကြောင့် သူ့အသံတွင် အထေ့အညှာကလေး ပါနေခြင်းဖြစ်သည်။

ယူဇိုသည် အနာဟောင်းပြန်ပေါ်လာ၍ ခံစားရသော ဝေဒနာကြောင့် သူ့ကိုယ်သူ ဒေါသဖြစ်မိသည်။ ရွံမုန်းမိသည်။ ဖူဂျီးကိုးကမူ မင်သေသေနှင့် နေလေသည်။ ယူဇိုက သူ နောက်ထပ်ပြောဦးလေမလားဟူသော အတွေးဖြင့် ကြောက်သလိုလိုဖြစ်နေ၏။ ထိုနောက် သူသည် သူ့၌ တာဝန်ပျက်ကာ ပေါ့တန်သော သဘော

ထား ရောက်ရှိနေကြောင်းကို သတိမူမိသည်။ စစ်အတွင်း၌ သူသည် ဖူဂျီးကိုးအပေါ်၌ သူ့တာဝန်ရှိကြောင်းကို မတွေးမိချေ။ စစ်ကြောင့် ကွဲကွာရသည်ကိုပင် သူ့အဖို့ အဆင်မပြေ၍ စိတ်မချမ်းမြေ့ဖွယ် ဖြစ်ခဲ့ရသော အချစ်ဇာတ်လမ်းကို ဖြတ်၍ သိမ်းခဲ့ရခြင်းသည် ကျေနပ်သလိုဖြစ်ကာ ပေါ့ပေါ့တန်တန် နေလာခဲ့လေသည်။ ယင်းသို့ နေလာခဲ့ခြင်းအတွက် စစ်၏ ကြမ်းတမ်းပြင်းထန်မှုအပေါ်သို့ အပြစ်ပုံချခဲ့လေသည်။ စစ်အတွင်းတွင် စစ်၏ဒဏ်ကြောင့် ယောကျ်ားနှင့်မိန်းမနှစ်ဦးအကြားတွင် ရှိနေသော အဆက်အသွယ်ဖြစ်သည့် တွယ်တာမှုသံယောဇဉ်ကလေးသည် ပြုဟ်လျက်ရှိနေသည်။

ယခု ပြန်တွေ့ရသောအခါဝယ် သူသည် ဖူဂျီးကိုး စစ်အတွင်းက စစ်ဒဏ်ကို မည်သို့ခံပြီး သေတွင်းမှ လွတ်လာလေသနည်းဟူ၍ အံ့အားသင့်နေမိသည်။ တွေးလေတိုင်း ကျောစိမ့်၍ ပခုံးတွန့်မိသည်။ ဖူဂျီးကိုးလည်း စစ်ဘေးစစ်ဒဏ်ကြောင့် သူ့ကို စိတ်နာကျည်းမည် မဟုတ်ပေ။ သူ့မျက်နှာကို ကြည့်ရခြင်းအားဖြင့် ဖူဂျီးကိုးတွင် စိတ်ကြီးပြီး တက်တတ်သည့်ရောဂါ အတော်ပင် လျော့ပါးသွားပြီဟု ခန့်မှန်းမိလေသည်။ ဖူဂျီးကိုး၏ မျက်လုံးများတွင် မျက်ရည်ရွဲလျက်ရှိ၏။ ယူဇိုလည်း သူ့ကို ရဲရဲ မကြည့်ဝံ့သလို ဖြစ်နေသည်။

ကလေးများကို တတောင်ဖြင့်တွတ်၍ လူတောထဲမှ ထွက်ပြီးလျှင် ဘုရားကျောင်းရှေ့ ကျောက်လှေခါးထစ် တစ်ထစ်ပေါ်တွင် သွား၍ထိုင်လေသည်။ ဖူဂျီးကိုးကမူ မထိုင်သေးပဲ ရပ်၍နေ၏။

"အခုလိုအခါမျိုးမှာတော့ လူတွေဟာ ဘုရားရှိခိုးကျောင်းလာပြီး ရှိခိုးဆုတောင်းတယ် မရှိလှဘူး။ ဒါပေမဲ့ ဒီလို ပျော်ပွဲမျိုးကိုတော့ လာကြတယ်" ဟု ဖူဂျီးကိုးက ဘုရားရှိခိုးကျောင်းကို လှမ်းမျှော်ကြည့်ရင်း ပြောလေသည်။

"ဘုရားရှိခိုးဖို့ မလာပေမဲ့ ဘုရားကျောင်းကို ခဲနဲ့ပေါက်ဖို့မလာရင် တော်သေးတာပေါ့" ဟု ယူဇိုက ပြန်ပြောလိုက်သည်။

လူထုသည် အကဇာတ်ခုံ ပတ်ပတ်လည်တွင် လှည့်နေကြရာမှ ဘုရားကျောင်းရှေ့ရှိ ရင်ပြင်တွင် စုရုံး၍ လှည့်ပတ်နေကြပြန်သည်။ ဘုရားကျောင်းရှေ့တွင် ကပွဲကျင်းပခြင်း၊ အမေရိကန်စစ်သားများ ဘုရားကျောင်းရှေ့တွင် ရောက်လာခြင်းတို့သည် မနေ့ကအထိ တွေး၍မရအောင် ဖြစ်လေသည်။ ယဉ်ကျေးမှုပွဲတော်အတွက် ပြုလုပ်ထားသော အပြင်အဆင်များသည် မပြည့်စုံချေ။ လူတွေ၏ အဝတ်အစားနှင့် အမူအရာတို့သည်လည်း အဆင်မပြေလှချေ။ သို့သော် လူထုပရိသတ်သည် အတော်ပင်ကြီးလှ၏။ ဘုရားကျောင်းဝင်းတစ်ခုလုံး ပြည့်နေလေသည်။ ဆောင်းဦး

လေအေးသည်လည်း လွင်ပြင်၌ ရှိနေသူအားလုံး၏ ရင်ဘတ်များကို စူးစူးရှရှတိုးလျက် ရှိ၏။

"ကမာကုရမြို့ ပြာမကျတာဟာ ကံကောင်းတာပဲ၊ တိုကျိုနဲ့တော့ သိပ်ကွာတာပေါ့။ ဒီမှာဆိုရင် သစ်ပင်တွေ ရှိနေတယ်။ ရှုခင်းလိုပဲ သာသာယာယာရှိတယ်။ ပြီးတော့လည်း ဂျပန်ယဉ်ကျေးမှု အမှုအရာတွေကို တွေ့နိုင်တယ်။ ဒါပေမဲ့ အမျိုးသမီးကလေးတွေ ဝတ်ဆင်လာပုံကို ကြည့်ပြီး အတော်ပဲ စိတ်မချမ်းသာဖြစ်မိတယ်"

"မင်းက ဒီကီမိုနိုဝတ်စုံတွေနဲ့ ပတ်သက်လို့ ဘယ်လိုထင်မြင်သလဲ" ဟု ယူဗိုက မေးလိုက်သည်။

"ဒီအင်္ကျီရှည်ကြီးတွေနဲ့ ဓာတ်ရထားစီးလို့မရဘူး။ ကျွန်မလည်း အရင်တုန်းက ဒီအင်္ကျီမျိုးနဲ့ ဓာတ်ရထားစီးဖူးပါတယ်။ လမ်းလည်း လျှောက်ဖူးပါတယ်" ဟုဆိုကာ ယူဗိုကို ငုံ့ကြည့်လိုက်သည်။ ပြီးလျှင် ယူဗိုဘေးနားတွင် ဝင်၍ထိုင်သည်။ ပြီးမှဆက်၍ ပြောသည်။ "ဒီသူငယ်မတွေရဲ့ ကီမိုနိုတွေကြည့်ပြီး စိတ်ညစ်တယ်။ ငါ အသက်ရှင်နေရတဲ့အတွက် ဝမ်းသာစရာ ဖြစ်တယ်ဆိုပေမဲ့ တကယ်တော့လည်း ငါ့ဘဝမှာ ဘာမှ အဓိပ္ပာယ်ရယ်၊ ရည်ရွယ်ချက်ရယ်မရှိတော့၊ အသက်ရှင်နေရတာ အလကားပဲလို့ အောက်မေ့မိတယ်"

ယူဗိုက ဖူဂျီးကိုးဆက်၍ ပြောမည့် အကြောင်းကို ကြိုတင်၍ ကာကွယ်သည့် အနေဖြင့် "မင်း ဘာကိုဆိုလိုတယ်ဆိုတာ ငါ သိပါတယ်" ဟု ပြောလိုက်လေသည်။

ဖူဂျီးကိုးသည် ယောကျ်ားဝတ် အင်္ကျီဟောင်းကို ဖျက်၍ ချုပ်ထားသော အင်္ကျီကြီးကို ဝတ်ထား၏။ ယူဗိုသည် သူကိုယ်တိုင်လည်း ယင်းသို့ပင် ဆင်းဆင်းရဲရဲ ဝတ်စားခဲ့ရဖူးကြောင်း ပြန်၍ သတိရမိလေသည်။

"ရှင့်မယားနဲ့ ကလေးတွေက ကောဖူးမှာ၊ ရှင်ကတော့ တိုကျိုမှာ ဘာဖြစ်တာလဲ၊ ရှင့်အဖို့ အဆင်မပြေလို့လား"

"အို . . . အဆင်မပြေဆို သူများလိုပေါ့"

အတန်ကြာ ငြိမ်နေပြီးမှ ဖူဂျီးကိုးက "ကျွန်မလည်း အရင်တုန်းက သူများလိုပဲလား" ဟု မေးလိုက်သည်။

သူက ပြန်မပြောဘဲ နေသဖြင့် ဆက်၍ "ရှင့်မယားကော သူများလိုပဲ ကျန်းကျန်းမာမာ ရှိရဲ့လား" ဟု မေးပြန်လေသည်။

"အင်း . . . ဟုတ်မှာပေါ့"

"သူ့မှာ အထိအခိုက်ရှိသလား"

"မရှိပါဘူး"

"ကောင်းပါလေရဲ့ တစ်ခါတုန်းကပေါ့။ လေယာဉ်ပျံတွေ ဗုံးကြဲတုန်းမှာ ကျွန်မ တွေးမိခဲ့တယ်။ အခုလိုအခါမျိုးမှာ ရှင့် မိန်းမကို ဗုံးထိပြီး ကျွန်မသာ ကျန်ခဲ့ရင် ဘယ်လိုနေပါ့မလဲလို့။ အဲဒီလို ဖြစ်ရင်တော့ သိပ်ပြီး အဖြစ်ဆိုးတယ်လို့ ဆိုရမှာပဲနော် . . . ဟုတ်လား"

ယူဇိုလည်း ပခုံးတွန့်သွားသည်။ ဖူဂျီးကိုးက အသံသဲ့သဲ့ကလေးဖြင့် ရှင်းပြသည်။ "ကျွန်မ တကယ်ပြောတာပါ။ သိပ်ပြီးစိုးရိမ်သွားမိတယ်။ ကျွန်မ ဒုက္ခရောက်နေတုန်းမှာ ရှင့်မယားကို ကျွန်မက တွေးပူမိတယ်။ သူ့အတွက် ပူရတယ်ဆိုတော့ ကျွန်မဟာ အတော်မိုက်တယ်လို့ပဲ ပြောချင်ပြောပေါ့။ ဘာကြောင့်လဲတော့မသိဘူး။ ဒါပေမဲ့ ရှင့်မယား ဒုက္ခရောက်သွားမှာကို ကျွန်မဖြင့် တကယ်ပဲ စိုးရိမ်မိတယ်။ စစ်ကြီးပြီးလို့ ရှင်နဲ့ တွေ့ရမယ်ဆိုရင် တွေ့ပြီး ဒီအကြောင်းပြောပြဦးမယ်လို့ အဲဒီတုန်းက စိတ်ပိုင်းဖြတ်ထားတယ်။ အဲဒီလိုပြောပြတော့လည်း ရှင်က ယုံချင်မှယုံမှာပါ။ အဲဒါကိုလဲည်း တွေးမိပါတယ်။ ကျွန်မ အမှန်ပြောတာပါ။ စစ်ကြီးအတွင်းက ကျွန်မဟာ သူများတွေ ဘေးကင်းကြပါစေ၊ ချမ်းသာကြပါစေလို့ အမြဲဆုတောင်းတယ်။ ကျွန်မ အတွက်တော့ ကျွန်မ ဘယ်တော့မှ ထည့်ပြီး ဆုမတောင်းမိပါဘူး"

ဖူဂျီးကိုး ပြောစကားကို ကြားရသောအခါ ယူဇိုသည် သူ့စိတ်သန္တာန်၌လည်း စစ်အတွင်းက ဆန္ဒများ၊ အာရုံများ မြောက်မြားစွာ ပေါ်ပေါက်ပြီးလျှင် ရောနှောကုန်ကြောင်း ပြန်လည်သတိရမိလေသည်။ သူတစ်ပါးအတွက် မိမိ၏ အကျိုးကို အနစ်နာခံလိုသောစိတ်နှင့် တစ်ကိုယ်ကောင်းစိတ်၊ မိမိကိုယ်ကိုမိမိ ဝေဖန်လိုသော ဆန္ဒ၊ မိမိကိုယ်ကို ကျေနပ်မိသောစိတ်၊ ပရဟိတစိတ်၊ အတ္တဟိတစိတ်၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ မောဟစိတ်၊ လှုံ့လဝီရိယ ထုတ်လိုသောဆန္ဒ၊ အမျိုးမျိုးသော စိတ်ဆန္ဒအာရုံတို့သည် ရောပြွမ်းရှုပ်ထွေးနေခဲ့လေသည်။

မှန်ပေမည်။ ဖူဂျီးကိုး၏ သန္တာန်တွင် သူ့မယားကို သေစေလိုသောစိတ်နှင့် အသက်ဘေးမှ လွတ်ကင်းချမ်းသာပါစေဆိုသော စေတနာတို့သည် ရောပြွမ်းနေမည်ကား မှန်ပေ၏။ သူ့၌ အကုသိုလ်စိတ်ပွားသည်နှင့်အမျှ ကုသိုလ်စိတ်လည်း ဖြစ်ထွန်းပေမည်ပင်။ ယင်းသို့ အကောင်းနှင့်အဆိုး စိတ်ဆန္ဒများ၊ အာရုံများ၊ စေတနာများသည် အခြေအနေမမှန်အောင် ပြုလုပ်လိုက်သော စစ်ကြီး၏ အရိပ်အောက်တွင် ရောပြွမ်း နေချေမည်ဖြစ်လေသည်။ ယင်းသည်ကား စစ်တွင်းစိတ်ဓာတ်ပင် ဖြစ်၏။

ဖူဂျီးကိုးသည် သူ့စိတ်ထဲတွင်ရှိသမျှကို ရိုးသားစွာ ထုတ်ဖော်၍ ပြောနေသည်။ ပြောရင်းပင် မျက်ရည်များ စို့လာသည်။ "ရှင့်မယားက ရှင့်အတွက် ပူမှာပဲဆိုတာကို သိလို့ ကျွန်မကလည်း ရှင့်မယားအတွက် ပူမိတာပါ"

ဖူဂျီးကိုးက တွေ့ကတည်းက သူ့မယားအကြောင်းကိုချည်း ဖိ၍ပြောနေသဖြင့် ယူဇိုလည်း သူ့မယားအကြောင်းကို တွေးမိလေတော့သည်။ တွေးမိသော်ငြားလည်း သူ့၌ သံသယများဝင်လျက်ရှိ၏။ စစ်ကြီးအတွင်းက သူ့၌ သူ့သားမယားအိမ်သားတို့၏ အကြောင်းကို စိတ်ထက်သန်စွာ တွေးတောသတိရခြင်း မရှိခဲ့ချေ။ သို့ရာတွင် တစ်ခုတော့ ဆိုနိုင်ပါ၏။ သူသည် ဖူဂျီးကိုးကို မေ့နိုင်သည်ဆိုလျှင် မေ့နိုင်သလောက် သူ့မယားကို ချစ်နိုင်၏။ ယခု ဖူဂျီးကိုးကို ပြန်တွေ့လိုက်သည်တွင် သူ မေ့ပျောက်ပစ်ထားသော သူ့ကိုယ်၏ အစိတ်အပိုင်းနှင့် သူ ပြန်ပေါင်းမိသည်ဟု ထင်လိုက်လေတော့သည်။ သူသည် သူ့ဇနီးအကြောင်းကို နောက်တစ်ကြိမ် တွေးမိသော်ငြားလည်း သူနှင့် အတိတ်ကာလကြားတွင် ကန့်လန့်ကာထားသော၊ ပါးလျားသော နံရံကို ဖောက်ထွင်းဖို့ အတော်ပင် အခက်ကြုံရလေသည်။ ယူဇိုသည် စိတ်ပင်ပန်းသည်ကို အမှတ်ပြုမိသည့်အလျောက် သူ့ကိုယ်သူ အဖော် အစ်မတစ်ကောင်နှင့် လှည့်ပတ် သွားလာနေသည့် လေလွင့်တိရစ္ဆာန်တစ်ကောင် ဟူ၍ပင် မှတ်ထင်မိလေသည်။

"တွေ့တွေ့ချင်းပဲ ရှင့်ဆီက တစ်ခုတောင်းချင်တယ်။ ဒါပေမဲ့ ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်း ဆိုသလိုလုပ်တာ သင့်မှသင့်ပါ့မလားလို့ တွေးမိတယ်" ဖူဂျီးကိုးက အသံယဲ့ယဲ့ကလေးဖြင့် ပြောလေသည်။ "ကျွန်မ ပြောတာ ရှင်နားထောင်စမ်းပါ"

ယူဇိုက ဘာမျှပြန်မပြောပဲ ငြိမ်၍နေသည်။

"ကျွန်မ ပြောပါရစေ။ ကျွန်မကို ရှင်ထောက်ပံ့ထားစမ်းပါ"

"ဟင် . . . ဘာ . . . ထောက်ပံ့ထား . . . ဟုတ်လား"

"ခဏလောက်သာ ထောက်ပံ့ပါ။ တော်လောက်ပြီ။ မကြာခင်ပဲ အားလုံးအဆင်ပြေသွားမှာမို့ ခဏလောက်ပဲ အထောက်အပံ့လိုပါတယ်။ ကျွန်မ အနေအထိုင်ဆင်ခြင်ပါမယ်။ ရှင့်ကို အနှောင့်အယှက် မပေးပါဘူး"

ယူဇိုသည် ဟန်မဆောင်တော့ပဲ၊ မျက်နှာရှုံ့မဲ့သွားသည်။

"အခု မင်းဘယ်လိုလုပ်နေသလဲ"

"အို . . . အခု ကျွန်မမှာ စားစရာ မရှိတာတော့ မဟုတ်ပါဘူး။ ဒီလောက်တော့လည်း အခြေမဆိုးသေးပါဘူး။ ဒါပေမဲ့ ကျွန်မ ဘာသာ ကျွန်မ

ရပ်တည်နေနိုင်ဖို့ ကြိုးစားချင်တယ်။ ကျွန်မရဲ့ဘဝကို အသစ်စချင်တယ်"

"အသစ်စချင်တယ်။ ပြန်စချင်တယ်လို့ ဆိုလိုတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ဘဝမျိုး မဟုတ်ပဲ၊ အသစ်စချင်တာပါ၊ အဲဒီတော့ ရှင်က ကျွန်မကို ကူညီစေချင်ပါတယ်၊ ပြီးတော့ ကျွန်မလမ်း ကျွန်မ သွားပါမယ်၊ စိတ်ချပါ။ အခုလိုနေတာဟာ မကောင်းပါဘူး။ မကောင်းမှန်းလည်း သိပါတယ်၊ ဒါပေမဲ့ ခဏတော့ ဒီလိုပဲ နေရဦးမှာပဲ"

ဖူဂျီးကိုး၏ စကားတွင် အမှန်မည်ရွေ့မည်မျှ ပါရှိသည်ကို ယူဇို ဝေဖန်ပိုင်းခြားပြီး မသိနိုင်ပေ။ ထိုစကားသည် အမိဖမ်းခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ရိုးရိုးသားသား ပြောသဖြင့် သနားစရာလည်း ဖြစ်နိုင်သည်။ စစ်ကြီးအတွင်းက သူ ပစ်ထားခဲ့သော မိန်းမသည် ယခု စစ်ပြီးသည့်နောက် သူ့ဘာသာသူ ရပ်တည်နိုင်အောင် သူ့ အကူအညီကို ယူ၍ ကြိုးစားပြီး သူ့ဘဝကို အသစ်စ၍ နေမည်ဆိုခြင်းမှာ မှန်ကန်နိုင်ပါမည်လော။

ယူဇိုသည် သူ၏အတိတ်ဘဝက မိန်းမနှင့် မမျှော်လင့်ဘဲ ပြန်၍တွေ့သဖြင့် သူ့အဖို့ ဤလောကကြီးသည် သာယာ၍ လူ့ဘဝသည် နေပျော်သောဘဝ ဖြစ်လာပြီဟု ထင်မြင်လာကြောင်း ဝန်ခံရပေမည်။ ထိုသို့သော သူ၏ ပျော့ကွက်ကို ဖူဂျီးကိုးက ရိပ်စားမိလေသလော။ သူ့ကို ဖူဂျီးကိုးက ပြောမပြသည့်တိုင်အောင် သူ့အနေဖြင့် သူနှင့် ဖူဂျီးကိုးတို့၏ ပေါင်းသင်းမှုကို ပြန်လည်ဆက်လက်နိုင်မည်ဟူ၍ သူ့ရင်ထဲတွင် သိနှင့်လေသည်။ သို့ရာတွင် ယူဇိုသည် တစ်နေ့သောအခါ၌ သူနှင့် ဖူဂျီးကိုးတို့ ပေါင်းသင်းခြင်းသည်အပြစ်ရှိသော ကိစ္စဖြစ်သည်ဟု ဖူဂျီးကိုးနှင့် အတူ နစ်မွန်းနေရာမှ လန့်နိုးသည့်ပုံဟန်ဖြင့် သဘောပေါက်လာကာ နဂိုရ်နေရင်းဖြစ်သော တင့်တင့် တယ်တယ် မိမိ၏တရားဝင်ဇနီးနှင့် ပြန်၍ပေါင်းသင်းလိုသော စိတ်ဆန္ဒ ပေါ်ပေါက်လာချေဦးမည်ဟု ထင်မိနေလေသည်။

ယင်းသို့သော အတွေးဝင်လာသဖြင့် သူ့ကိုယ်သူ သနားသလိုလို ဖြစ်လာလျက် မျက်လွှာချ၍ နေလေသည်။

ထိုအခိုက်တွင် ပွဲကြည့်ပရိသတ်ဘက်မှ လက်ခုပ်သြဘာသံများကို ကြားရသည်။ သြဘာပေးသည့် အကြောင်းရင်းမှာ အမေရိကန်စစ်သားများ၏ တီးဝိုင်းဝင်လာခြင်းပင် ဖြစ်သည်။ တီးဝိုင်းသား ၂၀ ခန့်သည် သံမဏိ ဦးထုပ်များဆောင်း၍ ဝင်လာကြပြီးလျှင် ဇာတ်ခုံပေါ်သို့ ကိုးယိုးကားယားတက်ကြသည်။

ဘင်ခရာသံများကို ကြားရသည်နှင့် တစ်ပြိုင်နက် ယူဇို၏ရင်တွင် တက်ကြွစိတ်ဖြင့် ပြည့်လျှံနေလေသည်။ သူသည် အိပ်ရာမှနိုးလာသကဲ့သို့ ဦးနှောက်ထဲမှ

ရှုပ်ထွေးမှိုင်းဝေလျက်ရှိသော အတွေးတိမ်များသည် ကင်းစင်သွားလေတော့သည်။ သွက်လက်ကျယ်လောင်သော တူရိယာအသံသည် သူ့ကိုယ်ကာယကို ကြိမ်လုံးဖြင့် တဖျန်းဖျန်းရိုက်လိုက်သည်နှင့် တူလေသည်။ ပရိသတ်ထဲမှ မျက်နှာများစွာသည်လည်း သူ့နည်းတူ ပွင့်လန်းလာကြသည်။ ယူဇိုသည် အမေရိကန်တူရိယာဝိုင်းမှ ထွက်လာသော တီးမှုတ်သံကို ကြားလျက်ရှိစဉ်တွင် အမေရိကန်နိုင်ငံသည် သာယာတောက်ပသော နိုင်ငံတစ်ခုဖြစ်သည်ဟူသော အထင်ရောက်လာသဖြင့် အံ့အားကြီးသင့်မိသည်။ ထိုတူရိယာသံများသည် သူ၏ အာရုံကြောများကို နှိုးပေးလိုက်သကဲ့သို့ ဖြစ်ကာ သူသည် အားအင်ပြည့်ဖြိုး၍ ယောက်ျားပီသလာသည်ဟု ထင်မိ၏။ ဤမိန်းမဖူဂျီးကိုး နှင့် ပတ်သက်၍ သူသည် ယောက်ျားပီသ လာလေပြီတကား။

*   *   *

သူတို့နှစ်ယောက် ကာမကုရမြို့မှ ရထားဖြင့် ထွက်ခွာလာခဲ့ရာ ယိုကိုဟားမားမြို့ကြီးကို ဖြတ်လာနေကြသည်။ နေဝင်ချိန် ဖြစ်သည့်အလျောက် အရိပ်များသည် တဖြည်းဖြည်းပါးလျား ပျောက်ကွယ်ကြလေပြီ။ ညဦး၏အရောင်များနှင့် အရိပ်တို့သည် ပေါင်းစပ်လျက် နောက်ဆုံး၌ မြေမှ တက်လာသော အမှောင်ထုကြီး၏ လွှမ်းမိုးခြင်း ခံကြရသည်။ နှာခေါင်းထဲတွင် ကပ်၍ပါလာသော မီးလောင်နံ့သည်လည်း ပျောက်သွားလေပြီ။ မီးလောင်ထား၍ ပျက်စီးနေသော အဆောက်အအုံများသည် ဖုံအလိမ်းလိမ်းရှိသော်လည်း ဆောင်းဦး၏ အမှောင်ထုထဲတွင် ပေါင်းစပ်ပျောက်ကွယ်သွားလေပြီ။

ယူဇိုသည် ဖူဂျီးကိုး၏ ရွှေရောင်ပေါက်နေသော မျက်ခုန်းမွေးနှင့် လှပချောမွေ့သော ဆံပင်တို့ကို ကြည့်နေခိုက်တွင် လာတော့မည့် ဆောင်းရာသီကို တွေးမြော်မိသည်။ သူ့မှာ ပြဿနာများစွာကို ထမ်းပိုးရမည့်အရေးကို ကောင်းစွာတွေးမိသော်လည်း သူသည် ဤမိန်းမနှင့် ပေါင်းသင်းရတော့မည့်အရေးကို တွေးမိလေသောကြောင့် ပြုံးမိလေသည်။ ဒုက္ခများမြောင်လူတို့ဘောင်တွင် ပြဿနာထုပ်ကြီးကို ထမ်းရတော့မည်မှာ မလွဲအမှန် ဧကန်မုချဖြစ်တော့သည်။ သူသည် မီးလောင်မြေမှာပင် ရာသီတွေ ပြောင်းလျက်ရှိပါပေသည်ဟူသော အတွေးကြောင့် စိတ်ထိခိုက်မိ လေသည်။ ယင်းသို့သဘာဝ၏ အပြောင်းအလဲများကို စဉ်းစားမိစေကာမူ သူ့တွင် တာဝန်များရှိသော်လည်း ယင်းတာဝန်တို့ကို အမှတ်မထင် ပေါ့ပေါ့တန်တန် သဘော ထားလိုက်လေသည်။

ယူဇိုသည် ရှိနာဂါးဝါးဘူတာတွင် ဆင်းရမည်မှန်သော်လည်း မဆင်းဘဲ ဆက်၍ စီးလေသည်။ ယခု သူ့အသက် ၄၀ ကျော် တစ်နှစ်၊ နှစ်နှစ်စွန်းတွင် သူသည် လူ့ဒုက္ခဝေဒနာတို့သည် အချိန်နှင့် သဘာဝတို့၏ ပယောဂကြောင့် ရောစပ် ပျောက်ပျက်နိုင်သည်ဟူသော ဘဝအသိကို ရရှိပေသည်။ ထိုဒုက္ခများ၊ ဝေဒနာများနှင့် ပတ်သက်၍ ဟစ်အော်ငိုကြွေးသည်ဖြစ်စေ၊ လက်ပိုက်၍ ငြိမ်သက်စွာ ကြည့်နေ သည်ဖြစ်စေ၊ သဘာဝနှင့် အချိန်တို့၏ ပယောဂကြောင့် ရောစပ် ပျောက်ပျက်သွားမည် ပင်ဖြစ်၏။ စစ်ကြီးသည်ပင်လျှင် ရောက်လာပြီးနောက် ထွက်သွားခဲ့ပြီ မဟုတ်ပါလော။ တကယ်တော့ စစ်ကြီး ပြန်ထွက်သွားသည်မှာ မျှော်လင့်သည်ထက် မြန်လှသည်ဟု ထင်မိပေသည်။ ၄ နှစ်တာမျှ ကာလသည် တိုတောင်းသော အချိန်အပိုင်းအခြားပင် ဖြစ်လေသည်။ သို့တည်းမဟုတ် ကြာရှည်လှသည်ဟု တွက်ရမည်လော။ ယူဇို၌ကား ချိန်းဆတိုင်းတာနိုင်သော သတ္တိအခြေအနေတို့သည် မရှိချေ။

သူသည် ဖူဂျီးကိုးကို ဖြတ်လိုက်ဖို့ တိတ်တဆိတ် ရည်ရွယ်ထား၏။ အမှတ်တမဲ့ ခွာထွက်မည်ဟု ရည်မှန်း၏။ စစ်အတွင်းက ခွာထွက်သည့် နည်းမျိုးပင် ဖြစ်သည်။ ယခု ပြန်လည်တွေ့ဆုံသောအခါဝယ် ထိုရည်မှန်းချက်သည် ပြန်၍ လာ၏။ လွန်ခဲ့သော စစ်ကြီးသည် လူနှစ်ဦးကို တကွဲတပြား ဖြစ်သွားအောင် တိုက်မှုတ်ထုတ်လိုက်နိုင်သော မုန်တိုင်းကြီးဖြစ်ပေသည်။ ဖူဂျီးကိုးနှင့် ကွဲရမည့် အရေးကိုကား စိတ်လှုပ်ရှား တက်ကြွမိသည်။ သို့ရာတွင် ယခုတစ်ဖန် သူ၏ တစ်ကိုယ်ကောင်းစိတ်က တစ်မျိုးတစ်မည် ဖန်တီးလာပြန်ပြီ။ သူ့၌ တွေဝေမှုသည် ဖူဂျီးကိုးနှင့်ကွဲရမည့် အလားအလာကြောင့် လှုပ်ရှားတက်ကြွလာသော စိတ်ထက်ပင် ပိုကဲလာလေတော့သည်။

"ကျွန်မတို့ ရှင်းဘားရှိဘူတာရောက်ပြီ" ဟု ဖူဂျီးကိုးက ဆိုသည်။

"မင်းက တိုကျိုဘူတာအထိ စီးမယ် မဟုတ်လား"

"အင်း . . . ဟုတ်ကဲ့" ဟု ဖူဂျီးကိုးက ဆိုလိုက်၏။ ယခုထက်တိုင်ပင် သူသည် သူတို့နှစ်ယောက် ဤဘူတာမှ ဆင်းပြီးလျှင် ဂင်ဇာလမ်းမကြီးတစ်လျှောက် အတူတွဲ၍ လျှောက်ကြလေ့ရှိသည့်အကြောင်းကို သတိရလျက်ရှိသည်။ သူ့အဖို့ ဂင်ဇာလမ်းမကြီးသို့ မရောက်သည်မှာ ကြာတောင်းကြာချေပြီ။ ယူဇိုသည် ရှင်းနားဂါးဝါးဘူတာနှင့် တိုကျိုဘူတာကြားတွင် ကူးသန်းသွားလာလေ့ရှိသည်။

"မင်း ဘယ်အထိသွားမလဲ" ဟု သူက အမှတ်မထင် မေးလိုက်သည်။

"ဘယ်ရယ်လို့ ဘယ်ဟုတ်မလဲ။ ရှင်သွားရာကို လိုက်မှာပေါ့။ ဘာဖြစ်လို့

လဲဟင်"

"ဘာရယ်လို့ မဟုတ်ပါဘူး။ မင်းအခု နေနေတဲ့နေရာကို သွားကြစို့လား"

"မဖြစ်ဘူးထင်တယ်။ သိပ်မကောင်းလှဘူး။ အိပ်ရုံလောက်သာ ရတဲ့ နေရာ မို့ပါ"

"ငါနေတဲ့နေရာလည်း ဒီလိုပဲ"

"အခုကစပြီး ကျွန်မတော့ ရှင်သွားရာ လျှောက်လိုက်မယ်။ ရှင်နေတဲ့ နေရာမှာ နေမယ်"

"အခု မင်း ဘယ်မှာ စားသလဲ"

"အစားအသောက်နဲ့ ပတ်သက်လို့တော့ ကျွန်မမှာ လုံလုံလောက်လောက် မစားရပါဘူး"

"မင်း . . . ဘယ်နေရာမှာ ရာရှင်ရသလဲ"

ဖူဂျီးကိုးသည် ယူဇိုး၏မျက်နှာကို လှမ်းကြည့်ပြီးလျှင် စိတ်ဆိုးနေမှန်း ရိပ်မိသဖြင့် ဘာမျှမပြောပဲ ငြိမ်နေလေသည်။ ယူဇိုက ဖူဂျီးကိုးသည် သူ နေသည့်နေရာကို ဖော်မပြောလိုကြောင်းရိပ်မိ၏။

ရှီနားဂါးဝါးဘူတာ ကျော်သွားသည်အထိ ဖူဂျီကိုးက ဘာမျှမပြောပဲ နေသဖြင့် သူကပင် စကားကြောဆက်၍ "အခု ငါ့မိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ ကပ်နေတယ်"

"ရှင်တို့တစ်တွေ စုနေကြသလား"

"ဟုတ်တယ်၊ အားလုံးစုနေကြတယ်၊ ငါ့မိတ်ဆွေကလည်း သူ့မိတ်ဆွေတွေ ဆီမှာ ကပ်နေတာ။ ဖျာခြောက်နေရာစာ အခန်းကို ငှားထားရာမှာ ငါလည်း ကပ်နေ တာပဲ"

"ကျွန်မတစ်ယောက် ပိုလို့ မဖြစ်တော့ဘူးလား"

ဖူဂျီးကိုး၏စကားအရ သူသည် ယူဇိုနှင့်အတူ မည်သည့်နည်းနှင့်မဆို နေတော့မည်ဟု ပိုင်းဖြတ်ထားကြောင်း ထင်ရှားလေသည်။

တိုကျိုဘူတာ ပလက်ဖောင်းပေါ်တွင် ကြက်ခြေနီအသင်းမှ သူနာပြု ဆရာမလေး ၆ ယောက်သည် သူတို့၏ အထုပ်အပိုးများအနီးတွင် ရပ်နေကြသည်။ ယူဇိုသည် ဘူတာရုံ ပလက်ဖောင်းတစ်လျှောက်လုံးကို အပြန်ပြန်လှမ်းမျှော်၍ ကြည့်သော်လည်း စစ်ပြန်များကို တစ်ယောက်မျှပင် မတွေ့ရပေ။ သူသည် ရှီနား ဂါးဝါးဘူတာသို့ အခါခါ အခေါက်ခေါက် သွားရာတွင် စစ်ပြန်ရဲဘော်များကို မကြာခဏ တွေ့ရလေ့ရှိသည်။ ရဲဘော်များသည် တစ်ခါတစ်ရံ သူ စီးသော ရထား

တွင်ပင် တက်၍ စီးကြ၏။ တစ်ခါတစ်ရံလည်း ခပ်စောစောကရထား တစ်စင်းဖြင့် ရောက်နှင့်ပြီးဖြစ်သဖြင့် ပလက်ဖောင်းပေါ်တွင် စီတန်း၍ရပ်ကာ နောက်ရထားကို စောင့်နေကြလေသည်။

စစ်အတွင်း၌ အချို့သော ဝေးလံသောနိုင်ငံခြားဒေသများတွင် အချို့စစ်သား များကို တပ်ဆုတ်သောအခါ ချန်ထားပစ်ခဲ့တတ်ကြသည့်နည်းတူ ယခု စစ်ရှုံးသော အခါ၌လည်း အချို့စစ်သားများကို ဝေးလံသော တစ်နယ်တစ်မြေတွင် ပစ်ထားခဲ့ကြ ချေသည်။ တောင်ကျွန်းများတွင် တာဝန်ချထားရာမှ တပ်ပျက်၍ လွတ်လိုက်ခြင်းခံရ သော ရဲဘော်များစွာတို့သည် တိုကျိုမြို့သို့ ရောက်လာကြသောအခါ စောင့်ရှောက် မည့်သူမရှိဘဲ ပစ်ထားကြသဖြင့် အငတ်ငတ် အမွတ်မွတ် ဖြစ်နေကြသည်။ ယူဇိုသည် စစ်ပြန်များကို မြင်ရတိုင်းပင် သူ့ရင်ထဲတွင် နာကျင်မိလေသည်။ တကယ်တမ်း ပြန်၍ စဉ်းစားပြန်တော့လည်း သူ့နှလုံးသားကို မိမိကိုယ်မိမိ ဝေဖန်မှုဖြင့် ဆေးကြောရဦး မည့်အခြေကို မြင်မိလေတော့သည်။ အဘက်ဘက်မှ နေ၍ စဉ်းစားသောအခါဝယ် သူသည် စစ်ရှုံး၍ ပြန်လာသော သူ့တိုင်းရင်းသား တစ်ယောက်ကို တွေ့တိုင်း တွေ့တိုင်း ငေးမှိုင်မိသည်။ တစ်ရပ်တစ်မြေသို့ သက်စွန့် ကြိုးပမ်းတိုက်ခိုက်ပြီး စစ်ရှုံး၍ ပြန်လာသော ရဲဘော်တိုင်းသည် တိုကျိုမြို့တွင် လမ်းသလားလိုက်၊ ရထားစီးလိုက် လုပ်နေသော လူစုများထက် ပို၍ စင်ကြယ်သည် ဟု သူ အောက်မေ့မိလေသည်။

အမှန်ပင်ဖြစ်သည်။ တစ်နယ်တစ်ဒေမှ တပ်ဖျက်ပြီး ပြန်လွတ်ခြင်းခံရ သော စစ်သားများသည် နာတာရှည်ရောဂါများ စွဲကပ်လာတတ်ကြ၏။ သူတို့၏ မျက်နှာသည် ညှိုးငယ်လှ၏။ သို့ရာတွင် ထိုညှိုးငယ်၍ ဝေဒနာခံစားလျက်ရှိသော မျက်နှာတွင် စင်ကြယ်သော လက္ခဏာပါရှိနေလေသည်။ စစ်ပြန်များသည် ပင်ပန်း နွမ်းနယ် လျက်ရှိကြ၏။ အငတ်ခံနေကြရ၏။ စိတ်ပျက်နေကြ၏။ သို့ရာတွင် သူတို့၏ ဆန္ဒနှင့်စိတ်ဓာတ်ကို ဖော်ပြနိုင်စွမ်းသော သတ္တိအင်အားသည် သူတို့ ၏မြေရောင်ထ၍ မျက်တွင်းကျကာ မေးရိုးငေါသော မျက်နှာများတွင် မရှိတော့ချေ။ သူတို့သည် ဘုန်းဘုန်းလဲခါနီးလောက်အောင် အကြီးအကျယ် ပင်ပန်းနွမ်းနယ်နေကြ သည်။ ထိုမျှနှင့် ဤကိစ္စသည် အပြီးသတ်သည် မဟုတ်ချေ။ သူတို့မှာ ထိုမျှ ပင်ပန်း နွမ်းနယ်ကြသော်လည်း တိုကျိုမြို့သူမြို့သားတို့မှာ သူတို့လို နွမ်းလျခြင်းမရှိပဲ ကြော့ကြော့မော့မော့ ဖြစ်နေသဖြင့် ထိုအဖြစ်ကို မြင်ရသော စစ်ပြန်များသည် ကြိတ်မနိုင် ခဲမရဖြစ် ကာ ဒေါသယမ်းအိုး ပေါက်ကွဲနိုင်ဖွယ် ရှိချေသည်။ သူများနည်းတူ မစားရ မသောက်ရသော်လည်း သူများထက်ပို၍ ပင်ပန်းစွာ

တာဝန်ထမ်းဆောင်ရသူတို့၏ သင်္ကေတန်၌ စင်ကြယ်သော သဘောတရားသည် တည်နေလေ၏။

ကြက်ခြေနီအသင်း သူနာပြုဆရာမများသည် နာမကျန်းသော စစ်သား တစ်ယောက် လဲလျောင်းနေသော ထမ်းစင်ဘေးနားတွင် ရပ်နေကြသည်။ အခြား စစ်သားတစ်ယောက်သည် တမံသလင်းပေါ်တွင် လဲနေလေသည်။ ယူဇိုသည် သူ့ခေါင်းကို မနင်းမိအောင် သတိဖြင့် ကျော်ရသည်။ ထိုလူမမာ စစ်သား၏ မျက်လုံးများ၌ပင် ကြည်လင်သော အရောင်ကို မြင်တွေ့နိုင်သည်။ ယူဇိုသည် အမေရိကန်စစ်သားများ ရထားပေါ်သို့ တက်သူတက်၊ ရထားပေါ်မှ ဆင်းသူဆင်းနှင့် လုပ်နေကြသည်ကို အာယာတစိတ် ကင်းစွာ ငေးကြည့်နေလေသည်။

သူသည် စစ်ပြန်များအနီးတွင် ရပ်နေသော ကြက်ခြေနီ သူနာပြု ဆရာမများသည် စစ်အတွင်းမှာထက် ပို၍လှသည်ဟု ထင်မိလေသည်။ ယင်းသို့ ထင်ခြင်းမှာလည်း အသွင်အပြင် အချင်းအရာချင်း ကွဲပြားခြားနားသောကြောင့် ဖြစ်ပေလိမ့်မည်။

ယူဇိုသည် ပလက်ဖောင်းမှ ဆင်းလာပြီးလျှင် ယေဇုဘက်ထွက်ပေါက်ရှိရာ သို့ မကြံ့စည်ပဲ အမှတ်တမဲ့ လှည့်၍ သွားလေသည်။ သို့ရာတွင် ရှေ့၌ကိုရီးယား စစ်သားများကို မြင်ရသောအခါ ချက်ခြင်းပြန်လှည့်ကာ "ဟိုရှေ့ကအပေါက်က ထွက်ကြရအောင် ဒီဘက်ပေါက်ကထွက်နေကျမို့ အကျင့်ပါနေတယ်" ဟု ဆိုလျက် တစ်ဖက်၌ ရှိသော အပေါက်ဘက်သို့ သွားလေသည်။

သူသည် ကိုရီးယားစစ်သားများနှင့် ဘူတာရုံတွင် မကြာခဏတွေ့ကြုံရ၏။ သူတို့သည် သူတို့၏ တိုင်းပြည်သို့ ပြန်ရန် ရထားစောင့်နေကြခြင်းဖြစ်သည်။ သူတို့ သည် တန်းစီ၍ရပ်စောင့်ရမည့်အစား လှေကားထစ်များတွင် ကျကျနန ထိုင်နေ တတ်ကြသည်။ လူသွားလမ်းတွင်လည်း ဆောင့်ကြောင့်ထိုင်နေတတ်ကြသည်။ အချို့မှာမူ သူတို့၏ အထုပ်အပိုးများပေါ်တွင် ခြေလက်ဆန့်၍နေကြ၏။ အချို့က သူတို့၏ ညစ်ပတ်ပေရေနေသော စောင်ကြီးများကိုခင်း၍ လဲလျောင်းနေကြသည်။ သူတို့၏ အထုပ်အပိုးများမှာ အထုပ်မျိုးစုံပါရှိသည်။ အိုးခွက်များကို ကြိုးဖြင့်ချည်ပြီး ချိတ်ဆွဲထားကြသည်။ သူတို့သည် အကြောင်းအလှည့်မသင့်၍ ရထားကို တစ်ညလုံး စောင့်ရသည့်အခါ ယင်းသို့ပင် အိပ်ကြရ၏။ ကိုရီးယားစစ်သားများတွင် အိမ်ထောင် စုများပါသေးသည်။ သူတို့၏ ကလေးများသည် ဂျပန်ကလေးများနှင့် ခွဲခြား၍မရပေ။ အချို့ ဂျပန်မများက ကိုရီးယားစစ်သားများနှင့် အိမ်ထောင်ကျ၍မွေးသော ကလေး များလည်း ရှိနိုင်ပေသေးသည်။ တစ်ခါတစ်ရံ၌မူ ကိုရီးယားအဝတ်အစားများ

ဝတ်ဆင် ထားကြသည်ကို တွေ့ရသည်။ သူတို့၏ နိုင်ငံသည် မကြာသေးမီကမှ လွတ်လပ်ရေးရ သည်။ သူတို့သည် လွတ်လပ်သောနိုင်ငံမှ လာကြသော်လည်း စစ်ပြေးဒုက္ခသည်များကဲ့သို့ စုတ်ချာချာ ရှိလှချေသည်။ လွတ်လပ်သော လူမျိုးများနှင့် မတူချေ။ သူတို့ကို ကြည့်ရသည်မှာ စစ်၏ဒဏ်ကို ခံရကြောင်း အရိပ်လက္ခဏာများကို တွေ့နိုင်သည်။

ယူဇိုသည် သူ သွားနေကျ ယေဆူးထွက်ပေါက်ဘက်သို့ လာသည့်အခါတိုင်းတွင် ဂျပန်ခရီးသည်များ ရထားလက်မှတ်ယူရန် တန်းစီနေကြသည်ကိုလည်း တွေ့ရသည်။ သူ အိမ်ပြန်နောက်ကျ၍ ညအချိန်၌ ရထားဖြင့် ပြန်ရောက်လာသောအခါ ထိုလက်မှတ်ယူရန် တန်းစီနေကြသူများသည် နောက်နေ့နံနက် ရထားစီးဖို့ ညကတည်းက တန်းစီနေကြရကြောင်းသိရလေသည်။ ယင်းသို့ ညလုံးပေါက်တန်းစီကြသဖြင့် အချို့သည် တမံသလင်းပေါ်တွင် ဆောင့်ကြောင့် ထိုင်နေကြ၏။ အချို့မှာမူ တန်းစီရင်း အိပ်ပျော်နေကြသည်။ ရှေ့ပိုင်း၌ ရောက်နေသူများသည် မီးရထားတံတားတိုင်များကို မှီနေကြသည်။ အညစ်အကြေးများ အနံ့အပြား စွန့်ထားသည်ကိုလည်း တွေ့နိုင်သည်။ ယူဇိုသည် ခရီးသွားရင်း မြင်တွေ့ရခြင်း ဖြစ်လေသည်။ မိုးရွာသည့်အခါများတွင် သူသည် ထရော်လီကားများပြေးသော လမ်းဘက်သို့ ထွက်သွားလေ့ရှိသည်။

ထိုသို့ အကြိမ်အဖန်များစွာ မြင်တွေ့နေခဲ့ရသော အမြင်ကို ရှေ့ဘက်ထွက် ပေါက်သို့ သွားနေခိုက်မှာပင် စိတ်ထဲတွင် မြင်မိလေတော့သည်။ လမ်းဘေးရှိ သစ်ပင်များပေါ်မှ ငှက်မြည်သံ သဲ့သဲ့ကြားရသည်။ မရွှန်နောက်ချီ အဆောက်အဦကြီး နံဘေးကိုဝင်နေသော နေ၏အရောင် ဝါဖြော့ဖြော့များ ဟပ်လျက်ရှိသည်။ ထိုအဆောက်အဦရှေ့သို့ ရောက်လာကြသောအခါ သူနှင့် ဖူဂျီးကိုးတို့သည် အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ် ညစ်ထေးထေး မိန်းကလေးတစ်ယောက်ကို တွေ့ကြရသည်။ ထိုမိန်းကလေးသည် ကော်ဖူးတစ်ဖူးနှင့် ခဲတံတိုကိုင်၍ ရပ်နေသည်။ အဝါရင့်အင်္ကျီကို ဝတ်ထားသည်။ လူကြီးစီး ခုံဖိနပ်ဟောင်းကြီးတစ်ရံကို စီးထားသည်။ သူ့ကိုကြည့်ရသည်မှာ သူတောင်းစား လုံးလုံးလျားလျား မဖြစ်သေးသော်လည်း တောင်းစားစ ပြုနေသူတစ်ယောက်ဖြစ်ကြောင်း သိနိုင်ပေသည်။ မိန်းကလေးသည် အမေရိကန် စစ်သားများကို ဘောင်းဘီစဆွဲပြီး ပိုက်ဆံတောင်းသည်။ နှုတ်မှတစာစာဆို၍လည်း တောင်းသည်။ သို့ရာတွင် သူ့ကို မည်သူကမျှ စေ့စေ့မကြည့်ကြချေ။ ဘောင်းဘီစကို အဆွဲခံရသောသူများက သူ့ကို လှမ်းငုံ့ကြည့်ပြီးလျှင် ဥပေက္ခာပြုကာ လျှောက်မြဲအတိုင်း လျှောက်သွားကြသည်။ ယူဇိုသည် သူ့ကိုကြည့်လျက်

အကယ်၍များ ကော်ဖူးဖိတ်ပြီး အမေရိကန်စစ်သား၏ ဘောင်းဘီကိုစွန်းသွားလျှင် ဘယ်သို့ဖြစ်မည်နည်းဟု တွေးတော ပူပန်မိလေသည်။

မိန်းကလေးသည် ခုံဖိနပ်သံ တစ်ခေါက်ခေါက်နှင့် လျှောက်သွားသည်။ ဖိနပ်မှာ သူ့ခြေထောက်နှင့် စာလျှင် ကြီးနေသောကြောင့် သူလျှောက်သည့်အခါ တွင် ရွှဲ့စောင်းနေလေသည်။ ပခုံးတစ်ဖက်စောင်းလျက်ရှိသော ထိုသူငယ်မသည် လမ်းကို ဖြတ်ကျော်၍ ရထားဘူတာရုံ မှောင်နေသည့်ဘက်သို့ ကူးသွားလေသည်။

"ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲ။ ကြည့်စမ်း" ဟု ဖူဂျီးကိုးက သူငယ်မကို ပြန်လှည့်ကြည့်၍ ပြောလိုက်သည်။

"ဒီကလေးမ ရှူးနေတယ်ထင်တယ်။ အစကတော့ သူတောင်းစားလို့ မှတ်လိုက်မိတာ"

"အခုတော့ ကျွန်မဖြင့် ဒီလိုဟာမျိုးတွေကို တွေ့တိုင်း ငါများ ဒီလိုဖြစ်ရင် ဘယ်လိုနေမလဲလို့ တွေးတွေးပြီး ကြက်သီးထမိတယ်။ ဒါပေမဲ့ ရှင်နဲ့သာ အတူနေ ရရင်တော့ ဒီအဖြစ်မျိုးဘယ်တော့မှ ရောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်မတော့ မပူပါဘူး။ အသက်မသေဘဲ စစ်ဘေးစစ်ဒဏ်က လွတ်လာတာကိုပဲ ဝမ်းသာလှပါပြီ၊ အသက်မသေလို့ပေါ့၊ ကျွန်မ ရှင်နဲ့ အတူနေရတာ"

"ဒီလိုပဲပေါ့။ မသေရင် ကောင်းတာပဲလို့ အောက်မေ့ရတာပေါ့။ ဒီနည်းပဲ ရှိတယ်။ ငါလည်း တစ်ခါကြုံဖူးတယ်။ ငလျင်ကြီးလှုပ်တုန်းကပေါ့။ ငါလည်း ကန်ဒါမြို့မှာ အိမ်တစ်အိမ်ပြိုရာမှာပါတယ်။ ငါတိုင်တစ်တိုင်အောက်မှာ ပိနေတယ်။ သေတော့မလို့ပေါ့"

"ဟုတ်တယ် . . . ဟုတ်တယ်။ ရှင့်ညာဘက်ခါးမှာ အခုထက်ထိ အနာ ရွတ်ကြီးရှိသေးတာပဲ၊ အဲဒါဟာ တိုင်ပိတုန်းကရတဲ့ အနာရွတ်မဟုတ်လား။ ရှင် တစ်ခါပြောပြဖူးပါတယ်"

"အင်း . . . အဲဒီတုန်းက ငါက ဟိုက်စကူးကျောင်းမှာပဲရှိသေးတယ်။ အဲဒီတုန်းကတော့ ဂျပန်ဟာ အခုအခါမှာလို တစ်ကမ္ဘာလုံးကဝိုင်းပြီး ရာဇဝတ်သားလို ရှုတ်ချခံရတာ မဟုတ်ဘူးပေါ့။ ငလျင်ဆိုတာကတော့ စစ်လိုဘယ်ဟုတ်မလဲ။ သဘာဝ ပယောဂကြောင့် ပျက်စီးကြရတာဘဲ"

"ငလျင်ကြီးတုန်းက ကျွန်မ မွေးပြီလား မသိပါဘူး"

"မင်းမွေးပြီးရောပေါ့"

"ကျွန်မက အဲဒီတုန်းက တောမှာ၊ ဒါကြောင့်မို့ ဘာမျှမသိလိုက်ရတာ၊ ကျွန်မမှာ ကလေးရှိရရင် ဂျပန်ပြည်ကြီး အတော်အတန် နာလန်ထူပြီးလောက်မှပဲ

ရှိချင်တယ်"

"ကဲလေ . . . မင်းပဲပြောတယ် မဟုတ်လား။ လူတွေဟာ ဒုက္ခအကြီးအကျယ် တွေ့တဲ့အခါမှာ ပိုပြီး အင်အားသတ္တိရှိတယ်လို့ ပြောတာလေ။ အခုစစ်ကြီးအတွင်းမှာ ငါတော့ လျှောင်ကြီးတုန်းကလောက် အန္တရာယ်မျိုးကို မတွေ့ခဲ့ဖူးဘူး။ အဲဒီတော့ ငါ့အဖို့မှာ သဘာဝပရောဂကြောင့်ဖြစ်တဲ့ အန္တရာယ်ဟာ စစ်အန္တရာယ်ထက်ပိုပြီး ကြီးတယ်လို့ သဘောရတယ်။ အခုခေတ်ကလေးတွေဟာ ဘာကိုမျှလေးလေးနက်နက် သဘောမထားကြဘူး။ မွေးကတည်းက နမော်နမဲ့ နေလာကြတာပဲ"

"ဟုတ်လား။ ရှင်နဲ့ ကွဲနေတုန်းက ကျွန်မတော့ ဒီလိုသာ စစ်ဖြစ်မှန်းသိရင် ရှင်နဲ့ ကလေးတစ်ယောက် ရအောင်ယူရရင် ကောင်းမှာပဲလို့ အောက်မေ့လိုက်မိသေးတယ်။ အသက်ရှင်နေပြီ။ ရှင်နဲ့ အခုလို အတူနေရတာဟာ အမြဲပဲကျေနပ်စရာ ကောင်းပါတယ်"

ဖူဂျီးကိုးသည် ပြောရင်းဆိုရင်းပင် ယူဇိုနှင့် ပခုံးချင်းယှဉ်၍ လျှောက်လျက်ရှိ၏။

"ရှင်နဲ့ကလေးရရင်၊ ရတဲ့ကလေးဟာ တရားဝင်သားသမီးပေါ့။ တရားမဝင်တဲ့ သားသမီးဆိုတာ အခုနေအခါမှာ မရှိတော့ပါဘူး"

"ဟင် . . . ဟာ . . . " ယူဇိုသည် မျက်မှောင်ကြုတ်၍ မေးလိုက်သည်။ သူသည် ချောက်ကြီးတစ်ခုထဲသို့ ကျသွားသဖြင့် မူးချာချာ ဖြစ်သွားသည်ဟုထင်မိသည်။ ဖူဂျီးကိုးက ကလေးရဖို့အကြောင်းပြောသည်မှာ တမင်သက်သက်မဟုတ်တန်ရာ။ စေတနာမှန်မှန် ပြောခြင်းပင်ဖြစ်မည်ဟု သူ ထင်မိ၏။ သူနှင့် ဖူဂျီးကိုးတို့ ကာမကုရမြို့တွင် စ၍တွေ့စဉ်ကတည်းက သူတို့နှစ်ယောက်ပြောကြဆိုကြသည့် စကားမှာ တင်းမာ၍ အဆီအငေါ်မသင့်လှချေ။ ထိုအကြောင်းကို တွေးမိလျှင် သူ့စိတ်တွင် ပြင်ပြင်စိမ်း ဖြစ်မိသည်။

ဖူဂျီးကိုးသည် ယူဇိုမသက်ာဖြစ်မိသလို ကိုယ်ကျိုးချည်းသက်သက်ကြည့်၍ ပြောသည်ဟူသော အချက်မှာ မဟုတ်ဟူ၍လည်း မဆိုသာ။ သို့ရာတွင် သူသည် ယူဇိုကို အားကိုးတကြီးနှင့် ပုံအပ်သည် ဟူ၍လည်း ဖြစ်နိုင်ပေ၏။ ယူဇိုသည် သူနှင့် ပြန်မတွေ့ခင်က သားမယားနှင့် က္ကန္ဒြေရရ နေဖို့ကြိုးစားလာခဲ့သည်မှန်၏။ ယခု၌မူ သူသည် ကြိုးတန်းလျှောက်သူသဖွယ် ကြိုးကိုအလှုပ်ခံရ၍ အတော်ပင် ယိမ်းယိုင်နေလေပြီ။ ဖူဂျီးကိုးကို ကာမကုရမြို့ ယဉ်ကျေးမှုပွဲတော်တွင် လှမ်းမြင်လိုက်ကတည်းကပင် ပြန်ပေါင်းရမည်ကို စိတ်တွင် တကယ်တမ်း ကြောက်မိလေသည်။ သို့ရာတွင်

သားမယားနှင့် ကွဲကွာပြီး တိုကျိုမြို့ကြီးတွင် ခြေဦးတည့်ရာ လျှောက်နေရသော အခြေအနေ၌ စောင့်ထိန်းအပ်သော စည်းကမ်းတို့သည် ပျောက်ကွယ်လျက်ရှိကြတော့သည်။ အတားအဆီးမရှိသော ပျော်ပါးမှုပင်ရှိခဲ့၏။ ထို့ကြောင့်လည်း သူသည် ဖူဂျီးကိုးနှင့်တွေ့လျှင်တွေ့ခြင်းပင် ပြန်ပေါင်းဖို့ အဆင့်သင့် ဖြစ်နေလေသည်။ ထို့ကြောင့် ချည်းလည်း မဟုတ်သေး သူသည် ဖူဂျီးကိုးကို အမြဲတမ်း စွဲမက်ခဲ့သည်။ သူ့ကိုမြင်လျှင် သူသည် ထိန်းမနိုင် သိမ်းမရ ဆန္ဒတွေ ကြွတက်ဆူဝလေတော့သည်။ သူသည် သူ့ကိုယ်ကျိုးကိုသော်လည်းကောင်း၊ စစ်ကြီး၏ဒဏ်ကိုသော်လည်းကောင်း မေ့ပျောက်၍ မိန်းမောလျက်ရှိ၏။ သူသည် ယခု ဖူဂျီးကိုးနှင့် ပြန်လည်တွေ့ဆုံသည် ဖြစ်စေကာမူလည်း သူ့ရင်ထဲတွင် အလုံးကြီးပေါ်နေသလို ဖြစ်နေလေသည်။ စစ်မဖြစ်ခင်က ပေါင်းသင်းခဲ့ရသော မိန်းမနှင့် ပြန်၍ဆုံ၍ပေးသော ကံကြမ္မာနှင့် ထိုမိန်းမနှင့် ပေါင်းသင်းသည့်အတွက် ခံရမည့် လူမှုရေးအပြစ်ဒဏ်တို့သည် သူ့အား ဖူဂျီးကိုးအပေါ်တွင် အသနားပိုစေသည်။

လမ်းမကြီးသို့ ရောက်လာကြသောအခါ သူသည် ဟိဘိယားပန်းခြံဘက်သို့ သွားရကောင်းမလား၊ ဂင်ဇာဘက်သို့ ဆက်လျှောက်ရ ကောင်းလေမလားဟု မဝေခွဲ နိုင်ဖြစ်ရသည်။ ပန်းခြံကပို၍ နီးသဖြင့် ပန်းခြံဘက်သို့ လျှောက်သွားသည်။ ပန်းခြံမှာ ယခင်ကနှင့်မတူတော့ဘဲ အတော်ပင် ပျက်စီးနေကြောင်းကို တွေ့ရသောအခါ တစ်ဖက်သို့ လှည့်၍ ထွက်သွားလေသည်။ သူတို့နှစ်ယောက် ဂင်ဇာလမ်းမကြီးသို့ ရောက်ကြသောအခါ၌ မိုးချုပ်၍ မှောင်သွားလေပြီ။

ဖူဂျီးကိုးက သူနေသည့်နေရာကို ပြောမပြသဖြင့် ထိုနေရာသို့သွားဖို့ စကားမဟသာပေ။ သူက ယင်းသို့ သူ့နေရာကို ဖွင့်မပြောခြင်းမှာ သူတစ်ယောက်ထဲ မနေ၍ပင် ဖြစ်ကောင်းဖြစ်မည်။ ဖူဂျီးကိုးသည် ကြောက်သလိုရှံ့သလို ဖြစ်နေ၏။ သူ့နေရာကို ဖွင့်ပြောရမှာစိုးသဖြင့် ယခုဘယ်သို့ သွားမလဲဆိုသည်ကိုပင် မမေးရဲရှာချေ။ မီးလောင်ထားသဖြင့် လူမနေသောလမ်းသို့ ရောက်နေကြသော်လည်း ဖူဂျီးကိုးက ကြောက်သည်ဟု မပြောရဲချေ။ ယူဇိုသည်လည်း စိတ်တိုလာတော့သည်။

ဆူကီဂျီးရပ်ကွက်၌ သူတို့နှစ်ယောက် အိပ်နိုင်မည့် အိပ်ခန်းများရှိသည်။ သို့ရာတွင် ယူဇိုတွင် ထိုနေရာနှင့် ကျွမ်းဝင်မှု မရှိချေ။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာ လျှောက်နေကြသည်။ သူတို့က ဘူကီးဇာတ်ရုံဘက်သို့ လျှောက်နေကြရာမှ ယူဇိုက လမ်းကြားကလေးတစ်ခုထဲသို့ လှည့်ဝင်သွားသည်။ မကြာခင်မှာပင် သူတို့သည် လူသူကင်းဝေးသည့်နေရာတစ်ခုသို့ ရောက်ကြ၏။ ယူဇိုက သူ့နောက်မှ ခပ်သုတ်သုတ်လိုက်လာသော ဖူဂျီးကိုးကို

လှမ်း၍ "မင်းဒီနေရာမှာ ခဏစောင့်နေဦး" ဟု ဆိုလိုက်သည်။

"မနေချင်ဘူး၊ ကြောက်တယ်"

သူက ဘယ်သို့ပင် တွန်းထုတ်သော်လည်း ဖူဂျီးကိုးက သူ့တထောင်ဆစ်ကို ကိုင်ထားပြီး တွယ်ကပ်၍နေလေသည်။

သူသည် ပြန့်ကြဲလျက်ရှိသော အုတ်ကြွပ် ကျိုးများပေါ်တွင် ချိုးချိုး ချွတ်ချွတ် မြည်ကာ လျှောက်သွားလေသည်။ နံရံကြီးတစ်ခုမှာ ထီးတည်းကျန်ကျန် ဖြစ်နေသည်။ အဆောက်အဦ၏ အခြားအစိတ်အပိုင်းတို့သည် မီးလောင်၍ ပြိုပျက် နေကြလေပြီ။ မီးလောင်မြေနံ့သည် စူးစူးရှရှ ထွက်လျက်ရှိသည်။ အမှောင်ထုသည် လည်း တဖြည်းဖြည်း လွှမ်းမိုးလာသည်။ အမှောင်က သူ့ကို စုတ်ယူလိုက်မည်ကဲ့သို့ ဖြစ်နေ၏။

"တစ်ခါတုန်းက ကျွန်မ တောကိုထွက်ပြေးမလို့ စိတ်ကူးလိုက်သေးတယ်။ တစ်ညနေ၊ အခုလို ညနေမျိုးမှာပေါ့၊ ကျွန်မ အူအေးနိုးဘူတာရုံထဲမှာ တန်းစီနေ တုန်းမှာ ကျွန်မ အင်္ကျီပိုင်းကို လက်နဲ့ စမ်းမိတော့ စိုတိုတိုကြီးဖြစ်နေတာ တွေ့ရ တယ်။ နောက်လှည့်ကြည့်လိုက်တော့ နောက်ကလူက သေးပန်းလိုက်လို့ကို" ဟု ဖူဂျီးကိုးက သက်ပြင်းရှူရင်းပြောလိုက်သည်။

"ဒါကတော့ မင်းတို့နှစ်ယောက် ဖက်ထားကြလို့ ဖြစ်မှာပေါ့"

"အို . . . မဟုတ်တာ။ ဒါနဲ့၊ ကျွန်မလည်း လန့်ဖျပ်ပြီး တန်းစီရာက အပြင်ထွက်ပြီး ပြန်လာခဲ့တယ်။ အတော်ညစ်ပတ်တဲ့လူဘဲ။ အဲဒီလိုအခါမျိုးမှာ ကျွန်မ သိပ်ကြောက်တာဘဲ" ဖူဂျီးကိုးသည် သူ့နဘေးတွင် ဝင်ထိုင်၍ ပခုံးတွန့်လိုက် သည်။

"ဒီလူက မမာလို့ဖြစ်မယ်"

"သူက ဗုံးဆန်မှန်ဘူးတဲ့လူတဲ့။ သူ့အိမ်ဗုံးကြဲထဲပါသွားတဲ့ သက်သေခံစာ သူ့လက်ထဲမှာရှိတယ်။ တိုကျိုက တောပိုင်းကို ပြောင်းမလို့တဲ့။ သွေးပျက်ပြီး ရူးနေ တာ"

ယူဇိုကထ၍ ခရီးဆက်မည့်ဟန်ပြုသော်လည်း၊ ဖူဂျီးကိုးက ထိုင်မြဲထိုင်နေ သည်။ သူ့စကားကို ဆက်၍ပြောနေသည်။ "အဲဒီတုန်းက တန်းစီတာဟာ ဘူတာရုံ ထဲက လမ်းပေါ် ရောက်နေတယ်။ အပြန်မှာလဲ မှောင်လိုက်တာပိန်းလို့"

ဖူးဂျီးကိုးက မျက်စိမှိတ်ပြီး လျှောက်ပြောနေခြင်းဖြစ်သည်။ ယူဇိုသည် သူ့ကို ငုံ့၍ကြည့်ကာ သူ့ခမျာ မနက်စာတောင် စားရဦးမှာ မဟုတ်ဘူးဟု တွေး၍ သနားမိလေသည်။

"သူတို့ အခု အိမ်တွေ ပြန်ဆောက်နေကြပါပြီကွယ်" ဟု ယူဇိုက ပြောလိုက်သည်။

"ဘယ်မှာလဲ ဟင်၊ ဩော် . . . ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မဖြင့် ဒီလိုနေရာမျိုးမှာ မနေနိုင်ပါဘူး"

"မင်းကသာ မနေနိုင်ဘူးဆိုနေတာ၊ သူတို့ဖြင့် နေတောင် နေနေကြပြီ"

"ကျွန်မ ကြောက်တယ် ကြောက်တယ်" ဟု ဖူဂျီးကိုးကအော်ကာ ထ၍ ယူဇို၏ လက်ကို တအား ဆုပ်ကိုင်ထားသည်။ "ကြောက်တယ်ရှင် . . . ကြောက်တယ် . . . သိပ်ကြောက်တာဘဲ"

"အိုကွယ်. . . မကြောက်ပါနဲ့၊ ဘာမှ မဖြစ်ပါဘူး၊ ငလျင်ကြီးလှုပ်တုန်းကလဲ လူတွေဟာ ဒီလိုဘဲ အိမ်ပျက်တိုက်ပျက်များထဲမှာ နေကြရတာဘဲ၊ ဟုတ်ပါတယ်၊ အခုဟာကတော့ ကြောက်စရာလန့်စရာပေါ့"

"ဟုတ်တယ်ရှင်၊ ဟုတ်တယ်"

ယူဇိုသည် ဖူဂျီးကိုးကို မပစ်တော့ပေ။ သူ့ရင်ထဲတွင် ပူနွေးသော ကရုဏာ မေတ္တာစိတ် ထွန်းကားလာသည်။ ဖူဂျီးကိုးနှင့် ရင်းနှီးသော စိတ်၏ ပမာဏကို သူ ဖော်ပြခြင်းငှာ မစွမ်းသာပေ။ ထိုစိတ်ကြောင့် သူ့၌ တည်ငြိမ်ချမ်းမြမှုတစ်ရပ် ပေါ်ထွန်းလာ၏။ သူ့အဖို့ အံ့မဆုံးဖြစ်ရသည်။ သူသည် မိန်းမသားတစ်ဦးနှင့် ရင်းနှီးမှု ကင်းကွာခဲ့သည်မှာ ကြာလေသောကြောင့် ယခု ထိုမိန်းမနှင့် ပြန်၍ တွေ့ဆုံရသည်အတွက် လူမမာ နာလှန်ထသဖွယ် ဖြစ်နေလေသည်။

သူ ကိုင်ထားသော ဖူဂျီးကိုး၏ ပခုံးသည် အရိုးငေါငေါ ဖြစ်ချေသည်။ သူ့ရင်သားသည် ပင်ပန်းခြင်း၏ဒဏ်ကို ခံနေရသကဲ့သို့ ဖြစ်သည်။ သို့ရာတွင် သူ့ဘက်ကမူ သူသည် ယခုမှပင်ပြန်၍ လန်းဆန်းလာလေသည်။ ဘဝသစ်သို့ ရောက်ရသကဲ့သို့ ဖြစ်၏။ သူသည် ဖူဂျီးကိုးကိုခေါ်၍ အိမ်ပျက်များနောက်ရှိ တဲပျက်ကလေး များရှိရာသို့ သွားလေသည်။ သူတို့နှစ်ယောက်သည် အုတ်ကျိုးအုတ်ပဲ့များကို နင်း၍ လျှောက်နေကြသည်။

**(၁၉၆၈ ခုနှစ် နိုဗယ်စာပေဆုရ ဂျပန်စာရေးဆရာကြီး ယာဆူနာရီ ကဝါဗာတာ ရေးသည့် Re encounter ကို အင်္ဂလိပ်လို Leon Picon က ဘာသာပြန်၍ ဆရာတက်တိုးက အင်္ဂလိပ်ဘာသာပြန်မှ တစ်ဆင့် 'ပြန်လည်တွေ့ဆုံခြင်း' အမည်ဖြင့် မြန်မာပြန်ဆိုခဲ့ပါသည်။)**

ငွေတာရီ
၁၉၆၉၊ ဖေဖော်ဝါရီ



## Ernest Hemingway (1899-1961)

အန်းနပ်စ် ဟဲမင်းဝေးသည် ချီကာဂိုမြို့၏ ဆင်ခြေဖုံးရပ်ကွက်၌ ၁၈၉၉ တွင်မွေးဖွားသည်။ သူသည်ကမ္ဘာကျော် အမေရိကန်ခေတ်ပေါ် ဝတ္ထုရေး ဆရာကြီး ဖြစ်သည်။ သူရေးသားခဲ့သောဝတ္ထုတိုများသည် အထူးကျော်ကြားလှသည်။ ဝတ္ထုရှည် များအနက် (A Farewell to Arms)၊ (For Whom The Bell Tolls)၊ (The Old Man and the Sea)တို့သည် ကမ္ဘာကျော် စာအုပ်များဖြစ်သည်။

ဝတ္ထုတိုများဖြစ်သည့် (The Killers)၊ (The Old Man and The Bridge)၊ (Indian Camp)၊ (The End of Something)တို့ကို 'မြန်မာပြန်ဆို ရေးသားခဲ့ကြသည်။ အားပြိုင်ရာ၌ အနိုင်မခံ အရှုံးမပေးသော တရား ၏ ပြယုဂ်တစ်ခုသည် 'အဘိုးအိုနှင့် ပင်လယ်'(The Old Man and the Sea) ဝတ္ထု ဖြစ်သည်။

သူသည် ၁၉၂၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့သို့ သွား၍ အမေရိကန် သတင်းထောက်အဖြစ် အသက်မွေးသည်။ သူသည် သတင်းဆောင်းပါးများအပြင် ကဗျာနှင့် ဝတ္ထုတိုများကိုလည်းရေးသည်။ ဟဲမင်းဝေးသည် စာပေဆိုင်ရာ နိုဗယ်ဆုကို ၁၉၅၄ ခုနှစ်တွင် ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၁၉၆၁ ခုနှစ်တွင် အမဲလိုက်သေနတ်ဖြင့် မိမိကိုယ်ကို ပစ်သတ်၍ အဆုံးစီရင်သွားသည်။

**A Farewell to Arms** နှင့် **For Whom The Bell Tolls** စာအုပ်တို့မှာ ဗိုလ်ချုပ်အောင်ဆန်း၏ အကြိုက်နှစ်သက်ဆုံး စာအုပ်များဖြစ်သည်။

# လူသတ်သမားများ

**အောင်သင်း**

"ရတာက ဝက်ပေါင်ခြောက်နဲ့ ကြက်ဥ၊ ဝက်သားကျပ်တင်နဲ့ ကြက်ဥ၊ အသည်းနဲ့ . . ."

"ကဲ. . . ဝက်ပေါင်ခြောက်နဲ့ ကြက်ဥပဲ ပေးတော့ကွာ"

အယ်လ် ဆိုသူက ပြောလိုက်သည်။ သူက သက္ကလတ်ဦးထုပ်ဆောင်းထား၍ ရင်ဘတ်တွင် ကြယ်သီးတွေကို ကန့်လန့်ဖြတ် စီတပ်ထားသော ကုတ်အင်္ကျီ အနက်ကို ဝတ်ထားသည်။ အသားဖြူဖြူ၊ မျက်နှာသေးသေး၊ နှုတ်ခမ်းစေ့စေ့။ ပိုးပဝါလည်စည်းနှင့် လက်အိတ်လည်း စွတ်ထားသည်။

"နောက်တစ်ယောက်က. . . ငါ့ တောဝက်သားကျပ်တင်နဲ့ ကြက်ဥပေးကွာ"

သူကလည်း အယ်လ်နှင့် ကိုယ်လုံးကိုယ်ထည် တရွယ်တည်းလောက်ပဲရှိသည်။ မျက်နှာချင်း မတူကြသော်လည်း ဝတ်ဆင်ထားပုံက အမွှာညီနောင်။ အပေါ်ကုတ် အင်္ကျီမှာ ကျပ်လွန်းလှသည်။ နှစ်ယောက်လုံး ကောင်တာစားပွဲပေါ်တွင် တတောင်ဆစ် တင်ပြီး ထိုင်နေကြသည်။

အယ်လ် ဆိုသူက. . .

"ဆင်းလ်ဗားဘီယာ၊ ဗင်တို၊ ဂျင်ဂျာအေးလ်"

"သောက်စရာ ပြောတာကွ၊ နားမလည်ဘူးလား"

"ခု ပြောတာတွေပဲ ရမယ်"

နောက်တစ်ယောက်က. . .

"တယ်ပူတဲ့ မြို့ပါလားကွ၊ ဘာမြို့ခေါ်လဲ"

"ဆမ္မစ်"

အယ်လ်က သူ့အဖော်ကို. . .

"မင်းကြားဖူးလား"

"ဟင့်အင်း"

အယ်လ်က. . .

"မင်းတို့ ဒီမြို့မှာ ညဆိုရင် ဘာတွေလုပ်ကြသလဲ"

"ညစာ စားကြမှာပေါ့ကွ၊ တစ်မြို့လုံး ဒီကိုလာပြီး ညစာ စားပွဲကြီး ကျင်းပကြမှာပေါ့"

ဂျော့ဂျ်က. . .

"မှန်ပါတယ်"

အယ်လ်က ဂျော့ဂျ်ကို. . .

"အဲဒါကို မှန်တယ်လို့ မင်းက ထင်သပေါ့လေ"

"ဟုတ်ပါတယ်"

"မင်းက တော်တော်လေး လည်တဲ့ကောင်နဲ့ တူတယ်၊ ဟုတ်စ"

"ဟုတ်ပါတယ်"

ကျန်တစ်ယောက်က ဝင်၍. . .

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဟုတ်ရဲ့လားကွ အယ်လ်ရဲ့"

အယ်လ်က နစ်အဒမ်ဘက်သို့ လှမ်း၍. . .

"ဟိုကောင်က စကားမပြောတတ်ဘူးထင်တယ်၊ မင်းနာမည် ဘယ်သူလဲဟေ့"

"အဒမ်"

အယ်လ်က. . .

"သူကလည်း လူလည်တစ်ယောက်ပဲနဲ့ တူတယ်၊ ဟုတ်တယ်မဟုတ်လား မက်စ်"

မက်စ်က. . .

"တစ်မြို့လုံး လူလည်တွေချည်းပဲ ထင်ပါကွာ"

ဂျော့ဂျ်က ပန်းကန်နှစ်ချပ်ချပေးလိုက်သည်။ တစ်ချပ်က ဝက်ပေါင်ခြောက်နှင့် ကြက်ဥ၊ နောက်တစ်ချပ်က ဝက်သားကျပ်တင်နှင့် ကြက်ဥ။ ပွဲရံအားလူးကြော် နှစ်ပန်းကန်လည်း ချပေးလိုက်သည်။ ထို့နောက် မီးဖိုဘက်မှ လျှာထိုးတံခါးလေးကို ဆွဲချပိတ်လိုက်သည်။

"ဘယ်ဟာ မင်းပန်းကန်လဲကွ"

အယ်လ်ကို မေးလိုက်သည်။

"မမှတ်မိဘူးလား"

"ဝက်ပေါက်ခြောက်နဲ့ ကြက်ဥ"

"တကယ့်လူလည်ပဲကွ"

မက်စ်က ပြောပြီးနောက် ဝက်ပေါင်ခြောက် ကြက်ဥပန်းကန်ကို လှမ်းပြီး ယူလိုက်သည်။ နှစ်ယောက်သား လက်အိတ်မချွတ်ဘဲ စားကြသည်။ ဂျော့ဂျ်က သူတို့ကို ကြည့်နေသည်။

မက်စ်က ဂျော့ဂျ်ကိုကြည့်ပြီး. . .

"မင်းက ဘာကြည့်နေတာလဲ"

"ဘာမှ မကြည့်ပါဘူး"

"ငါ့လခွေး. . . ကြည့်နေတာပဲကွ၊ မင်း ငါတို့ကို ကြည့်နေတာ"

"ဒီကောင်က ရယ်စရာ အောက်မေ့နေ ထင်ရဲ့ကွာ"

ဂျော့ဂျ်က ရယ်လိုက်သည်။

မက်စ်က. . .

"မင်းရယ်စရာ မဟုတ်ဘူး၊ မင်းက ဘာမှဝင်ပြီး ရယ်စရာ မဟုတ်ဘူး၊ နားလည်လား"

"မှန်ပါတယ်"

ဂျော့ဂျ်က ပြောလိုက်သည်။

မက်စ်က အယ်လ်ဘက် လှည့်၍. . .

"သူက မှန်တယ်လို့ချည်းပဲ တွေးနေတာကွ၊ မှန်တယ်လို့ ချည်းတွေးနေတာ၊ အဲဒါလည်း ကောင်းပါတယ်"

"အို. . . သူက အတွေးဆရာကြီးပေါ့ကွာ"

အယ်လ်က ပြောလိုက်ပြီး စားနေကြသည်။

"ကောင်တာဟိုဘက်စွန်းက လူလည်က ဘယ်သူတဲ့လဲကွ"

အယ်လ်က မက်စ်ကို မေးလိုက်သည်။

"ဟေ့. . . လူလည်၊ ကောင်တာဟိုဘက်သွားပြီး မင့်လူနဲ့အတူ သွားနေစမ်း"

"ဘာလုပ်မလို့လဲဗျ"

အယ်လ်က. . .

"လူလည်ကလေး. . . သွားဆိုရင် သွားလိုက်ကွ"

နစ်က ကောင်တာနောက်ဘက်ထဲသို့ ဝင်သွားသည်။

"ဘာလုပ်ကြတာလဲဗျ"

"ဒါ မင့်သောက်ကိစ္စ မဟုတ်ဘူး၊ မီးဖိုထဲကဟာ ဘယ်သူလဲ"

အယ်လ်က မေးလိုက်သည်။

"လူမည်း"

"လူမည်း. . . ဘာ လူမည်းလဲကွ"

"ထမင်းချက်တဲ့ လူမည်းပေါ့ဗျ"

"သူ့ကို ခေါ်လိုက်စမ်းကွာ"

"ဘာလုပ်မလို့လဲ"

"သူ့ကို ခေါ်လိုက်စမ်း"

"ခင်ဗျားတို့ ဘာတွေလုပ်နေကြတာဆိုတာ သိကြရဲ့လား"

"သောက်ကျိုးနဲ့ သိသပေါ့ကွာ၊ ငါတို့များ သောက်ရူးတွေ အောက်မေ့နေသလား" မက်စ်ကပြောရာ. . .

အယ်လ်က ဝင်၍

"မင်းက သောက်ရူးပြော ပြောနေတာကိုးကွ၊ မင့်မေလွှား ဒီကောင်တွေနဲ့ စကားဖက်ပြောနေဖို့မှ မဟုတ်ပဲ" ဂျော့ဂျ်ဘက်လှည့်၍. . .

"ဟေ့ လူမည်းကို လှမ်းခေါ်လိုက်စမ်း၊ ကြားလား"

"ခေါ်ပြီး သူ့ကို ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ဘူး ဉာဏ်ကလေးများ သုံးစမ်းပါဦး၊ ဒို့က လူမည်း တစ်ကောင်ကို ဘာများလုပ်နေရဦးမှာလဲ"

ဂျော့ဂျ်က မီးဖိုဘက် လျှာထိုးတံခါးလေးကို မ ဖွင့်လိုက်ပြီး. . .

"ဆမ်ရေ ရှေ့ဘက်ကို ခဏလာပါဦး"

မီးဖိုတံခါးပွင့်သွားပြီး နီဂရိုးတစ်ယောက် ဝင်လာပြီး. . .

"ဘာဖြစ်ကြလို့လဲ"

လူနှစ်ယောက်က သူ့ကို တစ်ချက်လှမ်းကြည့်လိုက်ကြပြီး အယ်လ်က. . .

"အေး. . . ဟုတ်ပြီ၊ လူမည်း အဲဒီမှာပဲ ရပ်နေစမ်း"

ခါးစည်းအဝတ်ကလေးနှင့် နီဂရိုးဆမ်သည် ကောင်တာက လူနှစ်ယောက်ကို ကြည့်နေရင်း. . .

"ဟုတ်ကဲ့ ဆရာ"

အယ်လ်က သူ့ခွေးခြေခုံမြင့်မှ ဆင်းလာပြီး. . .

"ငါက လူမည်းနဲ့ လူလည်ကို မီးဖိုထဲခေါ်သွားမယ်၊ ကဲ လူမည်း မီးဖိုထဲ ပြန်ဝင်၊ မင်းလည်း လိုက်သွား" အယ်လ်က နစ်နှင့်ဆမ်တို့နောက်က မီးဖိုထဲ

လိုက်သွားပြီး တံခါးပိတ်လိုက်သည်။ မက်စ်ဆိုသူက ကောင်တာတွင် ကျောချို့နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ သို့သော ဂျော့ဂျ်ကို မကြည့်၊ ကောင်တာနောက်ဘက် နံရံတွင် အလျားလိုက် တပ်ထားသော မှန်ထဲကို လှမ်းကြည့်နေသည်။ ဟင်နရီ၏ စားသောက်ဆိုင်မှာ မူလက ဆံသဆိုင်ဖြစ်လေသည်။

မက်စ်က မှန်ထဲ လှမ်းကြည့်နေရင်း. . .

"ဟေ့ လူလည်ကလေးရဲ့ စကားလေး ဘာလေးပြောစမ်းပါဦးကွ"

"ဘာလုပ်ကြတာလဲဗျ"

မက်စ်က. . .

"ဟေ့ အယ်လ်ရေ၊ ဟောဒီ လူလည်ကလေးက ငါတို့ ဘာတွေ လုပ်နေကြတယ်ဆိုတာ သိချင်သတဲ့ကွ"

"မင်းက မပြောလိုက်ဘူးလား" အယ်လ်က မီးဖိုထဲက ပြန်ပြောသည်။

"ဘာတွေလုပ်နေတယ်လို့ ထင်သလဲကွ"

"မသိဘူး"

"မင်းဘယ်လိုထင်သလဲ" မက်စ်ကပြောနေသော်လည်း မျက်နှာက မှန်နှင့်မခွာ

"ပြောမနေနိုင်ဘူးဗျာ"

"ဟေ့ အယ်လ်ရေ၊ ဘာလုပ်နေကြတယ် ထင်သလဲဆိုတော့ ပြောမနေနိုင်ဘူးတဲ့ကွ"

"အေးပါ ကြားပါတယ်ကွ" အယ်လ်က မီးဖိုထဲကပြန်ပြောသည်။ ပန်းကန်ပေးသော မီးဖိုဘက် လျှာထိုးပြတင်လေးကို မ တင်ပြီး၊ ချဉ်ရည်ပုလင်းတစ်လုံးဖြင့် ခုထားပြီး ဖြစ်သည်။ ဂျော့ဂျ်ကို လှမ်းပြီး. . .

"ဟေ့ ဒီမှာ မင်းက ဘားဟိုဘက်စွန်းကို နဲနဲရွှေ့ပြီးရပ်လိုက်၊ မက်စ် မင်းက ဘယ်ဘက်နဲနဲ တိုးလိုက်"

ဓာတ်ပုံဆရာတစ်ယောက်လူစုလိုက် ဓာတ်ပုံရိုက်ရန် စီစဉ်နေသည့်ပုံမျိုး ဖြစ်သည်။

မက်စ်က. . .

"စကားပြောစမ်းပါဦးကွ၊ လူလည်ကလေးရ၊ ဘာတွေဖြစ်လာလိမ့်မယ် ထင်သလဲ"

ဂျော့ဂျ်က ဘာမှပြန်မပြော။

"ကဲ ငါပြောမယ်၊ ငါတို့ ဆွီဒင်လူမျိုးတစ်ယောက်ကို သတ်မလို့၊ မင်း အိုလီအင်ဒါဆင် ဆိုတဲ့ ဆွီဒင်ကောင်ကြီးကို သိတယ် မဟုတ်လား"

"သိတယ်"

"ညတိုင်း ဒီမှာ ညစာစားတယ် မဟုတ်လား"

"တစ်ခါတလေ စားတယ်"

"ညနေ ၆ နာရီမှာ လာတယ် မဟုတ်လား"

"လာရင်တော့ အဲဒီအချိန်ပဲ"

"ငါတို့အားလုံးသိပြီးသားပါ။ ကဲပါကွာ တခြားအကြောင်းတွေကို ပြောရအောင်ပါ၊ မင်း ရုပ်ရှင်မကြည့်ဘူးလား"

"တစ်ခါတလေကြည့်တယ်"

"များများ ကြည့်ရမယ်ကွ၊ ရုပ်ရှင်ဆိုတာ မင်းတို့လို လူလည်ကလေးတွေ အတွက် ကောင်းတယ်ကွ"

"ခင်ဗျားတို့ အင်ဒါဆင်ကို ဘာလုပ်ဖို့ သတ်ကြမှာလဲ၊ သူက ခင်ဗျားတို့ကို ဘာများလုပ်ခဲ့ဖူးလို့လဲ"

"မလုပ်ဘူးပေါင်ဗျာ၊ ဒို့ကိုတောင် မမြင်ဖူးပါဘူး"

အယ်လ်က မီးဖိုထဲမှလှမ်း၍. . .

"ဒီတစ်ခါတော့ဖြင့် မြင်ဖူးသွားမှာပေါ့ကွာ"

"ဒါဖြင့်လည်း ဘာကြောင့် သတ်ကြမှာလည်းဗျာ"

"ဒို့ လူတစ်ယောက်အတွက်ပါကွာ၊ မိတ်ဆွေတစ်ယောက်အတွက်ပေါ့"

"ဟေ့ တိတ်စမ်းကွာ" အယ်လ်က မီးဖိုထဲမှ လှမ်းပြောလိုက်သည်။ "သောက်ကျိုးနဲ စကားများတဲ့ကောင်ကိုးကွ"

"ငါက ကောင်လေးတွေ အပျင်းပြေပါစေတော့လို့ပါကွာ၊ နော်ကွာ လူလည်ကလေး"

"မင်းကိုက သောက်စကားရှည်ပါတယ်ကွာ၊ ငါ့ဆီက ချာတိတ်နဲ့ နီဂရိုးကတော့ သဘောကို ခွေ့လို့ သီလရှင်ကျောင်းမှာ ကောင်မလေးတွေ လုပ်သလို နှစ်ယောက်ပူးပြီး ချည်ထားလိုက်တာပဲ"

"မင်းက ဂျူးသီလရှင်ကျောင်းမှာ နေခဲ့ဖူးမှတ်တယ်"

"တော်ကွာ မသိပဲနဲ"

"မင်း ဂျူးသီလရှင်ကျောင်းထွက်ပါကွာ၊ မင်း အဲဒီက လာခဲ့တဲ့ကောင်ပါ"

ဂျော့ဂျ်က နာရီကို မော့ကြည့်လိုက်သည်။ "တကယ်လို့များ တစ်ယောက် ယောက် ဝင်လာရင် ထမင်းချက်မရှိဘူးလို့ ပြောလိုက်၊ ဆက်ပြီး မေးနေရင် မင်းကိုယ်တိုင် မီးဖိုထဲဝင်ပြီး ကျော်ပေးမယ်လို့ပြော ကြားလား လူလည်ကလေး"

"ဟုတ်ပါပြီ၊ နောက်ပြီး ကျုပ်တို့ကို ဘာလုပ်ကြဦးမှာလဲ"

"အဲဒါကတော့ အဲ. . . ဒီလိုရှိတယ်ကွာ၊ ခုနေမှာ မပြောနိုင်သေးဘူးတွ"

ဂျော့ဂျ်က နာရီကို ကြည့်ပြန်သည်။ ၆ နာရီ တစ်မတ်ရှိပြီ။ ဆိုင်တံခါး ပွင့်သွားပြီးနောက် ဓာတ်ရထားမောင်းသမားတစ်ယောက် ဝင်လာသည်။

"ဟေး. . . ဂျော့ဂျ် ညစာရမလားဟေ့"

"ဆမ် အပြင်ထွက်သွားလို့ဗျ၊ နာရီဝက်လောက်ဆိုရင် ပြန်ရောက်မှာပါ"

"ဒါဖြင့် လမ်းထိပ်ဘက်ပဲ သွားမှ ထင်ပါရဲ့ကွာ"

ဂျော့ဂျ်က နာရီကို လှမ်းကြည့်လိုက်သည်။ ၆ နာရီ ၂၀ ရှိသွားပြီ။

မက်စ်က. . .

"ဒီလိုမှပေါ့ကွ လူလည်ရ၊ မင်းက လူလည်၊ လူလည်လေးပါလား"

"ငါက သူ့ခေါင်းကို ဖြုတ်ပစ်လိုက်မှာ သိနေတာကိုးကွ" အယ်လ်က မီးဖိုထဲက လှမ်းပြောသည်။

"မဟုတ်ပါဘူးကွာ၊ အဲဒါကြောင့် မဟုတ်ဘူး သဘောကောင်းလေးမို့ပါ၊ ငါကတော့ သူ့ကို ကြိုက်သွားပြီ"

၆ နာရီ ၅၅ တွင် ဂျော့ဂျ်က "သူ လာမှာမဟုတ်တော့ဘူး"

နောက်ထပ် လူနှစ်ယောက် ရောက်လာသေးသည်။ လူတစ်ယောက်က ဝက်ပေါင်ခြောက် ကြက်ဥ အသားညှပ်ကို ထုတ်ပြီးယူသွားချင်သည်ဆို၍ ကိစ္စပြီး သွားအောင် မီးဖိုထဲ ကိုယ်တိုင်ဝင်ပြီး ကျော်ပေးလိုက်ရသေးသည်။ အယ်လ်က ပန်းကန်သွင်းပေါက်ကလေးဘေးနားတွင် ထိုင်နေသည်။ ဦးထုပ်ကို နောက်မော့ထားပြီး ပြောင်းဖြတ်တိုထားသော တောပစ်သေနတ်ကို လျှာထိုးပေါက်ဝ ပန်းကန်တင်သည့် ပျဉ်တန်းလေးတွင် မေးတင်ထားသည်။ နစ်နှင့် ထမင်းချက်မှာ အခန်းထောင့်တွင် ကျောချင်းကပ် ကြိုးတုပ်လျက်တွေ့ရသည်။ နှစ်ယောက်လုံးကို မျက်နှာသုတ်ပဝါတစ်ထည်စီ ပါးစပ်ထဲသွင်းပြီး စည်းထားသည်။ ဂျော့ဂျ်က အသားကြော်ပြီး မုန့်တွင်ညှပ်၊ ဆီစိမ်စက္ကူနှင့်ထုပ်၊ အိတ်တစ်လုံးထဲသွင်းပြီး ပြန်ထွက်လာသည် ဝယ်သူက ပိုက်ဆံပေးပြီး ထွက်သွားသည်။

မက်စ်က. . .

"လူလည်လေးက အကုန်လုပ်တတ်တာကိုးကွ၊ ချက်တတ် ပြုတ်တတ်လည်း ရှိသကွ၊ မိန်းမရရင်တော့ မယားကောင်းဖြစ်လာအောင် သင်ပေးနိုင်မယ့်ကောင်ပဲကွ"

ဂျော့ဂျ်က. . .

"ဟုတ်ကဲ့. . . ခင်ဗျားတို့လူ အိုလီအင်ဒါဆင် လာတော့မယ်

မဟုတ်ဘူးဗျ"

"၁၀ မိနစ်လောက်စောင့်ဦးမယ်ကွယ်"

မက်စ်က မှန်ကိုကြည့်ပြီး နာရီကိုကြည့်လိုက်ပြန်သည်။ နာရီလက်တံက ၇ နာရီမှာ။ ထိုနောက် ၇ နာရီ ၅ မိနစ်။

မက်စ်က. . .

"အယ်လ်ရေ. . . လာကွာ၊ သွားကြရင် ကောင်းမယ်ကွ၊ လာတော့မယ် မထင်ဘူး"

အယ်လ်က မီးဖိုထဲမှ. . .

"၅ မိနစ်လောက်တော့ ထပ်စောင့်ဦးကွာ"

ထို ၅ မိနစ်အတွင်းမှာပင် လူတစ်ယောက် ဝင်လာပြန်သည်။ ဂျော့ဂျ်က ထမင်းချက် နေမကောင်း၍ မလာကြောင်း ပြောလိုက်ရာ. . .

"မင်းမေလွှား ဘာဖြစ်လို့ နောက်တစ်ယောက်ခေါ်မထားလဲကွ၊ မင်းတို့ဆိုင်လေး ပြုတ်သွားချင်ပြီမှတ်တယ်"ဟု ပြောပြီး ပြန်ထွက်သွားလေသည်။

မက်စ်က. . .

"ဟေ့ အယ်လ်ရေ လာကွာ"

"ဒီလူလည်နှစ်ကောင်နဲ့ လူမည်းကို ဘယ်လိုလုပ်ခဲ့မလဲကွ"

"သူတို့က ကိစ္စမရှိပါဘူးကွာ"

"ဟုတ်ပါ့မလားကွာ"

"ဟုတ်ပါတယ်ကွာ၊ ဒို့ကိစ္စလည်း ဒီမှာပြီးပေ့ါဟာ"

"မဟုတ်သေးဘူးနော်၊ ပေါ့တီးပေါ့ပျက်နဲ့ မင်းက လျှာကို ချောင်လွန်းတယ်"

"အိုကွာ ငါ့လခွေးမှုပဲ ပျင်းတာကိုးကွ၊ မဟုတ်ဘူးလား"

"ဘာပဲဖြစ်ဖြစ်ပေ့ါကွာ၊ မင်းက သောက်စကားကို များလွန်းတယ်"

အယ်လ် မီးဖိုထဲက ထွက်လာသည်။ ပြောင်းတိုအမဲပစ်သေနတ်ကြောင့် ကုတ်အင်္ကျီခပ်ကျယ်ကျယ်မှာ ခါးတွင်ခပ်ဖောင်းဖောင်း ဖြစ်နေသည်။ လက်အိတ်စွပ်ထားသော လက်များဖြင့် အင်္ကျီကို စန့်စန့်ရန့်ရန့်ဖြစ်အောင် လုပ်လိုက်သည်။

အယ်လ်က ဂျော့ဂျ်ဘက်လှည့်၍. . .

"ကဲ. . . သွားပြီနော်၊ မောင်ရင်တို့ သိပ်ကံကောင်းတယ်ကွာ"

"အစစ်ပဲကွ၊ မင်းတို့မြင်းပွဲထီးလေး ဘာလေးတောင် ထိုးကြည့်ဖို့ကောင်းတယ်"

နှစ်ယောက်သား အပြင်ထွက်သွားကြသည်။ သူတို့နှစ်ယောက် လမ်းမီးရောင်အောက်တွင် လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားကြသည်ကို ပြတင်းပေါက်မှ

လှမ်းမြင်နေရသည်။ ကုတ်အကျႌကျယ်ကျယ် သက္ကလတ်ဦးထုပ်ဆင်တူနှင့် ဘားဂျွမ်းကဇာတ် အဖွဲ့သားများနှင့်ပင် တူနေသေးတော့သည်။ ဂျော့ဂျ်သည် ဆင်နားရွက်တံခါးကိုဖွင့်ဝင်ပြီး ထမင်းချက်ကို ကြိုးဖြေပေးလိုက်သည်။

ထမင်းချက် ဆမ်က. . .

"တော်ပြီ. . . တော်ပြီ. . . ဒါမျိုးတော့ တစ်သက်နဲ့တစ်ကိုယ် မကြုံရပါစေနဲ့"

နစ်က မတ်တပ်ရပ်လိုက်သည်။ သူလည်း သည်လိုပါးစပ်ပိတ်လား၊ ချည်လား၊ နှောင်လား လုပ်သည်ကို မကြုံခဲ့စဘူး။

"နင့်မေလ္လား စံပါပဲကွာ" သူက ဟိတ်ထွေဟန်တွေလုပ်ပြီး စိတ်ကို တင်းလိုက်သည်။

ဂျော့ဂျ်က. . .

"သူတို့ အိုလီအင်ဒါဆင်ကို သတ်လိမ့်မယ်ကွ၊ ဒီကို ညစာလာစားရင် ပစ်သတ်မလို့ စောင့်တာ"

"အိုလီအင်ဒါဆင် ဟုတ်လား"

"အစစ်ပေါ့ကွ"

နီဂရိုးက သူ့နှုတ်ခမ်းထောင့်စွန်းကို လက်မနှင့်စမ်းကြည့်ရင်း. . .

"သူတို့ မရှိတော့ဘူးနော်"

ဂျော့ဂျ်က. . .

"အေးပါ. . . မရှိတော့ပါဘူးဟ"

ထမင်းချက်က. . .

"ကျုပ်တော့ စိတ်ပျက်တယ်၊ တကယ့်စိတ်ပျက်စရာပဲ"

ဂျော့ဂျ်က. . .

ဒီမယ် နစ်၊ မင်း အိုလီအင်ဒါဆင်ဆီကို သွားရင်ကောင်းမယ်ကွာ"

"သွားမယ်လေ"

"ဆရာလေးတို့နော် ကိစ္စထဲ ဘာမှဝင်မရှုပ်ရင်ကောင်းမယ်၊ ဝေးဝေးက ရှောင်နေရင် ပိုကောင်းမယ်"

ဂျော့ဂျ်က. . .

"အေးလေ မင်းမသွားချင်ရင်လည်း မင်းသဘောပါပဲ"

"ငါ သွားပြီး တွေ့မယ်ကွာ၊ သူ ဘယ်မှာနေသလဲ"

ထမင်းချက်က အသာလှည့်ထွက်သွားရင်း. . .

"သူ နေတာက ဟာ့စ်တိုက်တန်းလျားမှာကွ"

"သွားလိုက်မယ်ကွာ"

အပြင်ဘက်တွင်ကား လမ်းမီးရောင်သည် ရိုးတံပြိုင်းပြိုင်းသစ်ကိုင်းများ အကြားဝယ် ထိန်လင်းနေသည်။ နစ်သည် ကားလမ်းဘေးမှ လမ်းတစ်လျှောက်အတိုင်း လိုက်သွားပြီ လမ်းမီးတိုင်နောက်တစ်ခုရောက်လျှင် လမ်းကြားလေတစ်ခုထဲသို့ ဖဲ့ဆင်းသွားသည်။ ထိုလမ်းကြား သုံးအိမ်ကျော်လောက်တွင် ဟာ့စ်၏ တိုက်တန်းလျား ရှိသည်။ နစ်သည် လှေကားထစ်နှစ်ခုကို တက်လိုက်ပြီး လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ မိန်းမတစ်ယောက်ထွက်လာလျှင်. . .

"အိုလီ အင်ဒါဆင် ဒီမှာနေသလား"

"သူနဲ့တွေ့ချင်တာလား"

"ရှိနေရင် တွေ့ချင်ပါတယ်"

ထိုမိန်းမက သူ့ကို ခေါ်သွားသည်။ လှေကားတစ်ခုကိုတက်၍ စင်္ကြံလမ်း မြှောင်ကလေးတစ်ခုအတိုင်းလိုက်ပြီး နောက်ဘက်သို့ ရောက်သွားလျှင် အခန်း တစ်ခန်းတံခါးကို ခေါက်လိုက်သည်။

"ဘယ်သူလဲ"

"ဒီမှာ ရှင့်ကိုတွေ့ချင်လို့တဲ့"

"ကျွန်တော် နစ်အဒမ်ပါ"

"ဝင်ခဲ့လေ"

နစ်က တံခါးဖွင့်ပြီး အတွင်းဝင်လိုက်သည်။ အင်ဒါဆင်မှာ အဝတ်အစား ဝတ်ပြီးဆင်ပြီးကြီးနှင့်ပင် အိပ်ရာပေါ်တွင် လှဲနေသည်။ ဟဲဗီးဝိတ်ကြေးစားလက်ဝှေ့ သမားဟောင်းကြီးဖြစ်ရာ၊ သူ့အရပ်အမောင်းမှာ ခုတင်မဆံ့အောင် ရှည်ထွက်နေသည်။ ခေါင်းအုံးနှစ်လုံးဆင့်ပြီး လှဲနေရင်း နစ်ကိုလည်း လှည့်မကြည့်ပဲ. . .

"ဘာကိစ္စလဲ"

"ကျွန်တော်က ဟင်နရီစားသောက်ဆိုင်မှာ ရောက်နေတယ်၊ လူနှစ် ယောက်ဝင်လာပြီး ကျွန်တော်နဲ့ထမင်းချက်ကို ကြိုးနဲ့တုပ်ထားတယ်၊ သူတို့က ခင်ဗျားကို သတ်ကြမလို့တဲ့"

နစ်ပြောပုံမှာ ကြောင်စီစီနိုင်လှသည်။ အင်ဒါဆင်က ဘာမှ ပြန်မပြော။

"ကျွန်တော်တို့ကို မီးဖိုခန်းထဲ ထည့်ထားတယ်၊ ခင်ဗျားညစာစားဖို့လာရင် သတ်ပစ်မလို့တဲ့"

အင်ဒါဆင်က နံရံကိုသာ စိုက်ကြည့်နေသည်။ ဘာမှလည်း ပြန်မပြော။

"အဲဒါနဲ့ ဂျော့ဂျ်က အဲဒါကို ခင်ဗျားကို သွားပြောရင် ကောင်းမယ်ဆိုလို့"

"သူတို့ ပုံပန်းကို ပြောဦးမယ်"

"ဘယ်လိုပုံပန်းဖြစ်နေနေ မလိုပါဘူးကွာ" အင်ဒါဆင်ပြောပြီး နံရံကို ကြည့်နေပြန်သည်။ "အေးကွယ် ခုလိုလာပြီးပြောတာ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ"

နစ်သည် အိပ်ရာပေါ်က ဧရာမလူကြီးကို ကြည့်နေသည်။

"ကျွန်တော် ရဲစခန်းကို သွားတိုင်ပေးရမလား"

"နေပစေ၊ တိုင်လည်း မထူးဘူး"

ကျွန်တော် ဘာလုပ်ပေးရမလဲ"

"နေပစေ၊ ဘာမှလုပ်ဖို့ မလိုပါဘူး"

"ဖြီးလုံး ချောက်လုံး ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ. . . "

"မဟုတ်ဘူး၊ ဖြီးတာမဟုတ်ဘူး"

အင်ဒါဆင်က နံရံဘက်သို့ စောင်းလိုက်ပြီး နံရံနှင့် စကားပြောနေသကဲ့သို့

"ခက်နေတာက အပြင်ကို ထွက်မဟဲ့လို့ကိုပဲ ပိုင်ပိုင်နိုင်နိုင် သန္နိဋ္ဌာန်ချလို့ မရပဲဖြစ်နေတယ်၊ ငါတစ်နေ့လုံး အခန်းအောင်းနေတာ"

"တခြားရှောင်သွားရင်ကော ခင်ဗျာ"

"တော်ပြီကွာ၊ တရှောင်ရှောင် တပြေးပြေး လုပ်နေရတာကို စိတ်ကုန်လှပြီ"

အင်ဒါဆင်က နံရံကိုပဲ ကြည့်နေရင်း. . .

"အခုမှတော့ ဘာမှ လုပ်စရာမရှိတော့ဘူး"

"တစ်နည်းနည်းနဲ့ ရှင်းလို့မရနိုင်တော့ဘူးလားခင်ဗျာ"

"မရတော့ဘူး၊ ငါက မှားခဲ့တာကိုး" သူ့အသံက အေးစက်စက်။

"ဘာမှ လုပ်စရာမရှိတော့ဘူး၊ အေးလေ ခဏရှိရင်တော့ဖြင့် အပြင်ထွက်ဖို့ စိတ်တင်းကြည့်ရမှာပေါ့"

"ဒီလိုဆို ဂျော့ဂျ်ဆီ ပြန်ပြီးတိုင်ပင်မှ ထင်တယ်" နစ်ကပြောလိုက်သည်။

အင်ဒါဆင်က နစ်ကို တစ်ချက်မျှ မကြည့်ပဲ၊

"ပြန်ပေဦးတော့ လူလေးရေ. . . ခုလိုလာပြီး ပြောဖော်ရတာ ကျေးဇူး တင်ပါတယ်ကွယ်"

နစ်ထွက်လာခဲ့သည်။ တံခါးကို ပြန်စေ့တော့ ဝတ်စုံပြည့်ကြီးနှင့် အိပ်ရာ သက်တွင် လှဲလျက် နံရံကိုစိုက်ကြည့်နေသော အင်ဒါဆင်ကို မြင်ခဲ့ရသေးသည်။

အိမ်အောက်ရောက်တော့ အိမ်ရှင်အမျိုးသမီးက. . .

"တစ်နေ့လုံး အခန်းအောင်နေတာပဲကွဲ့၊ နေလိုလည်းမကောင်းဘူး ထင်ပါရဲ့၊ ငါက မစ္စတာအင်ဒါဆင်ခုလို ဆောင်းဦးပေါက်ကလေးမှာ အညောင်းပြေ အညာပြေ လမ်းကလေးဘာလေး လျှောက်ပါလားဆိုတော့လည်း လျှောက်ချင်စိတ် မရှိဘူးတဲ့ကွဲ့"

"သူက အပြင်ကိုမှ မထွက်ချင်တာ"

"သူ နေမကောင်းတော့ ဒို့လည်း စိတ်မချမ်းသာဘူးပေါ့၊ တကယ် သဘောကောင်း မနောကောင်းကြီးကွဲ့၊ သူက လက်ဝှေ့သမားဟောင်းကြီးကွဲ့ သိရဲ့ လား"

"သိပါတယ်"

"မျက်နှာလှုပ်ပုံရှားပုံကိုသာ သတိမပြုမိရင် လက်ဝှေ့သမားဟောင်းဆိုတာ ယုံနိုင်စရာတောင် မရှိဘူး၊ အဲလောက် သိမ့်မွေ့တာ"

"ကဲ သွားလိုက်ပါဦးမယ် မစ္စက်ဟာ့စ်၊ ဂွတ်နိုက်"

"ငါက မစ္စက်ဟာ့စ် မဟုတ်ဘူးကွဲ့၊ အိမ်ပိုင်ရှင်ကမှ မစ္စက်ဟာ့စ်၊ ငါက ဒီအိမ်ကို စောင့်ရှောက်တဲ့သူပါ၊ ငါက မစ္စက်ဘဲလ်"

"ဟုတ်ကဲ့ မစ္စက်ဘဲလ် ဂွတ်နိုက်"

"ဂွတ်နိုက်"

နစ်က လမ်းကြားမှောင်မှောင်လေးအတိုင်း လိုက်သွားပြီး လမ်းထောင့် မီးတိုင်သို့ ရောက်သွားသည် ကားလမ်းအတိုင်း ဆက်လျှောက်ပြီး ဟင်နရီစားသောက် ဆိုင်ရောက်လျှင် ကောင်တာနောက်ဘက်တွင် ထိုင်နေသော ဂျော့ဂျ်ကို တွေ့ရသည်။

"အိုလီနဲ့ တွေ့ခဲ့လားဟေ့"

"တွေ့တယ်၊ သူ့အခန်းထဲမှာပဲ ဘယ်မှ မထွက်ဘူးတဲ့"

နစ်၏ အသံကိုကြားသောအခါ ထမင်းချက် နီဂရိုးက မီးဖိုတံခါးကို ဖွင့်လိုက်သေးသည်။ ပြီးမှ . . .

"အို . . ကြားတောင်မကြားချင်ဘူး"ဟု ပြောပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

ဂျော့ဂျ်က . . .

"မင်းက အကျိုးအကြောင်း ပြောမပြဘူးလား"

"ပြောတာပေါ့ကွ၊ ဒါပေမဲ့ သူက သိပြီးသားလိုပဲကွ"

"ခု သူ ဘာလုပ်မတဲ့လဲ"

"ဘာမှလုပ်ဘူး"

"ဟိုလူတွေက သူကို သတ်မှာပေါ့"

"အေး. . . သတ်မှာပဲ ထင်တယ်"

"ချီကာဂိုမှာ တစ်ခုခု မရှင်းမရှင်း လုပ်ခဲ့လို့ဖြစ်မှာပေါ့"

နစ်က. . .

"ထင်တာပဲ"

"စိတ်ပျက်စရာကြီးပါကွာ"

သူတို့ဘာမှ ဆက်မပြောကြ။ ဂျော်ဂျ်က မွေးပွပွအဝတ်ကြီးကို လှမ်းဆွဲပြီး ကောင်တာစားပွဲကို သုတ်နေသည်။ "ဘာများလုပ်ခဲ့မိပါလိမ့်မလဲနော်"

"အရှုံးပေးမယ်ဆိုပြီး တစ်ယောက်ဆီက ငွေယူပြီးတော့ အနိုင်ထိုးပြီး တစ်ဖက်ကငွေကိုလည်းစား၊ နှစ်ဖက်လွှလုပ်ခဲ့လို့ လိုက်သတ်တာ ဖြစ်မှာပေါ့"

"ငါလည်း တခြားရှောင်နေဦးမယ်ကွာ"

"အေး. . . အဲဒါပဲ ကောင်းပါတယ်ကွာ"

"ကိုယ့်ကို လာပြီးသတ်တော့မှာ သိသိကြီးနဲ့ အခန်းထဲက စောင့်နေရတဲ့ အဖြစ်ကြီးကို တွေးကို မတွေးချင်ဘူး၊ ငါ့ချီး စိတ်ပျက်စရာကောင်းလှသကွာ"

ဂျော့ဂျ်က. . .

"အေးကွာ ဒီအကြောင်း မတွေးတာပဲ ကောင်းပါတယ်"

**(The Killers by Hemingway ကို ပြန်ဆိုသည်)**

ရှမဝ၊
၁၉၈၀၊ ဩဂုတ်

# နာခြင်းကင်းရပါစေသား

**စမ်းစမ်းတင်**

ကန်စပ်တွင် အခြားလှေတစ်စင်းလည်းရှိသည်။ လူနီနှစ်ဦးက ရပ်စောင့်လျက်။ နစ်နှင့် သူ့ဖေဖေတို့ လှေပဲ့ပိုင်းမှာထိုင်သည်နှင့် လှေကို လူနီတစ်ဦးက ရေထဲတွန်းချလိုက်သည်။ ပြီး လူနီတစ်ဦးက လှေလှော်ရန် လှေပေါ်တက်လာသည်။ နောက် လှေတစ်စင်း ပဲ့ပိုင်းတွင်မူ ဦးလေးဂျော့ထိုင်သည်။ လူနီလူရွယ်က လှေကို ရေထဲတွန်းပြီး ဦးလေးဂျော့စီးသည့်လှေ လှော်ပေးရန် လှေပေါ်တက်ထိုင်သည်။

မှောင်မှောင်မည်းမည်းထဲ လှေနှစ်စင်းလှော်လာကြသည်။ ဟိုဘက်လှေဆီမှ ခတ်ကွင်းသံကို နစ် ကြားနေရသည်။ ဦးလေးဂျော့၏လှေသည် နစ်တို့ စီးလာသည့်လှေရှေ့မှာ ရောက်နေသည်။ မြူနှင်းတွေကလည်း ဆိုင်းဆိုင်းမှုန်းမှုန်း လူနီနှစ်ဦးက လှေများကို အမြန်လှော်ခတ်လျက် နစ်က သူ့ဖေဖေကိုမှီလျက် ထိုင်သည်။ ဖေဖေက သူ့ကို ပွေ့ဖက်လျက်သား ရေထဲသွားရသည်က ချမ်းလှသည်လေ။ နစ်တို့လှေကို လူနီက ကြိုးစားပမ်းစားလှော်သည်။ သို့သော် ဦးလေးဂျော့လှေကိုလိုက်၍ မမီ။ ဦးလေးဂျော့လှေက တစ်ချိန်လုံး ရှေ့မှာရောက်နေသည်။ မြူတွေကလည်း တဝေဝေ။

“ကျွန်တော်တို့ ဘယ်သွားနေတာလဲ ဖေဖေ” နစ်က မေးသည်။

“ဟို လူနီတဲစခန်းကို၊ အဲသည်မှာ မိန်းမတစ်ယောက် အသည်းအသန်ဖြစ်နေတယ်”

“အို” နစ်က ကရုဏာသက်စွာ ရေရွတ်မိသည်။

ကွေ့လေးတစ်ခုကွေ့လိုက်ပြီးသည့်အခါ ကမ်းမှာကပ်ထားသည့် ဦးလေးဂျော့တို့လှေကို သွားတွေ့သည်။ ဦးလေးဂျော့က မှောင်ကြီးမည်းကြီးထဲ ဆေးပြင်းလိပ်ကြီးတစ်ဖွာဖွာ လူနီလူငယ်က လှေကို ကမ်းပေါ်သို့ အတော်ကလေးဆွဲတင်ရသည်။ ဦးလေးဂျော့က လူနီနှစ်ယောက်စလုံးကို ဆေးပြင်းလိပ်ပေးသည်။

ကမ်းခြေပေါ်မှတစ်ဆင့် အပေါ်တက်လာပြီး မြက်ခင်းကို ဖြတ်လျှောက်လာကြသည်။ မြက်ခင်းမှာ နှင်းရည်တို့ဖြင့် စိုစိုထိုင်းထိုင်း၊ မီးအိမ်ကိုင်လာသည့် လူနီ လူရွယ်နောက်က သူတို့လိုက်ရသည်။ သည့်နောက် တောအုပ်ကလေးထဲရောက်သည်။ သစ်တုံးများခင်းထားသည့်လမ်းအတိုင်း လျှောက်လာကြသည်။ သစ်တုံးခင်းလမ်းကြောင်းအတိုင်း အဆုံးထိသွားလျှင် တောင်ကုန်းများဆီသို့ ရောက်မည်။ လမ်းဟိုဘက်သည်ဘက်မှ သစ်ပင်များခုတ်လှဲထား၍ သစ်တုံးခင်းရာ လမ်းတစ်လျှောက်က ပို၍လင်းလာသည်။ လူနီလူရွယ်က လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး မီးအိမ်ကို မှုတ်သည်။ ပြီး သူတို့ လမ်းဆက်လျှောက်ကြသည်။

ကွေ့လေးတစ်ခုရောက်လာသည်။ ခွေးတစ်ကောင် ထွက်ဟောင်သည်။ သူတို့ရှေ့ရှိတဲများမှာ သစ်ခေါက်ခွာ အလုပ်သမားများ၏ တဲများဖြစ်ကြသည်။ လူနီများ သည်မှာနေကြသည်။ တဲအိမ်များဆီမှ အလင်းရောင်များ ဖြာထွက်လျက် ခွေးတွေထပ်ထွက်လာပြန်သည်။ လူနီနှစ်ယောက်က ခွေးများကိုခြောက်ကာ တဲများဘက်ဆီသို့ မောင်းထုတ်လိုက်သည်။ လမ်းနှင့်အနီးဆုံး တဲအိမ်ပြတင်းတွင် အလင်းရောင်ထွက်နေသည်။ အဘွားအိုတစ်ယောက်က တံခါးဝမှာ ရပ်နေသည်။ လက်ထဲတွင်မူ မီးအိမ်တစ်လုံး။

တဲအတွင်း ကွပ်ပျစ်ပေါ်တွင်မူ လူနီအမျိုးသမီး လဲလျောင်းလျက်ရှိသည်။ သူသည် ကလေးမီးမဖွားနိုင်၍ ဝေဒနာခံစားနေရသည်မှာ နှစ်ရက်ရှိပြီ။ သည်စခန်းရှိ အဘွားအိုမှန်သမျှ သူ့ကိုလာကူညီနေကြသည်။ ယောကျ်ားများကတော့ အပြင်ဘက် မှောင်မည်းမည်းမှာ မီးမဖွားနိုင်သည့် မိန်းမ၏အော်သံဟစ်သံတို့ မကြားရအောင် ခပ်ဝေးဝေးသွားပြီး ဆေးလိပ်ထိုင်သောက်နေကြသည်။ နစ်၏ဖေဖေနှင့် ဦးလေးဂျော့တို့ တဲအတွင်းဝင်ရာ နောက်ပါးမှ လူနီနှစ်ယောက်နှင့် နစ်တို့ လိုက်ဝင်လာကြစဉ်မှာပင် အမျိုးသမီးက ငယ်သံပါအောင် အော်လိုက်သည်။ အမျိုးသမီးသည် ကွပ်ပျစ်နိမ့်ကလေးပေါ် လှဲနေသည်။ ဂွမ်းစောင်ကြီးလည်း ခြုံထားသည်။ သူ့ခေါင်းသည် နံရံဘက်သို့ လှည့်သွားသည့် ကွပ်ပျစ်အမြင့်ပေါ်တွင် သူ့ခင်ပွန်းသည်ရှိနေသည်။ လွန်ခဲ့သည့် သုံးရက်က ပုဆိန်ထိ၍ သူ့ခြေထောက်ဒဏ်ရာ ပြင်းစွာရထားသည်။ သူက ဆေးတံသောက်နေသည်။ တစ်ခန်းလုံး အနံ့များကား ဆိုးဆိုးရွားရွား။

နစ်၏ဖေဖေက ရေနွေးအိုးတည်ခိုင်းသည်။ ရေနွေးအိုးတည်ထားတုန်း ဖေဖေက နစ်ကို စကားဆိုနေပြန်သည်။

"သည်မိန်းမက ကလေးမွေးမလို့လေ နစ်ရဲ့"

"ကျွန်တော် သိတယ် ဖေဖေ"

"မင်းမသိတာ ရှိပါတယ်။ သည်မှာ သည်မိန်းမက မီးဖွားချင်လှပြီ ကလေးကလည်း ထွက်ချင်လှပြီ၊ သူကလည်း ကလေးမွေးနိုင်ဖို့ ညှစ်နေရတယ်။ ဒါကြောင့် နာလို့ သူ အော်နေတာပေါ့"

"သည်လိုလား"

သည်အခိုက်မှာပင် အမျိုးသမီးက အော်ပြန်သည်။

"ဖေဖေ သူ မအော်အောင် လုပ်မပေးနိုင်ဘူးလား ဟင်"

"ဘာမေ့ဆေးမှ မရှိဘူးနစ်ရဲ့။ သူ အော်တာက အရေးမကြီးပါဘူးကွာ။ ဖေဖေဖြင့် သူ အော်တာ အရေးမကြီးလို့ ကြားတောင်မကြားမိဘူး"

ကွပ်ပျစ် အမြင့်ရှိ အမျိုးသမီး၏ ခင်ပွန်းသည်က ကိုယ်ကိုလှိမ့်ပြီး နံရံဘက် လှည့်သွားသည်။

မီးဖိုထဲရှိ အမျိုးသမီးက ရေနွေးဆူနေပြီဖြစ်ကြောင်း ဖေဖေ့ကို ခြေဟန် လက်ဟန်ပြသည်။ ဖေဖေ မီးဖိုခန်းထဲ ဝင်သွားသည်။ ပြီး ရေနွေးအိုးကြီးထဲမှ ရေ တစ်ဝက်ကို အင်တုံထဲ လောင်းသည်။ လက်ကိုင်ပဝါထဲထည့်ပြီး ချည်လာသည့် ပစ္စည်းများကို လက်ကိုင်ပဝါဖြေပြီး ထုတ်ကာ ကရားကြီးထဲမှ ကျန်နေသည့် ရေထဲ ထည့်သည်။

"ဒါတွေပြုတ်ရမယ်" ပြောပြီး အင်တုံထဲရှိ ရေနွေးတွင် ဖေဖေ လက်နှစ် ဆေးသည်။ စခန်းမှယူလာသော ဆပ်ပြာခဲဖြင့် လက်ကို ပြောင်နေအောင် ပွတ်တိုက် ဆေးသည်။ နစ်ကမူ ဖေဖေ လက်ဆေးနေသည်ကို ကြည့်နေမိသည်။ လက်ကို သေသေချာချာ စေ့စေ့စပ်စပ် စင်အောင်ဆေးနေစဉ် ဖေဖေက လှမ်း၍ စကားဆိုပြန် သည်။

"နစ်ရေ မင်းသိရဲ့လားကွ၊ ကလေးဟာ ခေါင်းကစပြီးမွေးတယ်။ တစ်ခါ တစ်ခါတော့ မမွေးဘူးပေါ့၊ ခေါင်းကစ မဖွားရင် ဒုက္ခပေးတော့တာပဲ။ သည်မိန်းမ တော့ ဗိုက်ခွဲပြီး ကလေးမွေးကောင်းမွေးရမယ်။ ခွဲရမခွဲရတော့ ခဏနေသိမှာ"

လက်ဆေး၍ အားရတော့မှ အခန်းထဲဝင်သွားပြီး အလုပ်စလုပ်တော့ သည်။

"ဂျော့ရေ စောင်ဖယ်လိုက်ကွာ ငါ့လက်နဲ့မထိရင် ပိုကောင်းမယ်"

သည့်နောက် စတင်ခွဲစိတ်သည်။ ဦးလေးဂျော့နှင့် လူနီသုံးယောက်က အမျိုးသမီးကို ငြိမ်အောင်ဖိထားကြသည်။ အမျိုးသမီးက ဦးလေးဂျော့လက်ကို လှမ်း ကိုက်သည်။

"ဗိုင်းတာမ ဟူ၍ ဦးလေးဂျော့က ဆဲပစ်လိုက်သည်။ သည်တော့ ဦးလေး

ဂျော့လှေကို လှော်ပေးသည့် လူနီလူရွယ်က ဦးလေးဂျော့အဖြစ်ကို ရယ်သည်။ နစ်က တော့ ဖေဖေလိုသမျှ အသင့်ဖြစ်အောင် အင်တုံကို ကိုင်ထားပေးသည်။ ကိုင်ထားရ သည်မှာ အတော့်ကိုကြာသည်။

ဝမ်းကကျွတ်လာသည့် ကလေးကို ဖေဖေက အသက်ရှူလာအောင် ပုတ်ပေးပြီး အဘွားအိုထံ ကမ်းပေးလိုက်သည်။

"နစ်ရေ ကြည့်ပါဦး ယောကျာ်းလေးကွယ့်"

"မင်းဖေဖေရဲ့ လက်ထောက်ဆရာဝန်လုပ်ရင် ဘယ်လောက်ကောင်းမလဲ"

"ကောင်းတယ်လို့ပဲ ထားပါတော့"

သူ့အဖေက ဘာလုပ်နေသည်ကို မတွေ့လို၍ အဝေးသို့လှမ်းကြည့်ရင်း နစ်က စိတ်မပါ့တပါ ပြောလိုက်သည်။

ဟိုမှာကြည့် ပြောပြောဆိုဆို အင်တုံထဲ တစ်ခုခုထည့်ပြန်သည်။ နစ်ကတော့ ကြည့်ပင်မကြည့်။

အဲ. . . ခု ချုပ်ရမယ်။ ခွဲထားတာပြန်ချုပ်တာ မင်းကြည့်ချင်ကြည့် မကြည့်လည်းနေကွာ ချုပ်လိုက်ဦးမယ်။

နစ်က မကြည့်။ သူ့သိလိုစိတ်တို့သည် အချိန်အတန်ကြာကပင် ပျောက်ဆုံးခဲ့လေသည်ပင်။ ဖေဖေသည် ဗိုက်ခွဲရာကို ချုပ်ပေးသွားပြီး မတ်တပ်ရပ် လိုက်သည်။ ဦးလေးဂျော့နှင့် လူနီသုံးယောက်ကလည်း မတ်တပ်ရပ်သည်။ နစ်ကမူ အင်တုံကိုမပြီး မီးဖိုထဲသယ်သွားသည်။

ဦးလေးဂျော့က သူ့လက်ကိုသူ ပြန်ကြည့်သည်။ လူနီလူငယ်ကတော့ နောက်ကြောင်းတွေးပြီး ပြုံးမိသည်။

"ဂျော့ရေ အနာ အဆိပ်မတက်အောင် လုပ်ခဲ့မယ်ဟု ဖေဖေဆရာဝန်က ပြောသည်။

ဆရာဝန်သည် လူနီအမျိုးသမီးကို ခါးကိုင်းကြည့်သည်။ ခုတော့ဖြင့် အမျိုးသမီးသည် တိတ်ဆိတ်လျက်သား မျက်လုံးများလည်း မှေးမှိတ်လျက် သူကြည့်ရ သည်မှာ အင်မတန်မှ ဖြူဖျော့ဖျော့။ ဘာလေးမွေးသလဲ၊ ဘာတွေဖြစ်သလဲ၊ ဘာဆို ဘာမျှမသိ။

"မနက်ကျတော့ လာခဲ့ဦးမယ်။ မတ်တပ်ထရင်း ဖေဖေဆရာဝန်က ပြော သည်။ နေ့လယ်လောက်ဆိုရင် ဆေးရုံက သူနာပြုဆရာမ သည်ကိုရောက်လာ လောက်ရော့မယ်၊ လိုတာတွေ သူ ယူလာမှာပါ"

နစ်၏ဖေဖေသည် စိတ်ဓာတ်တွေတက်ကြွနေသည်။ စကားလည်း

အင်မတန်များနေသည်။ ပြိုင်ပွဲပြီးသည့်နောက် အဝတ်လဲခန်းထဲ စကားတင်းဖွဲ့သည့် ဘောလုံးသမားများနှယ် စကားတွေဖောင်နေသည်။

"ဂျော့ရေ. . . ဆေးပညာစာစောင်အတွက် ဆောင်းပါးတစ်ပုဒ်တော့ရပြီ မောင်းချားနဲ့ ဗိုက်ခွဲမွေးပြီး အစိမ်းချုပ်ရတဲ့အကြောင်း ရေးရမယ်ကွာ"

ဦးလေးဂျော့မူကား နံရံကိုမှီလျက် သူ့လက်ကိုသာ ကြည့်နေပြီ။

"ဟုတ်ပါတယ်ကွာ မင်းက လူတော်ကြီးပါ" ဖေဖေ့ကို လှမ်းပြောသည်။

"ကလေးအဖေတော့ ကလေးအတွက် ဂုဏ်ယူရမယ်။ သည်လိုအသေးအဖွဲ့ ကိစ္စလေးတွေမှာ အဆိုးရွားဆုံး နာကြတာ ရှိနေပါပြီ။ နေပါဦး သည်လူ အတော်လေး ငြိမ်ချက်သားကောင်းပါလား မှန်း"

လူနီခြုံထားသည့်စောင်ကို ခေါင်းမှနေ၍ လှန်ကြည့်သည်။ သူ့လက်စို လာသည်။ ကွပ်ပျစ်နိမ့် အစွန်းသို့ သူ ခုန်ချသည်။ လက်တစ်ဖက်က မီးအိမ်ကိုကိုင် ထားပြီး စောင်ထဲကိုကြည့်သည်။ လူနီကား နံရံဘက် မျက်နှာလှည့်လျက် လဲ့လျောင်း လျက်သား သူ့လည်ချောင်းကို နားသည်ဘက်မှ ဟိုဘက်ထိရောက်အောင် ဖြတ်ထား သည်။ အိပ်ဖန်များ၍ ချိုင့်နေသည့် ကွပ်ပျစ်တစ်နေရာဆီသို့ သွေးများစီးဆင်းသွား ပြီး အိုင်ထွန်းနေသည်။ သူ့ခေါင်းက သူ့ဘယ်လက်မောင်းပေါ်တွင် မှေးတင်လျက် ပွင့်နေသော မောင်းချားက စောင်ထဲတွင် အသွားကအပေါ်သို့ ထောင်ထောင်။

ဂျော့ နစ်ကို အပြင်ခေါ်သွားစမ်းပါ။ ဆရာဝန်က လှမ်းပြောသည်။ နစ် တဲထဲမှထွက်သွားစရာမလိုတော့ပါ။ မီးဖိုချောင်တံခါးဝတွင် ရပ်လျက်သားရှိနေသည့် နစ်သည် အပေါ်ကွပ်ပျစ်တွင် ဖေဖေ ဘာလုပ်လို့ ဘာကိုင်သည် ဖေဖေလုပ်သမျှ အဖြစ်အပျက်အားလုံး သူ ကောင်းကောင်းကြီးမြင်ပြီးသားပင်။ ဖေဖေသည် လက် တစ်ဖက်က မီးအိမ်ကိုင်ပြီး လူနီ၏ခေါင်းကို ခန္ဓာကိုယ်နှင့် တည့်သွားအောင် မြှင့်ပေးလိုက်သည်ကို သူ မြင်လိုက်ပြီးသား။

သစ်တုံးခင်း လမ်းတစ်လျှောက်မှ ရေကန်ဘက်ဆီသို့ သူတို့ပြန်လာကြချိန် သည် အရုဏ်ပင် ကျင်းစပြု၍နေလေပြီ။

"နစ်ကီလေးရေ. . . ဖေဖေ ခေါ်လာမိတာ မှားတာပဲ။ ဆောရီးပါပဲကွာ ခွဲစိတ်ပြီးခါစက သူ့စိတ်တက်ကြွမှုမှန်သမျှ အားလုံးပျောက်ဆုံးသွားလေပြီ တကယ့် ကို ဗရုတ်သုတ်ခပဲ"

"မိန်းမတွေ ကလေးမွေးရင် သည်လိုပဲ နာတတ်သလား ဖေဖေ"

"သည်လိုတော့ မနာတတ်ဘူး။ သည်မိန်းမလိုနာတာမျိုးက တကယ့်ကို ရှားရှားပါးပါး နာတာမျိုး"

"ဟိုလူက သူ့ကိုယ်သူ ဘာလို့သတ်သေပစ်ရတာလဲ ဖေဖေ"

"သိပါဘူးကွာ၊ သူ မခံနိုင်ဘူးထင်ပါရဲ့"

"ဖေဖေ ယောကျ်ားတွေအများကြီးဟာ သည်လိုပဲ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသလားဟင်"

"သိပ်တော့ သတ်မသေကြဘူး"

"မိန်းမတွေ သူတို့ကိုယ်ကို သူတို့ သတ်သေကြတာရော များသလား"

"မိန်းမတွေက သတ်မသေကြသလောက်ပဲ"

"သတ်ကို သတ်မသေကြဘူးလား"

"မသေကြသလောက်ပဲ။ ဒါပေမဲ့ တစ်ခါတလေတော့ မိန်းမတွေ သူတို့ကိုယ်သူတို့ သတ်သေကြတာတော့ ရှိမယ်"

"ဖေဖေ"

"အင်း. . . "

"ဦးလေးဂျော့ ဘယ်သွားသလဲ"

"ဂျော့ ပြန်လိုက်မှာလားလို့ မေးစရာတောင်လိုပါဘူးကွာ ပြန်လာမှာပါ"

"သေရတာ ခက်သလား ဖေဖေ"

"ဟင့်အင်း. . . တော်တော်လေးလွယ်တယ်လို့ ဖေဖေ ထင်တယ်။ ဒါပေမဲ့ ဘယ်ပုံဘယ်နည်းနဲ့ သေမယ်ဆိုတာပေါ်တော့ မူတည်တာပေါ့သားရဲ့"

လှေပေါ်မှာထိုင်လျက်သားနှင့် သူတို့လိုက်ပါလာကြသည်။ နစ်က ပဲ့ပိုင်းမှာ ထိုင်သည်။ ဖေဖေက လှေလှော်လျက်။ နေသည် တောင်ကြားထဲမှ ပေါ်ထွန်းလာလေပြီ။ ငါးတစ်ကောင် ရေပေါ်ခုန်တက်လာသည်။ ဂယက်ဝိုင်းကလေး ရေထဲထသွားသည်။ နစ်က ရေထဲလက်ချထားသည်။ လှေသွားရာလမ်းတစ်လျှောက် ရေလမ်းကြောင်းလည်း တန်းလိုက်လာသည်။ စိမ့်ခနဲ အေးလှသည့် နံနက်ခင်းတွင် ရေက နွေးအေးအေး။

နစ်တို့သားအဖ ရေကန်ထဲ နံနက်စောစောကြီး ရောက်နေသည်။ နစ်က ထိုင်လျက်သား ပါလာသည်။ သူ ဘယ်တော့မျှ မသေနိုင်ဟူ၍လည်း သူ့စိတ်ထဲ ခံစားနေမိတော့သည်။

**(Ernest Hemingway ၏ Indian Camp)ကို ပြန်ဆိုသည်။**

**စာပေလုပ်သား**

**၁၉၈၂၊ မေ**

# တစ်စုံတစ်ရာ၏ နိဂုံး

**ဘုန်းမြင့်(မန္တလေး)**

'မွန်'မှ ဥယျာဉ်ထဲ၌ ကျွန်တော်တို့ ရှိနေခဲ့ကြသည်။

မြစ်ကိုဖြတ်သန်း၍ သူ၏ တပ်စုနှင့်အတူ ဘတ်ကလေ ပြန်ရောက်လာခဲ့သည်။

ဥယျာဉ်တံတိုင်းပေါ်သို့ ကျော်တက်လာသော ဂျာမန်စစ်သားတစ်ယောက်ကို ကျွန်တော်တို့ မြင်လိုက်ရသည်။

တံတိုင်းပေါ် ခြေတစ်ဖက်ကျော်လာသည်အထိ ကျွန်တော်တို့ စောင့်ဆိုင်းနေခဲ့ကြပြီး သေနတ်ဖြင့် ပစ်ချလိုက်သည်။

ဂျာမန်စစ်သား၏ ကိုယ်ပေါ်တွင် လက်နက်ခဲယမ်း အပြည့်အစုံပါလာခဲ့သည်။

သူသည် အလွန်အမင်း အံ့ဩတုန်လှုပ်သွားကာ ဥယျာဉ်ထဲသို့ ကျွမ်းစိုက်ကျသွားသည်။

ထို့နောက် ဂျာမန်စစ်သားသုံးယောက် ထပ်တက်လာခဲ့ပြန်သည်။

ကျွန်တော်တို့ကလည်း ပစ်ချလိုက်ကြပြန်သည်။ သူတို့သည် ထိုပုံစံအတိုင်းချည်းသာ တက်လာခဲ့ကြသည်။

* * *

အတိတ်ကာလဆီက ဟော်တန်ဘေးသည် သစ်ခွဲစက် မြို့လေးတစ်မြို့ဖြစ်ခဲ့သည်။

ထိုမြို့လေးတွင် နေထိုင်ဖူးသူမှန်သမျှ ရေအိုင်ကြီးအစပ်၌ တည်ထားသော သစ်ခွဲစက်မှ လွှစက်ကြီး၏ မြည်သံကို မကြားဖူးသူ တစ်ယောက်မျှ မရှိခဲ့ပေ။

သို့နေလာခဲ့ကြရာမှ တစ်နှစ်တွင်မူ ပျဉ်စိတ်ရန် သစ်ရိုင်းတုံးများ ပြတ်သွားခဲ့သည်။

ရေအိုင်လက်တက်အတွင်းသို့ သစ်တင် ရွက်သင်္ဘောများ ဆိုက်ကပ်လာခဲ့သည်။

သစ်စက်ဝိုင်းထဲတွင် ညီညီညာညာ ပုံထားသော ပျဉ်ပုံကြီးများကို သင်္ဘောကုန်းဖက်အပြည့်တင်ပြီး သယ်ဆောင်သွားခဲ့သည်။

ရေအိုင်ကြီးဆီသို့ ဦးတည်ခုတ်မောင်းသွားကြသော ရွက်သင်္ဘောကြီးများပေါ်တွင် ကြီးမားလှသော လွှကြီးနှစ်ခု၊ လည်ပတ်နေသော လွှစက်ဆီသို့ သစ်လုံးကြီးများကို တင်ပို့သယ်ဆောင်လာပေးသော ယာဉ်၊ လွှဝိုင်းကြီးများ၊ ရိုလာစက်၊ ဘီးများ၊ စက်ပတ်ကြိုးများ၊ သံတိုမယ်နများ စသည်တို့ကို ကုန်းပတ်အပြည့်တင်ထားသော ပျဉ်ပုံများပေါ်သို့ ဆင့်တင်၍ သယ်ဆောင်သွားခဲ့ကြသည်။

ရွက်ဖျင်စကြီးများဖြင့် အုပ်၍ ကြိုးများကို တင်းတင်းချည်နှောင်ပြီး ရွက်လွှင့်၍ အိုင်ကြီးဆီသို့ ခုတ်မောင်းသွားကာ 'ဟော်တန်ဘေး'ကို မြို့ဖြစ်စေခဲ့သော၊ သစ်စက်ကို သစ်စက်အင်္ဂါနှင့် ပြည့်စုံစေခဲ့သော အရာမှန်သမျှတို့ကို သယ်ဆောင်သွားခဲ့ပေတော့သည်။

အိပ်ဆောင်၊ စားသောက်ဆောင်၊ ပစ္စည်းလှောင်ဂိုထောင်၊ သစ်စက်ရုံးခန်း စသည်တို့နှင့် နေရာအနှံ့ ပြန့်ကျဲနေသော လွှစာတောင်ပို့များတို့အလယ်တွင် သစ်ခွဲစက်ဟောင်းကြီးမှာ ထီးထီးမားမားကြီး ကျန်ရှိနေခဲ့သည်။

နှစ်ပေါင်းများစွာ ကြာညောင်းလာခဲ့ပြီးသည့်နောက်တွင် သစ်စက်အစအန ဆို၍ စက်အထိုင် ကျောက်ဖြူခုံများသာ ကျန်ရစ်ပြီး ရေညှိများတက်နေပေပြီ။

နစ်ခ်နှင့် မာဂျိုရီသည် လှေကို ကမ်းရိုးတစ်လျှောက်ကပ်၍ လှော်ခတ်လာခဲ့ကြသည်။

သူတို့သည် တူးမြောင်းတစ်လျှောက်လာခဲ့ကြရာမှ ရေတိမ်ပိုင်းမှ ရေနက်ပိုင်းသို့ ရောက်ရှိသွားခဲ့ကြသည်။

ထိုဒိုက်နေရာတွင် ရေအနက် ၁၂ ပေခန့်နက်ပြီး ရေသည် ညိုမှောင်နေသည်။ ငါးမျှားတန်းများ ချလာခဲ့ကြသည်။

"ဟေး. . . နစ်ခ် တို့ရဲ့စက်ပျက်ကြီးကို ကြည့်လိုက်စမ်း"

မာဂျိုရီက ပြောလိုက်သည်။

စိမ်းစိမ်းအုပ်အုပ်များကြားမှ ကျောက်ဖြူတုံးကြီးကို နစ်ခ်က လှော်ရင်းတန်းလန်းမှ လှမ်းကြည့်လိုက်သည်။

"ဟိုမှာလေ"
နစ်ခ်က ပြောလိုက်သည်။
"စက်ကြီးမှာ သစ်လုံးတွေခွဲခဲ့တဲ့အချိန်ကို အမှတ်ရသေးလား"
မာဂျိုရီက မေးလိုက်သည်။
"ငါ ကောင်းကောင်းမှတ်မိတာပေါ့"
သူက ပြန်ပြောလိုက်သည်။
"ကြည့်ရတာ ရဲတိုက်ကြီးနဲ့ ပိုတူတယ်နော်"
နစ်ခ်က ပြန်မပြော။
စက်ပျက်ကြီးများ မျက်ကွယ်ရာသို့ ရောက်ရှိလာခဲ့ကြပြီး နစ်ခ်က လှေကို ရေတိမ်ပိုင်းဘက်သို့ ကပ်၍ လှော်ခတ်လာခဲ့သည်။
ကွေ့ကြီးကို ဖြတ်၍ လှော်လိုက်သည်။
"ငါးမတွတ်ဘူးနော်"
နစ်ခ်က ပြောလိုက်သည်။
"အေးဟဲ့၊ ဟပ်ကို မဟပ်ဘူး"
မာဂျိုရီက ပြန်ပြောလိုက်သည်။
မာဂျိုရီသည် ငါးမျှားတန်းအပေါ် လုံးဝအာရုံစိုက်လျက်ရှိနေခဲ့ပြီး စကားပြောရာမှာပင် မျက်စိကို ငါးမျှားတန်းမှ မခွာ။
နစ်ခ်က တအားခတ်၍ လှေကိုကွေ့လိုက်သည်။
ချထားသော ငါးမျှားတန်းကို ငါးစာချထားသော နေရာနောက်ပိုင်းဘက်မှ တဖြည်းဖြည်း ဆွဲယူဖြတ်သန်းစေရန်အတွက် ဖြစ်သည်။
ရေမျက်နှာပြင်ထက်သို့ ငါးဆူးတောင်လေးများ ပေါ်ပေါက်လာတတ်သည်။
ငါးပျံကလေးများကလည်း ရေပြင်ကို ဖျတ်ခနဲ ဖျတ်ခနဲ ရှပ်တိုက်၍ ပျံသွားကြသည်။
ကျောက်စရစ်ခဲလေးများကို ဆုပ်၍ ရေထဲကျလိုက်သည့်အလား ရေမွှားလေးများ ပွက်ပွက်သွားသည်။
လှေဘေးတွင် ငါးတစ်ကောင်ပေါ်လာပြီး ရေပြင်ပေါ်မှ ငါးစာကို ဟပ်လိုက်သည်။
"ဟော. . . ဟော. . . ငါးစာတွေ ဟပ်ကုန်ပြီ"
မာဂျိုရီက ပြောလိုက် သည်။
"ဒါပေမဲ့ ငါးမျှားကိုတော့ မဟပ်မိကြသေးဘူး"

နစ်ခ်က ပြန်ပြောလိုက် သည်။

သူက လှေကို ငါးပွက်ရာနေရာမှဖြတ်၍ ငါးမျှားတန်း တိုက်ချလာခဲ့ပြီးနောက် ကမ်းစပ်သို့ ဦးတည်လိုက်သည်။

လှေဦးကမ်းတိုက်သည်အထိ မာဂျိုရီက ငါးမျှားတန်းကို ဆွဲယူခြင်း မပြုပေ။

သူတို့နှစ်ယောက်သည် လှေကို သဲခုံပေါ်သို့ ဆွဲတင်လိုက်ကြသည်။

ငါးစာအဖြစ် ယူလာသော ရေချိုငါးသေးလေးများထည့်ထားသော ပုံးကို နစ်ခ်က လှမ်းဆွဲယူလိုက်သည်။

ရေပုံးထဲ လက်နှိုက်၍ ငါးသေးလေးများကို ဖမ်းယူလိုက်သည်။

သုံးကောင်ပါလာသည်။ ခေါင်းချိုးပြီး အရေဆုတ်လိုက်သည်။

မာဂျိုရီက ပုံးထဲ လက်နှစ်ဖက်နှိုက်၍ ဖမ်းယူရသည်။

လက်ထဲတစ်ကောင်သာ ပါလာသည်။ မာဂျိုရီလက်မှ ငါးတို့ နစ်ခ်ကလှမ်းကြည့်လိုက်သည်။

"ဘာလဲ နင်က ကျောပေါ်ကဆူးတောင်တွေ ဖြုတ်မပစ်ချင်ဘူးလား".

သူက ပြောလိုက်သည်။

"ငါးစာအတွက် ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ ဆူးတောင်ပါရင်ပိုကောင်းမလားလို့"

အရေခွာပြီးသား ငါးလေးများကို ငါးမျှားချိတ်တွင် အမြီးဘက်မှစ၍ သူထိုးချိတ်လိုက်သည်။

ငါးမျှားတစ်တန်းတွင် ငါးမျှားချိတ်ထက်အောက် နှစ်ခုပါသည်။

မာဂျိုရီက လှေကို ကမ်းစပ်မှ ခွာလိုက်သည်။

ငါးမျှားကြိုးကို ပါးစပ်တွင်ကိုက်၍ လှေလှော်ထွက်သွားသော မာဂျိုရီက နစ်ခ်ကို လှည့်ကြည့်လိုက်သည်။

ကမ်းစပ်မှ နစ်ခ်က ငါးမျှားကြိုးကို အလိုက်သင့်လျှော့ပေးနေသည်။

"ဟော့. . . အဲဒီနေရာဆို တော်လောက်ပြီ"

နစ်ခ်က လှမ်းအော်ပြောလိုက် သည်။

မာဂျိုရီက ငါးမျှားကြိုးကို လက်ဖြင့် ကိုင်မ ထားရာမှ. . .

"ငါ ချလိုက်ရတော့မလား"

ဟု ပြန်အော်ပြီး မေးလိုက်သည်။

"အေးဟော့၊ ချလိုက်တော့"

ငါးမျှားတန်းကို ရေထဲချလိုက်ပြီးနောက် နစ်ကျသွားသော ငါးစာများကို ငုံ့ကြည့်နေမိသည်။

မာဂျိုရီသည် လှေကို ကမ်းသို့ပြန်ခတ်လာခဲ့ပြီး ရှေးနည်းအတိုင်း နောက်တစ်ခေါက်ထပ်၍ ငါးမျှားတန်းတစ်တန်း ချလိုက်ပြန်သည်။

နစ်ခ်သည် ရေမျောတုံးကလေးများဖြင့် ဖော့တပ်လျက်ရှိပြီး အပေါ်ကြိုးတန်းကို တင်းအောင် သူက ပြန်ရစ်ယူလိုက်သည်။

သို့မှသာ ရေထဲရှိ ငါးမျှားကို ငါးများဆွဲသွားလျှင် သိနိုင်ပြီ ကြိုးလျှော့ပေးနိုင်မည်ဖြစ်သည်။

မာဂျိုရီသည် ငါးမျှားတန်းချရာနေရာကို အတော်လှမ်းလှမ်းမှ ကွေ့ဝိုက်လှော်ခတ်၍ ကမ်းစပ်သို့ ပြန်လာခဲ့သည်။

လှိုင်းကြက်ခွပ်ကလေးများ ကမ်းစပ်သို့ လိမ့်တက်လာသည်။

လှေပေါ်မှ မာဂျိုရီဆင်းလိုက်သည်။ နစ်ခ်က လှေကို ကမ်းပေါ်ရောက်အောင် ဆွဲတင်လိုက်သည်။

"နင်ဘာဖြစ်နေတာလဲ"

မာဂျိုရီက မေးလိုက်သည်။

"မသိဘူး"

မီးဖိုရန် ထင်းကောက်နေသော နစ်ခ်က ပြန်ပြောလိုက်သည်။

ရေမျောတုံးကလေးများကို ထင်းစိုက်ပြီး မီးဖိုလိုက်ကြသည်။

မာဂျိုရီက လှေရှိရာသို့ ရောက်သွားပြီး ခြုံစောင်တစ်ထည်ယူလာခဲ့သည်။

ညနေခင်း လေပြည်တိုက်ခိုက်လာသဖြင့် မာဂျိုရီက အိုင်ကြီးနှင့် မီးဖိုကြားလေညာဘက်တွင် စောင်ကို ဖြန့်ခင်းလိုက်သည်။

မာဂျိုရီသည် မီးဖိုကို ကျောပေးထိုင်ရင်း နစ်ခ်အလာကို စောင့်လိုက်သည်။

နစ်ခ်ပြန်ရောက်လာပြီး မာဂျိုရီနံဘေးတွင် ဝင်ကပ်ထိုင်လိုက်သည်။

သူတို့၏ နောက်ကြောတွင် ခုတ်လှဲပြီး သစ်ငုတ်များမှ သစ်ပင်များ ပြန်ပေါက်နေသော တောအုပ်လေးရှိပြီး ရှေ့တွင်မူ အိုင်ကြီးနှင့် ဟော်တန်ချောင်းကို လှမ်းမြင်နေရသည်။

မှောင်လာခဲ့ပြီဖြစ်သည်။ မီးဖိုမှ အလင်းရောင်သည် ရေစပ်နားအထိ ရောက်သည်။

သူတို့ ချထားသော ငါးမျှားတန်းမှ သံမဏိကြိုးတန်းများကို မီးရောင်တွင် မြင်နေရပြီး ငါးမျှားကြိုးရစ်လုံးကိုလည်း မီးရောင်ဟပ်လျက်ရှိနေခဲ့သည်။

မာဂျိုရီက ညစာထမင်းထုတ်ကို ဖြေလိုက်သည်။

"ငါတော့ မဆာသေးသလိုလိုပဲ"

နစ်ခ်က ပြောလိုက်သည်။

"လာလေ စားစမ်းပါ နစ်ခ်ရဲ့"

"အေးလေ စားလိုက်တာပေါ့"

သူတို့နှစ်ယောက် စကားမပြောမိကြဘဲ မီးရောင်ထဲမှ ငါးများတန်းကို ဂရုစိုက်ကြည့်နေမိကြသည်။

"ဒီညတော့ လထွက်လိမ့်မယ်"

နစ်ခ်က ပြောလိုက်သည်။ ရေအိုင်ကြီးတစ်ဖက်တွင်ရှိသော တောင်တန်းကြီးများသည် အမှောင်ထဲတွင် ပီပြင်လာခဲ့သည်။

တောင်တန်းကြီးနောက်မှ လထွက်လာနေပြီဖြစ်ကြောင်း သူ သိလိုက်သည်။

"ဒါတော့ ငါလည်း သိတာပေါ့"

မာဂျိုရီက မြူးထူးပျော်ရွှင်စွာ ပြောလိုက်သည်။

"နင်ဟာလေ ဘာမဆို သိတာပဲ"

"ကဲပါ နစ်ခ်ရယ် အပိုတွေ ပြောမနေပါနဲ့တော့ ဟင့်အင်း ဒီလိုမလုပ်နဲ့လေ လွှတ်. . . လွှတ်ပါ ငါ တောင်းပန်ပါတယ် ရှစ်ကြီးခိုးပါရဲ့"

"ဟင့်အင်း မရတော့ဘူး၊ မရတော့ဘူး"

နစ်ခ်က ပြန်ပြောလိုက်သည်။

"နင်သိပါတယ်၊ နင်သိပါတယ်၊ အဲဒါ ငါ့ဒုက္ခပဲ၊ ငါ ဘာဖြစ်နေတယ်ဆိုတာ နင် သိပါတယ်။ ဘာကြောင့် နင် မသိရမှာလဲ"

"တော်စမ်း မင်းပါးစပ်ကြီး ပိတ်ထားလိုက်"

မာဂျိုရီက အော်ငေါက်ပစ်လိုက်သည်။

"ဟော. . . ဟိုမှာ လထွက်လာပြီ"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မထိအောင်ထိုင်ရင်း လထွက်လာတာကို ကြည့်နေခဲ့ကြသည်။

"နင် အခုလို မဟုတ်မဟပ်တွေပြောဖို့ မကောင်းဘူး"

မာဂျိုရီက ပြောလိုက်သည်။

"နင်တကယ်ပြောချင်တာ ဘာလဲ"

"ငါ မသိဘူး"

"နင် သိချင်သိမှာပါဟယ်"

"မသိပါဘူးဆိုနေမှ"

"ကဲ. . . ကဲ. . . မိန့်တော်မူစမ်းပါဦး"

တောင်တန်းများပေါ်သို့ ရောက်နေပြီဖြစ်သော လကို နစ်ခ်က စိုက်ကြည့်နေသည်။

"ပျော်စရာမကောင်းတော့ဘူးဟာ"

နစ်ခ်သည် မာဂျိုရီအား ကြည့်မိမည်ကို စိုးကြောက်နေသည်။

"ပျော်စရာမကောင်းတော့ဘူး၊ ဘာမှကို ပျော်စရာမကောင်းတော့ဘူး"

သူသည် မာဂျိုရီ၏ ကျောပြင်ကို ငေးစိုက်ကြည့်နေမိသည်။

"အချစ်ဟာ ပျော်စရာမကောင်းတော့ဘူးလား"

မာဂျိုရီက ပြောလိုက်သည်။

"မကောင်းဘူး"

နစ်ခ်က ပြန်ပြောလိုက်သည်။

မာဂျိုရီက ထရပ်လိုက်သည်။

နစ်ခ်က မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားရင်း ထိုင်နေသည်။

"လှေဆီကို ငါ ပြန်သွားလိုက်ဦးမယ်"

မာဂျိုရီက နစ်ခ်အား လှမ်းပြောလိုက်သည်။

"နင် ခြေလျင်လျှောက်ပြန်ခဲ့ပေါ့"

"ကောင်းပြီလေ"

နစ်ခ်က ပြောလိုက်သည်။

"လှေကို ငါ ရေချပေးမယ်"

"မလိုပါဘူး"

မာဂျိုရီက ပြန်ပြောလိုက်သည်။

လရောင်ကျလျက်ရှိသော ရေပြင်ထက်ဝယ် မာဂျိုရီသည် လှေစီးလျက်ရှိနေခဲ့သည်။

နစ်ခ်က မီးဖိုနံဘေးရှိ စောင်ခင်းသွားရာသို့ ပြန်လျှောက်သွားပြီး လှဲချပစ်လိုက်သည်။

မာဂျိုရီ၏ တက်ခတ်သံကို သူ့နားထဲ၌ ကြားနေရသည်။

အချိန်အတော်ကြာသည်အထိ နစ်ခ် လဲလျောင်းနေမိသည်။

တောလမ်းကို ဖြတ်လျှောက်လာနေသော ဘီလ်၏ ခြေသံများကို ကြားနေရ

သည်။

မီးဖိုရှိရာသို့ ဘီလ်လျှောက်လာခဲ့သည်။

ဘီလ်က နစ်ခ်အား ပုတ်နှိုးလိုက်သည်။

"အဆင်ပြေရဲ့လား"

ဘီလ်က မေးလိုက်သည်။

"ဪ. . . အေး. . . အေး"

နစ်ခ်က စောင်နှင့် မျက်နှာအပ်ထားရာမှ ပြန်ဖြေလိုက်သည်။

"ချောချော မောမော ဖြစ်ရဲ့လား"

"မဖြစ်ဘူး၊ ဘာတစ်ခုမှ အဆင်မပြေဘူး"

ခု၊ မင်းရင်ထဲမှာ ဘယ်လို ခံစားနေရလဲ"

"အိုကွာ. . . သွားစမ်းပါ။ ဒီမှာ စိတ်ရှုပ်နေရတဲ့အထဲ"

နေ့လယ်စာခြင်းထဲမှ အသားညှပ်ပေါင်မုန့်တစ်ခုကို ထုတ်ယူလိုက်ပြီးနောက် ဘီလ်သည် ငါးမျှားတန်းများရှိရာသို့ ကြည့်ရှုရန် ထွက်ခွာသွားပေတော့သည်။

**( Ernest Hemingway ၏ The Snows of Kilimanjaro စာအုပ်မှ The End of Something ဝတ္ထုတိုကို ပြန်ဆိုသည်)**

**စန္ဒာမဂ္ဂဇင်း၊**
၁၉၉၀၊ ဇူလိုင်



## Heinrich 1917- 1985)

ဟိန်းရစ်ဗိုးသည် ၁၉၁၇ တွင် ဂျာမန်နိုင်ငံ၊ ကုလုန်းမြို့၌ မွေးဖွားသည်။ ဖခင်သည် ပန်းပုဆရာတစ်ဦးဖြစ်သည်။

ဟိန်းရစ်ဗိုးသည် မူလက စာအုပ်ဆိုင်တစ်ဆိုင်တွင် စတင်အလုပ် လုပ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ ခြေလျင်တပ်ထဲသို့ပါသွား၏။ သူသည် စစ်ကာလတစ်လျှောက်လုံး စစ်တပ်တွင် အမှုထမ်းခဲ့ရာ ထိုဒုတိယကမ္ဘာစစ် အထူးသဖြင့် နာဇီတစ်ယောက်အဖြစ် စစ်တိုက်ခဲ့ရသော စစ်ပွဲ၏ ကြီးမားသော ဆုံးရှုံးမှုကြီးကို ရင်ဆိုင်ခဲ့ရ၏။

ဒုတိယကမ္ဘာစစ်ပြီး၍ မိမိနိုင်ငံသို့ ပြန်ရောက်သောအခါ အသက်မွေးမှုအတွက် အလုပ်မျိုးစုံလုပ်ရသည်။

၁၉၄၉ နောက်ပိုင်းတွင် စာ စရေးသည်။ ၁၉၅၁ တွင် စာရေးခြင်းလုပ်ငန်းဖြင့်သာ အသက်မွေးသည်။ ၁၉၄၉ က ဂျာမန်ဘာသာဖြင့် ရေးခဲ့သော 'မီးရထားသည် အချိန်မှန်၏'**(The Train was in Time)** ကို အင်္ဂလိပ် ဘာသာပြန် ၁၉၅၆ တွင် ထွက်ပြီး ၁၉၅၁ တွင် ရေးခဲ့သော 'မင်းဘယ်မှာလဲ အဒမ်' **(Adam, Where Art Thou?** မှာ ၁၉၅၅ တွင် ထွက်ကာ ယင်းဝတ္ထုနှစ်ပုဒ်သည် အကြွင်းမဲ့ အကျိုးမရှိသော စစ်ပွဲ၌ ပါဝင်ပတ်သက်ရသောအဖြစ်၏ စိတ်မချမ်းမြေ့ဖွယ်ရာများကို ထင်ဟပ်နေသည်။

စစ်ပြီးနောက်ပိုင်း ပြောင်းလဲလာသော စီးပွားရေးအခြေအနေနှင့် လူငယ်လူရွယ်တို့၏ ကိုယ်ကျင့်တရားကို ထင်ဟပ်ပြသော ဝတ္ထုများကို ရေးလေ့ရှိသည်။

၁၉၇၂ တွင် စာပေနိုဗယ်ဆု အချီးမြှင့်ခံရသည်။

# ဓားတွေနှင့်လူ

**ကျော်လှိုင်ဦး**

ဂျပ်သည် ဓားသွားထိပ်ဘက်မှကိုင်လျက် စိတ်လက်မပါဘဲ ဓားကို ဟိုဘက်သည်ဘက် လွှဲနေလေသည်။ ဓားမှာ အသွားထက်လှသော ပေါင်မုန့်လှီးဓားဖြစ်ရာ အလွယ်နှင့် အန္တရာယ်ပြုနိုင်သည့်ဓားမှန်း သိသာပါသည်။ သူသည် ရုတ်ကနဲပင် ဓားကို လေထဲသို့ပစ်လိုက်သည်။ ဓားသည် ပွဲချိတ်လေ့တစ်စင်းဆီမှ ပန်ကာသံကဲ့သို့ မြည်လျက် ရွှေငါးတစ်ကောင်ပမာ ကွယ်လုဆဲနေရောင်ကို ဖြတ်သန်းသွားလေသည်။ မျက်နှာကြက်ကိုထိပြီး ချိန်သားမိုက်သဖြင့် ဓားဦးပိုင်းအောက်ဘက်သို့ တူရူပြုလျက် ဂျပ်၏ခေါင်းဆီသို့ ပြန်ကျလာ၏။ ဂျပ်သည် လျှက်စစ်၏အဟုန်မျိုးဖြင့် ခပ်ထူထူလေးထောင့်ပျဉ်ချပ်တစ်ခုကို သူ့ခေါင်းပေါ် တင်လိုက်သည်။ ဓားဦးပိုင်းသည် ပျဉ်ချပ်တွင် စိုက်ဝင်သွားပြီး လက်ကိုင်ပိုင်းသည် လေထဲတွင် ယမ်းခါနေပါလေတော့သည်။ ဂျပ်သည် ခေါင်းပေါ်က ပျဉ်ချပ်ကိုယူပြီး ပျဉ်ချပ်တွင် စိုက်နေသောဓားကို ဆွဲနုတ်၍ တံခါးပေါက်ဆီသို့ ပစ်လိုက်ရာ ဓားသည် တံခါးဘောင်ကိုမှန်ပြီး မထိန်းနိုင် မသိမ်းနိုင် ကြမ်းပြင်ပေါ်သို့ ကျသွားပါ၏။

"စိတ်ပျက်စရာပါလား"ဂျပ်သည် ခပ်ဖြည်းဖြည်းသာသာ ပြောလိုက်ပါသည်။ "ငါလုပ်ပုံကိုကလဲတစ်ကိုယ်တော် ထင်ရာလုပ်ပုံမျိုး ဖြစ်နေတာကိုး။ ဒါမျိုးဆိုတာက ပရိသတ်ရှေ့မှာ လုပ်ရတာ။ ပရိသတ်ဆိုတာကလဲ ရုံဝင်ဝမှာ ရုံခပေးပြီး ရောမခေတ်က ဆပ်ကပ်တွေလို အသက်ကိုဖြစ်ဖြစ်၊ ခန္ဓာကိုယ်အစိတ်အပိုင်းကိုဖြစ်ဖြစ် အန္တရာယ်ပြုမှာမျိုးမှ ပိုကြည့်ချင်ကြတာ။ အနည်းဆုံး သူတို့စိတ်ထဲမှာ သွေးချောင်းစီးတော့မှာပဲလို့ ထင်ရတာမျိုးကို မြင်ချင်တာ။ မင်း ငါပြောတာကို နားလည်ရဲ့လား။ ဒါပေမယ့် ခု ငါလုပ်နေပုံက ဘာမျှအန္တရာယ်မရှိသလိုကြီးဖြစ်နေတာကွ" သူသည် ပြောပြောဆိုဆို ဓားကိုကောက်ယူလိုက်ပြီး ပြူတင်းပေါက် အပေါ်

ပိုင်းဆီသို့ တအားလွှဲပစ်လိုက်သည်။ ဓားသည် အဟုန်ပြင်းစွာဖြင့် ပြုတင်းဘောင်များ ပြုကျသွားမတတ် ပြုတင်းပေါက်အထက်ပိုင်း သစ်သားထည်ကို သွားစိုက်ပါလေတော့သည်။

ယခုပစ်ချက်ကား တကယ့်လက်ရာမြောက် ပစ်ချက်ပါတည်း။ ကျွန်တော်သည် ငြီးငွေ့စိတ်ပျက်ဖွယ် စစ်တွင်းကာလက ဖုံးခိုကျင်းထဲ၌ ဖုံးခိုကျင်း သစ်သားဒေါက်တွေကို သူ့ဓားနှင့် ပစ်ပြခဲ့ပုံများကို သတိရလာပါသည်။

"ဒီနည်းနဲ့ ပရိသတ် အသည်းထိတ်ရင်ဖို ဖြစ်ရအောင်လုပ်ရတာမျိုးကလဲ အဓိပ္ပါယ်မရှိပါဘူး။ ဒီအလုပ် မလုပ်လို့မဖြစ်အောင် ပရိသတ်ကျေနပ်အောင် နားရွက်တွေအပြတ်ခံပြမှာပဲ။ နားရွက်မရှိပြန်လဲ နေလို့မရမယ့်အတူ မကြာခင် ထောင်ထဲရောက်မှာပဲ။ ကဲ လာကွာ။ ငါနဲ့လိုက်ခဲ့" သူသည် ဆက်ပြောပြီး တံခါးကို ဆွဲဖွင့်၍ ကျွန်တော့်အား သူ့ရှေ့ဘက်သို့ တွန်းပို့လိုက်ပါသည်။

ကျွန်တော်တို့သည် လှေကားဆီသို့ လာခဲ့ကြသည်။ ဘေးဘက်နံရံများပေါ်တွင် ဆွဲမဆုတ်နိုင်လောက်အောင် ကပ်ထားသော နံရံကပ်စက္ကူများသည် ပြဲနေကြပါလေပြီ။ ကျန်အပိုင်းအစများသည်လည်း မီးခွေးရန်ဖြစ်နေပေပြီ။ ကျွန်တော်တို့သည် အသုံးမပြုတော့သော ရေချိုးခန်းကိုဖြတ်လာကြပြီး ကွဲအက်ကွာကျနေသော သမံတလင်းနှင့် ဟိုနား သည်နားတွင် ရေညှိတက်နေသော လှေကားဆီသို့ ရောက်လာကြပါသည်။

ဂျပ်သည် အပေါ်ထပ်ကို လက်ညှိုးထိုးပြရင်း- "ကိုယ် ဓားစမ်းဖို့ ခုလိုနေရာလွတ်မြင့်မြင့်ရှိယင် ကိုယ့်ပွဲကိုလဲ ကိုယ်ပိုပြီးပြနိုင်ပါတယ်။ ခုတော့ ကိုယ့်မှာ ဓားစမ်းစရာဆိုလို့ အခန်းထဲကမျက်နှာကြက်ပဲရှိတယ်။ ဒီတော့ ဓားစမ်းရာမှာလဲ အားကုန်မစမ်းနိုင်ဘူး။ ချိန်သားလဲမကိုက်ဘူး။ ကိုယ့်ရဲ့ အသုံးမကျတဲ့ ခေါင်းပေါ်ကိုပဲ ဓားကပြန်ကျတယ်။ ကြည့်စမ်း"ဟုပြောပြီးနောက် အထက်ဘက် လေထဲတွင် တစ်ပိုင်းပြိုကျနေသော ဝရန်တာကို လက်ညှိုးညွှန်ပြကာ "အယင်ကဆို ဒီနေရာမှာ တစ်နှစ်လုံးတစ်နေကုန် လေ့ကျင့်လာခဲ့တာ ခုကြည့်စမ်း။"

ပြောပြောဆိုဆို ဓားကို ငိုးကနဲပစ်လိုက်ပါသည်။ အံ့ဖွယ်ကောင်းလှအောင်ပုံမှန်ဖြစ်နေပါသည်။ ငှက်တစ်ကောင် မမောမပန်း ပျံသန်းနေသည့်ပမာ။ ဓားဦးပိုင်းသည် ဝရန်တာအောက်ပိုင်းကို မှန်ပြီးနောက် ကြောက်ဖွယ်အဟုန်ဖြင့် ဂျပ်၏ဦးခေါင်းထက်က ပျဉ်ချပ်ပေါ်သို့ ထိုးစိုက်လိုက်ပါသည်။ ထိုဓားချက်ကား ကြောက်ဖွယ်ဓားချက်ပါတည်း။ ဂျပ်အဖို့ရာကား ဘာမျှမဖြစ်သလို။ ဓားဦးသည် ပျဉ်ချပ်တွင်းသို့ အနည်းဆုံးတစ်လက်မ စိုက်ဝင်သွားပါသည်။

"ဟာ တယ်ဟုတ်ပါလား။ အံ့စရာပါပဲ။ ပရိသတ်ကတော့ ကြည့်သင့်တဲ့ ပြကွက်လို့ ဝန်ခံကြမှာပ"

ဂျပ်သည် ပျဉ်ချပ်တွင်စိုက်နေသော ဓားကို ပုံမှန်အတိုင်းနုတ်ယူလိုက်ပြီး ကိုင်ထားပါသည်။

"အင်း ဟုတ်တယ်။ ပရိသတ် သဘောကျမှာပဲလို့ ငါလဲထင်တယ်။ ဓားနဲ့ ဒီလို ကစားပြတာကို ပရိသတ်က သဘောကျစမြဲပဲ။ ဒါပေမယ့် ခုအတိုင်းက ငါ့ပြကွက်ကရိုးလွန်းနေတယ်။ လူတစ်ယောက်ကွာ ဓားတစ်လက်ကွာ၊ ပျဉ်ချပ် တစ်ချပ်ကွာ၊ ဒါပဲရှိတာ။ မင်း ငါပြောတာနားလည်ရဲ့လား။ ထူးထူးခြားခြား အပြောင်း အလဲမရှိဘူး။ အာရုံစူးစိုက်မှုလဲမရှိဘူး။ ဇာတ်စင်ပေါ်မှာ ငါနဲ့အတူ မပေါ့တပေါ် မိန်းမတစ်ယောက် ရှိစေချင်တယ်။ ငါက သူ့နှာခေါင်းနားကပ်ပြီး ဓားဖြတ်သွားတာ မျိုး ရင်ဖိုအောင်ပြချင်တယ်။ ဒါဆို သူတို့ပိုသဘောကျမှာပဲ။ ဒါပေမယ့် အဲဒီမိန်းမမျိုး ငါ ဘယ်ကရနိုင်မလဲ။"

ကျွန်တော်တို့သည် အခန်းထဲသို့ ပြန်ဝင်လာကြပါသည်။ သူက ဓားကို စားပွဲပေါ်တွင် ဂရုတစိုက်တင်ပြီး လေးထောင့်ပျဉ်ချပ်ကို ဓားဘေးတွင်ချ၍ လက်ဝါး နှစ်ဖက်ကို ပွတ်လိုက်ပါသည်။ ထို့နောက် ကျွန်တော်တို့သည် မီးဖိုဘေး သေတ္တာ ပေါ်တွင် တိတ်ဆိတ်စွာ ထိုင်ကြပါသည်။ ကျွန်တော်သည် အိတ်ထဲကလှိုးပြီး ပေါင် မုန့်ကိုထုတ်၍ "စားပါဦးလား"ဟု ပေးပါသည်။

"ဝမ်းသာပါတယ်ကွာ။ ငါ ကော်ဖီဖျော်လိုက်မယ်။ ပြီးရင် မင်း ငါနဲ့ပွဲလိုက် ခဲ့ပေါ့။ ငါဘယ်လိုပြတယ်ဆိုတာလဲ ကြည့်ရတာပေါ့"။

သူသည် မီးဖိုထဲသို့ ထင်းအချို့ကိုထည့်ပြီး မီးဖိုပေါ်တွင် အိုးတစ်လုံးကို တင်လိုက်ပါသည်။

"စိတ်ပျက်တယ်ကွာ။ ငါကလဲ အစဉ်းစားလွန်နေသလိုပဲ။ တပ်ကြပ်ကြီး တစ်ယောက်နဲ့များ တူနေလေသလားပဲ။ မင်းဘယ်လိုထင်လဲ"

"မဟုတ်တာပဲဗျာ။ ခင်ဗျားက တပ်ကြပ်ဖြစ်ခဲ့တာမှမဟုတ်ဘဲ။ တပ်ကြပ်နဲ့ တူတာတောင် ဖြစ်ခဲ့တာမှမဟုတ်တာ။ ပရိသတ်ရဲ့ လက်ခုပ်သံကြားရင် ခင်ဗျားမပြုံး ဘူးလား။"

"ပြုံးတာပေါ့ကွ။ ဦးညွှတ်အလေးတောင်ပြုလုပ်သေးတယ်"

"ကျွန်တော်တော့ ဒါမျိုးမလုပ်နိုင်ဘူး။ သချိုင်းထဲမှ မပြုံးနိုင်ပါဘူးဗျာ"။

"ဒါတော့ မင်းလုံးလုံးမှားတာပဲ။ ဒါဆိုမင်းဘယ်နေရာမှာသွားပြုံးမလဲ"။

"ကျွန်တော် ခင်ဗျားကို နားမလည်ဘူး"

"ငါပြောချင်တာက ပရိသတ်ဟာ တကယ်နေနေတာမှမဟုတ်တာဘဲ။ ဘယ်သူမှ သေတာလဲမဟုတ်ဘူး။ မင်း နားလည်ရဲ့လားကွ"

"ခင်ဗျား ဘာပြောတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် ခင်ဗျားပြောတာကို ကျွန်တော်မယုံဘူး"

"မင်းက အခုထိ တပ်ထဲကဗိုလ်ကီစွပဲ စဉ်းစားနေတာကိုး။ တကယ်တော့ သူတို့သေတာ ကြာပါပြီကွာ။ ဒါပေမယ့် ငါ့ပရိသတ်နဲ့ကျတော့ သူတို့ကို ငါဖျော်ဖြေနိုင်ရင် ငါပျော်တာပဲ။ သူတို့က အသက်ရှိတာမဟုတ်လေတော့ ငါ သူတို့ကို ကိုင်တွယ်လို့ရတယ်။ ငါ့ပြကွက်အတွက် ငါပိုက်ဆံရတယ်။ ပရိသတ်ထဲက တစ်ယောက်ယောက်ဟာ အိမ်ပြန်ရောက်တောင် ငါ့ကိုမေ့မှာမဟုတ်ဘူး။ သူက သူ့ကိုယ်ကိုသူ အတော်ဟုတ်တဲ့လူပဲ။ ခါးတွေနဲ့လူတဲ့ကွာ။ ဘာမှမကြောက်ဘူး။ ငါဖြင့် ကြောက်လိုက်တာလို့ပြောမိမယ်။ မင်းသိတဲ့အတိုင်းပဲ။ သူတို့က အချိန်ရှိ သရွေ့ ကြောက်နေတာပဲ။ သူတို့က ကြောက်လန့်ခြင်းကို သူတို့နောက်မှာ အရိပ်လို ဆွဲလာခဲ့ကြတာကွ။ ဒီတော့ အကြောက်တရားကိုမေ့ပြီး သူတို့ပြုံးနိုင်အောင် လုပ်ရတာကိုပဲ ငါကတော့ ပျော်လှပြီကွ။ ကဲ ဒီတော့ ငါဘာလို့ သူတို့ကိုပြုံးနိုင်တယ်ဆိုတာ မင်းသဘောပေါက်ရောပေါ့"

ကျွန်တော်သည် ဘာမျှမစကားမဆိုဘဲ ဆူနေသောရေနွေးအိုးကို ကြည့်နေမိသည်။ ဂျပ်သည် ခပ်ညိုညိုကြွေရည်သုတ်ခွက်ထဲသို့ ကော်ဖီကို လောင်းထည့်ပြီး ပေါင်မုန့်ကိုဝါးရင်း ကော်ဖီကို သောက်ချလိုက်ပါသည်။ အပြင်ဘက်တွင် မှောင်ရီပျိုးလေပြီ။ ဆည်းဆာသည် မီးခိုးရောင်နွားနို့အသွင်ဖြင့် အခန်းထဲသို့ စီးဝင်လာသည်။

"ခု မင်းဘာလုပ်ကိုင် စားသောက်နေသလဲ"

ဂျပ်က ကျွန်တော့်ကို မေးသည်။

"ဘာအလုပ်မှ မည်မည်ရရမရှိဘူး။ လက်လုပ်လက်စားပဲဆိုပါတော့"

"မလွယ်ပါလား"

"အမှန်ပေါ့ဗျာ။ ခု ကျွန်တော်တို့စားတဲ့ပေါင်မုန့်ဝယ်နိုင်အောင် ကျောက်တုံး တစ်ရာလောက်ခွဲခဲ့ရတယ်။ အလုပ်ကြမ်းသမားဆိုပါတော့ဗျာ"

"အင်း. . . ။ ကဲ မင်း ငါ့ရဲ့တခြားပြကွက်တစ်ခုလောက် ကြည့်ဦးမလား"

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။ သူသည် နေရာမှထသွားပြီး နံရံတွင် ဆွဲထားသော ကားလိပ်ကို ဖြန့်လိုက်ရာ မီးသွေးဖြင့် ခပ်ကြမ်းကြမ်းဆွဲထားသော ယောကျာ်းတစ်ယောက်၏ ပုံတစ်ပုံပေါ်လာပါသည်။ ခပ်ကြွားကြွားပုံ၏ ဦးခေါင်းထက်၌ ဦးထုပ်တစ်လုံး ဆောင်းထားဟန်လည်းရှိသေးသည်။ ကျွန်တော်သည်

ပုံကိုသေသေချာချာမြင်နိုင်အောင် ထကြည့်မိသည်။ ပုံသည် ပြတင်းပေါက်နေရာကို အစားဝင်ယူနေသယောင် ရှိလေသည်။

ဂျပ်ပသည် ခပ်စုတ်စုတ်အိပ်ယာအောက်မှာ သေတ္တာညိုညိုတစ်လုံးကို ထုတ်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်ကို ကျွန်တော်စိုက်ကြည့်နေမိပြန်ပါသည်။ စားပွဲပေါ်က သေတ္တာကိုမဖွင့်မီ သူသည် ကျွန်တော့်အပါးသို့ ကပ်လာကာ စားပွဲပေါ်တွင် စီးကရက်စက္ကူလေးရွက်ကို ချပေးလိုက်ရင်း "ဒါတွေနဲ့ စီးကရက်နှစ်လိပ် လိပ်စမ်းကွာ"ဟု ပြောလိုက်ပါသည်။

ကျွန်တော်သည် သူ့ကိုလည်း ပိုမြင်ရအောင် မီးဖိုက အနွေးဓာတ်လည်း ပိုရအောင် နေရာကိုရွှေ့လိုက်ပါသည်။ စီးကရက်လိပ်ရမည့် စက္ကူများကို ကျွန်တော် ဂရုတစိုက်ဖြန့်နေစဉ်မှာပင် ဂျပ်က သေတ္တာကိုဖွင့်၍ သေတ္တာတွင်းမှ ထူးဆန်းသော အထုပ်တစ်ထုပ်ကို ထုတ်လိုက်ပါသည်။ ထိုအထုပ်သည် ကျွန်တော်တို့ မိခင်များ သုံးစွဲလေ့ရှိသော ဖွန်း၊ ခက်ရင်း၊ ဓားများကို အကန့်လိုက် အိတ်များ၌ ထည့်ထားသည့် အိတ်ရှည်ကြီးမျိုးကို လိပ်ထားသော အထုပ်ဖြစ်ပါသည်။ သူသည် အထုပ်ကိုဖြေပြီး လိပ်ထားသော အထုပ်ကို စားပွဲပေါ်တွင် ဖြန့်ချလိုက်ပါသည်။ အထုပ်တွင်းရှိ အိတ်ထဲ၌ ကျွန်တော်တို့မိခင်များလည်း လာဗဲသို့ သွားရောက်ကခုန်လေ့ရှိစဉ်က ဆောင်ယူသွားလေ့ရှိမြဲ တိရစ္ဆာန်ဦးချိုတပ် လက်ကိုင်ပါ တောလိုက်ဓားမျိုး တစ်ဒါဇင်ပါပါသည်။ ကျွန်တော်သည် စီးကရက်စက္ကူများပေါ်၌ ဆေးမှုန်ကို ဂရုတစိုက်ထည့်ပြီး စီးကရက်နှစ်လိပ် လိပ်လိုက်ပါသည်။

"စီးကရက်တွေပါ"ဟု ကျွန်တော်ကပြော၍ နှစ်လိပ်စလုံး သူ့လက်သို့ လှမ်းပေးလိုက်သည်။ ဂျပ်သည် နှစ်လိပ်စလုံးယူပြီး ကျွန်တော့်အား တစ်လိပ်ပြန်ပေးရင်း "ကျေးဇူးပဲ"ဟုပြောလိုက်ပါသည်။

ထို့နောက် သူသည် ဓားအိတ်တစ်ခုလုံးကို ပြရင်း

"ငါ့မိဘတွေ ပစ္စည်းဆိုလို့ ငါပိုင်လိုက်ရသမျှဟာ ဒါပဲဟေ့။ တခြားဟာတွေတော့ မီးလောင်တာတွေလဲ လောင်ကုန်ပြီ။ ကွဲဖြတ်ကုန်တာတွေလဲ ကွဲဖြတ်ကုန်ပြီ။ အခိုးခံရတာတွေလဲ အခိုးခံရပြီးပြီ။ ငါထောင်ထဲက စုတ်ပြတ်ပြီး ထွက်လာတော့ ငါ့မှာ ဘာဆို ဘာမှကိုပိုင်ဆိုင်တာ မရှိခဲ့ဘူးကွ။ တစ်နေ့တော့ ငါ့အမေနဲ့သိခဲ့ဖူးတဲ့ အဘွားကြီးတစ်ယောက်က ငါ့ကို လိုက်ရှာပြီး အဲဒီသေတ္တာကလေးကို ပေးတာပဲကွ။ အမေဟာ ဗုံးဒဏ်နဲ့ မသေခင်ရက်အနည်းငယ်ခန့်ကတည်းက အဲဒီအဘွားကြီးကို ဒီသေတ္တာကလေး စောင့်ရှောက်ပေးဖို့ ပေးထားခဲ့လို့ ဒါကလေး ကျန်ခဲ့တာပေါ့။ ချယ်စရာ မကောင်းဘူးလားကွာ။ လူဆိုတာမျိုးကလဲ အန္တရာယ်နဲ့ကြုံလာရင်

အသုံးဝင်တာ မဝင်တာထား။ ကိုယ် အမြတ်တနိုးထားတာ ကလေးအတွက်တော့လဲ လုံခြုံစိတ်ချရချင်ကြတာပဲ။ အဲဒီနည်းနဲ့ ငါဒီပစ္စည်းကို ပိုင်လာတာပဲကွ။ အစကတော့ ဒီသေတ္တာထဲမှာ ကော်ဖီအိုးတစ်လုံးရယ်၊ ခက်ရင်းဆယ့်နှစ်ချောင်းရယ်၊ ဓားဆယ့်နှစ် ချောင်းရယ်၊ ဇွန်းဆယ့်နှစ်ချောင်းရယ်နဲ့ ခုနက ငါကစားခဲ့တဲ့ ပေါင်မုန့်လှီးဓားလဲ ပါတယ်ကွ။ အဲဒီထဲက ဇွန်းတွေနဲ့ ခက်ရင်းတွေရောင်းပြီး ငါတစ်နှစ်လောက် သုံးနိုင် ခဲ့သေးတယ်။ အဲဒီအတွင်းမှာပဲ ဒီပေါင်မုန့်လှီးဓားနဲ့ ဟော့ဒီဓား ဆယ့်နှစ်ချောင်း သုံးစွဲနည်းကို ငါသင်ယူခဲ့တယ်။ ငါ့ကိုကြည့်စမ်း"ပြောပြပါသည်။

ကျွန်တော်သည် စီးကရက်ကို မီးညှိပြီး မီးစကို သူ့အား လှမ်းပေးလိုက်ပါ သည်။ ဂျပ်သည်လည်း သူ့စီးကရက်ကို မီးညှိပြီး နှုတ်ခမ်းသို့တေ့လိုက်ပါသည်။ သူသည် အိတ်ရှည်က အထုံးကိုဖြေ၍ အကျီပခုံးကြယ်သီးတွင် ကြယ်သီးပေါက် တပ်လိုက်ပါသည်။ အိတ်ရှည်သည် စစ်တပ်တွင် ချီးမြှင့်ခြင်းခံရသော အဆောင် အယောင်ကဲ့သို့ အကျီလက်မောင်းတစ်လျှောက်၌ တွဲလောင်းဖြန့်ကျနေပါ၏။ ထို့ နောက် သူသည် မယုံနိုင်လောင်သော လျင်မြန်မှုအဟုန်ဖြင့် အိတ်ထဲမှ ဓားများကို ဆွဲနှုတ်၍ သူ၏ လျင်မြန်သော လက်လှုပ်ရှားမှုအဟုန်ကို ကျွန်ုပ်လိုက်မမီခင်မှာပင် သူ့လက်များ၏ လှုပ်ရှားမှုနှင့်အတူ ဓားများသည် တံခါးပေါ်တွင် ချိတ်ဆွဲထားသော အရုပ်ကြီးပေါ်သို့ ကျရောက်သွားပါလေကုန်၏။ ကျွန်တော်သည် အံ့အားသင့် ငေးမောနေစဉ်မှာပင် အရုပ်ကြီးက လမ်းဆုံလမ်းမများ၌ တွေ့ရလေ့ရှိသော ကြော်ငြာ အရုပ်ကြီးများကို သတိရစေပါလေ၏။ ကျွန်တော်သည် အရုပ်ကြီးကို စိုက်ကြည့်နေမိ ပါသည်။ အရုပ်ကြီး၏ ဦးထုပ်နေရာတွင် ဓားနှစ်လက်၊ ပခုံးနှစ်ဘက်ပေါ်တွင် တစ်လက်စီ၊ လက်တစ်ဘက်စီနှင့် ကပ်လျက် စနစ်တကျ သုံးချောင်းစီထိုးစိုက်နေ သည်ကို တွေ့ရပါ၏။

"ရက်စက်ပါပေ့ဗျာ။ တကယ်ပဲ ရက်စက်ပါပေတယ်။ ဒီလောက်အခန်း သေးလေးထဲမှာ ခင်ဗျားဘယ်လိုရအောင် လေ့ကျင့်ခဲ့တာပါလိမ့်" ကျွန်တော် အံ့အား တသင့်ပြောလိုက်မိပါသည်။

"ဒီလိုပဲကျင့်ရတာပေါ့ကွာ။ ဒါပေမယ့် ဒီလုပ်ငန်းမှာ လူတစ်ယောက်လို တယ်။ သက်ရှိလူပေါ့။ မိန်းမဆိုရင် ပိုကောင်းတာပေါ့" သူသည် တံခါးပေါက်တွင် စိုက်နေသော ဓားများကိုနုတ်ပြီး အိတ်တွင်းသို့ ဂရုတစိုက်ပြန်ထည့်ရင်း စကားကို ဆက်ပြောပါသည်။ ဒါပေမယ့် မိန်းမဆိုတော့ မရပါဘူး။ မိန်းမတွေက အကြောက် လွန်တယ်ကွ။ ယောက်ျားတွေကျတော့လဲ ပိုက်ဆံကသိပ်လိုချင်ကြတယ်။ ငါကောင်း ကောင်းနားလည်ပါတယ်။ ဒီအလုပ်မျိုးဆိုတာကလဲ အန္တရာယ်ကြီးတယ်မဟုတ်လား ကွ"

ဂျပ်သည် ပျော့စိပျော့ဖတ် ဖြစ်နေသော စီးကရက်ကို ပါးစပ်မှဆွဲဖြုတ်လိုက်ပြီး မီးဖိုနောက်က အမှိုက်ပုံတွင်းသို့ ပစ်ထည့်လိုက်သည်။

"ကဲ. . . လာကွာ၊ တို့သွားဖို့တော်ပြီ"ဟု ပြောပြောဆိုဆို ခေါင်းကိုပြူတင်းအပြင်သို့ ပြူကြည့်ရင်း "မိုးကလဲရွာပြန်ပြီ၊ စိတ်ပျက်စရာပဲ" ခပ်ညည်းညည်းပြောသည်။ "ရှစ်နာရီထိုးဖို့ မိနစ်ပိုင်းလိုတော့တယ်။ ခွဲယင်တော့လဲ ရောက်မှကွ"

သူက ဓားများကိုထုတ်ပြီး သေတ္တာတွင်းထည့်နေစဉ်မှာပင် ကျွန်တော်သည် ပြူတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်ပါသည်။ အဆောက်အအုံပျက်များပေါ်သို့ မိုးတဖွဲဖွဲကျသံကို သတိထားမိပါသည်။ ပေ့ါပလာပင်တန်း၏ နောက်ဘက်ဆီမှ ဖြတ်သွားသော ဓာတ်ရထားသံကိုလည်း ကြားလိုက်ရ၏။ သို့သော် နာရီကိုကား ကျွန်တော် ဘယ်မှာမျှမတွေ့ရပါ။

"အချိန် ဘယ်လောက်ရှိပြီဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ" ကျွန်တော်မေးလိုက်မိပါသည်။

"အကျင့်ပဲဆိုပါတော့၊ ငါလေ့ကျင့်ခန်းတွေထဲမှာ အဲဒီအကျင့်ကလဲ တစ်ပိုင်းပါတာပေ့ါ"။

ကျွန်တော်သည် သူ့ကို နားမလည်နိုင်ဘဲ ကြည့်နေမိပါသည်။ သူက ကျွန်တော့်ကိုယ်ပေါ်သို့ ကျွန်တော်၏အပေါ်အင်္ကျီကို လွှမ်းပေးပါသည်။ သူ့ကိုယ်ပေါ်ကိုလည်း သူ့အပေါ်အင်္ကျီကို လွှမ်းပါသည်။ ကျွန်တော့်ပုခုံးမှာ မကောင်းတော့ပါ။ ကျွန်တော့်လက်များသည် ကျောက်တုံးခွဲနိုင်လောက်ရုံမှအပ ကောင်းကောင်းမလှုပ်နိုင်ကြတော့ပါ။ ကျွန်တော်တို့သည် ဦးထုပ်ကိုယ်စီဆောင်း၍ မှောင်ရီပျိုးသောလမ်းကြားအတိုင်း လျှောက်လာကြပါသည်။ ဤအထီးတည်းဖြစ်နေသော အိမ်တွင်းဘစ်နေရာရာမှ ရယ်သံမောသံ အသံဗလံများကို ကြားလိုက်ရသဖြင့် ကျေနပ်သွားပါသည်။

လှေကားအတိုင်း ဆင်းလာရင်း ဂျပ်က

"ပြဋ္ဌာန်းဥပဒေဘောင်ထဲမှာ နေနိုင်အောင် ငါဟာ ဒုက္ခတွေအမျိုးမျိုးရင်ဆိုင်ခဲ့ရတယ်" ပြောပြောဆိုဆို သူ့သေတ္တာကလေးကို လှေကားထစ်တစ်ခုပေါ်၌ချလိုက်ပြီး ဂရိပုံပြင်ထဲက နေဆီသို့ပျံသန်းအံ့ဟု အတောင်ဖြန့်လိုက်သော အိုက်ကေးရတ်ကို ရုပ်ပုံဟောင်းတစ်ခု၌ တွေ့ရသကဲ့သို့ လက်နှစ်ဘက်ကို ဆန့်တန်းလိုက်ပါသည်။ သူ၏ ခပ်တည်တည်မျက်နှာပြင်တွင် ဆန်းပြားသောအသွင်ကို တွေ့လိုက်ရသည်။ တစ်ကြိမ်တွင် အေးစက်စက်နိုင်လိုက်၊ တစ်ကြိမ်တွင် အိပ်မက်မက်နေဟန်အလွှမ်းမိုးခံနေရဟန်၊ စဉ်းစားတွေးတောနေဟန်တို့သည် အဆန်းတကြယ်ဖြစ်နေပေ

ရာ ကျွန်တော်ပင်ကြောက်လန့်လာပါလေတော့သည်။ "အဲဒီလိုနဲ့ပဲ ငါ့လက်နှစ်ဖက်ကို လေထဲမှာ ပိုပြီးရှည်ရှည်လာအောင် ဆန့်တန်းရင်း တခြားဥပဒေတွေ ပြဋ္ဌာန်းထားတဲ့နယ်မြေကို ဖောက်ထွင်းလာနိုင်ရမှာပေါ့ကွာ" သူက စကားကို ခပ်ဖြည်းဖြည်းချင်းဆက်ပြောနေပါသည်။ "ဒီလက်တံတွေဟာ နောက်ကွယ်က ဖမ်းစားတတ်တဲ့ ထိတ်လန့်ဖွယ်ရာတွေကို ဆုပ်ကိုင်မိသွားတယ်။ ဆုပ်ကိုင်မိတယ်ဆိုရုံပါပဲ။ အဲဒီနောက်တော့ အဲဒါတွေပေါ်မှာ ဩဇာသက်ရောက်တဲ့ဥပဒေတွေကို ငါဖမ်းမိပြီးသားဖြစ်ရမှာပေါ့။ အဲဒီအခါကျရင် ပျော်နေတဲ့ သူခိုးတစ်ယောက်ကို ငါလက်ခံနိုင်တဲ့ ဥပဒေကို ငါနဲ့အတူ ပွေ့ဖက်ယူဆောင်သွားမှာပဲ" ဆန့်ထားသော လက်နှစ်ဖက်ကို ခိုင်ခိုင်ဆန့်လိုက်ပြီး သူ့ခန္ဓာကိုယ်အပေါ်သို့ ပြန်ဖိထားလိုက်ပါသည်။ ကဲလာကွာ သူ့မျက်နှာပြင်တွင် မူလကအတိုင်း မထုံတက်သေးအသွင် ပြန်ပေါ်လာပါ၏။ ကျွန်တော်သည် အိပ်မက်ထဲမှာကဲ့သို့ပင် သူ့နောက်က လိုက်ပါလာခဲ့ပါ၏။

အပြင်ဘက်တွင် မိုးသည် ခပ်မှန်မှန်ရွာနေပါသည်။ လေသည် အေးနေ၏ ကျွန်တော်တို့သည် အင်္ကျီကော်လာများကို ဆွဲတင်ပြီး အအေးဒဏ်ကို ကာကွယ်ကြည့်ပါသည်။ လမ်းမများပေါ်တွင် ညဥ့်ဦးယံဆီးနှင်းများသည် မည်းပြာရောင် ညအမှောင်၌ မျောပါနေကြလေပြီ။ စစ်ဒဏ်သင့် လူနေအိမ် မြေအောက်ခန်းများအတွင်းမှ ကြေကွဲဖွယ် မှိန်လဲ့နေသော ဖယောင်းတိုင်မီး မှုန်မွှားသည် ပြိုကျပျက်ဆီးနေသော အဆောက်အအုံများအောက်က မီးသင့်အပျက်အစီးများကို မြင်နိုင်စွမ်းစေပါ၏။ လမ်းသည် တဖြည်းဖြည်း မသိမသာ ရွံ့မြေပိုင်းသို့ ရောက်လာသည်။ လမ်းဘေးနှစ်ဖက်တွင် တဲအိမ်များကို တွေ့လာရ၏။ တဲအိမ်များကား ရေတိမ်ပိုင်း၌ အစိုးမရ မျောပါလာသော ကတ္တူလှေများအလား ပစ်စလက်ခတ်ဖြစ်နေသည့် ဥယျာဉ်တွင်း၌ မျောနေသည့်ပမာ ထင်ရပါသည်။

ကျွန်တော်တို့သည် မာတ်ရထားလမ်းကို ကျော်လာပြီးနောက် လမ်းကျဉ်းတစ်ခုအတိုင်း လျှောက်လာခဲ့ရာ ကျောက်ခဲပုံကြီးတွေအကြား၌ အိမ်အနည်းငယ်ရှိသော ဆင်ခြေဖုံးပိုင်း တူရူသို့ ရောက်လာပါသည်။ ထိုနေရာကို ကျော်လာခဲ့သော အခါတွင်ကား လူနေထူထပ်ပြီး စည်ကားသော လမ်းပေါ်သို့ ရောက်လာကြပါလေသည်။ ကျွန်တော်တို့သည် လမ်းဘေးစင်္ကြံပေါ်တွင် လူအုပ်နှင့်အတူ မျောပါလာခဲ့ပြီးနောက် လျှပ်စစ်မီးရောင် ဆိုင်းဘုတ်၏အရောင်သည် မိုးရေစိုနေသော ကတ္တရာလမ်းပေါ်၌ အရောင်ဟပ်နေသည့် ခပ်မှောင်မှောင်လမ်းကျဉ်းတစ်ခုအတိုင်း ဝင်ခဲ့ကြပါသည်။

ကပွဲစုံကျင်းပသော ကပွဲရုံအဝင်ဝသည် ရှင်းနေပါ၏။ ကပွဲသည် မကြာမီ

ကပင် အစပြုခဲ့လေပြီ။ ကပွဲရုံမှ ဂီတသံသည် စုတ်ချာဟောင်းနွမ်းသော တယောခွဲစင် ကန့်လန့်ကာကို ကျော်ဖြတ်ထွက်ပေါ်နေလေသည်။

ဂျပ်သည် ကျွန်တော့်အား ရင်သားပေါ်တွင် ပြောင်ပြောင်လက်လက်များ စီခြယ်လျက် မြူဆွယ်ဟန်ဖြင့် ကနေသော မိန်းကလေးနှစ်ယောက်၏ ဓာတ်ပုံကြားရှိ ကောင်းဘွိုင်ဝတ်စုံနှင့် သူ၏ဓာတ်ပုံကိုပြရင်း ရယ်လိုက်ပါသည်။ သူ့ပုံအောက်တွင် ကား 'ဓားတွေနှင့်လူ'ဟူသော စာတန်း။

"ဆက်သွားရအောင်ကွာ"ဂျပ်က ပြောပါသည်။ ကျွန်တော်သည် ဘာလုပ်ရမည်ကို မသိမှိုမှာပင် လမ်းတစ်ခုအတိုင်း အမှတ်မထင်ဆင်းလာခဲ့ပြီးနောက် ခပ်ကျဉ်းကျဉ်း ကြောင်လိမ်လှေကားအတိုင်း မီးရောင်မှိန်မှိန်အောက်က တက်လာခဲ့ပါသည်။ ဇာတ်စင်ဆီမှ ချွေးနံ့နှင့် မျက်နှာချေနံ့သည် စူးထွက်လာနေ၏။ ရှေ့က ဦးဆောင်သွားသော ဂျပ်သည် လှေကားထိပ်အရောက်တွင် သူ့သေတ္တာကိုချလိုက်ပြီး ကျွန်တော့်ပခုံးထက်သို့ လက်တင်ကာ လေသံဖြင့်. . .

"မင်း စိတ်လှုပ်ရှားနေသလား" ဟု မေးလိုက်ပါသည်။

ကျွန်တော်သည် ထိုမေးခွန်းကို အတန်ကြာမျှော်လင့်နေခဲ့သော်လည်း ယခုလို ရုတ်တရက်ကြားလိုက်ရသောအခါ တုန်သွားပါသေးသည်။

"စိတ်ပျက်တာတစ်ခုပါပဲ" ကျွန်တော် ဖြေလိုက်ပုံက ကျွန်တော် သတ္တိကြောင်နေသည်ကို မပေါ်လွင်ဟု သဘောရပါသည်။

"မဆိုးပါဘူး" ဂျပ်က အလေးအနက်ရယ်လိုက်သည်။

"မင်း စိတ် ထက်ထက် သန်သန်တော့ ရှိမှာပေါ့"

ကျွန်တော်က ငြိမ်နေလိုက်သည်။ ရုံတွင်းမှ ရယ်သံတသောသောကို ရုတ်တရက်ကြားလိုက်ရ၏။ အသံက ကျယ်သည်။ ပြင်းလည်းပြင်းထန်သည်။ ကျွန်တော်သည် ချောက်ချောက်ချားချားဖြစ်လာသည်။ တုန်၍ပင်လာလေသည်။

"ကျွန်တော်ကြောက်လာပြီ" ခပ်ဖြည်းဖြည်းပြောလိုက်သည်။

"ငါကကော ကြောက်ရမှာလား။ မင်း ငါ့ကိုမယုံဘူးလား"

"ကျွန်တော် ခင်ဗျားကို ယုံပါတယ်။ ဒါပေမဲ့"

ကျွန်တော်သည် အသံတုန်တုန်ယင်ယင်ဖြင့် ဖြေရင်း သူ့ကို ရှေ့ဘက်သို့ တွန်းလိုက်ပြီး. . .

"ကျွန်တော့်အဖို့ကတော့လည်း ဒါပဲရှိတော့တာကို" ဟု ဆက်ပြောလိုက်ပါသည်။

ကျွန်တော်တို့သည် အပေါ်ဘက်တွင် တစ်ဘက်တစ်ချက်စီ၌ သုံးထပ်သား

အခန်းခွဲများရှိသော စင်္ကြံကျဉ်းကျဉ်းကလေးသို့ ရောက်လာပါသည်။ အခန်းခွဲများကြားလမ်း၌ မြူးထူးဟန်ရှိသော ပုံသဏ္ဍာန်အချို့ လှုပ်ရှားနေကြသည်။ ကျွန်တော်သည် ပါးစပ်ပြဲကြီးဟနေသော လူရှင်တော်တစ်ယောက်ကို ဇာတ်စင်ပေါ်တွင် လှမ်းမြင်လိုက်ရသည်။ ပရိသတ်မှ တသောသောရယ်သံကို ကြားရပြန်၏။ ဂျပ်သည် ကျွန်တော့်ကို အခန်းတစ်ခုထဲသို့ ဆွဲခေါ်ပြီး တံခါးကို ပိတ်လိုက်ပါသည်။ ကျွန်တော်သည် ပတ်ပတ်လည်ကို ကြည့်လိုက်မိသည်။ အခန်းကလေးသည် အလွန်ကျဉ်းလှပြီး အတွင်း၌ အရာခပ်သိမ်း ပြင်ဆင်မွမ်းမံထားပါသည်။ နံရံတွင် မှန်တစ်ချပ်ချိတ်ထားပါ၏။ ဂျပ်၏ ကောင်းဘွိုင်ဝတ်စုံကို တစ်ချောင်းတည်းသောသံ၌ ချိတ်ထား၏။ ခနော်ခနဲ့ ကုလားထိုင်ပေါ်တွင် ဖဲထုတ်ဟောင်းတစ်ထုပ်ရှိနေသည်။ ဂျပ်သည် ပျာယာခတ်နေ၏။ သူသည် ရေးကြီးသုတ်ပြာဖြစ်နေသည်။ ဂျပ်သည် ကျွန်တော်၏ကုတ်အင်္ကျီစိုကို ကူ၍ချွတ်ပေးပြီး သံချောင်းတွေချိတ်ထားသော ကောင်းဘွိုင်ဝတ်စုံကို ကုလားထိုင်ပေါ်သို့ တင်လိုက်သည်။ ထို့နောက် ကျွန်တော်နှင့် သူ၏အပေါ်အင်္ကျီများကို သံချောင်းတွင် ချိတ်လိုက်သည်။ ကျွန်တော်တို့အခန်းနှင့် တစ်ဖက်ခန်းခြားထားသော နံရံတွင် ဆေးနီသုတ်လျှပ်စစ်နာရီကို မြင်ရသည်။ နာရီသည် ၈ နာရီ ၂၅မိနစ်ကို ညွှန်ပြနေ၏။

"၅ မိနစ်ပဲ လိုတော့တယ်" ဂျပ်သည် သူ၏ဝတ်စုံကိုဆွဲဝတ်ရင်း ခပ်ညည်းညည်းပြောလိုက်သည်။ "တို့ ဇာတ်တိုက်ဖို့ လိုဦးမလား"

ထိုစဉ်မှာပင် တံခါးဆီမှ တံခါးခေါက်သံနှင့်အတူ အသင့်ဖြစ်ပြီလားဟေ့ဟူသော မေးသံကို ကြားလိုက်ရသည်။

ဂျပ်သည် ကောင်းဘွိုင်အပေါ်အင်္ကျီကို ကြယ်သီးတပ်ပြီး ဦးထုပ်ကို ဆောင်းလိုက်သည်။ ကျွန်တော်က သွေးလေချောက်ချားလှစွာ ရယ်မောလိုက်ပြီး "ခင်ဗျားက အလကားကောင်တစ်ယောက်ကို သေဒဏ်မပေးခင် အစမ်းကြိုးပေးကြည့်ချင်လို့လားဗျ" ဟု မေးလိုက်မိပါသည်။

ဂျပ်သည် သူ၏သေတ္တာကိုကိုင်လျက် ကျွန်တော့်ကို အခန်းထဲမှ ဆွဲထုတ်လာခဲ့ပါသည်။ ဇာတ်စင်သို့သွားရာလမ်းကြားထဲတွင် ခေါင်းတုံးပြောင်ပြောင်နှင့် လူတစ်ယောက်သည် လူရှင်တော်၏ အလှည့်အပြီးကို စောင့်နေ၏။ ဂျပ်က သူ့အားစကားတိုးတိုးပြောလိုက်ပါသည်။ ကျွန်တော် မကြားလိုက်ပါ။ ထိုလူသည် လှည့်ကြည့်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါသည်။ သူက ကျွန်တော့်ကို စိုက်ကြည့်ပြီး ဂျပ်ကို ထပ်ကြည့်ပြန်ကာ ခေါင်းကို အလေးအနက် ခါလိုက်ပါသည်။ ဂျပ်က သူ့ကို တိုးတိုးပြောပြန်ပါသည်။

ကျွန်တော့်အဖို့ကား ကျွန်တော် ဘာဖြစ်မည်ကို ဂရုမစိုက်တော့ပါ။ သူတို့ အလိုရှိပါက သူတို့သည် ကျွန်တော့်အား ပင်အပ်ထိုး ကိရိယာသဖွယ် အသုံးပြုလိုက ပြုနိုင်ပါပေပြီ။ ကျွန်တော်၏ မကောင်းတော့သော ပခုံးကို စားချက်ထိလျှင်လည်း ဆေး ခြောက်ပါသော စီးကရက်ကိုသောက်ပြီး ပေါင်မုန့်တစ်လုံး၏ လေးပုံ သုံးပုံစာ ရရေး အတွက် ကျောက်တုံး ၇၅ တုံးကို ခွဲရုံသာရှိ၏။ သို့သော်လည်း နက်ဖြန်သည်. . . ။

ဇာတ်စင်တွင် ပြနေသောအခန်း ပြီးသွားလေပြီ။ ဩဘာသံများသည် ပြန့် လာ၏။ ပင်ပန်းနွမ်းနယ်နေဟန်ရှိသော လူရွှင်တော်သည် ကျွန်တော်တို့အနားသို့ ရောက်လာသည်။ သူသည် စိတ်ပျက်လက်ပျက် ဖြစ်နေဟန်ဖြင့် ကျွန်တော်တို့ အနားတွင် ခဏမျှရပ်နေပြီးနောက် ဇာတ်စင်ဆီသို့ ပြန်ဝင်သွားကာ ပရိသတ်အား လိုက်လှဲသောအပြုံးဖြင့် ဦးညွှတ်နှုတ်ဆက်လိုက်ပါသည်။ တီးဝိုင်းဆီမှ တီးမှုတ်သံ မြိုင်မြိုင်ထွက်လာသည်။ ဂျပ်သည် ခေါင်းတုံးနှင့်လူဆီသို့ ကပ်သွားပြီး တီးတိုးပြော ပြန်၏။ ဇာတ်စင်ပေါ်က လူရွှင်တော်သည် လက်ခုပ်သံပေးနေသော ပရိသတ်ကို သုံးကြိမ်တိုင် ပြုံး၍ ဦးညွှတ်နှုတ်ဆက်နေပါသည်။ တီးဝိုင်းမှ စစ်ချီတက်ဟန် ဘင်သံ ထွက်လာသည်။ ဂျပ်သည် သူ့သေတ္တာကို ဆွဲလျက် ဇာတ်စင်ဆီသို့ ခြေလှမ်းမှန်မှန် ဖြင့် ဝင်သွားပါသည်။ သူ့ကို တီးခတ်မြဲ လက်ခုပ်သံအချို့က ကြိုဆိုနှုတ်ခွန်းဆက် လိုက်ပါသည်။ ဂျပ်သည် ဖဲချပ်များကို သံချွန်တန်းတွင် တန်းစီတင်ပြီးနောက် ဖဲချပ် အလယ်တည့်တည့်ဆီသို့ ဓားများပစ်လွှတ်နေသည်ကို ကျွန်တော်သည် ပင်ပန်းနွမ်း နယ်သော မျက်လုံးအစုံနှင့် စိုက်ကြည့်နေမိသည်။ ဩဘာသံများကို ကြားလာရပေ ပြီ။ သို့သော် တက်တက်ကြွကြွကား မရှိလှပါပေ။ ဒရမ်ကို ခပ်ဆတ်ဆတ် ခပ်မြူးမြူး ကလေး တီးသံနှင့်အတူ ဂျပ်သည် လေးထောင့်ပျဉ်ချပ်နှင့် ပေါင်မုန့်လှီးဓားပြကွက်ကို ဆက်ပြပါသည်။ ကျွန်တော်သည် ထူး၍မတုန်လှုပ်တော့ပါ။ ဤပြကွက်ကို ကျွန်တော် အသေးအဖွဲ့ပြကွက်မျိုးအဖြစ် သဘောထားလိုက်ပါသည်။ ပွဲကြည့်ပရိသတ်ထဲမှ အရှက်မဲ့ဝတ်ထားသော မိန်းကလေးအချို့ စိုက်ကြည့်နေသည်ကို ကျွန်တော် သတိ ပြုလိုက်မိပါသည်။ ထိုစဉ်မှာပင် စောစောက ခေါင်းတုံးနှင့်လူသည် ကျွန်တော့်ကို ဖမ်းကိုင်လိုက်ပြီး ဇာတ်စင်ဆီသို့ ဆွဲခေါ်သွားပါသည်။ ဂျပ်ရှေ့သို့ ရောက်သောအခါ ဂျပ်ကို အလေးပြုလိုက်ပြီး ဇာတ်ရုံတန်း ရဲ၏လေသံမျိုးဖြင့်. . .

"မင်္ဂလာညချမ်းပါ မစ္စတာ ဗော်ဂလူစကီး ခင်ဗျား" ဟု ရွှင်ရွှင်ပျပျ နှုတ်ဆက်လိုက်ပါသည်။

"မင်္ဂလာညချမ်းပါပဲ ကလော့ပန်ချာ" ဂျပ်က ခပ်တည်တည်လေးလေး အသံတို့ဖြင့် တုံ့ပြန်လိုက်သည်။

"ကျွန်တော် မြင်းသူခိုးတစ်ကောင်ကို ဖမ်းလာပါတယ်။ တကယ့် နာမည်ကြီး လူဆိုးပါပဲ။ မစ္စတာ ဖော်လူစကီး။ ဒီလူဆိုးကို ကျွန်တော်တို့ ကြိုးမပေးခင် ခင်ဗျားရဲ့ ပထမတန်းစား ဓားတွေနဲ့ သင်ခန်းစာပေးလိုက်စမ်းပါဗျာ။ ဒီလူက တကယ့်လူဆိုးပါ" သူ့အသံသည် စက္ကူပြန်းနှင့် အပေါ်စားမျက်နှာချေပမာ ဟန်ပန်လုပ်ပြောနေသဖြင့် ရယ်စရာလို ဖြစ်နေပါသည်။

ကျွန်တော်သည် ပရိသတ်ကို တစ်ချက်လောက် ကြည့်လိုက်ပါသည်။ ကျွန်တော့်ရှေ့ဘက်မှာ မှုန်မှိုင်းမှိုင်းဖြစ်နေပါသည်။ ပရိသတ်သည် ဦးခေါင်း တစ်ထောင်ရှိသော အကောင်ကြီးတစ်ကောင် ရုတ်ခနဲ ထခုန်မည့်အသွင်မျိုး ဖြစ်နေပါသည်။ ကျွန်တော်သည် စိတ်ကို ငြိမ်သွားအောင် ထိန်းလိုက်ပါသည်။ စိတ်မသက်မသာ မဖြစ်တော့ပါ။ ကျွန်တော့်ကိုယ်ပေါ်သို့ မီးရောင်ထိုးကျလာပါသည်။ အဝတ်နွမ်း၊ ဖိနပ်စုတ်တို့ကို မြင်သာပါသည်။ မြင်းသူခိုးဟုလည်း ထင်စရာပါပင်။

"သူ့ကို ထားခဲ့ပါ မစ္စတာ ကလော့ပန်ချာ။ သူ့ကိစ္စကို ကျွန်တော် ကြည့်ရှင်းလိုက်ပါမယ်"

မစ္စတာ ကလော့ပန်ချာသည် ပြုံးဖြဲဖြဲဖြင့် ခြေလှမ်းကို မသယ်နိုင်သလို ဇာတ်စင်နောက်ဘက် ထွက်သွားစဉ်တွင် ဂျပ်က ကျွန်တော့်အင်္ကျီ ကော်လာစကို ဆွဲယူလိုက်ပါသည်။ ထိုစဉ်မှာပင် တစ်နေရာမှ ကြိုးတစ်စ ကျလာသည်။ ဂျပ်သည် ကြိုးစကိုယူပြီး ပွဲကြည့်ပရိသတ်ဘက်သို့ ဘေးဘက်မှ သွားရာလမ်းရှိ တံခါးရှေ့ တိုင်လုံးကြီးတွင် ကျွန်တော့်ကို ချည်လိုက်ပါသည်။ ကျွန်တော်သည် စိတ်လှုပ်ရှား နေသော်လည်း မည်သို့မျှတုန်လှုပ်ခြင်းမရှိသောစိတ်ကသာ အခေါင်အဖျားသို့ ရောက်နေပါလေသည်။ ကျွန်တော်သည် တုန်လှုပ်နေသော ပရိသတ်ဆီမှ ထူးခြားသော တုန်လှုပ်သည့် ညည်းတွားသံများကို ကြားနေရ၏။ ဆိုင်းသံသည် မကြာမီ ပေါ်ပေါက်လာတော့အံ့သော သွေးသံရဲရဲ ရက်စက်မှုနှင့် ပေးရသောအခကြေးငွေနှင့် လျော်ညီစွာ သွေးချောင်းစီးတော့အံ့သော အဖြစ်၏ ရှေ့ပြေးအဖြစ် အချက်ကျကျပေါ်ထွက်နေ၏။ ပရိသတ်သည် သွေးချောင်းစီးမြင်ကွင်းကို ကြည့်လိုလှသော်လည်း တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် တုန်ယင်နေကြပါ၏။ ကျွန်တော်သည် မကြာမီ ဂျပ်စကားစတော့မည့်အဖြစ်ကို မြင်ယောင်လာပါ၏။ ကျွန်တော်သည် ရှေ့တူရူကို စိုက်ကြည့်ရင်း မိမိကိုယ်ကို ဗုန်းကနဲလဲကျလျှင်လည်း လဲကျပါစေဟူသော သဘောမျိုးထားလိုက်ပါ၏။ သို့သော်လည်း ခိုင်ခိုင်ချည်ထားသောကြိုးက ကျွန်တော့်ကို မတ်လျက်သား တည်ရှိနေစေပါ၏။ ဒရမ်တီးသံသည် တဖြည်းဖြည်းညင်သာလာပါ၏။ ဂျပ်သည် သူ၏ လုပ်ငန်းသဘောအရ သေသပ်ကျနစွာပင် ဖဲချပ်များပေါ်မှ

ဓားများကို နုတ်ယူ၍ မူလအိတ်ထဲ ပြန်ထည့်ပြီး ကျွန်တော့်အား ဇာတ်သိမ်းကောင်း ရမည်ဟူသော အကြည့်မျိုးနှင့် ကြည့်လိုက်ပါသည်။ ဓားများအားလုံးကို ထည့်ပြီး နောက် သူသည် ပရိသတ်ဘက်သို့လှည့်၍ အောင်မြင်ဝင့်ကြွားသောအသံဖြင့် ရွှေပွဲလာပရိသတ်များခင်ဗျား၊ ဟောဒီလူကြီးလူကောင်းရဲ့ ဦးခေါင်းထက်မှာ ကျွန်တော့်ဓားတွေနဲ့ သရဖူဆောင်းပေးလိုက်မှာဖြစ်ပါတယ်။ ကျွန်တော့်ဓားတွေဟာ အတုံးတွေမဟုတ်ဘူးဆိုတာ ကြည့်စေချင်ပါတယ်ဟု ပြောရင်း အိတ်ထဲမှ ကြိုး တစ်မျှင်ကို ဆတ်ခနဲ ဆွဲထုတ်လိုက်ပြီး ဓားတစ်ချောင်းစီဖြင့် ဆယ့်နှစ်ပိုင်းပြတ် သွားအောင် ဖြတ်ပြလိုက်ပါသည်။ ထို့နောက် ဓားများကို အိတ်အတွင်းသို့ ဂရုတစိုက် ပြန်ထည့်ပါသည်။

ထိုစဉ်တွင် ကျွန်တော်သည် အပေါ်ဘက် ပွဲကြည့်စင်ဆီသို့ လှမ်းကြည့်မိရာ မပေါ့တပေါ်ဝတ်ထားသော မိန်းကလေးတွေဆီသို့ မျက်လုံးရောက်သွားသဖြင့် ဘဝသစ်တစ်ခုတွင်း ရောက်သွားရသကဲ့သို့ မှတ်ယူလိုက်မိပါသည်။

ပတ်ဝန်းကျင်သည် ပရိသတ်၏ တုန်လှုပ်မှုဖြင့် လျှပ်စီးဝင်းနေသကဲ့သို့ ရှိပါ၏။ ဂျပ်သည် ကျွန်တော့်အနားသို့ တိုးလာပြီး ချည်ထားသောကြိုးကို ပိုပြီး ခိုင်ခိုင် ချည်သလိုလုပ်ရင်း "ငြိမ်ငြိမ်ကလေးနေနော်၊ နည်းနည်းကလေးမှမလှုပ်လိုက်နဲ့ ကိုယ့်လူ ကြောက်လည်း မကြောက်နဲ့" တိုးတိုးကလေး ကပ်ပြောလိုက်ပါသည်။

သူက စိတ်လှုပ်ရှားမှုကို ဖြေလျှော့ရင်း အလုပ်ကို ခပ်လေးလေးလုပ်နေရာမှ စိတ်လှုပ်ရှားမှု ပြေပျောက်သွားဟန် ဖြစ်ပေါ်လာသည်နှင့် လေကို ရုတ်ခနဲ ဆုပ်ဖမ်း လိုက်သလို လက်ကို ငှက်တောင်ပံ အညင်အသာ ခတ်သည့်အလား လှုပ်ရှားလိုက်ပါ သည်။ ကျွန်တော်တို့ သူ့အိမ် ရောက်စဉ်က ကျွန်တော့်ကို လွှမ်းမိုးခဲ့သော မျက်လုံး အနေအထားသည် ယခု သူ့မျက်နှာတွင် ပေါ်လာပြန်ပါပြီ။

တစ်ချိန်တည်းမှာပင် သူ့မျက်နှာထားနှင့် သူ့စိတ်ဓာတ်က ပရိသတ်ကို ညှို့ယူထားဘိသည်သို့ရှိပါ၏။ သူ့ဆီမှ ဆန်းကြယ်သော ညည်းတွားသံမျိုး ကြားလိုက် ရသလိုထင်မိပြီး ဤသည်မှာ ကြိုတင်သတိပေးသံပဲဟု နားလည်လိုက်ပါသည်။

အဝေးဆီသို့ရောက်နေသော အမြင်အာရုံကို ပြန်ယူလိုက်ပြီးနောက် ကျွန်တော့်ရှေ့တွင် မတ်မတ်ရပ်နေသော ဂျပ်၏ ခန္ဓာပေါ်သို့ စူးစိုက်လိုက်သည်။ သူက လက်ကိုလှုပ်လိုက်ပြီး ဓားအိတ်ကို ဆုတ်ယူလိုက်သည်။ လုပ်ငန်းစပါတော့ မည်။ ကျွန်တော်က မလှုပ်မယှက် ငြိမ်နေလိုက်သည်။ မည်သို့သော လှုပ်ရှားမှုမျိုးမျှ မဖြစ်စေရ။ မျက်လုံးကို စုံပိတ်လိုက်သည်။

အံ့ဖွယ်ခံစားမှုပါတကား။ စက္ကန့်ပိုင်းမျှသာ ကြာ၏။ စက္ကန့်မည်မျှဖြစ်မည်

ကို ကျွန်တော် မသိပါ။ လေထဲတွင် ဓားဖြတ်လာသလို အညင်အသာကြားလိုက်သည်။ ဓားသည် ကျွန်တော့်ကိုကျော်ပြီး တံခါးကို စိုက်လိုက်သည်။ ကျွန်တော်သည် အသူ တစ်ရာနက်သော ချောက်ကြီးပေါ်က ပျဉ်ချပ်တစ်ချပ်ပေါ်မှ ဘေးကင်းရန်ကင်း လျှောက်လာရသလို ထင်လာသည်။ ဘေးအန္တရာယ်ကြုံတွေ့နိုင်သည်ဟူသော အသိကား ရှိဆဲ။ ကျွန်တော် ကြောက်နေပါသည်။ သို့သော် ကျွန်တော် လိမ့်ကျသွား လိမ့်မည်မဟုတ်ဟူ၍ကား နားလည်ထားပါ၏။ ကျွန်တော် ဓားတွေကို ရေမထားလိုက် မိပါ။ သို့သော် ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်မိသောအချိန်တွင် နောက်ဆုံး ဓားသည် ကျွန်တော့်ညာလက်ကို ဆံတစ်ခြည်ခြားရုံသာ လာရောက်ထိုးစိုက်သည်ကို တွေ့လိုက်ရပါ၏။

အိပ်မွေ့သင့်နေသောသူအလား ခံစားနေရသော ကျွန်တော့်ကို ပရိသတ်၏ တစ်ခဲနက် သြဘာသံက လှုပ်နှိုးလိုက်သလို ဖြစ်သွားပါသည်။ မျက်လုံးအစုံကို အားယူ၍ အစွမ်းကုန်ဖွင့်လိုက်ပြီး ဂျပ်၏ ဖြူရော်ရော်မျက်နှာကို စိုက်ကြည့်မိသည်။ သူသည် ကျွန်တော့်ဆီသို့ ပြေးလာပြီး လက်တုန်တုန်ယင်ယင်ဖြင့် ကြိုးကို ဖြေပေး ပါလေသည်။ ထို့နောက် ကျွန်တော့်ကို ဇာတ်စင်အလယ်၊ ဇာတ်စင်အောက်မီးများ ထိုးထားသော နေရာတည့်တည့်သို့ ခေါ်လာပါသည်။ ပရိသတ်၏ သြဘာသံများကြား တွင် ကျွန်တော်တို့ ဦးညွှတ်လိုက်၊ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လက် ညှိုးထိုးလိုက် ဖြစ်နေပါသည်။ တစ်ဦးနှင့်တစ်ဦး အပြုံးကိုယ်စီဖြင့် ကြည့်လိုက်၊ ပရိသတ်ကို ဦးညွှတ်လိုက်၊ ပရိသတ်ကို ပြုံးပြလိုက် ဖြစ်နေပါ၏။

ကျွန်တော်တို့နှစ်ယောက်သည် အဝတ်လဲခန်းသို့ ပြန်လာခဲ့ကြပါ၏။ ကျွန်တော်တို့ စကားမပြောဖြစ်ကြပါ။ ဂျပ်က ဓားချက်ကြောင့် ပေါက်နေသော ဖဲထုပ် ကို ကုလားထိုင်ပေါ် တင်ပါသည်။ ပြီးလျှင် သံချောင်းတွင် ချိတ်ထားသော ကျွန်တော့် ကုတ်အင်္ကျီကိုယူ၍ ကျွန်တော့်ကို ကူဝတ်ပေးပါသည်။ ထို့နောက် သူ၏ကောင်းဘွိုင် ဝတ်စုံကို သံချောင်းတွင်ချိတ်ပြီး သူ၏အပေါ်အင်္ကျီကို ဝတ်ပါသည်။ ကျွန်တော်တို့ ဦးထုပ်ဆောင်းနေစဉ် ကျွန်တော်က တံခါးဖွင့်ပေးလိုက်ရာ ခေါင်းတုံးနှင့်လူသည် ကျွန်တော်တို့ထံသို့ ရေးကြီးသုတ်ပြာရောက်လာပြီး "လခကို မတ်ငွေလေးဆယ်တိတိ တိုးလိုက်ပြီ"ဟု ပြောပြောဆိုဆို သူသည် ဂျပ်အား ငွေများ လှမ်းပေးလိုက်ပါသည်။ ဤအချိန်တွင် ဂျပ်သည် ကျွန်တော့်ဆရာ ဖြစ်သွားပြီဟု ကျွန်တော် နားလည်လိုက်ပါ သည်။ အပြန်အလှန်ကြည့်ပြီး ပြုံးလိုက်မိသည်။

ဂျပ်က ကျွန်တော့်လက်ကိုဆွဲ၍ နှစ်ယောက်ယှဉ်လျက်သား နံရံဆေးနံ့ ထွက်နေသော မီးရောင်မှိန်မှိန် လှေကားကျဉ်းကျဉ်းအတိုင်း ဆင်းလာခဲ့ကြပါသည်။

ကပွဲရုံ၏ထွက်ပေါက်သို့ ရောက်သောအခါ ဂျပ်က ရယ်ရယ်မောမောဖြင့် "တို့ ခု စီးကရက်တို့၊ ပေါင်မုန့်တို့ ဝယ်နိုင်ပြီပေါ့" ဟု ပြောလိုက်သည်။

ကျွန်တော်သည် အနည်းဆုံး လွန်ခဲ့သော တစ်နာရီလောက်တပင် တခြား လုပ်ကိုင်စရာအလုပ်ဟူ၍ ဘာမျှမရှိသည့်အလျောက် ၁၂ စက္ကန့်မျှသော၊ ထို့ထက်ကြာလျှင်လည်း စက္ကန့်၂၀ မျှကြာသော အိပ်မက်ပမာ အလုပ်တစ်ခုကို ရလိုက်ပြီဟု သဘောရပါသည်။ ယခုကား ကျွန်တော်သည် ဓားပစ်ခံလူတစ်ယောက် ဖြစ်ရပေပြီတကား။

**(Heinrich Boll ၏ The Man With the Knives ကို ပြန်ဆိုသည်။)**

**သုတပဒေသာစာစောင်**
**၁၉၈၇၊ ဇန်နဝါရီ**

# ပိုးဟပ်ဖြူမလေး

ညွန့်ကြူး

၁၉၅၀ ပြည့်နှစ် နွေဦးပေါက်ရာသီ ရောက်တော့မှပင် ကျွန်တော်သည် စစ်မှ ပြန်လာခဲ့ရပါသည်။ ကိုယ့်မြို့ ကိုယ့်ရွာ ပြန်ရောက်ပါသော်လည်း သိသူ ကျွမ်းသူဟူ၍ တစ်ယောက်တလေမျှ မတွေ့တော့ပါ။ ကံအားလျော်စွာ ကျွန်တော့်မိဘများသည် ကျွန်တော့်အတွက် ငွေကြေးအနည်းငယ် ထားရစ်ခဲ့ပါသည်။ ကျွန်တော် အခန်းကျဉ်းကလေး တစ်ခုကို ငှားနေလိုက်ပါသည်။ အခန်းကျဉ်းကလေးထဲရှိ ခုတင်ပေါ်တွင် လဲလျောင်းလိုက်၊ စီးကရက်တစ်လိပ်ပြီးတစ်လိပ် ဖွာလိုက်နှင့်ပင် ကျွန်တော်သည် တစ်စုံတစ်ရာကို စောင့်မျှော်နေမိတော့သည်။ ကျွန်တော် စောင့်မျှော်နေသော တစ်စုံတစ်ရာသည် ဘယ်လို တစ်စုံတစ်ရာလည်း ဆိုတာ ကျွန်တော် ကိုယ်တိုင် မသိပါ။

ကျွန်တော့်တွင် ဘာဆို ဘာကိုမှ လုပ်ချင်စိတ် မရှိပါ။ ကျွန်တော့်အတွက် လိုအပ်သမျှကို အိမ်ရှင်မိန်းမကြီးက ဝယ်ခြမ်းပေးရန် တာဝန်လွှဲထားလိုက်သည်။ ကျွန်တော်၏ စားရေးသောက်ရေးကိစ္စကိုလည်း သူကပင် တာဝန်ယူပါသည်။ အိမ်ရှင်မိန်းမကြီးည် ကော်ဖီသို့မဟုတ် အစားအစာ ယူလာပေးသည့် အခါတိုင်း ကျွန်တော်မနှစ်မြို့လောက်အောင် အခန်းထဲ၌ အချိန်ကြာကြာ နေတတ်ပါသည်။ သူ့သားသည် ‘ကာလီနော့ဖကာ’ ဆိုသည့် အရပ်၌ ကျဆုံးသွားသည်ဟု မိန်းမကြီးထံမှ သိရပါသည်။ ထိုမိန်းမကြီးသည် သူ ယူလာသော အစားအသောက်များကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီး မှောင်ရိပ်ထဲရှိ ကျွန်တော့် ခုတင်ဆီသို့ ရောက်လာလေ့ရှိပါသည်။ ကျွန်တော့်ခုတင်ကား ကျွန်တော် လဲလျောင်းရာ အပျင်းပင်စိုက်ပျိုးရာ ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်ရာ ဌာနဖြစ်ပါသည်။ ခုတင်ဘေးနံရံကား စီးကရက်တိုများကို ဖိ၍ဖိ၍ မီးငြိမ်းသတ်ရာ နေရာဖြစ်သဖြင့် အမည်းကွက်ကလေးများနှင့် ပြည့်နှက်နေပါသည်။

ကျွန်တော့် အိမ်ရှင်မကြီး၏ အသားအရေမှာ ပိုးဟပ်ဖြူတစ်ကောင်လို ဖြူရော်ရော် ဖြစ်ပါသည်။ အလုံးအထည်ကလည်း ပါးပါးလျလျ ဖြစ်ပါသည်။ မှောင်ရိပ်ထိုးနေသည့် ခုတင်ပေါ်သို့ မိုးလာသော မျက်နှာကို ရုတ်တရက် တွေ့လိုက်ရတိုင်း လန့်လန့်သွားမိသည်။ အစတုန်းကတော့ ဒီမိန်းမကြီးသည် စိတ်မှ နှံ့ပါလေစဟု အထင်ရောက်မိပါသည်။ သူသည် ပြူးကျယ်တောက်ပသော မျက်လုံးကြီးများကို ဝင့် ကာဝင့်ကာနှင့် ကျွန်တော့်အားကြည့်ပြီး သူ့သားအကြောင်းကို ထပ်ခါတလဲလဲ မေးတတ်သည်။

"မင်း ငါ့သားကို မသိဘူးဆိုတာ သေချာရဲ့လား နေရာက 'ကာလီနော့ဖကာ'ဆိုတဲ့ နေရာလေ၊ မင်းအဲဒီနေရာကို မရောက်ခဲ့ဘူးဆိုတာ တကယ်လား"

ကာလီနော့ဖကာဆိုသည့်နေရာကို ကျွန်တော် တကယ်ပင် မသိပါ။

"ကျွန်တော် တကယ်မသိတာပါဗျာ"

သူ့ကို မကြည့်ဘဲ အမည်းကွက်ကလေးများစွာ စွန်းထင်းနေသော နံရံကို မျက်နှာမူလိုက်ရင်း ဖြေရပါသည်။

တကယ်တော့ အိမ်ရှင်မိန်းမကြီးသည် စိတ်မနှံ့သူ မဟုတ်ရှာဘဲ အမေပီသသော မိန်းမတစ်ဦး ဖြစ်ပါသည်။. ထို့ကြောင့်လည်း သူ မေးလာသည့်အခါတိုင်း ကျွန်တော့်နှလုံးသားတွင် နာကျင်သောဝေဒနာ ပေါ်လာစမြဲ ဖြစ်ပါသည်။ မိန်းမကြီးသည် သူ့သားနှင့် ပတ်သက်သော မေးခွန်းကို တစ်နေ့ တစ်နေ့ အကြိမ်ပေါင်းများစွာ မေးပါသည်။ တစ်ခါတလေ မိန်းမကြီးရှိရာ မီးဖိုခန်းထဲသို့ ကျွန်တော် ရောက်သွားလျှင် သူ့သား၏ ဓာတ်ပုံကို ကျွန်တော် မကြည့်မနေ ကြည့်ရမြဲ ဖြစ်သည်။ သူ့သား၏ ဓာတ်ပုံမှာ ရောင်စုံဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံထဲတွင် သူ့သားသည် ရယ်မောနေသည်။ ကြည်းတပ်တပ်သား၏ စစ်ဝတ်စုံကို ဝတ်ထားသည်။

"အဲဒီပုံက စစ်တန်းလျားဘေးနားမှာ ရိုက်ထားတာ ရှေ့တန်းကို မထွက်ခင်ကလေးတင် ရိုက်ထားတာ"

ထိုဓာတ်ပုံမှာ ပို့စကဒ်အရွယ် ဖြစ်သည်။ မိန်းမကြီး၏ သားသည် သံခမောက် ဆောင်းထားသည်။ သူ၏နောက်ဘက်တွင်မူ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေပြီး တစ်ဝက်တစ်ပျက် ပြိုကျနေသော ရဲတိုက်ပုံ အတုကြီးမှာ အထင်းသားပေါ်နေသည်။

"သားက ဓာတ်ရထားမှာ လက်မှတ်ရောင်းတယ်။ အလုပ်ကို ကြိုးစားပမ်းစားလုပ်တတ်တယ်"

အိမ်ရှင်မိန်းမကြီးက ပြောသည်။ ထို့နောက် သူသည် အဝတ်စများ၊

အပ်ချည်များနှင့် ရှုပ်ထွေးနေသော အပ်ချုပ်စက်အံဆွဲအထဲရှိ ဓာတ်ပုံများကို ထုတ်ယူသည်။ ဓာတ်ပုံများကို ကျွန်တော့်လက်ထဲသို့ အတင်းထိုးထည့်ကာ ကြည့်ခိုင်းသည်။ ကျောင်း၌ အတန်းလိုက် စုရိုက်ထားသော ဓာတ်ပုံများလည်းပါသည်။ ထိုဓာတ်ပုံများတွင် ရှေ့တန်းကျောင်းသားကလေးများ၏ အလယ်၌အတန်းအမည်ထိုးထားသော ကျောက်သင်ပုန်းချပ်ကလေးကို ကိုင်ထားသော သူငယ်တစ်ယောက်ကို တွေ့ရမြဲဖြစ်သည်။ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းအထိ ဓာတ်ပုံများ ဖြစ်သည်။ ဓာတ်ပုံတစ်ထုပ်ကိုမူ ကြိုးအနီကလေးဖြင့် စည်းနှောင်ထားသည်။ ထိုဓာတ်ပုံများမှာ ဘာသာရေး အခမ်းအနားတွင် ရိုက်ကူးထားသော ပုံများဖြစ်သည်။ ဝတ်ရုံအနက်ဝတ်ထားသော သူငယ်ကလေးသည် ဧရာမ ဖယောင်းတိုင်ကြီးကို ကိုင်ထားရင်း ပြုံးပြုံးကလေး ရပ်နေသည်။ သူ့နောက်တွင် ဘုရားသခင်၏ နောက်ဆုံးညစာကို အမှတ်သညာပြုသော ဝိုင်ခွက်ကို ရေးဆွဲထားသော ကန့်လန့်ကာပါးကိုလည်း တွေ့ရသည်။ နောက်တစ်ပုံကတော့ သော့ပြင်အတတ်ပညာသင်အဖြစ် တွင်ခုံဘေးတွင် ရပ်နေပုံဖြစ်သည်။

"ဒီအလုပ်ကတော့ သူနဲ့မကိုက်ဘူး အလုပ်က သိပ်ပင်ပန်းလွန်းတယ်"

အိမ်ရှင်မိန်းမကြီးက ဆိုပါသည်။

ထို့နောက် သူ့သား စစ်ထဲမဝင်မီ နောက်ဆုံးလုပ်ကိုင်ခဲ့သော ဓာတ်ရထားလက်မှတ်ရောင်းအလုပ်ဝတ်စုံနှင့် ပုံကို အိမ်ရှင်မိန်းမကြီးက ထုတ်ပြပါသည်။ ထိုဓာတ်ပုံထဲတွင် မိန်းမကြီး၏သားသည် နံပါတ် (၉) ဓာတ်ရထား၏ ဘေးတွင် ရပ်နေသည်။ နံပါတ် (၉) ဓာတ်ရထား ဂိတ်ဆုံးတွင် ရိုက်ထားသော ပုံ ဖြစ်သည်။ ထိုဂိတ်ဆုံးနေရာကို ကျွန်တော် ကောင်းကောင်းသိပါသည်။ ထိုဂိတ်ဆုံးနေရာတွင် သားရေစာရောင်းသော ဆိုင်ကလေးတစ်ဆိုင် ရှိသည်။ ထိုဆိုင်ကလေးမှာပင် ရောင်းသော စီးကရက်များကို ကျွန်တော် ဝယ်ယူလေ့ရှိသည်။ ထိုစဉ်က စစ်မဖြစ်သေး။ ထိုဂိတ်ဆုံးနေရာတွင် 'ပေါ်ပလာ'ပန်းများ ပွင့်နေသည်ကိုလည်း မှတ်မိသည်။ ယခုလည်း ပွင့်နေဆဲ ဖြစ်သည်။ နောက်ရွှေရောင်ခြယ်ထားသော ခြသေ့်ရုပ်များ ရှိသည်။ ဂိတ်ဝနှင့် အိမ်တစ်အိမ်ရှိသည်ကိုလည်း သတိရမိသည်။ ယခုတော့ ထိုဂိတ်ဝသည်လည်းကောင်း၊ ထိုအိမ်သည်လည်းကောင်း မရှိတော့ပြီ။ နောက်စစ်ကာလတစ်လျှောက်လုံး ကျွန်တော့်အတွေးထဲသို့ မကြာခဏဆိုသလို ဝင်လာတတ်သော မိန်းကလေးတစ်ယောက်။ သူသည် လှသည်။ အသားအရေကတော့ ဖြူရော်ရော်။ အနီ မိန်းကလေးသည် နံပါတ် (၉) ဓာတ်ရထားဂိတ်ဆုံးမှ စီးလေ့ရှိသည်။

အိမ်ရှင်မိန်းမကြီးက ဓာတ်ပုံများပြသည့်အခါတိုင်း နံပါတ် (၉) ဓာတ်ရ

ထား ဂိတ်ဆုံးပုံကို အကြာကြီးကြည့်နေမိပါသည်။ ထိုဓာတ်ပုံကလေးသည် ကျွန်တော်၏ ရှေးဟောင်းနှောင်းဖြစ်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ပြသနေပါသည်။ ကျွန်တော် စွဲလမ်းသော မိန်းမချောကလေး ဂိတ်ဆုံးနှင့် မနီးမဝေးတွင်ရှိသော ကျွန်တော် အလုပ်လုပ်ခဲ့သည့် ဆပ်ပြာစက်ရုံ။ ဓာတ်ရထားလမ်းနှင့် ရထားဘီးတို့ ပွတ်ကြိတ်သံများ။ နွေနေ့များတွင် သားရေစာဆိုင်၌ ကျွန်တော် ဝယ်သောက်လေ့ရှိသော အနီရောင် လင်မနစ်ရည်။ ဆိုင်နားက စီးကရက်ကြော်ငြာ အစိမ်းရောင်ဆိုင်းဘုတ်။ သည့်နောက်. . . သည့်နောက် နံပါတ် (၉) ဓာတ်ရထားကို ဂိတ်ဆုံးမှ ပြန်အထွက်တွင် စီးလေ့ရှိသော မိန်းမချောကလေး။

"မင်း အခုလောက် ကြည့်နေရင်ငါ့သားကို မှတ်မိလို့ပဲ ဖြစ်မှာ"

ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း အတွေးနယ်ထဲသို့ ကျွံဝင်သွားမိသည့် ကျွန်တော့်အား အိမ်ရှင်မိန်းမကြီးက စိတ်အားထက်သန်စွာ လှမ်းပြောလိုက်ပါသည်။

ဂလော့ဆီ စက္ကူနှင့် ကူးထားသော ဓာတ်ပုံကလေးမှာ ၈ နှစ်မျှ အိုပြီဖြစ်သော်လည်း မနေ့တစ်နေ့ကမှ ကူးထားသည့်အလား သစ်လွင်စိုပြေနေဆဲ ရှိသေးသည်။ ထိုဓာတ်ပုံကလေးကို အိမ်ရှင်မိန်းမကြီး လက်ထဲသို့ လှမ်းထည့်လိုက်ရင်း ကျွန်တော်သည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်ပါသည်။

"ခင်ဗျားသားကိုရော ကာလီနော့ဖကာ"ဆိုတဲ့ နေရာကိုရော ကျွန်တော် မသိတာ အမှန်ပါဗျာ" ဟု ပြောလိုက်ရပါသည်။

အိမ်ရှင်မိန်းမကြီးရှိရာ မီးဖိုချောင်သို့ ကျွန်တော် သွားသည့်အချိန် အိမ်ရှင်မိန်းမကြီး ကျွန်တော့်အခန်းသို့ လာ၍ သူ့သားအကြောင်း မေးမြန်းချိန်တို့က လွဲလျှင် ကျွန်တော်သည် ခုတင်ပေါ်၌ လဲလျောင်းနေတတ်ပြီး ကျွန်တော် အလွန်တရာ မေ့ပစ်လိုသည့် 'စစ်'အကြောင်းကိုသာ ပြန်ပြောင်းစဉ်းစားနေမိပါသည်။ ခုတင်ဘေးတွင် ကျွန်တော် ချွေချထားသော စီးကရက်ပြာများ ပျံ့နှံ့လျက် ခုတင်ဘေးနံရံပေါ်တွင် စီးကရက်မီး ဖို့ချေသတ်ထားရာ အမည်းကွက်များ တစ်ကွက်ပြီး တစ်ကွက် ထပ်တိုးလျက်။

တစ်ခါတစ်ရံ ညဆည်းဆာတိုင်အောင် ကျွန်တော်သည် ခုတင်ပေါ်၌ လဲလျောင်းနေတတ်ပါသည်။ ထိုသို့သောအခါမျိုးတွင် ဘေးခန်းမှ မိန်းမငယ်တစ်ဦး၏ ခြေသံကို ကြားရတတ်ပါသည်။ မီးဖိုချောင်နှင့် ကပ်နေသော အခန်းကလေးတွင် ငှားနေသည့် ယူဂိုဆလပ် ငနဲသားသည် မီးခလုတ်ကို ရှာဖွေရင်း ရှတ်ခြည်းရှာမတွေ့သဖြင့် ကျိန်ဆဲနေသံကိုလည်း ကြားရတတ်ပါသည်။

ကျွန်တော်သည် ဘာအလုပ်မှ မလုပ်သဖြင့် အားလပ်ချိန် အများအပြား

ရှိနေပါသည်။ အားလပ်သည့်အခါတိုင်း ကျွန်တော်သည် အိမ်ရှင်မိန်းမကြီး၏ သား 'ကားလ်' ဓာတ်ရထား လက်မှတ်ရောင်း ဝတ်စုံနှင့် နံပါတ် (၉) ဓာတ်ရထားဘေးတွင် ရပ်လျက် ရိုက်ထားသော ပုံကို ရက်သတ္တပတ် ၃ ပတ်အတွင်း ၁၅ ကြိမ်မြောက် ကြည့်မိပါသည်။

ထို ၁၅ ကြိမ်မြောက် ကြည့်မိတော့မှပင် ကျွန်တော် ယခင်က သတိမမူခဲ့သော အရာများကို ရုတ်တရက် သွားတွေ့လိုက်ပါသည်။ ဓာတ်ပုံထဲရှိ နံပါတ် (၉) ဓာတ်ရထားထဲတွင် ကျွန်တော် စွဲလမ်းမိသော မိန်းကလေးသည် ပြုံးပြုံးကလေး ထိုင်နေသည်ကို ရုတ်တရက် သွားတွေ့သည်။ ထိုမိန်းကလေးကို စူးစိုက်ကြည့်နေစဉ် အိမ်ရှင်မိန်းမကြီးသည် ကျွန်တော့်ဆီသို့ ရောက်လာပြီး. . .

"ဘယ်လိုလဲ၊ ဘယ်လိုလဲ အခု 'ကားလ်'ကို မင်းအမှတ်ရပြီလား" ဟု ကသောကမျော မေးရှာပါသည်။

"မမှတ်မိပါဘူးဗျာ။ အဲ ဒါပေမဲ့ ဟောဒီမိန်းကလေးကိုတော့ ကျွန်တော် သိတယ်"

ကျွန်တော်သည် ဓာတ်ရထားထဲက မိန်းကလေးကို ထောက်ပြရင်း ဖြေလိုက်သည်။

အိမ်ရှင်မိန်းမကြီးသည် ကျွန်တော့် နောက်ကျောဘက်သို့ လှည့်ထွက်သွားပါသည်။

"သူက ကားလ်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးပဲ။ ငါ့သားဟာ ဒီမိန်းကလေးနဲ့ ပြန်ဆုံခွင့်မရတာ ကံကောင်းတယ်လို့ ပြောရမလားတော့ မသိတော့ပါဘူးကွယ်"

ကျွန်တော့် နောက်ကျောဘက်မှ လေးတွဲ့သော အသံပေါ်ထွက်လာပါသည်။

"ဘာကြောင့်လဲဗျ"

ကျွန်တော်က အလောတကြီး မေးခွန်းထုတ်လိုက်သည့်တိုင်အောင် အိမ်ရှင်မိန်းမကြီးသည် အမေးကိုမဖြေဘဲ မီးဖိုချောင် ပြတင်းပေါက်နှင့် ကပ်နေသော ကုလားထိုင်ဆီသို့ သွားကာထိုင်ချလိုက်ပြီး ပဲတောင့်မှ ပဲစေ့များကို ထုတ်နေပါသည်။ အတန်ကြာမှ ကျွန်တော့်ကို လုံးဝမကြည့်ဘဲ. . .

"ဒီမိန်းကလေးကို မင်းသိတယ်လို့ ပြောတယ်နော် ဟုတ်လား" ဟု မေးသည်။

ကျွန်တော်သည် လက်ထဲမှ ဓာတ်ပုံကလေးကို အမှတ်မထင် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်ပြီး အိမ်ရှင်မိန်းမကြီးအား ကျွန်တော် အလုပ်လုပ်

ခဲ့သည့် ဆပ်ပြာစက်ရုံအကြောင်း၊ နံပါတ် (၉) ဓာတ်ရထားဂိတ်ဆုံးနေရာအကြောင်း၊ ဂိတ်ဆုံးမှ ပြန်လှည့်ထွက်သော ဓာတ်ရထားကို စီးလေ့ရှိသည့် မိန်းမချောကလေး အကြောင်းများကို တမောတကောကြီး ပြောချလိုက်မိပါသည်။

"မင်း ဒီ့ပြင်ကော ဘာတွေ သိသေးသလဲ"

"ဒီလောက်ပဲ သိပါတယ်။ ဒီ့ထက်ပို မသိတော့ဘူး"

အိမ်ရှင်မိန်းမကြီးသည် ပဲစေ့များကို စကာထဲသို့ သွန်ထည့်လိုက်ပြီး ရေပိုက်ခေါင်းကို ဖွင့်ကာ ရေဆေးပါသည်။

"မင်း ဒီမိန်းကလေးကို နောက်တစ်ခါတွေ့ရရင် ငါ့သား ကာလ်းဟာ သူ့ကို ဆုံခွင့်မရတာ ကံကောင်းတယ်လို့ မင်းပြောမိမယ်ထင်တယ်"

"ဘယ်လို ကျွန်တော် ဒီမိန်းကလေးကို နောက်တစ်ခါ တွေ့ရင်. . . ဟုတ်လား"

သူသည် လက်မှရေများကို သုတ်လိုက်ပြီး ကျွန်တော့်ဆီ လျှောက်လာပါသည်။ ထို့နောက် ကျွန်တော် ကိုင်ထားသော ဓာတ်ပုံကလေးကို ဆွဲယူလိုက်သည်။ သူ့မျက်နှာသည် ချက်ချင်းပင် ညှိုးရော်ချုံးကျသွားသလား ထင်မှတ်ရသည်။ သူ့မျက်လုံးများသည် ကျွန်တော့်ကိုကျော်၍ အဝေးဆီသို့ ငေးစိုက်ကြည့်နေသော်လည်း လက်များကမူ ကျွန်တော့် လက်မောင်းကို ညင်သာစွာ ဆုပ်ကိုင်ထားလျက် ရှိပါသည်။

"ဒီမိန်းကလေးက မင်းနဲ့ကပ်နေတဲ့ အခန်းမှာ နေနေတယ် မင်းနဲ့ တစ်ခါမှ မဆုံဘူးလား။ ဒို့များက သူ့ကို ပိုးဟပ်ဖြူမလေး အန်နာလို့ ခေါ်တယ် သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေလို့"

"ဟုတ်တယ်။ ကျွန်တော် သူနဲ့ တစ်ခါမှ မဆုံမိဘူး ဒါပေမဲ့ ကျွန်တော့် အခန်းနဲ့ ကပ်နေတဲ့အခန်းက မိန်းကလေးတစ်ယောက်ရဲ့ အသံကိုတော့ ကြားနေသားပဲ သူက ဘာဖြစ်နေလို့လဲ"

"သူ ဘာဖြစ်နေတယ်ဆိုတာ ငါ မပြောချင်ဘူး။ ဒါပေမဲ့ မင်းသိထားရင် ကောင်းမယ်လို့ ငါ ထင်တယ် စစ်တုန်းက ဆိုင်တစ်ဆိုင်ပေါ် ကို ဗုံးကျတော့ အဲဒီဆိုင်က မှန်စတွေ လွင့်ထွက်လာပြီး သူ့မျက်နှာကို ဖျက်ဆီးပစ်လိုက်တယ် မင်းတွေ့ရင် သူ့ကို မှတ်မိတော့မှာ မဟုတ်တော့ဘူး"

တစ်ညနေလုံး အန်နာ ပြန်လာမည်ကို ကျွန်တော် သတိကြီးစွာထားလျက် စောင့်ဆိုင်းနေမိပါသည်။ ညနေအတော်စောင်းတော့မှ လှေကားထိပ်မှ ခြေသံကို ကြားလိုက်ရာ ကပျာကရာ အခန်းထဲမှ ပြေးထွက်လိုက်ပါသည်။ ကျွန်တော် အလော

တကြီး ပြေးထွက်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသော ယူဂိုဆလပ် ငနဲသား သည် အလွန်အမင်း အံ့အားသင့်သွားဟန် ရှိပါသည်။ ကျွန်တော်လည်း ရုတ်တရက် ကိုယ်ရှိန်သတ်လိုက်ပြီး "ကောင်းသောညနေခင်းပါပဲ" ဟု နှုတ်ဆက် ကာ အခန်းထဲသို့ ပြန်ဝင်လိုက်ရပါသည်။

အခန်းထဲသို့ ကျွန်တော် ရောက်သောအခါ အမာရွတ်တွေနှင့် ပြည့်နှက်နေမည့် အန်နာ၏မျက်နှာကို စိတ်ကူးကြည့်မိပါသည်။ ကျွန်တော် ပုံပေါ်အောင် စိတ်ကူး၍ မရပါ။ ကျွန်တော့်စိတ်ထဲတွင် အမာရွတ်ကလေးတွေနှင့် ချောမောလှပသော အန်နာကိုသာ တွေ့နေမိပါသည်။ စစ်မဖြစ်မီက နံပါတ် (၉) ဓာတ်ရထားဂိတ်ဆုံးမှ မိန်းမချောကလေးကို တွေးမိသောအခါ ထိုဂိတ်ဆုံးနားမှ ကျွန်တော် အလုပ်လုပ်သည့် ဆပ်ပြာစက်ရုံအကြောင်း၊ ကျွန်တော့်မိဘများအကြောင်း၊ ကျွန်တော် တပူးတွဲတွဲ လုပ်ခဲ့သည့် တခြားမိန်းကလေးတစ်ယောက်အကြောင်းတို့လည်း ခေါင်းထဲသို့ လျှောခနဲ ဝင်လာကြပါသည်။ ကျွန်တော် တွဲသည့် မိန်းကလေး အမည်မှာ 'အယ်လီဇဗက်' ဖြစ်ပါသည်။ သို့သော် သူက ကျွန်တော့်ကို အယ်လီဇဗက် မခေါ်စေဘဲ 'မုံ'လို့ ခေါ်စေပါသည်။ 'မုံ' ကို ကျွန်တော် နမ်းသည့်အခါတိုင်း သူသည် ခိုးခိုးခစ်ခစ် ရယ်မောတတ်သဖြင့် ထိုရယ်သံကို ကြားလိုက်တိုင်းလည်း ကျွန်တော် အူကြောင်ကြောင် ဖြစ် ဖြစ်သွားရပါသည်။ ကျွန်တော် ရှေ့တန်းစစ်မျက်နှာသို့ ရောက်သွားသောအခါ 'မုံ'ထံသို့ ပို့စကဒ်များ ပို့လေ့ရှိပါသည်။ 'မုံ' ကလည်း ကျွန်တော့်ထံသို့ အိမ်တွင် ဖုတ်လုပ်သော ဘီစကစ်မုန့်များကို ပါဆယ်လုပ်၍ ပို့ပေးပါသည်။ ကျွန်တော့်ထံ ထိုပါဆယ်များ ရောက်လာသောအခါ အတွင်းရှိ ဘီစကစ်မုန့်များ အပိုင်းပိုင်းအစစ ကျိုးကြေနေပြီဖြစ်ပါသည်။ ရံဖန်ရံခါတွင် 'မုံ' က စီးကရက်များ၊ သတင်းစာများ ပို့ပေးပါသည်။ သူ့ထံမှ စာတစ်စောင်တွင် "မောင်တို့တစ်တွေ အနိုင်ရမယ်၊ မောင့်အတွက် ဂုဏ်ယူပါတယ်" ဟု ရေးထားပါသည်။

ကျွန်တော်ကတော့ ကျွန်တော် ရောက်နေရသည့် နေရာအတွက် ဂုဏ်မယူမိပါ။ ကျွန်တော် ရှေ့တန်းမှ ခွင့်ရသောအခါ ခွင့်ရကြောင်း 'မုံ'ထံ စာမရေးတော့ပါ။ ခွင့်နှင့်ပြန်လာစဉ် ကျွန်တော်သည် စီးကရက်များရောင်းချသော ဆိုင်ရှင်၏ သမီးကလေးနှင့်သာ တွဲခုတ်နေပါတော့သည်။ သူက ကျွန်တော့်ကို စီးကရက်များ ပေးသည်။ ကျွန်တော်က ဆပ်ပြာစက်ရုံမှ ရသော ဆပ်ပြာများကို သူ့အား လက်ဆောင် ပြန်ရပါသည်။ သူနှင့်တွဲ၍ ရုပ်ရှင်ကြည့်သည်။ တွဲ၍ကသည်။ တစ်ညတွင် စီးကရက်ဆိုင်ရှင်သမီးက ကျွန်တော့်ကို သူ့အိမ်သို့ ခေါ်သွားပါသည်။ သူ့မိဘများ ခရီးထွက်နေသည်ဟု သိရပါသည်။ အိမ်ခန်းထဲသို့ ရောက်သည့်တိုင်

သူသည် မီးမဖွင့်သေးပါ။ ထို့ကြောင့် အမှောင်ထဲမှာပင် သူ့ကို မွေ့ယူကာ ဆိုဖာခုံ ရှည်ပေါ်သို့ လှဲချလိုက်ပြီး ကျွန်တော့်ကိုယ်ကိုလည်း ကိုင်းညွတ်ချလိုက်ပါသည်။ ထိုအခိုက်မှာပင် သူသည် မီးကို ရုတ်ကရက် ဖွင့်လိုက်ပြီး စပ်ဖြီးဖြီး အပြုံးတို ပြုံးပြသည်။ မီးဖွင့်လိုက်တော့မှ နှင်းဆီနီရောင် နံရံကပ်စက္ကူများ ကပ်ထားသော အခန်း နံရံတွင် ဟစ်တလာ၏ ရောင်စုံပုံကြီးကို မြင်ရပါသည်။ ဟစ်တလာပုံ နံဘေးတွင်မူ မာရေကျောရေနိုင်သော မျက်နှာများနှင့် ပြောင်လက်သော သံခမောက်များ ဆောင်း ထားသော သူများ၏ စက္ကူမာတ်ပုံများကို အသည်းပုံသဏ္ဌာန် ချိတ်ဆွဲထားသည်ကို လည်း တွေ့ရပါသည်။ ကျွန်တော်သည် ချက်ချင်းထလိုက်ပြီး. စီးကရက် မီးညှိကာ ထွက်ခွာလာခဲ့ပါသည်။ ကျွန်တော် ရှေ့တန်းပြန်ရောက်သောအခါ 'မု'ထံမှလည်း ကောင်း၊ စစ်သားရူး မရွှေချောလေးထံမှလည်းကောင်း အပြစ်တင်စကားဆိုသော ပို့စကဒ်များ ရောက်လာပါသည် ကျွန်တော် စာမပြန်ပါ။

ကျွန်တော်သည် အန်နာ ပြန်အလာကို စောင့်ဆိုင်းရင်း အမှောင်ထဲ၌ စီးကရက် တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်ကာ အတွေးပေါင်းစုံ တွေးနေမိသည်။ ထို စဉ် ဘေးခန်းမှ တံခါးသော့ အိမ်ထဲသို့ သော့တံသွင်းလိုက်သံကို ကျွန်တော် ကြား လိုက်ပါသည်။ ကျွန်တော်သည် ခုတင်မှ ထကာ မီးဖွင့်လိုက်သော်လည်း အန်နာကို ထွက်တွေ့ရန် မဝံ့မရဲ ဖြစ်နေမိသည်။ တံခါးပွင့်သွားသံ၊ အခန်းထဲ၌ သီချင်းတအေး အေးနှင့် ဟိုဟိုသည်သည် လျှောက်သွားသံများကို ကျွန်တော် ကြားရပါသည်။ နောက်ဆုံးတွင် ကျွန်တော်သည် အခန်းထဲမှထွက်ကာ အခန်းရှေ့ ကော်ရစ်ဒါ၌ စောင့်နေမိပါသည်။ ရုတ်ရက်ပင် အန်နာ့အခန်းသည် တိတ်ဆိတ်သွားသည်။ အန်နာ သည် သီချင်းမညည်းတော့။ ဟိုသည် ရွှေ့လျားမသွားတော့။ ကျွန်တော့် နားထဲကို ယူဂိုဆလပ် ငနဲသား အခန်းဆီမှ အသံများ ရောက်လာသည်။ မီးဖိုချောင်ထဲမှ အိမ်ရှင်မိန်းမကြီး တည်ထားသော ရေနွေးအိုးဆူသံကိုလည်း ကြားရသည်။ အန်နာ့ အခန်းက တိတ်ဆိတ်နေဆဲ။ ကျွန်တော်သည် ထိုတိတ်ဆိတ်မှုကြောင့်လား မပြောတတ် အန်နာ့အခန်းတံခါးကို မခေါက်ဝံ့ဘဲ ဖြစ်နေသည်။ ကျွန်တော့်အခန်း ဘက်သို့ လှည့်ကြည့်မိသောအခါ ဟထားသော တံခါးအကြားမှပင် နံရံပေါ်ရှိ စီးက ရက်ပြာ အမည်းကွက်များကို မြင်နေရသည်။ အန်နာတစ်ယောက် တိတ်တိတ် ဆိတ် ဆိတ်နှင့် ဘာတွေများ တွေးနေပါလိမ့်ဟု ကျွန်တော် သီချင်လှသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ထိုညနေက ဘာတွေတွေးနေသည်ကို ကျွန်တော့်အား မရွှေအန်နာ ပြောပြရပေမည်။

ကျွန်တော်သည် အန်နာ၏ အခန်းရှေ့တံခါးဝ၌ ရပ်နေပြီး သူ့အခန်းတံ

ခါးဘေး နံရံတွင် ချိတ်ထားသော ပန်းချီကားကလေးကို ကြည့်နေမိသည်။ ငွေရောင်ကောက်နေသော ကန်ရေပြင်က ရေသူမကလေးသည် ချုပိတ်ပေါင်းထဲ၌ ပုန်းနေသော လယ်သမားကလေးအား ပြုံးပြုံးကလေး ကြည့်နေသည့် ပန်းချီကားဖြစ်သည်။ ရေသူမကလေး၏ အရောင်ဖျော့ဖျော့ဆံပင်များမှာ ရွှဲရွှဲစိုနေသည်။ ဖားလျားကျနေသော ဆံပင်များအကြားမှ ဘယ်ဘက်ရင်သားကလေးကို ခပ်ရေးရေး တွေ့ရသည်။ ရေသူမကလေး၏ လည်တိုင်မှာ အတော်ကလေး ဖြူဖွေးနေပြီး အနည်းငယ် ရှည်လျားသည်ဟု ကျွန်တော် ထင်မိသည်။

ဘယ်လို ဘယ်လိုမှန်း မသိလိုက်ဘဲ ကျွန်တော်သည် အန်နာ့အခန်းတံခါးကို လှည့်ဖွင့်မိလျက်သား ဖြစ်သွားသည်။ ထိုသို့ ဖွင့်လိုက်မိသည့် အခိုက်ကလေးမှာပင် အခန်းထဲရှိ အန်နာသည် ကျွန်တော် ပိုင်ဆိုင်ရမည့် အန်နာဟူသော အသိကလေး ရုတ်ခြည်း ဝင်ရောက်လာသည်။

အန်နာ၏ မျက်နှာတစ်ခုလုံးတွင် လှဲ့ပြာပြာ အမာရွတ်ကလေးများ ပြည့်နှက်နေသည်ကို တွေ့ရသည်။ တစ်ချိန်တည်းမှာပင် မှိုဟင်းနံ့ကလေးလည်း ကျွန်တော့်နှာခေါင်းထဲသို့ ဝင်ရောက်လာသည်။ ကျွန်တော်သည် တံခါးကို ခပ်ကျယ်ကျယ်ကလေး ဖွင့်ထားလိုက်ပြီးနောက် အန်နာ့ဆီသို့ သွားကာ ပခုံးပေါ်သို့ လက်ကို တင်လိုက်သည်။ ထို့နောက် ပြုံးပြလိုက်ပါသည်။

**(Heinrich Boll ၏ Pale Anna ကို ပြန်ဆိုသည်)**

ရွှေမဝ
၁၉၈၀၊ မေ



**Naguib Mahfouz (1911-2006)**

နာဂွီမားဖု ကို ၁၉၁၁ ခုနှစ်တွင်အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့၌ မွေးဖွားခဲ့သည်။ ၁၉၂၈ ခုနှစ် အလယ်တန်းကျောင်းသား ဘဝကတည်းက စာ စရေးခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် **James Becky** ၏ **Ancient Egypt** ကို ဘာသာပြန်ဆိုခဲ့၏။ သူ၏ ပထမဆုံးဝတ္ထုတို **The Price of Weakness** ကို ၁၉၃၄ ခုနှစ်တွင် ရေးသား ထုတ်ဝေခဲ့သည်။ ထိုနှစ်မှာပင် **B.A** ဘွဲ့ကို **Philosophy** ဖြင့် ရရှိ၏။ ၁၉၅၄ ခုနှစ်တွင် အိမ်ထောင်ကျပြီး သမီးနှစ်ယောက်ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အတိုင်ပင်ခံအရာရှိ ဖြစ်လာခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အလုပ်မှ အငြိမ်းစားယူခဲ့သည်။ လုံးချင်းဝတ္ထုပေါင်း ၃၈ အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၁၂ အုပ် ထုတ်ဝေခဲ့သည်။ ပြဇာတ်များလည်း ရေးသားခဲ့သည်။ သူ့နိုင်ငံ အစိုးရ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ပေးသော ဆုများ အကြိမ်ကြိမ်ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဆွီဒင် အကယ်ဒမီအဖွဲ့မှ ချီးမြှင့်သော ကမ္ဘာ့စာပေ နိုဗယ်ဆုကို ရရှိခဲ့၏။

သူသည် ၁၄. ၁၀. ၁၉၉၄ နေ့ ညတွင် ကိုင်ရိုမြို့၌ ဓားထိုးလုပ်ကြံခြင်း ခံရခဲ့ရပါသည်။ အသက် ၈၃ နှစ်ရှိပြီဖြစ်သော မားဖုအား အစ္စလာမ်အယူဝါဒ အစွန်းရောက်များက အစိုးရအပေါ် လွှမ်းမိုးချုပ်ကိုင်ကြံစည်သည်ဟု စွပ်စွဲမှုဖြင့် လုပ်ကြံခြင်းဖြစ်၏။ မားဖုအား သတ်ဖြတ်ရန်ကြံစည်သည့် အဖွဲ့ခေါင်းဆောင် 'ဘာရှင် မိုဟာမက်ရာဟင်း'သည် ၁၉၉၀ ပြည့်နှစ်ကလည်း၊ အီဂျစ်နိုင်ငံ စာရေးဆရာနှင့် ဒဿနပညာရှင် 'မာရက်ဖိုဒါ'အားလည်း လုပ်ကြံသတ်ဖြတ်ခဲ့သူဖြစ်သည်။

# အဘိုးအိုနဲ့ မြေနေရာ

**မောင်ညီညွတ်**

နိုင်းလ်မြစ်ကမ်းဘေးတစ်လျှောက် ဂါဘာလာယာလမ်းပေါ်မှာ နေ့စဉ်လမ်းလျှောက်နေကျအတိုင်း ကျွန်တော် လမ်းလျှောက်နေတာ ထူးဆန်းတဲ့အမြင်တစ်ခုက ကျွန်တော့်အာရုံကို ဆွဲယူလိုက်ပါသည်။ နွေဦးစောစောပိုင်း နေ့တစ်နေ့ တစ်မနက်ခင်း (၇)နာရီအချိန်ဖြစ်ပါတယ်။ လမ်းပေါ်မှာ လူသူမရှိသလောက်ပါပဲ။ မြစ်ကမ်းရဲ့ အောက်ခြေနားမှာ လူတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်။

အဲဒီလူဟာ အသက် (၈၀)နီးပါးရှိပုံပါပဲ။ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ ဆံပင်ဖြူ ခပ်ပါးပါး၊ ရှုံ့တွတွ သွင်ပြင်နဲ့ မွဲပြာပြာအရောင် ပိတ်အင်္ကျီအရှည်ပွပွကြီး ဝတ်ဆင်ထားတယ်။ မိန်းမဘကြီးကတော့ (၆၀)ကျော်လို့ ထင်ရတယ်။ မိန်းမသားတစ်ယောက်ရဲ့သွင်ပြင်လက္ခဏာတွေအားလုံး မရှိတော့ဘဲ အသားအရည်ခြောက်ခမ်းပြီး ရင့်ရော်ကြမ်းတမ်းလို့နေပါတယ်။

သူတို့နှစ်ယောက်သားရဲ့ကြား မြေပြင်ပေါ်မှာတော့ ခေါက်လျက်သား ရွက်ဖျင်တဲကလေးက လဲကျနေပြီး ထမင်းအိုး ဟင်းအိုးတွေ၊ လက်ဖက်ရည်အိုးတွေနဲ့ မီးဖိုတစ်လုံးဟာ ပြန့်ကျဲလို့နေလေတယ်။

သူတို့ဟာ ဇရာအရွယ်ရဲ့ အထီးကျန်မှုကို အပျင်းပြေ ကုန်လွန်စေဖို့ နိုင်းလ်မြစ်ကမ်းဘေးမှာတစ်နေ့တာ လာရောက်အပန်းဖြေကြတာပဲလို့ ကျွန်တော် ထင်မြင်လိုက်မိပါတယ်။ မြစ်ကမ်းက ကျောက်တုံးတွေ ထူထပ်ပေါများတာ၊ အမှိုက်သရိုက်တွေ မြေပြင်ပေါ်ကျဲပြန့်နေတာတွေဟာ သူတို့ရဲ့ စိတ်ချမ်းသာမှုအတွက် ကျွန်တော့်ကို အကောင်းမြင် မဖြစ်စေပါ။

နောက်တစ်နေ့မှာ သူတို့စုံတွဲကို အဲဒီနေရာမှာပဲ တွေ့ရတော့ ကျွန်တော် အံ့ဩရပြန်ပါတယ်။

ကျောက်တုံးတွေကို ရွှေ့ပြောင်းနေတာ၊ ကမ်းကျယ်တစ်လျှောက် အမှိုက်

သရိုက်တွေ လှည်းကျင်းနေတာ စတဲ့အလုပ်တွေ စိတ်ပါလက်ပါ လုပ်နေကြတာ မြင်ရတော့ ပိုပြီးအံ့အားသင့်ရပါတယ်။

သူတို့ ဘာဖြစ်ခဲ့ကြလို့လဲ၊ အဲဒီမှာ အကြာကြီးနေဖို့ သူတို့စီစဉ်နေကြတာလား။

ခြေလှမ်းကို ဖြည်းဖြည်းလေးလျှောက်ရင်း ကျွန်တော် တွေးတောနေမိတယ်။

သူတို့ ကျွန်တော့်ကို သတိပြုမိသွားပြီး သံသယရှိရှိနဲ့ ကျွန်တော့်ကိုကြည့်ကြတယ်။ ဘာအနှောင့်အယှက် တစ်ခုမှမဖြစ်အောင် အမြန်ဆုံးရှောင်ကြဉ်ဖို့ လိုအပ်ကြောင်း ကျွန်တော် တွေ့မြင်လိုက်ပါတယ်။

ကျွန်တော့်အာရုံစူးစိုက်မှုကို သူတို့ သံသယဝင်သွားလေသလား။

မြစ်ကမ်းမှာ တာဝန်ရှိတဲ့ အရာရှိတစ်ဦးအနေနဲ့ သူတို့ကို ကြည့်နေတာလို့ သူတို့ ထင်မှတ်သွားလေသလား။

ကျွန်တော် သူတို့ကို သနားကရုဏာ သက်သွားပါတယ်။ အာလာက သူတို့ကို စောင်မပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

တတိယနေ့ မနက်ခင်းမှာ အဲဒီမြေကြီးကို ထွန်ယက်ထားတာ တွေ့ရတယ်။ မြေပြင်ဟာ ဆက်တိုက်ဖြစ်နေတဲ့ ရှည်မျောမျော ရေပြင်ချိုင့်ဝှမ်းလေးတွေ ဖြစ်နေတာလည်း တွေ့ရတယ်။

မြစ်ကမ်းနဖူးရဲ့ အဖျားမှာ ပျိုးပင်လေးတွေစိုက်ထားပါတယ်။ မလှမ်းမကမ်းမှာ သူတို့လင်မယား လက်ဖက်ရည်သောက်နေကြတယ်။ ကျွန်တော် လာနေတာမြင်တော့ သူတို့ လက်ဖက်ရည်ငုံ့သောက်နေတဲ့ ခေါင်းတွေ မော့လာကြပြီး မနေ့ကထက် ပိုပြီးစိုးရိမ်သောကကြီးစွာနဲ့ ကျွန်တော့်ကို စိုက်ကြည့်ကြပါတယ်။ ကျွန်တော် သနားသွားပြီး မြန်မြန်လျှောက်လိုက်တယ်။ ဘယ်လိုမျက်လုံးမျိုးတွေနဲ့မှ မဆုံချင်ဘဲ ရှောင်ပြီးလျှောက်လိုက်တယ်။ သူတို့ ပြောင်းရွှေ့နေထိုင်တဲ့နေရာသစ်မှာ သူတို့ရဲ့ စိုးရိမ်ထိတ်လန့်မှုက ထပ်ချပ်မကွာ လိုက်လံလို့နေပါရောလား။ ထိုအဖြစ်သနစ်မှာ ကျွန်တော်ဟာ ဒုက္ခပေးမည့်သူတစ်ယောက် မဟုတ်သော်လည်း အကျိုးအကြောင်းကို ဆင်ခြင်စဉ်းစားနိုင်ပါတယ်။

မနက်တိုင်း လမ်းလျှောက်တဲ့အပေါ်မှာ သူတို့ ကျွန်တော့်ကို သံသယဝင်တယ်။ ကျွန်တော်လမ်းလျှောက်တာဟာ သူတို့ကို ထောက်လှမ်းဖို့ ကိစ္စအတွက်ပဲလို့ ထင်ကြတယ်။

မနက်တိုင်း သူတို့ကို ကျွန်တော်ဒုက္ခပေးတဲ့ စိတ်လက်မအီမသာဖြစ်မှုကို ကျွန်တော် ဘယ်လိုတတ်နိုင်မှာလဲ။

ကျွန်တော့်လမ်းကြောင်းကို မစွန့်ပယ်နိုင်ပါ။ သူတို့ကို ဂရုမထားဘဲ နေချင်

နေပါ၊ ဒါမှမဟုတ် ကျွန်တော်ဟာ သူတို့ကို ဒုက္ခပေးမည့်သူမဟုတ်ကြောင်း ယုံကြည်အောင်လုပ်ဖို့ပဲရှိတော့တယ်။

ရက်များစွာကြာပြီးနောက်မှာ ရွက်ဖျင်တဲလေး ခံ့ညားစွာ တည်ရှိနေတဲ့နေရာမှာ ရေတွေလွှမ်းနေတဲ့ စိုက်ခင်းငယ်ဥယျာဉ်ကလေးတစ်ခုကို ကျွန်တော်လှမ်းတွေ့ရတယ်။ တစ်နေ့တခြား အဲဒီမြေကလေးဟာ ဘဝသစ်တစ်ခုကို မွေးဖွားဖို့ပြောင်းလဲလို့ လာနေပါတော့တယ်။

ဝင်းလက်တဲ့ ကြည်နူးမှုကို ပြသရင်း စိမ်းလန်းတဲ့ အဖူးအညှောက်တွေဟာ ငြိမ်သက်တဲ့ ငှက်ကလေးသံလို ထွက်ပေါ် လာလေတယ်။

သက်ကြီးရွယ်အိုနှစ်ဦးဟာ မြစ်ကမ်းတစ်လျှောက် သူတို့ရဲ့ ထွန်ယက်စိုက်ပျိုးမှုတွေ တိုးချဲ့လုပ်ကိုင်နိုင်ပြီး ရှုမြင်မကောင်းတာတွေ လျော့နည်းသွားပါစေလို့ ကျွန်တော်ဆုတောင်းလိုက်ပါတယ်။

ကျွန်တော့်ရဲ့ စိတ်ချမ်းသာမှုကို နှောင့်ယှက်နေတာက သူတို့ရဲ့ စိုးရိမ်မကင်းဖြစ်နေမှုပဲ ဖြစ်ပါတယ်။

တစ်နေ့တော့ လက်ပြနှုတ်ဆက်ပြီး ပြုံးပြဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့်ဆုံးဖြတ်ချက်ကို ခက်ခက်ခဲခဲနဲ့ လုပ်လိုက်တဲ့အခါမှာ အဘိုးကြီးက ကျွန်တော့်ကို လက်ပြန်ဝှေ့ယမ်းပြပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သူနဲ့ မျက်နှာချင်းဆိုင်ရပ်နိုင်တဲ့အထိ မြစ်ကမ်းပေါ် တက်လိုက်ပါတယ်။

"လူကြီးမင်းခင်ဗျာ အရာရှိလား"

သူက မေးတယ်။ "ဟုတ်ပါကြောင်း" ကျွန်တော် ဖြေလိုက်တယ်။ ဘယ်ဌာနနဲ့မှ မသက်ဆိုင်တော့ကြောင်း ကျွန်တော် သေသေချာချာ ပြောပြတယ်။

သူက နားလည်ရခက်ခက်နဲ့ ငြိမ်သက်သွားတယ်။ ကျွန်တော်က ရယ်မောပြီး ဘာဖြစ်လို့ "ကျွန်တော့်ကို သံသယနဲ့ အဘက ကြည့်ရတာလဲ ခင်ဗျာ။

"ကျုပ်က ပင်စင်စားကြီးပါ အလုပ်သမားတစ်ယောက်ပါဗျာ။ လဲပြိုကျသွားနိုင်တဲ့ ကျွန်တော်တို့အိမ်ကနေ သက်ဆိုင်ရာက နှင်ပစ်ခဲ့ကြတယ်။ သချိုင်းဂူတွေကြားနေမယ့်အစား မြစ်ကမ်းမှာနေဖို့ပဲ ကျုပ် စိတ်ရှိတယ်"

သူက ကျွန်တော့်ကို ရင်ဖွင့်ပြပါတယ်။

"အကြံကောင်းပဲ"

"ပင်စင်လစာက နည်းပါတယ်။ တစ်ခုခု စိုက်ပျိုးဖို့ ကျွန်တော် စဉ်းစားခဲ့ဘယ်၊ စားဖို့ပါ ရောင်းဖို့ မဟုတ်ပါဘူး။ ပရိဘောဂအဟောင်းတွေ ရောင်းပစ်ခဲ့ပြီးလိုအပ်တဲ့ ရွက်ဖျင်တဲရယ်၊ ပျိုးပင်တွေရယ် ဝယ်ခဲ့တယ်"

"အဘ အတွေးကောင်းခဲ့တာပဲ"

သူက ခဏလောက်တွေ့ဆိုင်းနေပြီးတော့မှ "အဲဒါ ဘယ်သူ့ကိုမှ အနှောင့်အယှက်မဖြစ်ဘူးလို့ ကျုပ် ထင်ပါတယ်"

"ညစ်ပတ်နေတဲ့ မြစ်ကမ်းခြေ ဒီနေရာကို အဘက အလှဆင်လိုက်တာပါပဲ"

"ဒါပေမဲ့ တစ်ခုခု ဖြစ်လာမှာတော့ ကြောက်တယ်"

"ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်တော် တကယ် ဘာမှမသိပါဘူးခင်ဗျား"

ကျွန်တော် မှန်မှန်ကန်ကန် ပြောလိုက်ပါတယ်။ သူ့ကို စိတ်ချမ်းသာစေချင်ပါတယ်။ သူ့ကိုလက်ဆွဲနှုတ်ဆက်ပြီး ကျွန်တော်လည်း လမ်းလျှောက်ထွက်သွားတော့တယ်။

နွေရာသီရောက်တော့ နှစ်စဉ်ယူနေကျ ခွင့်ရက်ရှည်ကို ကျွန်တော် ယူပါတယ်။ တစ်လ၊ တစ်လခွဲလောက် နေပြီးမှ နွေရာသီအပန်းဖြေစခန်းကပြန်လာပြီး ကျွန်တော့်ရဲ့ သာမန်ဘဝမှာ ဆက်လက်နေထိုင်ပါတယ်။ နံနက်ခင်း လမ်းလျှောက်နေကျကိုလည်း ဆက်လုပ်ပါတယ်။ ဂါဘာလာရာလမ်းကို ရောက်တော့ အဘိုးအိုနဲ့ အဘွားအိုကို ဦးဆုံးပဲသတိရမိပါတယ်။ သူတို့ဘာဖြစ်နေကြသလဲဆိုတဲ့ သိချင်ဇောနဲ့ ခပ်သွက်သွက် အဲဒီနေရာကို လျှောက်သွားတယ်။ သူတို့ကိုရော ဥယျာဉ်စိုက်ခင်းကလေးကိုပါ ဘာအစအနမှ ကျွန်တော် မတွေ့ရ။

မြစ်ကမ်းခြေဟာ မြင်မကောင်းရှုမကောင်း အလဟဿမြေအဖြစ် ပြောင်းလဲလို့ နေခဲ့ပါပြီ။ အဘိုးအိုရဲ့ စိုးရိမ်ကြောင့်ကြမှုဟာ တကယ်ဖြစ်ခဲ့ပြီဆိုတာ ရှင်းလင်းပြစရာ မလိုတော့ပါ။ သူတို့နှစ်ယောက် ဘာဖြစ်သွားကြပြီဆိုတဲ့ သိချင်စိတ်နဲ့ ကျွန်တော့်ရင်ထဲ ဝမ်းနည်းကြေကွဲသွားတယ်။ မလှမ်းမကကမ်းမှာ ကျွန်တော်နဲ့ ရင်းနှီးနေတဲ့ လမ်းပြရဲတစ်ဦးကို မြင်တွေ့လို့ သူ့ဆီကို ကျွန်တော် လမ်းလျှောက်သွားတယ်။ နှစ်များစွာကြာ ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး နှုတ်ဆက်နေကျအတိုင်း နှုတ်ဆက်လိုက်ကြပြီးမှ ကျွန်တော်က သူ့ကို မေးလိုက်တယ်။

"လူကြီးတစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက် အဲဒီမှာရှိခဲ့တာ"

သူက ရယ်တယ်။

အဲဒီ အခြေအနေက မတည်မြဲဘူးဗျာ။ အာလာအရှင်မြတ်ကို ရှိခိုးလို့လည်း မရဘူးလေ၊ တစ်နေ့ ရဲသားတစ်ယောက် စစ်ဆေးဖို့ရောက်လာတယ်။ တိုင်တန်းချက်ကို ဖြေဆိုဖို့ အဘိုးကြီးကို ရဲစခန်းခေါ်သွားတယ်။

စိုးရိမ်သောကများနဲ့ ကျွန်တော် ငြိမ်ပြီး အတွေးထဲမြုပ်နေတယ်။

နိုင်ငံပိုင်မြေဆိုတာ လူတကာအတွက်မှ မဟုတ်တာဗျာ။ အလုပ်သမားတွေ လာပြီး မမှည့်သေးတဲ့အပင်တွေကို နှုတ်ပစ်တယ်။ အဲဒီနောက်တော့ အဘိုးကြီး

ဘာဖြစ်တယ်ဆိုတာ ကျွန်တော် မသိဘူး။

အာဒ်နဲ့ ဧဝအတွက်ရော သူတို့ရဲ့ ဥယျာဉ်ကလေးအတွက်ပါ စိတ်မကောင်းဖြစ်ပြီး ကျွန်တော့်ရင်ထဲ နင့်သွားပါတယ်။

သူတို့ဟာ အာရုံထဲမှာ အချိန်အတော်ကြာ ကျွန်တော်နဲ့အတူရှိနေပြီး နေ့စဉ် ဘဝရဲ့ပင်လယ်ကြီးထဲ နစ်မြုပ်ပျောက်ဝင်သွားလေတော့သည်။

နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာပြီး ယနေ့မှာလည်း တစ်ခါတစ်ရံ အဲဒီနေရာကို ဖြတ်သွားတိုင်း ကျွန်တော် သတိရမိတယ်။

ဘုရားသခင်ရဲ့ စုံစမ်းတွေ့ရှိချက်အရ ဖျက်ဆီးခံလိုက်ရလေသလားမသိတဲ့ စိမ်းလန်းစိုပြည်တဲ့ ဥယျာဉ်စိုက်ခင်းလေးရယ်၊ အဘိုးအိုနဲ့ အဘွားအိုရယ်ကို ကျွန်တော် သတိရမိပါတယ်။

**(The Old Man and the Land ကို ပြန်ဆိုသည်)**

**မဟောသီ**

**၁၉၉၅၊ မေ**

# ကြောင်နက် စားသောက်ဆိုင်

ဖိုးတာ

တံခါးဝမှာ လူစိမ်းတစ်ယောက်လာရပ်သည့်အခါ သူတို့တစ်တွေ သီချင်းမြိုင်မြိုင်ဆိုလို့ ကောင်းတုန်းပင်။

ပြိုကာနီးတိုက်ဟောင်းကြီး၏ မြေအောက်ထပ်တွင် စားသောက်ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။ ခုံလွတ်ဟူ၍ တစ်လုံးတလေပင်မရှိ။ အခန်းက လေးထောင့်စပ်စပ်။ နောက်ဘက်တွင် သံတိုင်များစိုက်ထားသည့် ပြူတင်းပေါက်တစ်ပေါက်ရှိသည်။ ထိုမှဖြတ်ကြည့်လျှင် နောက်ဖေးလမ်းကြားကို မြင်နေရ၏။ အခန်းမှာ ဂူတစ်လုံးသဖွယ် မည်းမှောင်နေ၍ နေ့ညမပြတ် မီးထွန်းထားရသည်။ အပြာရောင်ဖျော့ဖျော့ နံရံတွင် စိုစွတ်စွတ်အကွက်များ အထင်းသားပေါ်နေသည်။ လူသွားစကြံကျဉ်းကျဉ်းတစ်ခု တံခါးဝရှေ့ဘက်တွင်ရှိသည်။ လမ်းမသို့ ရောက်လိုလျှင် ထိုလမ်းကျဉ်းမှထွက်ရသည်။ အခန်းနံရံတစ်ဘက်တွင်ကား ဝိုင်အရည်စည်များ စီစီညီညီဆင့်ထပ်ထားသညစ်။ ဆိုင်သို့လာနေကျ ဖောက်သည်တွေမှာ စပ်လိုက်လျှင် ဆွေမျိုးမကင်းတတ်ကြပေ။ ပြောင်ရှင်းနေသည့် ဆွေမျိုးညာတကာ သစ်ပင်ကြီးတစ်ပင်၏ အကိုင်းအခက်များက စားပွဲများပေါ်တွင် အုပ်မိုးထားသလိုပင်။ တစ်ဦးနှင့်တစ်ဦး ငယ်ပေါင်းမဟုတ်လျှင် လုပ်ဖော်ကိုင်ဖက်တွေဖြစ်နေကြသည်။ ဤနေရာတွင် ညစဉ်ညဆက်ဆုံနေကျဖြစ်နေ၍ လက်တွဲညီညာရှိပြီးသား လူတွေချည်းဖြစ်၏။ စကားဝိုင်းဖွဲ့နေကျခွက်လှည့်နေကျမို့ ညီညွတ်ရေးက ရပြီးသားဖြစ်နေသည်။

ဤသို့သော လူစုသီချင်းအော်ဆိုနေဆဲ လူစိမ်းက ဝင်လာခဲ့ခြင်းဖြစ်သည်။

"ဒီကြောင်နက်စားသောက်ဆိုင်ကို လူတွေက ဘာကြိုက်နေကြသလဲ" စသည့်အမေး မကြာခဏဆိုသလို ကြားရလေ့ရှိ၏။ ဆိုင်၏အမည်ရင်း ကြယ်စင်ဆိုသည်ကို မသိကြတော့သလောက်ပင်။ ခပ်ပိန်ပိန် ဂရိလူမျိုးဆိုင်ရှင်က ကြောင်နက် ဝဝဖီးဖီး တစ်ကောင်မွေးထားရာ ကြောင်နက်စားသောက်ဆိုင်ဟုသာ

လူတကာပါးစပ်ဖျားမှာ တွင်နေသည်။ လာနေကျ ဖောက်သည်တွေအတွက်ကား ဤကောင်၊ ဤကြောင်ကြီးသည် အဖော်သဟဲလည်းဖြစ်၊ ဆိုင်၏သင်္ကေတလည်း ဖြစ်နေပေသည်။

ဒီဆိုင်က မလောင်မငနဲ့လည်း တစ်မူးတစ်လဲ သောက်လို့ရနေတော့ မကြိုက်ဘဲကို မနေနိုင်ဘူး။ ပြီးတော့ တရင်းတနှီးလည်း ရှိတယ်မဟုတ်လား။

ကြောင်နက်ကြီးကတော့ စားပွဲကြို စားပွဲကြား ဟိုဟိုသည်သည် လူတကာ ခြေကြား ပွတ်သပ်သွားလာနေသည်။ ပေါင်မုန့်ပွဲ အကြွင်းအကျန် ငါးရိုး စသည်များကို လိုက်ရှာနေသည်မှာ ဘုရားသခင်အလိုတော်မကျသည့် ပေါ့ပေါ့ရွှင်ရွှင်မိန်းမလည် တစ်ယောက် မြူဆွယ်လှုပ်ရှားဆော့ကစားနေသလိုရှိနေ၏။

"တို့လို ငမွဲတွေရဲ့ သည်းညည်းခံနိုင်တာကလည်း ဒီဆိုင်ပဲကွ"

ဤဆိုင်ထဲမှာ ဟာသတွေပြောကြ၊ တောင်ရောက်မြောက်ရောက်တွေ ဆွေး နွေး ရင်ထဲကအမောတွေ ဖွင့်ထုတ်တတ်ကြသည့်အတွက် စိတ်အနေချင်း နီးစပ်ပူး ကပ်နေတတ်ကြပေသည်။ တစ်ယောက်ယောက်များ သီချင်းတစ်ပိုဒ်လောက်ကို ပိုင်ပိုင်နိုင်နိုင် စဟစ်လိုက်လျှင် ဂူတစ်လုံးလို မှိုင်းမှုန်ပြာဝေနေသော ဆိုင်ခန်းလေးမှာ အပျော်စာတ်များ ဖုံးလွှမ်းပြည့်မောက်လာသလို ရှိတတ်သည်။

"ငွေဆင်းရဲသလောက် ကလေးတွေပေါများချမ်းသာတဲ့ ကိုယ်တို့ဘဝကို ခဏ တဖြုတ်လောက် မေ့ထားတာလေးကြောင့် တခြားဘယ်သူတွေကို မနစ်နာစေ လောက်ပါဘူးထင်ပါရဲ့"

"ငရဲလိုပူတာ၊ ယင်ကောင်တွေများတာတွေလည်း မေ့ထားလို့ ရတာပေါ့"

"သံတိုင်တွေရဲ့ အပြင်ဘက်မှာရှိတဲ့ လောကကြီးကိုရော မေ့ထားလိုက်ကြ တာပေါ့ကွာ"

"တို့ရဲ့ ကြောင်နက်ကြီးကို ပွတ်ပွတ်သပ်သပ်လုပ်နေရတာလည်း စည်းစိမ် ရှိလှပါပေရဲ့"

သူတို့တစ်တွေ စားရင်းသောက်ရင်း ယခုလို ဆုံကြချိန်တွင် စိတ်များကြည် လင်ပေါ့ပါးနေကြသဖြင့် တွေ့ရာမြင်ရာကို နှလုံးတမွေ့မွေ့ကရှိနေတတ်ကြသည်။ အိုနာသေဘေးတို့ကိုလည်း မတွေးမိကြတော့။ အချိန်ကိုလည်း အမှတ်မထားကြ။ လုံးလုံးလျားလျား စည်းစိမ်ခံစားနေကြလေ့ရှိသည်။

လူစိမ်းတစ်ယောက် တံခါးဝမှာ လာရပ်ချိန်တွင် သူတို့တစ်တွေ တစ်စု တဝေးသီချင်းဆိုနေခဲ့ကြသည်။

ရောက်လာသည့် လူစိမ်းက တစ်ခန်းလုံးကို ဖြုံကြည့်လိုက်သည်။

စားပွဲလွတ်ဟူ၍ တစ်လုံးမျှမတွေ့။ စကြီဘက်သို့ ရှုတ်တရက်ဝင်ပြီး ပျောက်သွားသဖြင့် သူပြန်လာတော့မည်မဟုတ်ဟု ထင်လိုက်ကြသည်။ ခဏအကြာတွင် ကြိမ်ထိုင်ခုံတစ်လုံး မလျက်သား ပြန်ပေါ်လာသည်။ ဆိုင်ရှင်ဂရိ၏ ထိုင်ခုံဖြစ်၏။ တံခါးပေါက်ကျဉ်းကျဉ်းအဝမှာ ခုံကိုချပြီး လူစိမ်းထိုင်လိုက်သည်။

စရောက်လာစဉ်ကပင် မျက်နှာထားက တင်းတင်း။ နောက်တစ်ကြိမ်ပြန်ဝင်လာပြီး ထိုင်အချမှာလည်း ရှုတည်တည်။ မည်သည်ကိုမျှလည်း စူးစိုက်မကြည့်။ အခန်းထဲက လူတွေကို စိတ်မဝင်စားသလိုရှိသည်။ သူ့အကြည့်က ဝေးမြေရပ်ခြားကို နာနာကြည်းကြည်း လှမ်းကြည့်နေပုံပေါက်နေသည်။ ပုံပန်းကလည်း နပန်းသမားလား လက်ဝှေ့သတ်သူလော။ အလေးမသမားများ ဖြစ်နေရော့သလား တွေးထင်စရာ။ မည်းမည်းကျုတ်ကျုတ် တောင့်တောင့်တင်းတင်းရှိလှသည်။ အဝတ်အဆင်ကလည်း လူနှင့်တစ်သားတည်း။ ဆွယ်တာက အနက်ရောင်၊ ဘောင်းဘီက ခဲသားရင့်ရင့်၊ ဖိနပ်က အညို မှုန်မှုန်မှိုင်းမှိုင်းရှိလှသည့် လူစိမ်းတစ်ကိုယ်လုံးတွင် ပြောင်ဝင်းနေသည့် တစ်ခုတည်းသော အစိတ်အပိုင်းမှာ သူ့ခေါင်းကြီးသာဖြစ်နေသည်။

မထင်မှတ်ဘဲ ပေါက်ချလာသော သူစိမ်းကြောင့် ဝိုင်းထိုင်နေကြသူများ ကျင်စက်နှင့် တို့ခံလိုက်ရသကဲ့သို့ ဖြစ်သွားကြသည်။ သီချင်းအဆိုလည်းရပ် ရယ်မောသံများလည်း တိတ်သွားကာ မျက်နှာပျက်နေကြသည်။ သူ့ကိုသာ တည့်တည့်ကြည့်သူကြည့်၊ တိတ်တခိုးကြည့်သူကြည့် ဖြစ်လာကြတော့သည်။

သို့သော် ခေတ္တမျှ ရပ်တန့်သွားခြင်းသာဖြစ်သည်။ စိုးထိတ်မှုများ ပျောက်သွားပြီဖြစ်သည်။ သူစိမ်းပြင်ပြင် တစ်ယောက်ရောက်လာသည်နှင့် သူတို့၏ ပျော်ရွှင်ဖွယ်ညအား အထိခိုက်မခံနိုင်။ အရိပ်အခြေပြ၍ လူစိမ်းကို ပထားပြီး ဆက်ပျော်ကြရန် တိုင်ပင်လိုက်ကြသည်။ စကားတပြောပြော ရယ်ရယ်မောမောနှင့် တစ်ခွက်ပြီးတစ်ခွက် ချကြပြန်သည်။ စိတ်ထဲက လုံးလုံးပျောက်သွားအောင် ဖယ်ရှားနိုင်သည်တော့မဟုတ်။ ကိုက်နေသော သွားတစ်ချောင်းလို အနှောင့်အယှက်ဖြစ်နေသေးသည်။

လူစိမ်းက လက်ခုပ်ကျယ်ကျယ်လောင်လောင်တီး၍ ခေါ်လိုက်ရာ စားပွဲထိုးအဘိုးကြီးက အရက်တစ်ခွက်ယူလာပြီး ချပေးသည်။ တစ်ချက်တည်း ကောက်မော့လိုက်၍ အဘိုးကြီးက ထပ်ဖြည့်ပေးသည်။ လူစိမ်းက ထပ်သောက်လိုက်ပြန်သည်။ နောက်ထပ် လေးခွက်ယူလာဖို့ မှာလိုက်ပြီး ခွက်ဆင့်သောက်နေပြန်သည်။ ထပ်ယူလာဖို့လည်း လှမ်းမှာလိုက်သေးသည်။ ဆိုင်တွင်းမှလူအားလုံး အံ့အားအသင့်ကြီးသင့်ကာ ကြောက်လာကြသည်ဖြစ်၍ စကားသံတွေ တိတ်သွားသည်။ အရယ်အမောတွေ တိခနဲရပ်သွားသည်။ ဒီသတ္တဝါ ဘယ်လိုကောင်စားပါလိမ့်။ သူ သောက်တဲ့

အရက်ဟာ ဆင်တစ်ကောင်တောင် ပက်လက်လန်သွားလောက်တယ်။ သူ့ကြည့်ပြန်ရင်လည်း ကျောက်ဆောင်ကြီးတစ်ခုလို မျက်နှာကြောကလည်း တင်းမှတင်း။ ဘယ်လိုအစားထဲကပါလိမ့်ဟု သူတို့တစ်တွေ အတွေးဝင်နေကြသည်။

ကြောင်နက်ကြီးကား စားရန်း သောက်ရန်းဖြင့် လူစိမ်းအနား သွေးတိုးစမ်းသလို ကပ်လာသည်။ သူကတော့ သတိမထားမိသလိုပင်။ ကြောင်နက်ကြီး သူ့ခြေဖျားအား လာပွတ်သည်၌ ခြေဆောင့်ပစ်လိုက်၏။ ဤနည်း ဤပုံ ဆက်ဆံမှုမျိုးမကြုံဘူးရှာသော ကြောင်ကြီး ထွက်ပြေးသွားတော့သည်။ မလှုပ်မခြောက် မျက်နှာပေးနှင့် ထိုင်နေသည့် ဆိုင်ရှင်ဂရိကြီးသည် အသံထွက်ရာသို့ တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး ဘာကိုမှ သတိမပြုမိပုံဖြင့် ငေးငေးငိုင်ငိုင် ရှိနေပြန်သည်။

သူစိမ်း စခန်းထလာပြီ။ ခေါင်းတစ်ရမ်းရမ်းနှင့် နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ကိုက်ထားသည်။ စကားစပြောနေပုံရ၏။ အသံကိုကား မကြားကြရ။ တတွတ်တွတ်ပြောနေသော်လည်း သူ့ကိုယ်သူ ပြန်ပြောနေသလား။ သူ့စိတ်ကူးထဲကတစ်ယောက်ယောက်ကိုပင် လှမ်းပြောနေသလား မသိတတ်နိုင်။ ခြိမ်းခြောက်သလိုလက်သီးကြီးတစ်ရွယ်ရွယ်လည်း လုပ်လာသည်။ နဂိုကမှ မလှသောမျက်နှာကြီးမှာဒေါမာန်တွေထနေသဖြင့် ကြည့်မကောင်းအောင်ဖြစ်လာသည်။ ဆိုင်ခန်းတစ်ခုလုံးကား အကြောက်တရားဖုံးလွှမ်းနေသဖြင့် ငြိမ်သက်တိတ်ဆိတ်လွန်းလှသည်။

သူ အသံစထွက်လာပြီ။ အက်ကွဲသံပါနေရာ သတ္တဝါဆိုးကြီးတစ်ကောင်အသံကုန်ဟစ်နေသည့်အလား ရှိနေ၏။

"ကျိန်စာတိုက်လို့ ဂြိုဟ်ဆိုးတွေဝင်ပြီ။ ပျက်သုဉ်းရတော့မယ်"

ဟု အကြိမ်ကြိမ်အခါခါ အော်ဟစ်နေရာက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ရင်း. . .

"တောင်ကြီးတစ်လုံးလုံးရော နောက်ကဟာရော ပြိုကျပျက်စီးရတော့မယ်"

ဟု ဆက်အော်နေပြန်သည်။

ခဏတဖြုတ် ငြိမ်သွားပြီး စောစောကထက် အနည်းငယ်လေသံလျှော့၍

"ရှင်းရှင်းပြောရရင်တော့ ပြဿနာကတော့ ဒါပဲ"

ဆက်ထိုင်နေကြဖို့မသင့်ပြီဟု သူတို့အားလုံး သိသွားကြသည်။ အပျော်ကစမည်ကြံကာရှိသေး။ ဒီလူစိမ်းကြောင့် မင်္ဂလာညနေခင်း ပျက်ယွင်းသွားရပြီ။ အေးအေးသက်သက်သာ ဒီကထွက်ခွာကြရင် ကောင်းမလားဘဲ။ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး ထရပ်ရန်ပြင်လိုက်ကြသည်။

ထိုင်နေအကောင်းသား။ သူတို့တွေကို လူစိမ်းသတိထားမိသွားသည်။

"ဘာလုပ်ဖို့ ကြံကြတာလဲ"ဟု မေးသလို လူစိမ်းက လှမ်းကြည့်သည်။

လက်တစ်ချက် ယမ်းလိုက်ပြီး အားလုံးကို ရပ်ခိုင်းရာက. . .

"မင်းတို့ ဘာကောင်တွေလဲ"

မေးလိုက်ပုံက မသတီစရာ။ အရေးလုပ်ပြီး ပြန်ဖြေနေဖို့မကောင်း။

"ကျုပ်တို့ ဒီဆိုင်ရဲ့ဖောက်သည်တွေပဲ"

တစ်ယောက်က စိတ်မသက်မသာနှင့် ဝင်ဖြေလိုက်သည်။

"ဘယ်အချိန်ကတည်းက မင်း ဒီရောက်နေတာလဲ"

"နေစောင်းစလောက်က"

"ဒီလိုဆို ငါရောက်တော့ မင်းရှိနေပြီပေါ့"

"အင်း. . . ဟုတ်ပါတယ်"

လက်ဟန်ခြေဟန်ပြပြီး ပြန်ထိုင်ခိုင်းရင်း ငေါက်ငေါက်ငမ်းငမ်းဖြင့်. . .

"တစ်ကောင်မှ ဒီထဲကမထွက်နဲ့"

သူတို့တစ်တွေ ကိုယ်နားကိုယ် ဟုတ်ပါသေးရဲ့လားဟု ထင်လာကြသည်။ အံ့အားသင့်လှသဖြင့် ပါးစပ်ကို အပ်ချည်ဖြင့် တုတ်ထားသလို ဘာမျှမပြောနိုင်ကြတော့ပေ။ အမိုက်အရိုင်းမှာတော့ ကမ်းကုန်ပဲ။ သို့ရာတွင် သူနှင့်ယှဉ်၍ ဘယ်သူမျှ စကားမဟတ်ပုံ။ စိတ်ထဲတွင် ပွက်ပွက်ဆူအောင် ဒေါသထွက်နေသော်လည်း မျက်နှာထားကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားထားပုံရသည့် လူရွယ်တစ်ယောက်က

ကျွန်တော်တို့ အိမ်ပြန်ချင်ပါပြီခင်ဗျာဟု ပြောသောအခါ လူစိမ်းက မာမာထန်ထန်လှမ်းကြည့်လိုက်ပြီး ကိုယ့်အသက်ကို မတွယ်တာတဲ့ကောင်ရှိရင် ရှေ့ထွက်လိုက်ဟု စိန်ခေါ်ပြန်သည်။ ကိုယ့်ဘဝလေးကို သံယောဇဉ်အမျှင်မပြတ်နိုင်ကြသဖြင့် မည်သူမျှမထွက်လာကြ။ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးသာ စိတ်မချမ်းသာဖြစ်နေကြသည်။

စောစောကလူရွယ်က မရွံ့မရဲဖြင့် . . .

"ကျွန်တော်တို့ပြန်ချင်တာကို ဘာဖြစ်လို့ တားဆီးနေရတာပါလဲဗျာ"

လူစိမ်းက ခေါင်းရမ်းလိုက်သည်။

"ငါ့ကို ပတ်ဖို့မကြိုးစားနဲ့။ ငါ့စကားတွေ မင်းတို့အကုန်ကြားသွားပြီ"

"ကျွန်တော်တို့ ဘာမှမကြားမိပါလားဗျာ"

"ငါ့ကို ငတုံးထင်နေသလား။ ဖြီးမနေနဲ့။ မရဘူးကွ"

"ကိစ္စဝိစ္စတွေ အကုန်မင်းတို့ကြားသွား သိသွားပြီ"

"ဘာမှမကြားရ၊ မသိရပါဘူးဗျာ"

"အလကား လူလိမ် လူညာတွေ"

"ယုံပါဗျာ"

"ဩော်. . . မင်းတို့လို ဆူညံကခုန်နေတဲ့ ငမူးငရူးတွေကို ငါလိုကောင်က ယုံရမယ် ဟုတ်ပါ့ကွာ"

"ခင်ဗျားဟာ ဘာအပြစ်မှမရှိတဲ့ ကျွန်တော်တို့ကို အသားလွတ်သိက္ခာချနေသလိုပဲ"

"စကားရှည်မနေနဲ့ သေချင်ရင် ရှေ့ထွက်ခဲ့"

အနေအထားက ပိုဆိုးဝါးလာသည်။ အကြမ်းပတမ်းကိုင်မှသာ အဆုံးသတ်နိုင်မည်ဟု သူတို့ ထင်လာကြသည်။ သို့သော် သူတို့ ဤသို့ မလုပ်တတ်။ မလုပ်ချင်ကြ လူစိမ်းကတော့ သူတို့ကို စူးစိုက်ကြည့်နေဆဲ။ နိုင်လိုမင်းထက် အဆက်ဆံမခံရဘူးသော သူတို့တစ်တွေ ဒေါသကို ချုပ်တည်း၍ ကိုယ့်ထိုင်ခုံမှာ ကိုယ်ပြန်ထိုင်ချလိုက်ကြရသည်။

အဘိုးကြီးတစ်ယောက်က. . .

"ကျုပ်တို့ ဒီမှာ ဘယ်လောက်ကြာအောင် ဆက်ထိုင်နေရမှာလဲ" ဟု ဝင်မေးလိုက်သည်။

"အချိန်တန်တဲ့အထိ"

"ဘယ်တော့လောက်မှ အချိန်က တန်မှာပါလဲကွယ်"

"အဘိုးကြီး ပါးစပ်ပိတ်ထား ထိုင်စောင့်နေ ဒါပဲ"

အခြေအနေမှာ တင်းတင်းမာမာ အေးအေးစက်စက်ရှိလှသည်ဖြစ်၍ အချိန်က ပို၍ကုန်ခဲနေသည်။ စိတ်ပျက်လက်ပျက် ကာလကြာရှည်ထိုင်နေရသဖြင့် စောစောက ရထားသည့် ဆက်ရက်မင်းစည်းစိမ်လေးတွေ ပျောက်ခြင်းမလှ ပျောက်ကုန်ပြီ။ ကြောင်နက်ကြီးသည်ပင် အန္တရာယ်အနံ့ရသွားလေသလား မဆိုနိုင်။ တစ်ခုတည်းသာရှိသည့် ပြတင်းပေါက်ဘောင်ပေါ် သို့ ခုန်တက်လိုက်သည်။ လက်ကလေးကွေးပြီး ခေါင်းကိုမှေးတင်၍ ငြိမ်သက်မှိန်းနေသည်။ အမြီးတုတ်တုတ်ကြီးက သံတိုင်များအကြားတွင် တွဲလောင်းကျနေသည်။

လူစိမ်းကား အကဲခတ်ရခက်လှသည်။ မူးနေသည်လား။ ရူးနေသည်လား သူတို့ သိသွားပါပြီဆိုတာ ဘာကိုပြောချင်တာပါလိမ့်။ ဆိုင်ရှင် ဂရိကမူ မလှုပ်မခြောက် အငေးသားရှိနေ၏။ စားပွဲထိုးကြီးသာလျှင် ဘာမျှမဖြစ်သလို သူစိမ်းကို စားပွဲထိုးပေးနေသည်။

မင်းတို့အုပ်စုထဲက တစ်ယောက်ယောက် ရုတ်ရုတ်သဲသဲလုပ်ရင် တစ်ပြုံလုံးကို ရက်ရက်စက်စက် ဆော်ပစ်မယ်"

လူစိမ်း ထကြွလာပြန်ပြီ။ အခန်းထဲရှိ လူအားလုံးကို အထင်တသေးကြည့်နေပြန်သည်။ သူစကားပြန်စပြောသည်တွင် ခပ်စောစောက လူရွယ်က အားတင်းပြီး စကားဆိုကြည့်ပြန်သည်။

"ကျွန်တော်တို့ သစ္စာဆိုပါ့မယ် ကျိန်ဆိုရင် ကျိန်ပါ့မယ်ခင်ဗျား"

"မင်းတို့လို အကောင်စားတွေက ဘာတိုင်တည်ပြီး ကျိန်မှာတုံး"

မျှော်လင့်စရာ အနည်းအပါးရှိလာသည်ထင်၍ လူရွယ်က. . .

"ဖြစ်စေချင်တာ ပြောပါဗျာ။ ဘုရားသခင်နဲ့ ကျွန်တော်တို့ သားသမီးတွေကို သစ္စာပြုပြီး ကျိန်နိုင်ပါတယ်"

"ဒီလို ဆိုင်စုတ်ဆိုင်ပုံက ဖိုးသမားတွေဆီမှာ ဘာမှထိုက်ထိုက်တန်တန်ရှိမှာ မဟုတ်ဘူး"

"ခင်ဗျားထင်သလိုမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ဘုရားကျွန်တော်မျိုးတွေ ဖြစ်သလို ဖခင်ကောင်းတွေလည်း ဖြစ်နေပါတယ်"

"ကလေကချေကောင်တွေ အလုပ်ဖြင့် ကြိုးစားပမ်းစားမလုပ်ကြဘဲနဲ့ လေဖမ်းဝါးတန်းချည်ချင်နေကြတယ်။ ငါ ပြောတာကို ဝင်ပြီး အခွင့်အရေးယူချင်ကြတယ်။ အလကားရွံစရာကောင်တွေ"

"ခင်ဗျားပြောတာ ကြားလည်းမကြား၊ ဘာမှန်းလည်း မသိပါဘူးဗျာ။ ကျေးဇူးတော်ရှင်ဘုရားသခင်ကို တိုင်တည်ဝံ့ပါတယ်"

"ငကြောက်တွ မသိဘူးဆိုတာ ဘယ်ကောင်လဲ"

"အဘိုးကြီးက မနေသာသည့်အဆုံး"

"မင်းပါးစပ်က လှုပ်သာနေတာ၊ ဘာအသံမှ ထွက်ခဲ့တာမဟုတ်ဘူးကွ အသံ မကြားခဲ့ရဘူး" ဟု ဝင်ပြောသည်။

"ကျုပ်ကိုလာမပတ်နဲ့ လူကဖြင့် ခြေတုန်လက်တုန်နဲ့ သေခါနီးနေပြီ"

"တို့ပြောတာ ယုံပါကွာ။ ငါတို့ဘာသာ အေးအေးနေပါရစေ"

"မဟုတ်တာတော့ မကြံကြနဲ့နော်။ အားလုံးမသာပေါ်သွားမယ်။ မင်းတို့ ခေါင်းတွေ ရိုက်ခွဲပစ်လိုက်မယ်။ ဒီလမ်းကျဉ်းလေးမှာ ခေါင်းခွံချင်းထပ်သွားမယ်။"

လူစိမ်းကြောင့် မရှုမလှဇာတ်သိမ်းဖို့ နီးကပ်လာသလိုပင်။ သူတို့လည်း စိတ်ဓာတ်ပျက်ပြားလှသဖြင့် ရင်ထဲတွင် လေးလံဖိစီးနေကြသည်။ သူစိမ်းကတော့ တောက်လျှောက်သောက်နေသော်ငြား မူးပုံမပေါက်ပေ။ တံခါးပေါက်ကို ပိတ်ထိုင်နေပုံက ခွန်ပြည့်အားပြည့်ရှိလှရာ ပြတင်းပေါက်တွင် တပ်ဆင်ထားသည့် သံတိုင်များနှင့်ပင်တူနေသည်။

မျှော်လင့်ချက်ကင်းဝေးနေသူများ အချင်းချင်း တစ်ခါတလေကြည့်နေမိကြသည်။ ရိုးတိုးရိတ်တိတ် တစ်စုံတစ်ရာမြင်လိုက်ကြသည်ဟု အထင်ရောက်လျှင်ပင် စိတ်လှုပ်ရှားလာကြသည်။ လှုပ်တော့ မလှုပ်ရဲကြ။ ကြောင်နက်ကြီးကား သူစိမ်းကို မေ့သွားပြီထင်ရ၏။ အိပ်မောကျနေပြီ။ မအောင့်အည်းနိုင်တော့သည့်အဆုံး တစ်ယောက်က. . .

"ကျွန်တော် အိမ်သာခဏသွားချင်ပါတယ်" ဟု ခွင့်တောင်းရာ. . .

"ငါ့ကို ကလေးထိန်းထင်နေသလား"

အဘိုးကြီး သက်ပြင်းချပြီး ဝင်ပြောမိသည်။

"ငါတို့ နောက်တစ်နေ့ မနက်အထိ ဒီလိုနေ နေရမှာလားကွာ"

"နေထွက်တာ ခင်ဗျားတို့မြင်ရရင် ကံကောင်းပဲ"

ဆက်ငြင်းနေ၍မည်သည့်အကျိုးမှရလာမည့်ပုံမပေါ်။ ဒီလူ ရူးနေသည်လား ပြစ်မှုနှင့် ရှောင်တိမ်းနေသည်လား။ နှစ်မျိုးလုံးပဲလား။ သူ့နောက်ကွယ်က ဇာတ်လမ်းကဘာလဲ။ ဘာဇာတ်လမ်းမျှမရှိသည်လည်း ဖြစ်နိုင်သည်။ လူအင်အားတွင် သူတို့က များသော်လည်း ဖြစ်နေသည့်အနေအထားက သူတို့အားလုံးမှာ သူ့အကျဉ်းသား၊ လူဆိုးက သန်မာသည်။ သူတို့တွင် အင်အားမရှိ။ စိတ်ဓာတ်ပြတ်သားရဲဝံ့မှုမရှိ။ လူစိမ်းကို ခုခံဆန့်ကျင်ဖို့ နည်းလမ်းမရှိတော့သလို ဖြစ်နေ၏။

မျက်လုံးချင်း စကားပြောကြပြန်သည်။ ကြောက်ရွံ့သည့်အရိပ်အယောင်များ အထင်းသား။ ကျိတ်ပြီး တိုးတိုးတိတ်တိတ်တိုင်ပင်ကြသည်။ သူစိမ်းပြင်ပြင်ကောင်ကြီး မသိစေရ မကြားစေရ။

"သိပ်ဆိုးတဲ့အဖြစ်ပဲ"

"သိက္ခာအင်မတန်ကျတာပေါ့"

"ရှက်စရာကောင်းပဲ့ကွာ"

ဖျတ်ခနဲ တစ်ချက်ကြည့်မိသည်။ အပြုံးတစ်ခုမြင်လိုက်ရသလိုရှိ၏။ အမှန်ပင် ပြုံးမိသွားသည်။

"ဘာလို့မဖြစ်နိုင်ရမလဲကွ။ ကြုံနေရတာက ရယ်စရာကြီး"

"ဟင်. . . ဘယ်လိုပြောလိုက်တယ်။ ရယ်စရာ"

"ခုကိစ္စကို အတိတ်တုန်းကလို့ သဘောထားလိုက်ရင် အူတက်အောင်ရယ်ဖို့ကောင်းတယ်"

"ဟုတ်မှလည်း လုပ်ပါကွာ"

"ငါတော့ ရယ်ချင်လွန်းလို့ သေတော့မယ်"

"ဟေ့ သိတယ်မို့လား။ ငါတို့ အိမ်ပြန်ချိန်က အဝေးကြီးမှာ လူရွယ်က လေသံလေးနှင့် ပြောလိုက်သည်"

"ဒါပေမဲ့ တို့တစ်တွေ ကဲကြတာက ဒီပုံစံမျိုး မဟုတ်ဘူး"

"ဒါတော့ ဘာမှမဟုတ်ဘဲနဲ့ ပျော်နေတာကို ရပ်ပစ်ကြတာကိုး"

"ဘာမှမဟုတ်ဘဲ ရယ်တယ်။ ဟုတ်လား"

"ငါက ဒီလိုဆိုလိုတာကွ။ ခုချိန်ကနေပြီး ပျော်ပွဲပြန်စရအောင်"

"ခုမှတော့ ဘယ်လိုထပြီးပျော်ကြမလဲ"

"ဟေ့ တံခါးပိတ်ထားတာကို မေ့ထားလိုက်။ ပြန်ပျော်ရင် ဘယ်လိုနေမလဲ စမ်းကြည့်"

မည်သူမျှ ဤစိတ်ကူးကို မကြိုဆို။ မည်သူမျှလည်း မကန့်ကွက်။ သို့နှင့် သူရာရည်ထည့်ထားသည့်ခွက်များ ရောက်လာသည်။ လူစိမ်းကို ရှေ့ထား၍ မသိချင်ယောင်ဆောင် သောက်စားနေကြပြန်သည်။ သောက်ပွဲကြီးကျင်းပနေသဖြင့် သူတို့တစ်တွေ ရီဝေမူးနောက်လာကြသည်။ လူတိုင်း၌ရှိနေသည့် ပူပင်သောကများလည်း ပျောက်ကွယ်သွားကြပြီ။ ရယ်သံမောသံများဖြင့် တအုန်းအုန်းထနေကြသည်။ စားပွဲပေါ်တက်ပြီး ကသူများလည်းရှိသည်။ တစ်ယောက်နှင့်တစ်ယောက် ပြက်လုံးထုတ်နေကြသည်မှာ မပြီးနိုင် မဆုံးနိုင်။ သီချင်းတစ်ပုဒ် တစ်ပုဒ်ကို အထပ်ထပ်ပြန်ဆိုနေကြသည်ကလည်း မမောနိုင် မပန်းနိုင်ရှိလှသည်။

တံခါးပေါက်ပိတ်နေသည်ကိုမူ သူတို့အားလုံး မေ့ထားကြသည်။ ကြောင်နက်ကြီးလည်း နိုးလာပြီ။ စားပွဲခုံတွေကြား ခြေထောက်တွေကြား ပွတ်သပ် တိုးဝှေ့သွားလာနေပြန်သည်။ သူတို့တစ်တွေ အလဲအကွဲသောက်ပြီး အပျော်ကြီး ပျော်နေကြပုံမှာ နောက်ဆုံးအခွင့်အရေးဖြစ်၍ စက္ကန့်တိုင်းကို အရသာခံပြီး ပျော်နေကြလေသလားဟုပင် ထင်ရသည်။

အံ့ဩကုန်နိုင်ဖွယ်တော့ ဖြစ်ခဲ့ပြီ။ မျက်မှောက်အခြေအနေကို သူတို့သတိမမူမိကြတော့ပေ။ မေ့လျော့ပျော်ပါးနေခြင်းက ပေါ်လွင်ထင်ရှားလှသည်။ အမှတ်သညာတွေလည်း လျော့ပါးကျဆင်းလာနေပြီ။ အစွမ်းထက်လှသည့် အရက်ပါလား

"ဟေ့ ငါတို့ ဘယ်ရောက်နေပြီလဲကွ"

"ငါတို့ ဘယ်လိုကောင်တွေဆိုတာပြောရင် ခု ငါတို့ ဘယ်ရောက်နေတယ်ဆိုတာ မင်းကို ငါပြောပြမယ်"

"သီချင်းတွေ ဆိုခဲ့ကြတယ်လေ"

"ငါ ထင်တာက ငိုကြတာလားလို့"

"ဇာတ်လမ်းတစ်ခုလေ ဘာအကြောင်းပါလိမ့်"

"ဒီကြောင်ကြီးကကောက္ကာ အကောင်လိုက်ကြီး တွေ့နေရတာပဲ မဟုတ်လား ဘာမှမယုံစရာမရှိဘူး"

"ဒီကောင်ကြီးက တို့ကို အမှန်အတိုင်းမြင်စေမှာပေါ့ကွ"

"ဟုတ်ပြီဟေ့။ တို့အမှန်ဘက်ကို နီးလာပြီ"

"တို့ဘိုးဘေးဘီဘင်တွေရဲ့ ခေတ်တုန်းက ဒီကြောင်ကြီးက နတ်တစ်ပါးဖြစ်ခဲ့ဘူးတယ်"

"သူက တစ်နေ့မှာ ထောင်တံခါးအဝမှာ သွားစံပယ်ပြီး ဇာတ်ကြောင်းပြန်ပြောခဲ့တာကွ"

"ဒါဖြင့် အဲဒီဇာတ်လမ်းက ဘာတဲ့လဲ"

"ဟိုကာလတုန်းက ဒေဝတာ၊ ခုတော့ ကြောင်နက်ကြီးပေါ့ဗျာ"

"ဇာတ်လမ်းက ဘယ်လိုတဲ့လဲဟင်"

"ကြောင်က ဘယ်လိုလုပ်ပြီး စကားပြောတတ်ရမှာလဲ"

"ဇာတ်လမ်းဆိုတာကြီးကို ဒီကောင်ကြီးကြောင့် တို့တွေ ကြားသိခဲ့ရတာ မဟုတ်လား"

"ဒါပေါ့ကွာ ငါတို့တစ်တွေ ဆိုကောင်း ဝိုကောင်းနဲ့ အချိန်ဖြုန်းနေခဲ့တာကိုးကွ"

အပဲ့အစလေးတွေကို စုစည်းပြီး အမှန်တရားကို လက်ဆုပ်လက်ကိုင်ရဖို့ လမ်းစပေါ်လာပါပြီ။

စားပွဲထိုး အဘိုးကြီးက တစ်စုံတစ်ယောက်ကို ဆူပူ ကြိမ်းမောင်းသံ ကျယ်ကျယ်လောင်လောင် ထွက်လာ၏။

"ဟေ့ကောင် ခွေးမသား ထစမ်း။ မင်းခေါင်းကို ငါ ရိုက်ခွဲမိတော့မယ်"

လူထွားကြီး ခေါင်းငိုက်စိုက်ကျနေသည်။ စိတ်ပျက်အားလျော့ပုံဖြင့် ဘလာသည်။ အရက်ဖန်ခွက်များကို သိမ်း၊ စားပွဲခုံတွေကို သုတ်၊ ကြမ်းပေါ်က အမှုက်များကိုရှင်းနှင့် အလုပ်များနေသည်။ မျက်ရည်များ တတွေတွေကျနေသည်။ ာမ်းနည်းကျေကွဲလွန်း၍ မည်သူနှင့်မျှ စကားမပြောဘဲ စိတ်ကို အလုပ်ထဲ ့ုတ်နှစ်ထားပုံပေါ်နေသည်။ တစ်ယောက်က မေးသည်။

"မင်းပြောတဲ့ ဝတ္ထုဇာတ်ကြောင်းဆို ဘာလဲကွ"

သူကတော့ လှည့်၍ပင် ကြည့်ဖော်မရ။ အဖြေထွက်မလာဘဲ အလုပ်ကို ာ ကျုံးရုန်းလုပ်နေသည်။ မျက်ရည်များကား မစဲတော့ပေ။ လူရွယ်က. . .

"ဒီလူ့ကို ဘယ်မှာ မြင်ဖူးခဲ့တာပါလိမ့်"

ဟု သူ့ကိုယ်သူ ပြန်မေးနေမိသည်။

အရောင်ရင့်ရင့် အဆင်အပြင် နက်ကြုတ်ကြုတ်ဆွယ်တာ၊ ခဲသားရင့်ရင့် ဘောင်းဘီ အညိုရောင်၊ ဖိနပ် ဝတ်ဆင်ထားသည့် ထိုသူသည်စကြံလမ်းဘက်သို့ ရှေးရှုထွက်ခွာသွားလေတော့သည်။ လူရွယ်ကမူ "ငါ ဒီလူ့ကို ဘယ်တုန်းက ဘယ်မှာ မြင်ဖူးခဲ့တာပါလိမ့်"ဟု မေးနေ တွေးနေဆဲပင်။

**(The Tavern of The Black Cat ကို ပြန်ဆိုသည်။)**

**စံပယ်ဖြူ**
**၂၀၀၈၊ မတ်**



**RUDYARD KIPLING ( 1865-1936)**

ရုဒ်ယာဒ် ကစ်ပလင်ကို ၁၈၆၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့၌ ဖွားမြင်သည်။

အိန္ဒိယနိုင်ငံတွင် သတင်းစာဆရာ အလုပ်ဖြင့် အသက်မွေးခဲ့သည်။

၁၉၀၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ စာပေဆိုင်ရာ ပထမဆုံးနှင့် အသက်အငယ်ဆုံးအဖြစ် နိုဗယ်ဆုကို ရရှိခဲ့သည်။ နိုဗယ်ဆု ရရှိစဉ်က သူ့အသက်မှာ ၄၂ နှစ်သာရှိသေးသည်။ Jungle Book စာအုပ်ဖြင့် နိုဗယ်ဆု ရရှိသည်။

သူသည် မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းယူပြီးသည့် ခေတ်ဦးပိုင်းက မြန်မာနိုင်ငံသို့ သတင်းစာဆရာ တစ်ယောက် အနေနှင့် အလည်အပတ်သဘော ရောက်ရှိခဲ့ဖူးသည်။

ကစ်ပလင်သည် ၁၉၃၆ ခုနှစ်တွင် ကွယ်လွန်သည်။

# ချစ်မြားရှင်

**ထင်လင်း**

တစ်ရံရောအခါက ဆင်းမလားမြို့တွင် ဆင်းရဲသော်လည်း ရိုးသားသည့် ခရိုင်စက်ရှင် တရားသူကြီးတစ်ဦး၏သမီး၊ အလွန်လှပသည့် မိန်းကလေးတစ်ယောက် ရှိသည်။ ထိုမိန်းကလေးသည် လိမ္မာသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သို့သော် သူသည် သူ၏အစွမ်းသတ္တိကို သိလည်းသိ အသုံးလည်းပြုသူဖြစ်သည်။ သူ၏မိခင်သည် မိခင်ကောင်းတို့၏ဓမ္မတာ သမီးကလေး၏နောင်ရေးကို တွေးတောကာ အလွန်ပူပန်ရှာလေသည်။

ယောက်ျားတစ်ယောက်သည် လူပျိုလည်းလူပျို ကော်မရှင်နာခေါ် အစိုးရဝန်ထမ်း အကြီးတန်းလည်းဖြစ်လျက် သူ၏ဝတ်စုံတွင် အဆန်းတကြယ် ရတနာခြယ်သည့် ရွှေတံဆိပ် ကြေးတံဆိပ်များ တပ်ဆင်ခွင့်ရပြီး ဘုရင်ခံမင်းကြီး ဝန်ရှင်တော်မင်းကြီးနှင့် မင်းတိုင်ပင် အမတ်ကြီးများမှလွဲလျှင် မည်သည့်တံခါးကိုမဆို ရှေ့ဆုံးက ဝင်ခွင့်ရှိသူဆိုပါက ထိုသူသည် လက်ထပ်ယူထိုက်သောသူဖြစ်ပါပေ၏။ ဤကား ယုတ်စွအဆုံး မိန်းမများပြောဆိုကြသော စကားဖြစ်သည်။ ထိုအချိန်အခါက ဆင်းမလားမြို့တွင် ယခု ကျွန်ုပ်ပြောခဲ့သည့် တံဆိပ်များ တပ်ဆင်ခွင့်ရပြီး အခြားအရာများအားလုံး လုပ်ခွင့်ရှိသော အစိုးရဝန်ထမ်း အကြီးတန်းတစ်ယောက်ရှိခဲ့၏။ သူသည် ရိုးရိုးလူတစ်ယောက်ဖြစ်ပြီး အလွန်ရုပ်ဆိုးသူဖြစ်သည်။ အာရှတိုက်တွင် ခြင်းချက်နှစ်ခုမှလွဲ၍ သူသည် အရုပ်အဆိုးဆုံးလူဖြစ်သည်။ သူ့မျက်နှာမှာ စိတ်ကူးယဉ်ပန်းပုဆရာတို့ နောင်အခါ ဘီလူးခေါင်းရုပ် ထုချင်စရာဖြစ်သည်။ သူ၏ အမည်မှာ ဆက်ဂေါ့ဖြစ်သည်။ ဘားဆက်ဂေါ့။ အပြည့်အစုံဆိုလျှင် အန်ထော်နီ ဘားဆက်ဂေါ့ဖြစ်ပြီး နာမည်နောက်က အက္ခရာခြောက်လုံးလိုက်သည်။ ဌာနဆိုင်ရာတွင်မူ သူသည် အိန္ဒိယနိုင်ငံအစိုးရ ပိုင်ဆိုင်သမျှတွင် အကောင်းဆုံးလူဖြစ်ပြီး လူ

အဖွဲ့အစည်းတွင်မူ သူသည် ယဉ်ကျေးဖွယ်ရာ ပြောဆိုတတ်သော မျောက်ဝံကြီး တစ်ကောင်နှင့်သာ တူလေသည်။

သူက မစ္စဗိုက်တန်အား အာရုံစိုက်လာသောအခါ မစ္စစ်ဗိုက်တန်မှာ အသက်အရွယ်ကြီးလာချိန်မှာ ဘုရားသခင် စောင်မတော်မူသည်။ ဆုတော်လာဘ်တော်ကြီး ရရှိသည်ဟု ဝမ်းသာလွန်း၍ မျက်ရည်များတောင်လည်ရှာလေသည်။

မစ္စတာဗိုက်တန်ကတော့ နှုတ်ပိတ်ရေငုံနေ၏။ သူသည် အေးအေးဆေးဆေးနေတတ်သူဖြစ်သည်။

အစိုးရဝန်ထမ်း အကြီးတန်းကော်မစ်ရှင်နာတစ်ယောက်ဆိုလျှင် အလွန်ချမ်းသာကြွယ်ဝသူဖြစ်သည်။ သူ၏လစာငွေမှာ မနာလိုသူတို့ အိပ်မက်ပင် မမက်နိုင်လောက်အောင် များသည်။ မည်မျှများသည်ဆိုသော် သူသည် စုစုဆောင်းဆောင်းလုပ်လျှင် မင်းတိုင်ပင် အမတ်ကြီးတစ်ယောက်ထက် သာလွန်ရန်အခြေရှိသူဖြစ်သည်။ အများစုဖြစ်သော ထိုကော်မရှင်နာတို့သည် ကပ်စေးနည်း ကော်တရာများဖြစ်ကြ၏။ သို့သော် ဘားဆက်ဂေါ့ကား ထိုအုပ်စုဝင် မဟုတ်ချေ။ သူသည် မင်းခမ်း မင်းနားနှင့် ညှော်ခံပွဲများလုပ်သည်။ ကောင်းကောင်းနေသည်။ ကပွဲများခံသည်။ သူသည် ဤနိုင်ငံတွင် တန်ခိုးရှိသူဖြစ်၍ တန်ခိုးရှိသူပီပီ ပြုမူနေထိုင်သည်။

ကျွန်ုပ် ယူရေးပြနေသည်တို့မှာ ဗြိတိသျှပိုင် အိန္ဒိယနိုင်ငံ၏ သမိုင်းမတင်မီ နီးပါးခေတ်ဆီက ဖြစ်ပျက်ခဲ့သည်တို့တည်း။ မြက်ခင်းပြင် တင်းနစ်ဘောလုံးရိုက်ပွဲများ မပေါ်မီနှစ်များက ကျွန်ုပ်တို့အားလုံး 'ကရိုကက်'ခေါ် မြက်ခင်းပြင်၌ သစ်သားလုံးကလေးကို အရိုးရှည်တင်းပုတ်ကလေးဖြင့် ရိုက်လိုမ့်၍ ကစားခဲ့ကြရသည်ကို အချို့လူများ မှတ်မိကြပါလိမ့်မည်။

ထိုခေတ်မတိုင်မီ ကာလများက 'ကရိုကက်'ကိုပင် မတီထွင်မီအချိန်များက ကျွန်ုပ် ပြောလျှင် ယုံပါ။ အင်္ဂလိပ်ပြည်၌ ၁၈၄၄ ခုနှစ်ဆီက ပြန်လည်ဆန်းသစ်လာသော လေးမြားပစ်အတတ်သည် ယခု ကျွန်ုပ်တို့ခေတ်တွင် မြက်ခင်းပြင်တင်းနစ်ကဲ့သို့ပင် ရောဂါကြီးတစ်မျိုး ဖြစ်ခဲ့ပေသည်။ လူအများကလည်း ကျွန်ုပ်တို့ ယခု တင်းနစ်နှင့် ပတ်သက်၍ 'ရယ်လီ'၊ 'ဗော်လီ'၊ 'စမက်'၊ 'ရီတန်း'၊ '၁၆ အောင်စ ရက်ကာ' စသည့် ဝေါဟာရတို့ကို လူအများ ပညာသားပါပါ ပြောလေ့ရှိသလို လေးမြားပစ်အတတ်နှင့် ပတ်သက်၍ 'ဟိုလဒင်း'၊ 'လုဇင်း'၊ 'စတီးလ်'၊ 'ရီဖလက်ဘိုး'၊ '၅၆ ပေါင်ဘိုး'၊ 'ဗက်' သို့မဟုတ် ဆဲ့ဖ်ယူး' စသည့်ဝေါဟာရများကိုလည်း ပညာရှင်လေဖြင့် ပြောဆိုလေ့ရှိကြသည်။

မစ္စဗိုက်တန်သည် အမျိုးသမီးများအဖို့ သတ်မှတ်သော ကိုက် ၆၀ အကွာမှ

ပစ်ရသော စက်ကွင်းကို ပစ်ရာတွင် လှလှပပ ပစ်နိုင်သောကြောင့် ဆင်းမလားမြို့တွင် အကောင်းဆုံးအမျိုးသမီး 'လေးမြားပစ်သမား'ဟု အသိအမှတ်ပြု ခြင်းခံထားရသူဖြစ်သည်။ ယောက်ျားများကတော့ သူ့အား 'တာရာဒေဝီ ဒိုင်ယာနာ' ဟုပင် ခေါ်ဆိုခဲ့ကြသည်။

ဘားဆက်ဂေါ့ကလည်း သူ့အား အထူးအရေးစိုက်သည်။ ကျွန်ုပ်အထက်၌ ဆိုခဲ့သည့်အတိုင်း သူ့အမေကြီးမှာ ဘဝင်ခိုက်လျက် အကြိုက်တွေ့နေလေတော့သည်။ ကစ်တီဗိုက်တန်ကတော့ ခပ်အေးအေးပင်။ သူ့နာမည်နောက်က စာလုံးတွေ တစ်တန်းကြီးနှင့် အထက်တန်းအစိုးရ အရာရှိကြီးတစ်ဦးက ရွေးချယ်ခံရခြင်းမှာ သဘောကျနှစ်ခြိုက်စရာဖြစ်ပြီး အခြားသောမိန်းကလေးများ၏ နှလုံးသား၌လည်း မနာလိုစိတ်များဖြင့် ပြည့်စေသည်။ သို့ရာတွင် ဘားဆက်ဂေါ့မှာ ထူးထူးခြားခြားပင် အရုပ်ဆိုးသူဖြစ်သည်ကိုတော့ မည်သူမျှ မငြင်းနိုင်။ သူ့ကိုယ်သူ တန်ဆာဆင်ရန် အားထုတ်လေသမျှမှာလည်း သူ့ကိုယ်သူ ပို၍အကျည်းတန်အောင် လုပ်သကဲ့သို့ဖြစ်သည်။

သူ့အား "မျောက်ညိုကြီး"ဟု ကင်ပွန်းတပ်လိုက်ခြင်းမှာ အလကားသက်သက်မဟုတ်။ ကစ်တီကမူ သူ၏ခြေရင်း၌ ဘားဆက်ဂေါ့ ဝပ်စင်းရောက်ရှိလာသည်ကို သာယာသော်လည်း သူ့ထံမှ ထွက်ပြေးကာ ဘာအရှိန်အဝါမျှ မရှိရှာသော အမ်ဗာလာမြင်းတပ်မှ ရုပ်ချောသော်လည်း အလကားဘာမျှမရှိသူ ကပ်ဗွန်းနှင့် မြင်းစီးထွက်ရသည်က ပိုကောင်းသည်ဟု ထင်လေသည်။ ကစ်တီက ကပ်ဗွန်းအား သာမန်ထက်ပို၍ ကြိုက်သည်။ ကပ်ဗွန်းသည် ရိုးသားသော လူငယ်ကလေးတစ်ယောက်ဖြစ်သည့်အတွက် ကစ်တီအား သူ အရူးအမူး ချစ်ပါသည်ဆိုသည်ကို မည်သည့်အခါမျှ လျှော့လျှော့ပေါ့ပေါ့ ဟန်ဆောင်မှု မရှိဘဲပြသည်။

ထို့ကြောင့် ကစ်တီသည် မကြာခဏဆိုသလိုပင် ဘားဆက်ဂေါ့၏ မင်းစိုးဟန်ပန်ဖြင့် ပိုးပန်းမှုကို ရှောင်လွှဲကာ ကပ်ဗွန်းငယ်နှင့် တွေ့သည်ကို သူ့အမေက ဆူပူမာန်မဲလေသည်။ သူက "ဒါပေမဲ့ မေမေရယ်၊ မစ္စတာဆက်ဂေါ့က သိပ် သိပ်ကို ကြောက်စရာကောင်းအောင် အရုပ်ဆိုးတာ မေမေရဲ့၊ သိရဲ့လား"ဟု ပြန်ပြောလေ့ရှိ၏။

မစ္စက်ဗိုက်တန်က "သမီးရယ်၊ မေမေတို့မှာ တန်ခိုးတော်ရှင် ဖန်ဆင်းတဲ့အတိုင်းကလွဲလို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွယ်၊ ပြီးတော့လည်း သမီးရယ်. . . သမီး အမေထက်တောင် အခြေအနေကောင်းရမှာဆိုတာ သမီး သိတယ် မဟုတ်လား။ ဒါကို စဉ်းစားပြီး လိမ္မာပါ သမီးရယ်" ဟု တရားပြ၍ နားချသည်။

ထိုအခါ ကစ်တီက မျက်နှာကလေးကို ခပ်မော့မော့ထားကာ အခြေအနေ သာတာတို့၊ ကော်မစ်ရှင်နာတို့ အိမ်ထောင်ရေးတို့နှင့် ပတ်သက်၍ မလေးမစား စကားများကို ပြောလေသည်။ မစ္စတာဗိုက်တန်ကတော့ သူ့ခေါင်းကို သူပွတ်၍သာ နေသည်။ သူကတော့ လူအေး မဟုတ်လား။

အချိန်တန်ပြီဟု ဘားဆက်ဂေါ့က ဆုံးဖြတ်သော ရာသီနှောင်းပိုင်းတစ်ချိန် တွင် သူ၏ အုပ်ချုပ်စီမံမှု တန်ခိုးအာဏာများကို တိုးတက်စေမည့် အစီအမံတစ်ခုကို သူ ဖန်တီးလေသည်။ ထိုအစီအမံကား အမျိုးသမီးများအတွက် လေးမြားပစ် ဗိုလ်လု ပွဲကြီးတစ်ရပ် ကျင်းပရန်ဖြစ်ပြီး တံခွန်ဆိုက်ဆုကား အလွန်တန်ဖိုးကြီးလှသည့် စိန်စီ လက်ကောက်တစ်ခုဖြစ်၏။ သူသည် ပြိုင်ပွဲစည်းကမ်းများကို ကျင်လည်ပါးနပ်စွာ ရေးဆွဲထားလေရာ ဤစိန်လက်ကောက်ကြီးကား မစ္စဗိုက်တန်အားပေးရန် လက်ဆောင်ဖြစ်သည်ဟု လူတိုင်းက သိရှိနားလည်ထားကြသည်။ ထိုလက်ကောက် ကြီးကို ရရှိလက်ခံလိုက်သည်နှင့် ကော်မစ်ရှင်နာမင်းကြီး ဘားဆက်ဂေါ့၏ မေတ္တာ သစ္စာများပါ တစ်ပါတည်း ပါလာမည်ကိုလည်း သိရှိကြသည်။

စည်းကမ်းသတ်မှတ်ချက်များမှာ ကိုက် ၆၀အကွာမှ ၃၆ ချက် ပစ်ရမည့် စိန့်လဲနစ် ပွဲစဉ်စနစ်ဖြစ်ပြီး ဆင်းမလားလေးမြားအသင်းကြီး၏ နည်းဥပဒေများ အတိုင်းဖြစ်သည်။

ဆင်းမလားတစ်မြို့လုံးကို ဖိတ်ခေါ်သည်။ ယခုအခါ အထူးပွဲကြည့်စင် ဆောက်လုပ်ထားသည့် အနန္ဒေးရှိ ဟိမဝန္တာထင်းရှူးပင်ကလေးများ၏ အောက်တွင် လက်ဖက်ရည်စားပွဲများ အစီအရီ လှပစွာ ခင်းကျင်းထားသည်။ နေခြည်ထဲတွင် အရောင်တလက်လက်နှင့် စိန်လက်ကောက်ကြီးကလည်း ကတ္တီပါအပြာဘူးထဲ၌ ထည့်လျက် သူ့ကျက်သရေနှင့်သူ ရှိလေသည်။ မစ္စဗိုက်တန်သည် ပြိုင်ပွဲဝင်ရန် စိတ်စောလျက်ရှိသည်။ အလွန်တရာပင် စိတ်စောလျက်ရှိသည်ဟုပင် ဆိုရတော့မ လိုရှိ၏။ ချိန်းဆိုဖိတ်ခေါ်ထားသည့် ညနေတွင် ဆင်းမလားတစ်မြို့လုံးသည် သစ္စာ မေတ္တာ ကျွမ်းထိုးမှောက်ခုံ ရွေးချယ်ပွဲကြီးကို ကြည့်ရှုရန် အနန္ဒေးသို့ ဆင်းလာကြ သည်။ ကစ်တီသည် ကပ်ဗွန်းငယ်နှင့်အတူ မြင်းစီးလျက်လာသည်။ ကပ်ပွန်း၌ စိတ် မငြိမ်မသက်ဖြစ်နေသည်မှာ သိသာမြင်သာပါသည်။

ထို့နောက် ဖြစ်လာသမျှအားလုံးအတွက်တော့ သူ့မှာ အပြစ်ကင်းစင်သည် ဟု ယူဆရပါမည်။ ကစ်တီမှာလည်း မျက်နှာဖြူဖတ် ဖြူရော်ဖြစ်ကာ စိတ်လှုပ်ရှား လျက်ရှိပြီး စိန်လက်ကောက်ကြီးဆီသို့ တငေးတမော ကြည့်၍ နေလေသည်။ ဘားဆက်ဂေါ့မှာလည်း တောက်ပပြောင်လက်သော အဝတ်အစားများကိုဆင်လျက်

ခါတိုင်းထက်ပို၍ အကျည်းတန်ကာ ကတ်တီထက်ပင် စိတ်လှုပ်ရှားလျက်ရှိလေ၏။

မစ္စစ်ဗိုက်တန်ကမူ မင်းကြီးကတော်လောင်း၏ မိခင်နှင့် လိုက်လျောညီအောင် သဘောကောင်းစွာ ပြုံးလျက်ရှိ၏။ သို့နှင့် မြားပစ်ပွဲကြီး စလေသည်။ အမျိုးသမီးများ တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြစဉ်တွင် ပရိသတ်အားလုံးက မြားပစ်သူများအား လခြမ်းသဏ္ဍာန် စိုက်ကာရပ်လျက် ရှိကြသည်။

မြားပစ်ပြိုင်ပွဲလောက် ငြီးငွေ့စရာကောင်းသည့်အရာ မရှိတော့ချေ။ တစ်ယောက်ဝင်လာလိုက် ပစ်လိုက်၊ ပစ်ပြီးထပ်ပစ်လိုက်၊ အဆက်မပြတ် ပစ်နေလိုက်ကြသည်မှာ ချိုင့်ဝှမ်းထဲမှ နေလုံးကြီးကွယ်ပျောက်သွားကာ ဟိမဝန္တာထင်းရှူးပင်ကလေးများသို့ လေပြည်ကလေးများ တိုက်ခတ်စပြုသည်အထိဖြစ်ပြီး ပရိသတ်ကမူ မစ္စဗိုက်တန် ပစ်ခတ်အနိုင်ယူမည့်အလှည့်ကို စောင့်မျှော်လျက်ရှိလေသည်။ ကပ်ဗွန်းသည် မြားပစ်သူများကို ဝိုက်ထားသည်။ လခြမ်းတစ်ဖက်အစွန်တွင်ရှိ၍ ဘားဆက်ဂေါ့သည် အခြားတစ်ဖက်အစွန်တွင်ရှိလေသည်။ ယှဉ်ပြိုင်သူစာရင်းတွင် မစ္စဗိုက်တန်သည် နောက်ဆုံးဖြစ်သည်။ ထိုနေ့က ယှဉ်ပြိုင်သွားကြသူများ အမှတ်သိပ်မရကြ စိန်လက်ကောက်ဝတ်ကြီးနှင့် ကော်မရှင်နာဘားဆက်ဂေါ့ကိုပါ သူ ရမည်မှာ သေချာနေ၏။

ကော်မရှင်နာမင်းကြီးက မစ္စဗိုက်တန်အတွက် လေးညှို့ကို သူ့လက်တော်နှင့် သူ ကိုယ်တော်တိုင် တင်ပေးသည်။ မစ္စဗိုက်တန်သည် ရှေ့သို့ထွက်လာကာ စိန်လက်ကောက်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သူ၏ ပထမမြားတစ်ချက်သည် 'ရွှေ' အမှတ်အသားကို တစ်ဆံခြည်မတိမ်းထိကာ ကိုးမှတ်ရလေသည်။

လက်ဝဘက်အစွယ်မှ ကပ်ဗွန်း၏မျက်နှာမှာ သွေးမရှိတော့။ ဘားဆက်ဂေါ့ကတော့ မကောင်းဆိုးဝါးလှုံ့ဆော်သည့် အပြုံးပန်းပွင့်လာ၏။ ထိုအပြုံးကို ကစ်တီမြင်လိုက်ပါသည်။ ထို့နောက် သူ၏လက်ဝဲဘက် ရှေ့စွန်းသို့ကြည့်ကာ ကပ်ဗွန်အားမသိမသာခေါင်းတစ်ချက်ညိတ်၍ ပြလိုက်၏။ ထို့နောက် ဆက်လက်၍ ပစ်လေသည်။

ထိုမှ နောက်မြင်ကွင်းကို ကျွန်ုပ်ပုံပေါ်အောင် ပြောပြတတ်စရာမရှိ။ ဖြစ်ရိုးဖြစ်စဉ်အတိုင်းမဟုတ်ဘဲ မတော်တရော်ဖြစ်ကုန်၏။ မစ္စကစ်တီသည် သူ ဘာလုပ်နေသည်ကို လူအများမြင်သာအောင်နှင့် သူ၏မြားကို လေးတွင် ဟန်နှင့်ပန်နှင့် ကျကျနန တပ်လိုက်သည်။ သူသည် လေးမြားကို ကောင်းစွာပစ်တတ်ပါသည်။

သူ ကိုင်ထားသည့် ၄၆ ပေါင်လေးကိုင်းမှာ သူနှင့် အလွန်တရာ အဆင်ပြေသည်။ သူသည် အသေအချာချိန်၍ လေးကြိုးမ်တိတိ ဆက်တိုက် စက်ခွက်

ခြေထောက်များကို ပစ်လိုက်သည်။ စက်ခွက်ထိပ်က သစ်သားကိုလည်း တစ်ကြိမ်ပစ်လိုက်ရာ အမျိုးသမီးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်ကြသည်။ ထို့နောက် သူသည် တစ်ကြိမ်ထိလျှင် တစ်မှတ်သာရသော အဖြူဝိုင်းကို ဆက်တိုက်အလှပစ်၍ပြရာ အဖြူစက်ဝိုင်း၌ ငါးချက်တိတိစိုက်သည်။ အဲ့ဖွယ်လေးများအတတ်ပေတည်း။

သို့ရာတွင်သူ့ကိစ္စက အလယ်က ရွှေစက်ဝန်းကို ထိအောင်ပစ်ပြီး စိန်လက်ကောက်ဆုကို ရအောင်ယူရန်ဖြစ်လေရာ ဘားဆက်ဂေါ့မှာ ရေထဲက မြက်နုရောင်ကဲ့သို့ စိမ်းဖန့်ဖန့်ဖြစ်သွားသည်။ ထို့နောက်တွင် ကစ်တီသည် စက်ခွက်အပေါ်က ကျော်၍ နှစ်ချက်ပစ်ပြီး လက်ဝဲဘက်သို့ နှစ်ချက်လွဲ၍ ပစ်လိုက်သည်။ ပစ်တိုင်းလည်း ရှေးနည်းအတိုင်း တမင်တကာပစ်ခြင်းဖြစ်ရာ ပရိသတ်များ မီးကို ရေနှင့်သတ်လိုက်သလို ငြိမ်သက်တိတ်ဆိတ်သွားပြီး မစ္စက်ဗိုက်တန်လည်း သူ၏လက်ကိုင်ပဝါကို ထုတ်ယူလိုက်သည်။

ထို့နောက် ကစ်တီသည် စက်ခွက်ရှေ့က မြေကြီးကို စိုက်အောင်ဆက်တိုက်ပစ်ကာ ရှေ့မြားအချို့ကို နောက်မြားက ခွဲအောင်လည်း ပစ်သည်။

ထို့နောက် သူသည် အနီတစ်ချက်ထိအောင် ပစ်သဖြင့် ခုနှစ်မှတ်ရ၏။ သူ ပစ်ချင်လျှင် ပစ်လို့ရသည်ဆိုသည်ကို ပြရုံသာ ပစ်ပြခြင်းဖြစ်ပြီး နောက် သူ၏ အံ့ဩဖွယ် လေးများအတတ်ကို စက်ခွက်ထောက်တိုင်များဆီသို့ အလှပစ်၍ ပစ်၍ပြရင်း အဆုံးသတ်လိုက်သည်။ မြားများ နုတ်၍ အမှတ်စာရင်းချုပ်ချိန်တွင် ကစ်တီရသည့်အမှတ်တို့မှာ အောက်ပါအတိုင်းဖြစ်၏။

| ရွှေ | အနီ | အပြာ | အနက် | အဖြူ |
|---|---|---|---|---|
| ၁ | ၁ | ၀ | ၀ | ၅ |

| ထိချက်ပေါင်း | အမှတ်ပေါင်း |
|---|---|
| ၇ | ၂၁ |

ဘားဆက်ဂေါ့သည် နောက်ဆုံးပစ်လိုက်သည့်မြားများ စက်ခွက ခြေထောက်အစား သူ့ခြေထောက်များတွင် ထိမှန်စူးဝင်ခံရသည့်အသွင်ကို ဆောင်လျက်ရှိပြီး အားလုံး တိတ်ဆိတ်လျက်ရှိသည်။ ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်သည်မှာကား နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက် ကျောက်ပေါက်မာဗရဗျစ်နှင့် ပုကွကွ မိန်းကလေးတစ်ယောက်က "ဒီလိုဆို ကျွန်မ နိုင်တာပေါ့"ဟု အောင်မြင်စွာ စူးစူးရှရှ အော်လိုက်သည့်အသံတည်း။

မစ္စက်ဗိုက်တန်လည်း အစွမ်းကုန်ကြိုးစား၍ ဟန်လုပ်ထားပါသော်လည်း

လူရှေ့သူရှေ့တွင် ငိုမိလေသည်။ ဤမျှအလိုမကျ ဖြစ်ရသည်ကိုတော့ သူ့ဆရာသမား မိဘမောင်ဘွား အဆုံးအမ မည်မျှပင် ကောင်းခဲ့ကောင်းခဲ့ သူ့အား မနှစ်သိမ့်နိုင်တော့။ ကစ်တီသည် သူ၏လေးညှို့ကို ဒေါနှင့်မာန်နှင့် ဖြုတ်လိုက်ပြီး သူ့နေရာသို့ သူ ပြန်သွားစဉ် ဘားဆက်ဂေါ့လည်း နဖူးမောက် နှာယောင်ကောက်နှင့် မိန်းကလေး၏ ကြမ်းတမ်းနီရဲသောလက်တွင် စိန်လက်ကောက်ဝတ်ပေးရသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေဟန်ပြရန် အားထုတ်လျက် ရှိလေသည်။ မြင်ကွင်းကား စိတ်မသက်သာစရာ အလွန်တရာ ခိုးလိုးခုလု မြင်ကွင်းပေတည်း။ ရွှေပွဲလာတို့လည်း ကစ်တီအား သူ့အမေ ပြုလိုရာပြုစေတော့ဟု သဘောထားကာ အစုလိုက် အပြုံလိုက် ထွက်ခွာ၍ သွားကြလေ၏။

သို့ရာတွင် ကစ်တီအား သူ့အမေနှင့် ထားခဲ့မည့်အစား ကပ်ဗွန်းက ခေါ်ဆောင်သွားလေသည်။ ကျန်သည့်အပိုင်းကိုတော့ ပုံနှိပ်စာဖြင့် မတင်ထိုက်တော့ပါ။

**(Cupid's Arrowကို ပြန်ဆိုသည်။)**

**စံပယ်ဖြူ**
**၁၉၉၀၊ ဇန်နဝါရီ**



## V.S.Naipaul ( 1932-     )

နိုင်ပေါလ်သည် ၁၉၃၂ ခုနှစ်၊ **Chaguanas** ရှိ ထရီနီဒက်ကျွန်းတွင် မွေးဖွားသည်။ **Vadiadhar Suprajprasas Naipaul** မှာ သူ၏ နာမည် အပြည့်အစုံမှာဖြစ်သည်။

သူသည် ထရီနီဒက်ရှိ **Queen's Royal** ကောလိပ်နှင့် **St. Mary** ကောလိပ်တို့တွင် ကျောင်းတက်ခဲ့ပြီး အင်္ဂလန်၊ **Oxford University** မှ ဘွဲ့ရရှိခဲ့သည်။

သူသည် ပထမ ဇနီး အိန္ဒိယအမျိုးသမီး ကွယ်လွန်သွားပြီး ဒုတိယ ဇနီး အင်္ဂလန်နိုင်ငံသူကို ထပ်မံလက်ဆက်ခဲ့သည်။

သူသည် အိန္ဒိယလူမျိုးဖြစ်ပြီး အင်္ဂလိပ် စာရေးဆရာတစ်ယောက်ဖြစ်ကာ အင်္ဂလိပ်စာပေနှင့် ပတ်သက်၍ ၁၉၉၃ တွင် ဆုချီးမြှင့်ခြင်းခံရသည်။ နိုင်ငံတကာ ကမ္ဘာ့စာပေ နိုဗယ်ဆု **Half a Life** စာအုပ်ဖြင့် ၂၀၀၁ ခုနှစ်တွင် ဆုရရှိသည်။

ဝတ္ထုစာအုပ်ပေါင်း ၃၀ ကျော်တို့ကို ၁၉၅၇ ခုနှစ်မှ စတင်၍ ၁၉၉၄ ခုနှစ်အထိ အစဉ်တစိုက် ရေးသားထုတ်ဝေလာခဲ့သူဖြစ်သည်။

ယခု သူ၏မှာ အသက် ၈၂ နှစ် ရှိပြီး၊ ယခု အချိန်ထိ စာပေများ ရေးသား လျက် အင်္ဂလန်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။

# ကျွန်ရစ်သူမိသားစု

**မောင်ညီညွတ်**

မွန်းလွဲပိုင်း နေရောင်ထဲတွင် ဖြူဖွေးနေသော ဝရန်တာပေါ်သို့ အိမ်နောက်ဘေးလှေကားမှ ကျွန်တော် တက်ခဲ့သည်။ ထိုအိမ်ပေါ်သို့ အရှေ့ဘက်လှေကားမှ ကျွန်တော် တက်လေ့မရှိပါ။ ကျွန်တော်တို့က ဆင်းရဲသားမျိုးနွယ်တွေ။ ဒီအိမ်နှင့် ဒီမိသားစုကို ရိုသေသမှုပြုဖို့ ကျွန်တော်တို့ကို သွန်သင်ထားပါသည်။

ဝရန်တာ၏ ညာဘက်တွင် မီးဖိုချောင်ရှိသည်။ အုပ်ကြွပ်မိုးနှင့် သပ်ရပ်သန့်ရှင်းနေပြီး ခေတ်မီသော စက်ခလုတ်များနှင့်ဖြစ်သည်။ ရင်သားပွအကျီနှင့် မျက်နှာတွင် ကျောက်ပေါက်မာများရှိသော အရုပ်ဆိုးဆိုး ကုလားမလေးတစ်ယောက်သည် ပန်းကန်များကို ဆေးကြောနေသည်။ သူမသည် ညစ်ထေးထေးအနီရောင် ဘောင်းဘီပွကြီးကို ဝတ်ထားသည်။

"ဟဲလို ရိုမက်ရှ်"

ကျွန်တော့်ကိုတွေ့သောအခါ တရင်းတနှီးလှမ်းခေါ် လိုက် ပြီးမှ အသံခပ်အုပ်အုပ်ဖြင့် ရပ်သွားသည်။

"ဟဲလို"

ကျွန်တော်ကလည်း အသံတိုးတိုးဖြင့် ပြောလိုက်ပြီး. . .

"သူ အထဲမှာရှိလား"

ရှေ့တွင်ရှိသော ဧည့်ခန်းဆီသို့ လက်ဖြင့်ထိုးကာ မေးလိုက်ပါသည်။

"ရှိတယ်၊ သူတစ်နေ့လုံး ငိုနေတာပဲ။ ကောင်လေးရေ၊ ကလေးလေးကလည်း သိပ်လိမ္မာတာကိုးကွဲ့ အိမ်ဖော်မကလေးက ဤအိမ်၏ ဘာသာစကားနှင့် ဆီလျော်အောင် ပြောနေလေသည်။

"ကျွန်တော် အခုသွားလို့ရမလား"

"ရပါတယ်"

သူမက တိုးတိုးလေးပြောသည်။ လက်များကို ဘောင်းဘီပေါ်သို့ သုတ်လိုက်ပြီး ကျွန်တော့်ရှေ့ကသွားသည်။ သူမ၏ မီးဖိုချောင်သည် သန့်ရှင်းရှင်း။ မီးဖိုချောင်စစ်စစ်ပီသပေစွ။ မသန့်မရှင်းနှင့် ညစ်စုတ်စုတ်များသာ သူမတွင်ရှိနေသည်ထင်ရသည်။ သူမက တံခါးနားသို့ ခြေဖျားထောက်သွားပြီး နည်းနည်းဟလိုက်ကာ ချောင်း၍ကြည့်သည်။ ထို့နောက်မှ အော်၍ပြောလိုက်သည်။

"ရှိမက်ရှ် ရောက်နေတယ်၊ မစ္စရှီးလာ"

အခန်းထဲမှ သက်ပြင်းချသံတစ်ခု ကြားရသည်။ ကောင်မလေးက တံခါးကိုဖွင့်လိုက်ပြီး ကျွန်တော် ဝင်သွားတော့ ကျွန်တော့်နောက်ကြောမှ ပြန်၍ပိတ်လိုက်သည်။ အခန်းထဲတွင် လိုက်ကာများအားလုံး ချထားသည်။ အာမိုးနီးယားနှင့် ရေနံဆီတို့၏အနံ့များဖြင့် တစ်ခန်းလုံးပူလောင်မည်းမှောင်နေသည်။ အပေါ်လေဝင်ပေါက်များမှ အလင်းရောင်တချို့သာ ရှီးလာကို သဲသဲကွဲကွဲ မြင်နိုင်ရုံကျနေသည်။ သူမသည် အိမ်နေရင်းဝတ်သော အင်္ကျီပွပွကြီးဝတ်ထားသည်။ ပန်းနုရောင်ဆိုဖာပေါ်တွင် ထိုင်လျက်သားတစ်ဝက်နှင့် လျောင်းနေသည်။

ခြေသံမထွက်အောင် ပြောင်လက်နေသော ကြမ်းပြင်ပေါ် ကျွန်တော် ခပ်ဖြည်းဖြည်း ဖြတ်လျှောက်သည်။ ကျွန်တော့်မျက်လုံးကို ရှီးလာဆီမှနေ၍ ဆိုဖာဘေးရှိ စားပွဲခုံဆီသို့ ပြောင်းလိုက်သည်။ မည်သို့စကားစရမှန်း ကျွန်တော် မသိ။

တိတ်ဆိတ်ငြိမ်သက်နေသည်ကို ရှီးလာက စကားစပြောလိုက်ပါသည်။ အလင်းရောင် တစ်ဝက်တစ်ပျက်ထဲတွင် ကျွန်တော့်ကို ခြေစွန်းခေါင်းစွန်းကြည့်ပြီး

"အမယ်လေး. . . ရှိမက်ရှ်ရယ် ထွားလာလိုက်တာ"

မျက်လုံးထဲတွင် မျက်ရည်များဖြင့် သူမက ပြုံးသည်။

"နေကောင်းတယ်နော်။ မင်းအမေရော နေကောင်းရဲ့လား"

ရှီးလာသည် ကျွန်တော့်အမေကို မခင်ပါ။

"သူတို့နေကောင်းကြပါတယ်။ အိမ်ကလူတွေအားလုံး နေကောင်းကြပါတယ်။ အဒေါ်ရော နေကောင်းရဲ့လား"

သူမက ရယ်ကျဲကျဲလေး လုပ်လိုက်သည်။

"ဒီလိုပါပဲကွယ်၊ ကုလားထိုင်ဆွဲလိုက်လေ။ နေဦး နေဦး မယူနဲ့ဦး မင်းကို ကြည့်ပါရစေဦး။ အံမယ် လူချောကလေး ဖြစ်နေပါရောလား"

ထို့နောက်တော့ သူမ ငိုပါလေတော့သည်။ စားပွဲခုံပေါ်က စိုရွှဲ၍နေသော လက်ကိုင်ပဝါကို လက်လှမ်းလိုက်သည်။ ကျွန်တော်ကထပြီး

"ရှုဆေးယူမည်လား ဆီမွှေးယူမည်လား"

ဟုမေးသည်။ ရှိုက်ကြီးတငင်ဖြင့် ခေါင်းကိုယမ်းကာ ကျွန်တော့်ကို ထိုင်ခိုင်းသည်။

ကျွန်တော် ငြိမ်ငြိမ်ကလေး ထိုင်နေသည်။ ဘာလုပ်ရမှန်းမသိ။

လက်ကိုင်ပဝါဖြင့် သူမ မျက်လုံးကို သုတ်သည်။ အင်္ကျီထဲမှ လက်ကိုင်ပဝါကြီးကြီးတစ်ထည်ကိုဆွဲထုတ်ပြီး နှပ်ညှစ်သည်။ ပြီးတော့ သူမ ပြုံးသည်။

"အခုလို စိတ်ပျက်လက်ပျက်ဖြစ်သွားရတာမျိုး အဒေါ်ကိုခွင့်လွှတ်ပါကွယ်" ဟု ပြောသည်။

"ကိစ္စမရှိပါဘူး"

ဟု ကျွန်တော် ပြောလိုက်မည်ပြုပြီးမှ ထိုစကားသည် ကိုယ်ချင်းမစာလွန်းရာကျနေသည့်အတွက် ကျွန်တော့်ပါးစပ်ပွင့်သွားပြီး မသဲကွဲသည့်အသံတစ်ခုသာ ထွက်သွားပါသည်။

"အဒေါ့်သားကို မမြင်ဖူးဘူးလားရှိမက်ရှ်"

"တစ်ခါပဲတွေ့ဖူးပါတယ်"

ကျွန်တော် လိမ်ညာလိုက်ပါသည်။

လိမ်ညာလိုက်မိသည့်အတွက် စိတ်မကောင်းပါ။ ဘယ်မှာတွေ့ခဲ့ဖူးကြောင်း၊ ဘယ်တုန်းကတွေ့ခဲ့ဖူးကြောင်း သူမက မေးလိုက်ရင်ဒုက္ခ။ စင်စစ် ရှီးလာ၏ကလေးသည် ယောက်ျားကလေးမှန်း ကျွန်တော် မသိခဲ့ပါ။ သူ သေပြီး၍ သတင်းများကြားမှ သာသိရပါသည်။

သို့သော် သူမက ကျွန်တော့်ကို ဆက်မမေးတော့ပါ။

"အဒေါ့်မှာ သူ့ပုံတွေ ရှိတယ်။ အသံတုန်တုန်ယင်ယင်နှင့် အသာကလေး လှမ်းခေါ်လိုက်သည်။

"ဆွန်းမင်း တရာ"

အိမ်ဖော်မကလေးက တံခါးကို ဖွင့်လိုက်သည်။

"ဘာအလိုရှိပါသလဲ မစ္စရှီးလား"

အေးကွဲ့ ဆွန်းမင်း (သာမန်အားဖြင့် မခေါ်သော မိန်းကလေး၏အမည်ကို အဖျားဆွတ်၍ခေါ်လိုက်သည်ကို ကျွန်တော် သတိပြုလိုက်မိသည်)

"ရာဗီးရဲ့ဓာတ်ပုံတွေယူခဲ့စမ်းပါကွယ်"

ထိုအမည်ကို ပြောလိုက်သည့်အခါတွင် သူမသည် မျက်ရည်များ သွန်းကျလုမတတ်ဖြစ်သွားပြီးမှ နောက်ဆုံးတွင် ခေါင်းကို နောက်သို့ လှဲချလိုက်ကာ ပြုံးလေသည်။

ဆွန်းမင်းတရာ ထွက်သွားသောအခါ ကျွန်တော် နံရံများကို ကြည့်လိုက်သည်။ မှိန်ဖျဖျအလင်းရောင်ထဲတွင် ကျွန်တော်သည် မျှော်စင်ပေါ်က ရွှေမင်းသမီးလေးအမည်ရှိ ပန်းချီကားချပ်ကို အထင်းသားတွေ့မြင်ရသည်။ ပန်းမွေ့ယာခင်းထားသော ကမ်းနဖူးများတစ်လျှောက် လှလှပပ ပြာလဲ့လဲ့နှင့် လေးတွဲ့စွာ စီးဆင်းသွားသော စမ်းချောင်းကလေးတစ်ခု၏ ပုံဖြစ်သည်။ ရှီးလာကို ကြည့်နေရခြင်းမှ လွတ်ကင်းရန် နံရံများကိုသာ ကျွန်တော်ကြည့်နေသည်။ သူမ မျက်လုံးများက ကျွန်တော့်အတိုင်းလိုက်ပြီး မျှော်စင်ပေါ်က ရွှေမင်းသမီးလေး ပန်းချီကားပေါ် ရောက်သွားသည်။

"ဒီဇာတ်လမ်းမင်းသိလား"

သူမက မေးသည်။

"ဟုတ်ကဲ့"

"သူတို့ကို ကြည့်စမ်း၊ သေကြတော့မယ်ကွယ်။ လွန်ခဲ့တဲ့နှစ်ရက်ကမှ အဒေါ် ဒီပန်းချီကားကို တကယ်နားလည်တာ၊ ကောင်လေးတွေလေ ဝမ်းနည်းနေကြတယ်၊ ပြီးတော့ ဒီခွေးကိုကြည့်စမ်း၊ ဘာဖြစ်နေတယ်ဆိုတာ မသိဘူး၊ ထွက်ပြေးချင်နေတာပဲ"

"စိတ်မကောင်းစရာ ပန်းချီကားပဲ"

မျက်လုံးပေါ်က မျက်ရည်များကို သူမ သုတ်လိုက်ပြီးမှ တစ်ခါထပ်၍ပြုံးသည်။

"ပြောစမ်းပါဦးကွယ်။ မင်းကျောင်းစာတွေ လိုက်နိုင်ရဲ့လား"

"ထုံးစံအတိုင်းပါပဲ"

"နိုင်ငံခြား သွားမလို့လား"

"စာမေးပွဲမှာ ဖြေနိုင်ရင်ပေါ့လေ"

"မင်းဖြေနိုင်ပါတယ်၊ ပြီးတော့ မင်းအဖေကလည်း မအပါဘူးကွယ်"

ဆက်လက် နားထောင်နေရသည်မှာ မတရားဘဲ တစ်ကိုယ်ကောင်းဆန်ရာကျနေသည်။

"ဒေါ်ဒေါ် စကားမပြောချင်လည်း ပြောဖို့ မလိုပါဘူး"

ဟု ကျွန်တော် ပြောလိုက်သည်။

ဆွန်းမင်းတရာက ဓာတ်ပုံအယ်လ်ဘမ် ယူလာသည်။ သားရေဖုံးနှင့် တန်ဖိုးများစွာ ပေးရသော အယ်လ်ဘမ် ဖြစ်သည်။ အပြင်ထွက်ခွင့်ရသည့်အချိန်မှစပြီး မသေဆုံးမီ တစ်လအလိုလောက်အထိ အမြဲလိုလိုပင် ရာဗီးသည် ဓာတ်ပုံ

အရိုက်ခံရသည်။ ရေကူးဝတ်စုံဖြင့် အရှေ့ဘက် ပင်လယ်ကမ်းခြေ၊ မြောက်ဘက် ပင်လယ်ကမ်းခြေနှင့် တောင်ဘက်ပင်လယ်ကမ်းခြေများတွင် သဲများတူးဆွနေသည့် ပုံများ၊ ပျော်ပွဲရွှင်ပွဲသွားရန် ဝတ်စားထားသော၊ လက်ဖက်ရည်ပါတီပွဲသွားရန် ဝတ်စားထားသော ရာဗီးပုံများ၊ ကလေးစီး စက်ဘီးစီးနေသည့် ရာဗီး၊ မော်တော်ကား ထဲက ရာဗီး၊ တကယ့်ကားထဲကရော၊ ကလေးကစားစရာ ကားထဲကရော မည်သူတွေ မှန်း ကျွန်တော် မသိသည့် လူများနှင့် စုရိုက်ထားသော ရာဗီး၏ ပုံများတွေ့ရသည်။ စိတ်ဝင်စားမှု မရှိတော့ဘဲ ကျွန်တော် လှန်လှောနေမိသည်။ ကျွန်တော် စာရွက်များကို လှန်လိုက်တိုင်း ရှီးလာက ရှေ့သို့ ကိုင်းကာ ကိုင်းကာ ဝင်၍ ပြောပြသည်။

"အဲဒီ အမေရိကန် ဆရာဝန် အိမ်မှာ ရိုက်ထားတဲ့ ရာဗီးလေ၊ အံ့သြစရာ ကောင်းတဲ့ လူကြီးပေါ့။ ခင်စရာ မကောင်းဘူးလား။ ဒီပုံကို ကြည့်ပါဦး။ ဒီကောင်လေး က ကင်မရာကို အမြဲ ပြုံးကြည့်နေတာ။ တို့ ဘာလုပ်မယ်ဆိုတာ သူ အမြဲသိတယ် ကွယ့်။ သိပ်စမတ်ကျတဲ့ ကလေးလေးကွယ်။

နောက်ဆုံး၌ ကျွန်တော်တို့ပ ဓာတ်ပုံများကို ငြီးငွေ့သွားကြ၏။ ရှီးလာလည်း ငြိမ်ကျသွားသည်။ လွန်ခဲ့သော နှစ်ရက်အတွင်းက ထိုအယ်လ်ဘမ်ကို အကြိမ်ပေါင်း များစွာ သူမ ကြည့်ခဲ့ပြီးဖြစ်ကြောင်း ကျွန်တော် သိလိုက်ပါသည်။

ကျွန်တော့်ဒူးပေါ်သို့ လက်ဖြင့်ပုတ်နေသည်။ နံရံပေါ်က နာရီကိုကြည့်ပြီး မျှော်စင်ပေါ်က ရွှေမင်းသမီး လေး ပန်းချီကားကို ကျွန်တော် ကြည့်သည်။ ကျွန်တော် နေရခက်နေသည်ကို ရှီလာ က အလိုက်တသိဖြင့် . . .

"မင်း ဆာနေရောပေါ့"

ကျွန်တော် ခေါင်းကိုဖြည်းဖြည်းလေး ရမ်းပြသည်။ "ဆွန်းမင်းက တစ်ခုခု လုပ်ပေးပါလိမ့်မယ်ကွယ်"

ဆွန်းမင်းတရာက ဒူးခပ်ပေး၍ မီးဖိုချောင်ထဲမှာ ကျွန်တော် စားခဲ့ဖူးသည်။ သူတို့ အစားအသောက်တွေက အမြဲလိုလို အကောင်းတွေချည်းပင်။ မျက်ရည်များစဲ ကာ ပြုံးပြီး နှုတ်ဆက်ရန် ကျွန်တော် ထလိုက်သည်။ ထိုအချိန်မှာပင် ဆရာဝန်က ဝင်လာသည်။ သူသည် ရှီလာ၏ ခင်ပွန်းဖြစ်ပြီး လူတိုင်းက ဆရာဝန်ဟု သိထားကြ သည်။ သူသည် အရပ်ရှည်ပြီး ဖြူရော်ရော် ရုပ်ချောသော မျက်နှာပေါက်နှင့်ဖြစ် သည်။ ယခုမူ ထိုမျက်နှာသည် ရုပ်ကျသွားပြီး ပင်ပန်းနွမ်းလျနေပုံရသည်။

"ဟဲလို. . . ရှိမက်ရှ်"

"ဟဲလို. . . ဒေါက်တာ"

"သူ ဘယ့်နှယ်နေလဲဟော့"

"သူ စိတ်မချမ်းမြေ့ဘူး"

"တစ်ရက် နှစ်ရက်လောက်နေရင် ကောင်းသွားမှာပါ။ စိတ်ထိခိုက်သွားတာ ပေါ့ကွာ၊ သိပ်ပျော့တဲ့မိန်းမကွ"

"မကြာခင် သက်သာသွားမယ် ထင်ပါတယ်"

သူက ပြုံးပြီး ကျွန်တော့် ပုခုံးပေး လက်ဖြင့် ပုတ်သည်။ ဝရန်တာဆီမှ နေရောင် မဝင်ရန် လိုက်ကာကို ဆွဲချလိုက်ပြီး ကျွန်တော့်ကို ထိုင်ခိုင်းသည်။

"မင်း ငါ့သားကို သိလား"

"နည်းနည်းပါးပါး ပဲ သိပါတယ်"

"ချစ်စရာလေးကွ၊ ငါတို့က၊ အဲ. . . ငါက ပေါ့ကွာ ကောင်းအင်ဂိတ် ကလေးပြိုင်ပွဲထဲ သူ့ကို ဝင်စေချင်တာ။ ရှီလာက အဲဒီ အကြံကို မကြိုက်ဘူးလေ"

ကျွန်တော် ပြောစရာစကား ရှာမတွေ့ပါ။

"၄ နှစ်သားမှာ သူ သီချင်းဆိုတတ်နေပြီကွ။ သီချင်းမျိုးစုံပေါ့ကွာ။ အင်္ဂလိပ်လိုရော၊ ဟင်ဒီလိုရောရတယ်။ စောင့်ကြိုနေမယ် ဆိုတဲ့ သီချင်းသိလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"သူ သီချင်းဆိုင်လိုက်ရင် တစ်ပုဒ်လုံး ဆိုတာပဲကွ၊ စာသားတွေဆိုလည်း အကုန်ရတယ်။ ဘယ်သီချင်းကလည်းဆိုတာ ငါ မသိဘူးကွ။ သူ စာသားတွေ အကုန် ရတာပဲ။ ငါ အခုထိ သီချင်းတစ်ပုဒ်ကို စာသားတစ်ဝက်တောင် မရဘူး။ အဲဒီလို ကောင်မျိုးလေး၊ သွက်တယ်။ ငါ့ကို ဆိုပြတဲ့ နောက်ဆုံး စာသားတွေ မင်း နားလည် လား။ 'တွေ့နေကျ နေရာဟောင်းတွေ အားလုံးမှာ မင်းကို စောင့်မျှော်နေမယ်။' အဲဒါကို ရှီလာ ကြားလိုက်ရင် ငြိမ်ကျသွားပြီး သူ ငိုတော့တာပဲ။ စောင့်ကြိုနေမယ်လို့ ရှီလာက လိုက်ပြီး ပြောတယ်ကွာ"

ကျွန်တော် သူ့ကို မကြည့်။

"မင်းကို တွေးစရာ မဖြစ်ဘူးလား။ ဘဝနဲ့ ပတ်သက်လို့ တွေးစရာလေ၊ ဒီနေ့ မြင်ရ။ နောက်နေ့ကျ ပျောက်သွားရော။ ဘဝနဲ့ ပတ်သက်တာ၊ သေတာနဲ့ ပတ်သက်တာတွေ တွေးစရာ မဖြစ်ဘူးလားကွာ။ ငါ ထပ်ပြီး တွေးခေါ်ကြည့်နေရ ပြန်ပြီကွာ။ ဘာဖြစ်လို့ ကလေးတွေကို မင်း စာမသင်သေးတာလဲ"

ကောက်ကာ ငင်ကာ ရုတ်တရက် ကျွန်တော့်ကို မေးသည်။

"ဒီနည်းနဲ့ ပိုက်ဆံတွေ အများကြီး မင်း ရအောင် လုပ်နိုင်ပါတယ်။ တစ်ပတ်ကို တစ်ညနေခင်းပဲ စာသင်တာ တစ်လ တစ်လ ဒေါ်လာ ၅၀ လောက်ရတဲ့ ကောင်လေးတစ်ယောက်နဲ့ ငါ သိတယ်"

"ကျွန်တော် စာမေးပွဲအတွက် စာတွေ ကျက်နေတယ်"

ကျွန်တော့်စကားကို သူ ဂရုမထား။

"ပြီးခဲ့တဲ့ ပျော်ပွဲ ရှင်ပွဲတုန်းက ရာဖီးကို တို့ရိုက်ထားတဲ့ ပုံတွေ မင်း တွေ့ပြီးပြီလား"

ကြည့်ပြီးပြီဖြစ်ကြောင်း ကျွန်တော့်ရင်ထဲက ပြောမထွက်တော့ပါ။

သူက လှမ်းအော်လိုက်သည်။

"ဆွန်းမင်းရေ. . . ဓာတ်ပုံ အယ်လ်ဘမ် ယူခဲ့စမ်းပါဟေ့" ။ ။

**(V.S.NAI PAUL ၏ The Mourners ကို ပြန်ဆိုသည်)**

**မြတ်လေး**
**၁၉၈၈၊ ဇွန်**



**Pearl S.Buck(1892-1973)**

ပါးလ်ဗတ်သည် ၁၈၉၂ ခုနှစ်၊ အမေရိကန်တွင် ဖွားမြင်သည်။ သူသည် အမေရိကန် အမျိုးသမီး ဝတ္ထုရေးဆရာ ဖြစ်သော်လည်း ကာယ၊ ဉာဏအားဖြင့် သန့်မြန် ထက်မြက်တုန်းအရွယ်တွင် တရုတ်ပြည်၌ အနေများခဲ့သဖြင့် သူ ရေးသော စာများတွင် တရုတ်ပြည်နှင့် တရုတ်လူမျိုးတို့အကြောင်းကို ရေးဖွဲ့သည်က များသည်။

မိဘများသည်ခရစ်ယန်သာသနာပြုလုပ်ငန်းဖြင့် တရုတ်ပြည်သို့သွားစဉ် ပါးလ်ဗတ် ၄ လ သမီး အရွယ်ကတည်းက လိုက်ပါခဲ့ရသည်။ တရုတ်ကလေးထိန်း မိန်းမနှင့် နေခဲ့ရသဖြင့် တရုတ်စကား၊ ပုံပြင်နှင့် တရုတ်ယဉ်ကျေးမှုကို စိတ်ဝင်စား နှစ်သက်လာသည့်ပြင် တရုတ်ကျောင်း၌ စာသင်ရ၍ တရုတ်စကားနှင့် စာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်သည်။

သူ အသက် ၁၇ နှစ် ရောက်မှ အမေရိကန်သို့ပြန်၍ အမေရိကန်စနစ် အတိုင်း ပညာသင်ကြားသည်။ သည့်နောက် တရုတ်ပြည်သို့ ပြန်လာပြီး နန်ကင်း တက္ကသိုလ်၌ အင်္ဂလိပ်ပျို့၊ လင်္ကာများ သင်သော ဆရာမအဖြစ် အမှုထမ်းသည်။ ၁၉၃၂ တွင် တရုတ်ပြည်နှင့် တရုတ်လူမျိုးတို့၏ သုခဒုက္ခတို့ကို သနားဖွယ်၊ အံ့ဩဖွယ် ဖြစ်အောင် ဖွဲ့ဆိုသောစာများ ဖြစ်သဖြင့် ၁၉၃၈ တွင် နိုဗယ်ဆုကို ရသည်။

သူသည် ၁၉၇၃ ခုနှစ်၊ အသက် ၈၁ နှစ် အရွယ်တွင် ကွယ်လွန်သည်။

# မရဏာနှင့် လင်းအရှက်

**နတ်နွယ်**

"ဆရာ သူ့ကို ထားစရာနေရာမရှိတော့ဘူး၊ အဆောင်တွေ အားလုံး ပြည့်နေပြီ"

ဆရာမက ပြောလိုက်သည်။

"သီးသန့် အခန်းတစ်ခန်းမှာ ထားလိုက်ပါ"

ဆရာဝန်က ကုတ်အင်္ကျီရှည် အဖြူကြီးကို ချွတ်ရင်း ပြန်ပြောသည်။

သီးသန့်ခန်းတွေလည်း အားလုံးပြည့်နေပြီ၊ မစ္စတာမက္ကလွိုက်ကို ထားတဲ့ အခန်းတစ်ခန်းပဲ အားတယ်။ အဘိုးကြီးကို အောက်ဆီဂျင်ပေးထားရတယ်။ ကနေ့ညတောင် လွန်မယ်မထင်ဘူး၊ သူ့အိမ်ကလည်း အသင့်စောင့်နေကြတယ်"

"ဒီသူငယ်ကလေးက သူ့ကို ဘာမှနှောင့်ယှက်မှာမဟုတ်ဘူး၊ ကနေ့ညမှာ သူ ပြန်နိုးတော့မှာ မဟုတ်ဘူး"

ဆရာဝန်က ပြောသည်။ သူသည် ယခုအခါ ကုတ်အင်္ကျီကို ထပ်ဝတ်ပြီး ဦးထုပ်ကို ဆောင်းပြီးနေပြီဖြစ်သည်။ သူ ပန်းနေပြီ။ အခန်းထဲမှ သူ ထွက်သွားသည်။ သူ့နောက်တွင် တံခါး ဂျိုင်းခနဲ ပိတ်သွားသည်။

ဆရာမက ကောင်ကလေးနိုးများသွားမလားဟု ကြည့်လိုက်မိသည်။ ကောင်ကလေးမှာ ပရမ်းပတာအစားထဲက ဖြစ်သည်။ ဆံပင်ဖြူဖြူက ရှည်လွန်းလှသည်။ သူ့မျက်နှာက သေးသေးသွယ်သွယ်၊ ကိုယ်လုံးကိုယ်ထည်က ပါးပါးလျားလျား၊ အရိုးပေါ် အရေတင်ဖြစ်သည်။ သည်လို ကောင်ကလေးတွေ ကားတိုက်မှု အများဆုံး ဖြစ်တတ်သည်။ အထပ်ထပ် စည်းထားသော ပတ်တီးဖြူဖြူအောက်တွင် သူ့မျက်နှာကလေးက ညှိုမည်းနေသည်။ သူ မည်သူမည်ဝါဆိုသည်ကို မည်သူမျှ မသိပါ။ သူ့ကိုယ်ပေါ်တွင် သူ မည်သူမည်ဝါဖြစ်ကြောင်း၊ အထောက်အထားပြနိုင်သော ပစ္စည်းတစ်ခုမျှမရှိပါ။ ကားမှာ ခိုးလာသောကားဖြစ်သည်။ ကားပိုင်ရှင်ကိုပင် မသိရသေးပါ။

သူသည် ၁၈ နှစ်သားအရွယ် လူငယ်ကလေးတစ်ဦးဖြစ်ကြောင်းကိုသာ သိရှိကြရသည်။ ၁၈ နှစ်၊ ၁၇ နှစ်၊ ၁၆ နှစ်ပဲလည်း ဖြစ်နိုင်သည်။ သူ့ကို သူတို့ ခေါ်လာကြကတည်းက သတိမေ့နေသည်။ သွေးတွေ ထွက်နေသည်။ သည်မြို့မှာ ဆေးရုံရှိတာသူ့အဖို့ ကံကောင်းသည်။ မြို့ကလေးတိုင်းမှာ ဆေးရုံမရှိပါ။

"သူ့ကို ၂၃ မှာ ထားပါ"

ဆရာမက အကူအလုပ်သမားများကို ပြောလိုက်သည်။

သူတို့ သူ့ကို လှည်းဖြင့် တွန်းခေါ်သွားကြသည်။ သူမက နောက်မှ လိုက်ပါသွားသည်။ သည်လိုညမျိုးတွင် ဆေးရုံသည် ငြိမ်သက်တိတ်ဆိတ်လျက် ရှိသည်။ ကလေးငယ်တစ်ဦး၏ ငိုသံကိုပင် မကြားရပါ။ နောက်တစ်နာရီဆိုလျှင်မူ ပြန်လည်လှုပ်ရှားစပြုချေမည်။ လူခေါ်ခေါင်းလောင်းသံများ မြည်မည်။ လူနာတွေ သက်ပြင်းချ ညည်းတွားကြမည်။ ကလေးတွေ အော်ဟစ်ငိုယိုကြသည်။

အခန်း ၂၃ သည်လည်း အောက်ဆီဂျင်ဗူးမြည်သံမှ တစ်ပါး ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ ညသုံး မီးပွင့်ကလေး ဖွင့်ထားသဖြင့် ခုတင်ပေါ်တွင် လဲလျောင်းလျက်ရှိသော အဘိုးကြီး မစ္စတာမက္ကလွိုက်ကို သူမ တွေ့မြင်ရသည်။ သူမသည် အခန်းထဲမှ ပြန်ထွက်မသွားမီတွင် အဘိုးကြီး၏အခြေအနေကို ကြည့်သွားသေးသည်။

"ကောင်ကလေးရဲ့ ခေါင်းကို သတိထားပြီး ကိုင်ကြပါ"

သူမ အကူအလုပ်သမားများကို သတိပေးသည်။

"သိပါတယ်၊ သူ့ကို ခေါ်လာတုန်းက ကျုပ်တို့ ရှိနေတာပဲ"

အသက်ကြီးကြီး အလုပ်သမားက ပြန်ပြောသည်။

"ကားတစ်စီးလုံး ကြေမွသွားတာပဲ"

နောက်တစ်ယောက်က ပြောသည်။

သူတို့ သူ့ကို ညင်သာစွာ မပြီး ခုတင်ပေါ်သို့ တင်ကြသည်။ သူ၏ လက်များနှင့် ခြေထောက်များကို အနေအထားကျအောင် ပြုလုပ်ပေးကြသည်။

"ဘာလုပ်ပေးရဦးမလဲ ဆရာမ"

အသက်ကြီးကြီးလူက မေးသည်။

"မလိုတော့ပါဘူး၊ ကျေးဇူးတင်ပါတယ်"

သူတို့ ထွက်သွားကြသည်။ သူမက လူငယ်ကလေး၏ ကိုယ်ပေါ်သို့ ပိတ်ဖြူစကို ဆွဲတင်လိုက်သည်။ ထို့နောက် ချည်စောင်ပါးပါးတစ်ထည်ကို အပေါ်မှ ထပ်ခြုံပေးလိုက်သည်။ သူ အသက်ရှူနေသည်။ သို့သော် အသက်ရှူသံ ပုံမမှန်ပါ။ သူမက

သူ၏ သွေးခုန်ခြင်းကို စမ်းကြည့်သည်။ မြန်နေသည်။ သို့သော် သည်အတိုင်းပင် မြန်လိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်သည်။ ဆရာဝန်က နောက်ဆုံးအကြိမ် ဆေးထိုးပြီးနောက် ငြိမ်ဆေးများ မပေးရန် ညွှန်ကြားထားသည်။

ခန်းမကြီးဆီမှ တယ်လီဖုန်းမြည်လာသည်။ သူမ ပြေးသွားပြီး နားထောင်ရသည်။ ညဘက် တစ်ထပ်လုံးတွင်မှ ဆရာမတစ်ယောက်တည်းသာရှိသည်။ မနိုင်မနင်းရှိသည်။ သို့သော် သည်အတိုင်းပင် ဖြစ်သည်။

"ဟဲလို"

သူမ ညင်းပျောင်းစွာ ထူးသည်။

"မစ္စမာတင်လား"

တစ်ဖက်မှ အသံက တည်ငြိမ်သည်။ ကြည်လင်သည်။ သူမက အသံရှင်ကို ချက်ချင်းပင် မှတ်မိသည်။

"ဟုတ်ပါတယ်၊ မစ္စစ်မက္ကလွိုက်"

"ဒေါ်ဒေါ် အိပ်လို့ မရဘူး၊ ဘယ်သူမှ အိပ်လို့မရကြဘူး၊ လူနာရဲ့ အခြေအနေကို ကြည့်များပေးနိုင်မလား"

"ဟုတ်ကဲ့ ကြည့်ပေးပါ့မယ်"

သူမသည် စကားပြောခွက်ကိုချပြီး အခန်း၂၃ သို့ ပြန်သွားသည်။ လူငယ်ကလေး အသက်ရှူပုံ အတော်ကလေး ကောင်းလာသည်။ သို့သော် သူ့ကို သူမ မကြည့်ပါ။ မစ္စတာမက္ကလွိုက်သည် ငြိမ်သက်စွာ လဲလျောင်းလျက်ရှိသည်။ သို့သော် သူ့အခြေအနေကို သူမ စိတ်မချပါ။ သူ့အသက်မှ ရှူရဲ့လား၊ သူ၏လက်ကို ကိုင်ပြီး သွေးစမ်းကြည့်သည်။ စမ်း၍ မရပါ။ တယ်လီဖုန်းဆီသို့ သူမ ပြေးသွားသည်။

"မစ္စစ်မက္ကလွိုက်"

"ပြောပါ"

"ဒေါ်ဒေါ် လာရင် ကောင်းမယ်"

"အခု ချက်ချင်းလာခဲ့မယ်"

ထို့နောက် တာဝန်ကျ အလုပ်သင်ဆရာဝန်ထံသို့ သူမ ဖုန်းဆက်သည်။

"မစ္စတာမက္ကလွိုက်ရဲ့ မိသားစုကို ကျွန်မ ခေါ်လိုက်ပြီ ဒေါက်တာ"

"အို. . . ဟုတ်လား၊ အခြေအနေ မကောင်းတော့ဘူးလား"

"ဟုတ်တယ်၊ အခြေအနေ မကောင်းတော့ဘူး"

"ကျုပ် အခုပဲ လာခဲ့မယ်၊ ဆေးထိုးဖို့ အသင့်လုပ်ထားပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

သူမက ဆေးထိုးရန် လင်ဗန်းကလေးကို ပြင်ဆင်သည်။ အပ်ကလေးများကို ပိုးသတ်ထားသော အဝတ်စဖြူဖြူပေါ်တွင် တင်ထားသည်။ မိသားစုနှင့် နှုတ်ဆက်စကားပြောနိုင်ရန် အဘိုးကြီးကို ခေတ္တခဏ သတိပြန်လည်လာစေရန် သည်ဆေးကို ထိုးရပေမည်။ သည်ဆေးကို ဆရာဝန်များကသာ ထိုးခွင့်ရှိပေသည်။ သူမက လင်ဗန်းကလေးကို အခန်း ၂၃ သို့ သယ်ဆောင်သွားသည်။ ထို့နောက် စားပွဲပေါ်တွင် အသံမမြည်အောင် ချထားလိုက်သည်။ အဘိုးကြီး လှုပ်ရှားခြင်း မရှိပါ။ သို့သော် လူငယ်ကလေး၏ အသက်ရှူပုံမှာ ကောင်းသည်ထက် ကောင်းလာနေသည်။

သူမက အောက်ဆီဂျင်တဲကို အနေအထားကျအောင် ပြင်လိုက်သည်။ အောက်ဆီဂျင်ကိုလည်း အနည်းငယ်ပိုပြီး လွှတ်ပေးလိုက်သည်။ သူမက ခုတင်မီးကို ဖွင့်လိုက်ပြီး ခုတင်အနီးတွင် ကုလားထိုင်အပိုနှစ်လုံး ချထားပေးလိုက်သည်။ မစ္စက်မက္ကလွိုက်ကို ယမန်နေ့က ဆရာဝန်၏အခန်းထဲတွင် သူမ၏ ယောကျ်ားသည် နောက်တစ်နေ့ထက်ပိုပြီး ခံနိုင်တော့မည်မဟုတ်ကြောင်း ပြောလိုက်သောအခါ သူမ၏ မျက်နှာ ဖွေးဖွေးဖြူသွားသည်။ ထို့နောက် သူမက ပြောသည်။

"ဒေါ်ဒေါ်ကို တစ်ခုပဲ လုပ်ပေးပါ။ သူ အသက်ကုန်ကာနီးတဲ့အခါမှာ ဒေါ်ဒေါ်ကို ခေါ်လိုက်ပါ။ ဒေါ်ဒေါ်အိမ်က ဘယ်မှ မသွားဘူး"

ထိုအခါ ဆရာဝန်က ဆရာမကို ညွှန်ကြားချက်ပေးသည်။

"အဘိုးကြီး အသက်ကုန်ခါနီးရင် မစ္စက်မက္ကလွိုက်ကို လှမ်းခေါ်လိုက်ပါ"

အလုပ်သင်ဆရာဝန် ရောက်ရှိလာသည်။ မျက်နှာဝိုင်းဝိုင်းနှင့် တုတ်တုတ်တိုတို လူရွယ်တစ်ဦးဖြစ်သည်။

"အားလုံး အဆင်သင့်ပါပဲ ဆရာ"

ဆရာမက ပြောသည်။

"ဟုတ်ပြီ၊ ကျွန်တော် စစ်ကြည့်မယ်။ တဲကို ဖြုတ်လိုက်ပါတော့"

ဆရာမက အောက်ဆီဂျင်တဲကို ဖြုတ်လိုက်သည်။ ဆရာဝန်က လူနာကို လျင်မြန်စွာ စစ်ဆေးကြည့်ရှုသည်။

"သွားကာနီးနေပြီ၊ သူ့မိသားစု ရောက်လာလာချင်း သူ့ကို ကျွန်တော် ဆေးထိုးပေးမယ်"

"ဆေးထိုးဖို့ အားလုံး အဆင်သင့်ပါပဲ"

"ဆေးထိုးပေးပေမဲ့ သိပ်အကြာကြီး ခံမှာတော့ မဟုတ်ဘူး၊ နာရီဝက် တစ်နာရီလောက်ပဲ ရမယ်။ ဟိုဘက်လူနာက ဘာဖြစ်တာလဲ"

"ကားတိုက်တာပဲ"

"အင်း သည်ဘက်ခေတ်မှာတော့ ကားတိုက်ကြတာတွေ **မတရားများ** တာပဲ"

"ဟုတ်တယ်"

ဤကား အသက်ကြီးသူများရော၊ အသက်ငယ်သူတွေရော သေကြေကြေ သည့်အဖြစ်ကို ဖုံးကွယ်သည့်အနေဖြင့် ပြောဆိုကြသော ယေဘုယျစကားပင် ဖြစ်ပါသည်။

"ဒေါ်ဒေါ် ဝင်ခဲ့ရမလား"

မစ္စက်မက္ကလွိုက်က တံခါးဝမှနေ၍ မေးလိုက်ခြင်းဖြစ်သည်။

"ဩော် . . . ဒေါ်ဒေါ် ဝင်ခဲ့ပါ။ ကျွန်တော် အခုပဲ သူ့ကို ဆေးထိုးပေးမလို့ လုပ်နေတယ်။ ဒီဆေးကတော့ ဒေါ်ဒေါ်တို့ သိတဲ့အတိုင်းပဲ၊ သူ့အသက်ကို ခဏ ဆက်ပေးတဲ့ ဆေးပါ။ ဒေါ်ဒေါ် သူနဲ့ စကားပြောနိုင်အောင်လို့ပဲ"

အလုပ်သင် ဆရာဝန်ကလေးက ပြောသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

သူမက အသက်အရွယ်ကြီးရင့်ပြီဖြစ်သည်။ အရပ်ပုသည်။ သို့သော် တောင့် ခိုင်သည်။ သူမ၏ မျက်နှာမှာ ထိန်းချုပ်ထားသည့်အသွင် ရှိသည်။ သို့သော် ဦးထုပ်ကို ချွတ်လိုက်သော သူမ၏လက် တုန်ယင်လျက်ရှိကြောင်းကို မစ္စမာတင် သတိပြုမိသည်။

"ထိုင်ပါ ဒေါ်ဒေါ်"

"သားနဲ့ သမီးတို့လည်း ပါလာကြတယ်"

"ဝင်ပါ၊ ဝင်ပါ၊ သူ့ကို ဘာမှ အနှောင့်အယှက် မဖြစ်နိုင်ပါဘူး"

အလုပ်သင်ဆရာဝန်က ပြောသည်။

သူတို့ ဝင်လာကြသည်။ သားဖြစ်သူမှာ အရပ်မြင့်မြင့် လူရွယ်တစ်ဦး ဖြစ်သည်။ သူ့မျက်နှာတွင် ပူဆွေးသည့်အသွင် ပေါ်လွင်နေသည်။ သူ့ဇနီးက အသားဖြူဖြူ သွယ်သွယ်လျလျ ဖြစ်သည်။ မျက်နှာကို လက်ကိုင်ပဝါဖြင့် အုပ်ပြီး ငိုယို လျက်ရှိသည်။ သမီးငယ်က လှပပျိုမျစ်သည်။ သူမ၏ ဖခင်နှင့်တူသဖြင့် အသားညိုသည်။ သူတို့အားလုံးကိုပင် မစ္စမာတင် သိပါသည်။ ဂျော့ရယ်၊ ရှသ်ရယ်၊ မေရီရယ် ဖြစ်သည်။ တစ်ဦးကိုတစ်ဦး အင်မတန် ချစ်ခင်ကြသည့်မိသားစုဖြစ်သည်။ သားရော၊ သမီးရောပင် ဖခင်ကြီးကို နေ့စဉ်လာရောက်ကြည့်ရှုကြသည်။ ဖခင်ကြီးကို ခွဲစိတ်ရန် သူတို့အားလုံး သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ခွဲစိတ်မှုမှာ

အောင်မြင်သည်။ ယင်းအတွက် သူ၏အသက်သည် ဤအခန်းကျဉ်းကလေးထဲတွင် သုံးလပိုပြီး ရှည်ခဲ့ပါသည်။

"ဟိုလူက ဘယ်လိုဖြစ်တာလဲ"

ဂျော့က တစ်ဖက်ခုတင်ဆီသို့ မေးငေါ့ပြရင်း မေးသည်။

"သူ သတိမေ့နေတယ်၊ သူ့ကို ဘယ်မှာမှ ထားစရာမရှိဘူး။ ဆေးရုံတစ်ခုလုံး ပြည့်နေတယ်၊ သူ့ကို ရှင် မေ့ထားလိုက်ပါ"

မစ္စမာတင်က တုံ့ပြန်သည်။ သူမက မစ္စတာမက္ကလွိုက်၏ ကမ္ဗလာနီးရုပ်လက်မောင်းကို အရက်ပျံဖြင့် ပွတ်သပ်လျက်ရှိသည်။ အလုပ်သင်ဆရာဝန်က ဆေးထိုးအပ်ကို အရေပြားအောက်သို့ ထိုးသွင်းလိုက်သည်။

"နာရီဝက်လောက်တော့ အချိန်ရပါလိမ့်မယ် ဒေါ်ဒေါ်၊ ကျွန်တော် အပြင်မှာ ရှိနေပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

မစ္စစ်မက္ကလွိုက်က ပြောလိုက်သည်။

အဘွားကြီးသည် ဆရာဝန်နှင့် ဆရာမတို့ အခန်းထဲမှ ထွက်သွားကြသည်အထိ စောင့်ဆိုင်းနေသည်။ ထို့နောက် သားနှင့်ချွေးမကို ကြည့်လိုက်ရာ သူတို့သည် ခုတင်အနီးရှိ ကုလားထိုင်များတွင် ထိုင်လိုက်ကြသည်။ သမီးမေရီက မိခင်၏ အနီးတွင် ဒူးထောက်ပြီး ထိုင်သည်။

"ဟောက်ရေ. . . ကျွန်မတို့အားလုံး အစ်ကိုကြီးအနားမှာ ရှိကြတယ်"

မစ္စစ်မက္ကလွိုက်က ကြည်လင်ပီသသောအသံဖြင့် ပြောလိုက်သည်။

"ဂျော့နဲ့ရုသ်တို့ ကနေ့ည အိမ်မှာလာပြီး ညလယ်စာစားကြတယ်၊ အစ်ကိုကြီးကြိုက်တဲ့ သိုးသားဟင်းချိုချက်စားကြတယ်။ ဟင်းသီးဟင်းရွက်ခင်းက ကောင်းကောင်း ဖြစ်နေပြီ။ မုန်လာဥဝါတွေတူးပြီး ဟင်းချိုထဲမှာ ထည့်တာ သိပ်ကောင်းတာပဲ"

"အချိုပွဲအတွက် ရှောက်သီးမုန့်လုပ်တယ် ဖေဖေ"

ဂျော့က ပြောလိုက်ခြင်းဖြစ်သည်။

"ရုသ်က မေမေ့လိုပဲ ဌာပနာမုန့်ကောင်းကောင်းလုပ်တတ်တယ်။ ကျွန်တော်က သူ့ကို လုပ်တတ်ရမယ်လို့ မပြောပါဘူး၊ ကိုယ်ပြောသလားဟင်"

ရုသ်ဖြေသည်။ သူမသည် ယခုအခါ မငိုတော့ပါ။ သို့သော် သူမ၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေကြသည်။

"ရုသ်က အချက်အပြုတ်ကောင်းတစ်ယောက်ပဲ"

ဂျော့ ဆက်ပြီး ပြောသည်။

မစ္စစ်မက္ကလွိုက်က. . .

"ကျွန်မ သူ့အရွယ်လောက်တုန်းကထက် အများကြီး ပိုတော်တယ်။ ကျွန်မ ပထမဆုံးဖုတ်တဲ့ မုန့်ကို အစ်ကိုကြီး မှတ်မိသေးသလား။ အပေါ်ပိုင်းက တူးပြီး အောက်ပိုင်းကတော့ မကျက်ဘူးလေ။ အစ်ကိုကြီးကြိုက်တဲ့ ချယ်ရီမုန့်ဖုတ်တာပေါ့။ ကျွန်မကတော့ ငိုမလိုဖြစ်နေတယ်။ အစ်ကိုကြီးကတော့ တဟားဟားရယ်ပြီး ကျွန်မကို ယူတာ၊ မုန့်ဖုတ်ခိုင်းဖို့ မဟုတ်ဘူးတဲ့"

"ဖေဖေရေ သမီးတို့ချယ်ရီပင်ကြီးဟာ ဒီနှစ်လည်း ချယ်ရီသီးတွေ အများကြီး သီးလိမ့်မယ်"

မေရီက ခုတင်ပေါ်တွင် တံတောင်ဆစ်နှစ်ခုကို ထောက်ပြီးပြောသည်။ သူမ၏ မျက်လုံးများက ဖခင်ကြီး၏ မျက်နှာကို စိုက်ကြည့်နေသည်။

"ချယ်ရီသီးတွေ မှည့်တဲ့အချိန်ကျတော့ ဂျော့က ပိုက်နဲ့ အုပ်ထားပေးလိမ့်မယ်။ ဒါမှ ဖေဖေ စားရမှာ၊ ဆက်ရက်တွေက အခုကတည်းက ချောင်းနေကြပြီ"

ထိုအခါ ဂျော့က ရယ်မောလျက်. . .

"ဆက်ရက်ဆိုတဲ့အကောင်တွေဟာ နည်းနည်းမှ အမှတ်အသားမရှိဘူး ဖေဖေ၊ သင်းတို့ဟာ နှစ်တိုင်း နှစ်တိုင်းလာပြီး၊ ပိုက်ပေါ်မှာနားပြီး ချယ်ရီသီးတွေကို ငေးကြည့်နေကြရတယ်။ မေမေကတောင် သူတို့တစ်တွေ ကျိန်ဆဲတာကို ကြားရတယ်လို့ ပြောသေးတယ်။ ဒီနှစ်လည်း ဒီကောင်တွေ ဒီအတိုင်းပဲ ဖြစ်မှာပဲ"

"ချယ်ရီမုန့်တွေ ဖုတ်ပြီးရင် ပျော်ပွဲစားထွက်ကြမယ်။ အဲဒါဟာ သမီးအဖို့တော့ နွေဦးသစ်တာပဲ"

မေရီက ညင်းပျောင်းစွာ ပြောသည်။

"ကျွန်မလည်း ပျော်ပွဲစားထွက်တာတော့ ကြိုက်တာပဲ။ အခု အသက်ကြီးတဲ့ အထိလည်း ပျော်ပွဲစားထွက်ချင်တုန်းပဲ သမီး သိလား။ သမီး ဖေဖေနဲ့ မေမေဟာ တနင်္ဂနွေနေ့ ကျောင်းပျော်ပွဲစားထွက်တုန်းက စေ့စပ်ခဲ့ကြတာပဲ"

မစ္စစ်မက္ကလွိုက်က ပြောသည်။

"ဂျူလိုင်၊ ၄ ရက်နေ့မှာ သားတို့ပါ ဆင်ကန်တော်ကြီးကို ပျော်ပွဲစားထွက်ကြတာ မှတ်မိသေးလား။ အဲဒီမှာ ဖေဖေက သားကို ကွန်ပစ်နည်း သင်ပေးတယ်။ သား အနေနဲ့ ငါးပြေမကြီးတစ်ကောင် ပထမဆုံး ရဖူးတာပဲ။ သားဝမ်းသာလွန်းလို့ လူတွေကို ခေါ်ပြီး ပြလိုက်ရတာ"

ဂျော့က ပြောသည်။

"နွေကို သမီးချစ်တယ်၊ ဒါပေမဲ့ ဆောင်းဦးပေါက်ပြီဆိုပြန်တော့လည်း ပျော်ရပြန်တာပဲ။ ဝက်သစ်ချပင်ကြီးကို ဖေဖေ မှတ်မိသေးလား။ နောက်ပြီးတော့ ကျောင်းတက်ရတာကိုလည်း သမီးပျော်တယ်။ တကယ့်ကို ပျော်တယ်။ ညီမကို မကြည့်ပါနဲ့ အစ်ကို၊ အစ်ကိုက ကျောင်းတက်ရတာကို မကြိုက်ဘူး မဟုတ်လား"

"ဘယ်လိုလဲ ဒီမောင်နှမနှစ်ယောက် အခုထက်ထိ ရန်ဖြစ်ကြတုန်းပဲလား"

အမေကြီးက ရယ်မောပြီးပြောသည်။

တစ်ဖက် ခုတင်ပေါ်ရှိ လူရွယ်၏ မျက်တောင်များ တဖျတ်ဖျတ်ခတ်လာသည်။ သို့သော် မည်သူကမျှ သတိမပြုမိကြပါ။ သူ့မျက်တောင်များက တဖျတ်ဖျတ်ခတ်နေသည်ကို သူကိုယ်တိုင်လည်း မသိပါ။ သို့သော် သူ၏ စိတ်အာရုံထဲတွင်မူ အသံတွေကြားနေရသည်။

"သမီးတို့ ငယ်ငယ်တုန်းက ဘဝဟာ သိပ်ပျော်စရာကောင်းတာပဲ။ တစ်ခါ တစ်ခါမှာ သမီးဟာ ဖေဖေတို့ မေမေတို့နဲ့အတူ ငယ်ငယ်တုန်းကဘဝကို သိပ်ပြီး ပြန်သွားချင်တာပဲ"

"ရှူး. . . သူ တစ်ခုခုပြောချင်တယ်နဲ့တူတယ်"

မစ္စစ်မက္ကလွှိုက်က ပြောလိုက်သည်။

သူတို့အားလုံးပင် ရှေ့သို့ ကုန်းငိုက်လိုက်ကြသည်။ သူတို့၏ မျက်လုံးများက အဘိုးကြီး၏ မျက်နှာပေါ်တွင် စူးစိုက်လျက်ရှိကြသည်။ သူ၏ နှုတ်ခမ်းများ လှုပ်သည်။ သူသည် သက်ပြင်းချသည်။ သူ့မျက်လုံးများ ပွင့်လာသည်။ သူတို့ကို ငေးစိုက်ပြီး ကြည့်နေသည်။ မျက်နှာတစ်ခုပြီးတစ်ခုကို လိုက်ကြည့်နေသည်။

"အစ်ကိုကြီး၊ အစ်ကိုကြီး အိမ်မှာ မရှိတာ ကျွန်မတို့ သိပ်ပျင်းတာပဲ၊ ဒါနဲ့ ကျွန်မတို့ ပန်းကန်တွေဆေးပြီး ဒီကို လာခဲ့ကြတာပဲ"

သူမက ပြောလက်စ စကားကိုရပ်ပြီး နားထောင်သည်။ သူက ခေါင်းကို သူမဘက်သို့ လှည့်သည်။

"မာသာ"

သူ၏အသံဖြစ်သည်။ လေသံမျှသာဖြစ်သည်။ တိုးညှင်းသည်။

"ရှင်. . . အစ်ကိုကြီး၊ ကျွန်မ ဒီမှာရှိတယ်။ ကလေးတွေက ဖေဖေကြီးနဲ့ စကားပြောရအောင် လာကြတာပဲ။

သူမက သူတို့ကို ခေါင်းညိတ်ပြလိုက်သည်။

"ဟော. . . ကလေးနဲ့ ဂျော်ဂျီတို့က ဘဘကြီးကို သတိရတယ်လို့ မှာလိုက်ကြတယ်"

ရှသ်က လျှင်မြန်စွာ ပြောသည်။

"သူတို့ အိပ်နေပြီ၊ လူဇာကာကို စောင့်ခိုင်းထားခဲ့တယ်။ ကောင်မလေးက တစ်ဖက်ခန်းကပဲ၊ သဘောကောင်းတယ်။ ဟောကလေးက ဘဘကြီး အိမ်ပြန်ရောက်ရင် သူ့ သုံးဘီးစက်ဘီးကလေးကို ပြမယ်ဆိုပြီး စောင့်နေတယ်။ သူ့မွေးနေ့အတွက် ဖေဖေက ဝယ်ပေးပါဆိုလို့ သမီးတို့ ဝယ်ပေးထားတာပဲ"

"သူက အခု ခရစ္စမတ်မျှော်နေပြီ၊ ခရစ္စမတ်ကျရင် သူ့စက်ဘီးအတွက် ဟွန်းတစ်ခု ဝယ်ပေးရမယ်တဲ့"

"ခရစ္စမတ်ကို သမီး သိပ်ချစ်တာပဲ၊ အပြင်ဘက်မှာ သီချင်းတွေဆိုနေကြတာ အိပ်ရာထဲကနေ နွေးနွေးကလေးနားထောင်နေရတာ သိပ်အရသာရှိတာပဲ"

မေရီက တမ်းတလွမ်းဆွတ်ဟန်ဖြင့် ပြောသည်။ သူမက သီချင်းတစ်ပုဒ်ကိုပင် ဆိုပြသည်။

တစ်ဖက်ခုတင်မှ လူရွှယ်၏မျက်လုံးများ တစ်ဝက်လောက်ပွင့်လာသည်။ သူ့ခေါင်းကို စောင်းငဲ့ပြီး ကြည့်သည်။ သို့သော် ဘာမျှမမြင်ရပါ။ အသံတွေကတော့ ကြည်လင်သဲကွဲလာသည်။ သီချင်းသံကို သူ ကြားရသည်။

"ဖေဖေ မှတ်မိတယ် အားလုံး မှတ်မိတယ်"

အဘိုးကြီးက ပြောလိုက်သည်။

"ခရစ္စမတ်နေ့ဟာ တကယ် ပျော်စရာကောင်းတာပဲ၊ ခရစ္စမတ်နေ့မှာ ဘယ်သူတွေနဲ့မှ ပူးပေါင်းဖို့ မလိုပါဘူး။ ကိုယ့်မိသားစုနဲ့တင် လုံလောက်နေပြီ။ အခုဆိုရင် ဟောကလေးနဲ့ ဂျော်ဂျီတို့ တိုးလာပြန်ပြီ"

မစ္စစ်မက္ကလွှိုက်က ပြောသည်။

ထိုအခါ ဂျော့က. . .

"ဒီကြားထဲမှာ မေရီလည်း လက်ထပ်တော့မှာပဲ၊ ကျွန်တော်တို့ မိသားစုအင်အားပိုပြီးများလာမယ်"

"ဒါပေမဲ့ သမီးတို့မိသားစု ဘယ်လိုမှ ပြောင်းလဲသွားမှာမဟုတ်ဘူး၊ သမီးတို့ဟာ ဖေဖေတို့ မေမေတို့ရဲ့ မိသားစုပဲ"

"ကျွန်တော်ဟာ ဖေဖေ့လို ဖခင်ကောင်းတစ်ယောက်ဖြစ်ဖို့ မျှော်မှန်းထားပါတယ်"

ဂျော့က ပြောသည်။

ယခုအခါ လူရွှယ်သည် သူတို့ကို မြင်တွေ့ရပြီဖြစ်သည်။ သူ့မျက်လုံးများ လုံးဝ ပွင့်သွားကြပြီဖြစ်သည်။ ခုတင်ပေါ်တွင် အဘိုးကြီးတစ်ယောက် လဲလျောင်း

လျက် ရှိသည်။ သူ့ပတ်လည်တွင် လူတွေရှိသည်။

"လိမ်မာလိုက်တဲ့ကလေးတွေရယ်"

အဘိုးကြီး အိပ်ချင်မူးတူးအသံမျိုးနှင့် ပြောသည်။

"ဖေဖေနဲ့ မေမေတို့ဟာ သမီးတို့ ဘာလိုချင်တယ်ဆိုတာ တကယ်သိတာပဲ၊ သမီးမှတ်မိသေးတယ်။ သမီး ၉ နှစ်သမီးက ယမင်းရုပ်ကလေးရတာရယ်၊ ၁၅ နှစ်သမီးက လက်စွပ်ကလေးရတာရယ်ပေါ့၊ သမီး မြလက်စွပ်ကလေးကို သိပ်ချစ်တယ်ဆိုတာ ဖေဖေတို့ ဘယ်လိုများသိကြသလဲ မသိဘူး"

"၁၂ နှစ်သားတုန်းက ကျွန်တော် စကီးတစ်စုံရတာကော၊ ကျွန်တော် စကီးလိုချင်တယ်ဆိုတာ ဖေဖေ ဘယ်လိုများလုပ်သိသလဲ မသိဘူး၊ ဖေဖေ့ကို ကျွန်တော် မပြောဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ ဖေဖေတို့ပိုက်ဆံတွေ သိပ်ကုန်မှာစိုးလို့ပဲ"

"ခရစ္စမတ်နားကျရင် ဖေဖေကြီးက သားတို့သမီးတို့ပြောတာတွေကို အမြဲတမ်း နားထောင်နေတယ်ကွယ်"

မိခင်ကြီးက ဝင်ပြောသည်။

တစ်ဖက်ခုတင်ပေါ်မှ လူရွယ်သည် ယခုအခါ သူတို့ကို ကောင်းမွန်စွာမြင်တွေ့နေရသည်။ ထိုအခါ သူ့ရင်ထဲတွင် စူးရှစွာ ကျင်လာသည်။ ကုန်ကားကြီးကို ဝင်တိုက်တုန်းက သူ ဘယ်ကိုသွားတာလဲ၊ တကယ်တော့ သူ ဘယ်ကိုမှသွားနေတာ မဟုတ်ဘူး၊ ဦးတည့်ရာ လျှောက်သွားနေခြင်းသာဖြစ်သည်။ ဘယ်ကလာပြီး ဘယ်ကိုသွားခြင်းမျှ မဟုတ်ပါ။ သူ့ဘဝ လမ်းပေါ်မှာသာရှိသည်။ သူ့ကို ဂရုစိုက်မည့်သူမည်သူမျှမရှိပါ။ ခရစ္စမတ်ကာလများကို သူ ပြန်စဉ်းစားသည်။ ဘာမျှ မှတ်မှတ်ရရ မရှိပါ။

"လာမယ့် တနင်္ဂနွေဆိုရင် အီစတာပွဲတော်ပဲ"

တစ်ဖက်ခုတင်မှ လူရွယ်နားထောင်သည်။ အီစတာဆိုသည့် စကားလုံးကို သူ သိသည်။ ထိုနေ့တွင် လူတွေ ဝတ်ကောင်းစားလှဝတ်ပြီး ဘုရားရှိခိုးကျောင်းသို့ သွားကြသည်။ ဘာကိစ္စနည်း။

မစ္စတာမက္ကလွိုက်၏ မျက်လုံးများ မှိတ်သွားသည်။ မစ္စစ်မက္ကလွိုက် ခေါင်းညိတ်ပြီး ပြလိုက်သောအခါ ဂျော့ အပြင်သို့ ထွက်သွားသည်။

"ဒေါက်တာ ကျေးဇူးပြုပြီး အထဲကို ကြွပါတော့"

အလုပ်သင်ဆရာဝန်ခြေဖော့နင်းပြီး ဝင်လာသည်။ မစ္စတာမက္ကလွိုက်၏ ကိုယ်ပေါ်တွင် ကုန်းငုံ့ပြီး သွေးခုန်ခြင်းကို စမ်းသည်။ သွေးခုန်နေဆဲပဲ ဖြစ်သည်။

သို့သော် မကြာမီမှာပင် သွေးခုန်ခြင်း မမှန်တော့သည်ကို သူ တွေ့လာရသည်။ သူ ခေါင်းကို ယမ်းခါလိုက်သည်။

မစ္စစ်မက္ကလွိုက်၏ မျက်နှာ ဖြူရော်သွားသည်။ သို့သော် သူမ၏အသံမှာ ကြည်လင်ပြတ်သားလျက်ပင်ရှိနေသည်။

"ကဲ. . . ကလေးတို့ အိမ်ပြန်ကြတော့၊ အိပ်ကြတော့၊ မေမေ ဒီမှာ ဖေဖေနဲ့ ခဏနေရစ်ခဲ့ဦးမယ်"

အဓိပ္ပာယ်နားလည်သည့်အနေဖြင့် သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ရှယ် မငိုမိရန် ကြိုးစားနေသည်။

"အပြင်ဘက်ကို ရောက်တဲ့အထိ စိတ်ကိုတင်းထားပါကွယ်"

ဂျော့က သူမကို ပြောသည်။ ထို့နောက်. . .

"ကောင်းသောညပါ ဖေဖေ၊ ကျွန်တော်တို့ မနက်မှ တစ်ခါလာကြမယ်"

မေရီက ပြောသည်။

ဖခင်၏ မျက်လုံးများပွင့်လာသည်။ သို့သော် ဘာမျှမပြောပါ။

လူငယ်သုံးယောက် ထွက်သွားကြသည်။ အလုပ်သင်ဆရာဝန်သည် ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ သူတို့နောက်သို့ လိုက်သွားသည်။

တစ်ဖက်ခုတင်မှနေ၍ လူရှယ်ကြည့်သည်။ အို. . . သူတို့ဟာ အသက်တွေ ကြီးလှပါပကော။ အခု သူတို့ ဘာလုပ်ကြမှာလဲ၊ သူ့မှာ အဖေဟူသည် လုံးဝမရှိခဲ့ပါ။ အမေဆိုသည်မှာလည်း သူ့ကိုမွေးပြီး ဆုံးသွားသည်။ သူ့မှာ မိသားစုမရှိပါ။ ယင်းမှာ သူ့အတွက် ပြဿနာပင်ဖြစ်သည်။ သူသည် မိဘမဲ့ဂေဟာတွင် အခြားမိဘမဲ့များနှင့် အတူ ကြီးပြင်းခဲ့ရသည်။

အဘွားကြီးက အဘိုးကြီးကို ပြောနေသည်။

"အစ်ကိုကြီးဟာ တကယ့်ခင်ပွန်းကောင်းတစ်ယောက်ပဲ၊ ဇနီးသည် တစ်ယောက်ကို ပျော်ရွှင်ချမ်းမြေ့စေတဲ့ ခင်ပွန်းကောင်းတစ်ယောက်ပဲ။ အစ်ကိုကြီးနဲ့ ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှုကနေ ကလေးတွေကို တစ်ခါ ပျော်ရွှင်စေတော့တာပဲ အစ်ကိုကြီး"

"မာသာ"

ခေါ်သံက တိုးညှင်းလှသည်။ သို့သော် သူမအနေနှင့် ကောင်းစွာပင် ကြားမိသည်။

"ရှင်. . . အစ်ကိုကြီး ကျွန်မ ဒီမှာရှိတယ်။ အစ်ကိုကြီးဘေးမှာ ကျွန်မ ရှိနေတယ်"

သူသည် မျက်လုံးများကို ရုတ်တရက် ဖွင့်လိုက်သည်။ သူမကို သူ မြင်သည်။ သူ ပြုံးလိုက်သည်။

"သာယာတဲ့ဘဝ"

သူ့အသံတိုးပြီး ပျောက်သွားသည်။ သူမ၏လက်များပေါ်သို့ သူ့လက်ကျသွား၏။ သူ့မျက်လုံးများ မှိတ်သွားသည်။

အဘိုးကြီး ကွယ်လွန်ချေပြီတည်း။ လူငယ်ကလေးငိုချင်သည်။ သူငယ်ငယ် တုန်းက သူ့ထက်ကြီးသော ကောင်ကလေးတစ်ယောက်က ထိုးသဖြင့် ငိုခဲ့ဖူးသည်မှအပ နောက်ပိုင်းတွင် သူ တစ်ခါမျှ မငိုဖူးခဲ့ပါ။ ဟိုတုန်းကလည်း သူ့ကို ထိုးသဖြင့် ငိုသည်မဟုတ်ပါ။ သူ့ကို ထိုးကြိတ်သူသည် သူ့အစ်ကိုများ ဖြစ်ခဲ့လျှင်ဟု စဉ်းစားမိသောကြောင့် ဖြစ်ပါသည်။ အဘွားကြီး ငိုနေပါသည်။ သူမ၏ ပါးပြင်ပေါ်သို့ မျက်ရည် စီးကျနေသည်။ အတန်ငယ်ကြာသောအခါ ခင်ပွန်းသည်၏လက်ကို အောက်သို့ ဖယ်ချလိုက်ပြီး သူမ၏ လက်ကိုင်အိတ်ထဲမှ သားရေဖုံးစာအုပ် ကလေး တစ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် မျက်ရည်များ တစ်စက်စက်ကျလျက်ဖြင့် ဓမ္မတရားတော်ကို အသံထွက်ကာ ရွတ်ဖတ်လျက်ရှိတော့သည်။

လူရွယ်ကလေးသည် ဓမ္မတရားသံကို ကြားနာနေရသည်။

မစ္စစ်မက္ကလွှိုက်သည် တရားစာအုပ် ပိတ်လိုက်ပြီးနောက် အတော်ကြီး ကြာအောင်ပင် ငြိမ်သက်စွာထိုင်နေသည်။ ထို့နောက်တွင်မှ မတ်တတ်ထရပ်လိုက်ပြီး ကုန်းငုံ့ကာ ခင်ပွန်းသည်၏ နှုတ်ခမ်းကို နမ်းလိုက်သည်။

"အစ်ကိုကြီးရေ. . . သွားပေတော့၊ ကောင်းကင်ဘုံကျမှ ပြန်ဆုံကြမယ်"

× × ×

သူ နေမြင့်မှ နိုးသည်။ အခန်းမှာ ရှင်းနေသည်။ တစ်ဖက်ခုတင်မှာ လွတ်နေသည်။ အိပ်ရာခင်းအသစ် ခင်းထားသည်။ ပြတင်းပေါက်မှ နေရောင်လင်း ဖြာနေသည်။ သူ တစ်ယောက်တည်း ရှိနေသည်။ သို့သော် သူ့ဘဝတွင် ပထမဆုံး အကြိမ်အဖြစ်နှင့် သူတစ်ယောက်တည်းမဟုတ်ကြောင်း ခံစားရသည်။ ရှေ့တွင် သူ တစ်ယောက်တည်း နေသွားရတော့မည် မဟုတ်ပါ။ မိသားစုတစ်ခုကို သူ ဖန်တီးနိုင်သည်။ မည်သို့ဖန်တီးကြောင်းကို ယမန်နေ့ညက သူ တွေ့မြင်ခဲ့ပြီ။ သူ အလုပ် တစ်ခု လုပ်ရမည်။ ကောင်းမွန်သော မိန်းကလေးတစ်ယောက်ကို ရှာဖွေရမည်။ ယမန်နေ့ညက တွေ့လိုက်ရသော အဘွားကြီးသည် ငယ်ရွယ်စဉ်အခါက ကောင်းမွန် သော မိန်းကလေးတစ်ယောက်ပင် ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့သော မိန်းကလေးမျိုးကို

ရှာဖွေရမည်။ သားသမီးတွေအပေါ် ကောင်းမွန်ကြင်နာမည့်သူတစ်ဦးကို ရှာဖွေရမည်။ အချက်အပြုတ် ကျွမ်းကျင်သူတစ်ဦးကို ရှာဖွေရမည်။ ကလေးများ၊ လူတစ်ယောက်သည် မိမိပိုင်ကလေးများ ရရှိနိုင်သည်။ အဘိုးကြီးသည် ကံကောင်းလှပေသည်။ ငြိမ်းချမ်းစွာ ကွယ်လွန်သွားရသည်။ လူတစ်ယောက်သည် မိမိတွင် အားလုံးပြည့်စုံ လုံလောက်သောအခါ သေရမည်ကို ဘာမျှ စိုးရွံ့စရာမရှိတော့ပါ။

အခန်းတွင်းသို့ ဆရာမလေး ဝင်လာသည်။ သန့်သန့်ပြန့်ပြန့်ကလေး ဖြစ်သည်။

"လူကြီးမင်းကလေး နံနက်စာသုံးဆောင်မယ်မဟုတ်လား"

သူမ လိုက်လှဲရွှင်ပျစွာ မေးသည်။

သူသည် လက်များကို ဆန့်တန်းကာ ရယ်မောလိုက်ပြီး. . .

"ကျွန်တော် တကယ်နေလို့ ကောင်းသွားပြီ။ ကျွန်တော့်ကို နံနက်စာတစ်ပွဲ ကောင်းကောင်းနဲ့ များများသာ ပေးပေတော့၊ ကျွန်တော် အရမ်းကို ဆာနေပြီ"

**( Death And Dawn ကို ပြန်ဆိုသည် )**

**မြန္မာ၊ ၂၀၀၅၊ ဇန်နဝါရီ**

* * *

# ပြန်ပေး

နတ်နွယ်

ဗင်တိုဗင် တေးသံစုံ ရုတ်ချည်းရပ်သွားသည်။ ကြည်လင်ပြတ်သားသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ရေဒီယိုသတင်း၊ မစ္စတာဟတ်ဒလေလိန်းရဲ့ ပြန်ပေးဆွဲခံနေရတဲ့ သားကလေးဖင်မီလိန်းရဲ့ အလောင်းကို ၎င်းတို့နေထိုင်ရာ အိမ်အနီး ဟက်ဆင်မြစ်ကမ်းတစ်နေရာမှာ ကနေ့ညနေပိုင်းက ရှာဖွေတွေ့ရှိကြရတဲ့အတွက် ရှာဖွေရေးလုပ်ငန်းများ နိဂုံးချုပ်"

"အစ်ကိုရေ. . . ပိတ်လိုက်ပါတော့"

အယ်လင် ဟစ်အော်လိုက်သည်။

ဘန့်ခရိုသာ ခေတ္တမျှတွေဆိုင်းနေပြီးနောက် ရေဒီယိုကို ပိတ်လိုက်သည်။

ရေဒီယိုသံပျောက်သွားသောအခါတွင်မှ အယ်လင်သည် အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်လိုက်ပြီးနောက်. . .

"သူ့အမေ ဘယ်လောက်များ ယူကျုံးမရဖြစ်လိုက်ရှာမလဲ။ သူ့ခမျာ ဒီရက်တွေမှာ နည်းနည်းကလေးမှ စိတ်မလျှော့ခဲ့ရှာဘူး။ သူ့သားကလေးကို တစ်နေ့မှာ ပြန်တွေ့လိမ့်မယ်လို့ မျှော်လင့်နေရှာတယ်"

"ကိုယ့်အနေနဲ့တော့ သောင်မတင်ရေမကျဖြစ်နေရတာထက် အဖြေတစ်ခုခုကို တိတိကျကျ သိလိုက်ရတာက ကောင်းတယ်လို့ ထင်တယ်။ သိရတဲ့အဖြေက ဆိုးကာမှ ဆိုးရောပေါ့"

ဘန့်က အေးဆေးတည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

သည်အချိန်သည် သည်ကိစ္စတွေနှင့် ပတ်သက်ပြီး သူမကို ပြောရန် အကောင်းဆုံးအချိန်ပင်ဖြစ်လိမ့်မည်။ သူမက သည်ပြန်ပေးကိစ္စတွေ အာရုံစိုက်လွန်း

နေသည်။ တကယ်တော့ အမေရိကန်ပြည်ထောင်စုတွင် ကြီးပြင်းလာရသည့် ကလေးတွေ အနမတဂ္ဂပင်ဖြစ်သည်။ သူတို့လို ငွေကြေးပြည့်စုံသည့်မိသားစုမှ ပေါက်ဖွားလာသည့်ကလေးတွေလည်း အများကြီးပင်ဖြစ်သည်။ ပြဿနာက တစ်ခုပဲ ရှိသည်။ ကလေးတွေအတွက် ကိုယ်ရံတော်တွေ၊ သက်တော်စောင့်တွေ ငှားပေးနိုင်လောက်အောင်လည်း သူတို့က မချမ်းသာပါ။ သို့သော်လည်း သူ၏ဖခင်က စက္ကူစက်ပိုင်ရှင်ကြီးဖြစ်နေသဖြင့် သည်နယ်မြေတလွှားတွင်တော့လည်း သူတို့က ကျော်ဇောထင်ရှားလျက်ရှိပါသည်။

သေချာသည့်အကြောင်းတစ်ချက်တော့ရှိသည်။ သူတို့သည် သန်းကြွယ်တန်းစားတွင် မပါဝင်ပါ။ ထို့ကြောင့် သူတို့သည် ပြန်ပေးသမားများ မျက်စိကျစရာ မဟုတ်ပါ။ ဗရစ်အတွက် ဘာမျှစိုးရိမ်စရာမရှိပါ။ ဗရစ်သည် လာမည့်နှစ်ဆိုလျှင် ကျောင်းတက်ရပေတော့မည်။ ဗရစ်သည် သန်းပေါင်းများစွာသော အမေရိကန်ကလေး သူငယ်များနည်းတူပင် လမ်းပေါ်တွင် ခြေလျင်လျှောက်ပြီး ကျောင်းတက်ရပေလိမ့်မည်၊ ကျောင်းမှ အိမ်သို့ ပြန်လာရပေလိမ့်မည်။ သုံးပြလောက်သာ ဝေးသော ခရီးကို ကားနှင့် အပို့အကြို မလုပ်နိုင်ပါ။ ယင်းသို့ပြုလုပ်ခဲ့လျှင် ပို၍ပင် အန္တရယ်ကြီးလာပေလိမ့်မည်။ နောက်ပြီးတော့ သူတို့နေထိုင်သည်က ဒီမိုကရေစီခေတ်ဖြစ်သည်။ ဗရစ်သည် လူတွေကြားထဲတွင် ကြီးပြင်းရပေမည်။

"ကလေးတွေ စောင်မှရှိရဲ့လားလို့ ကျွန်မ သွားကြည့်လိုက်ဦးမယ်။ ဗက်လေးက စောင်တွေကို အမြဲလိုလိုပဲ ခွာပစ်တတ်တယ်"

"ကန်ပစ်တတ်တယ်"

အယ်လင်က ပြောလိုက်သည်။

အမှန်တော့ သူမသည် ကလေးတွေ၌ စောင်ရှိမရှိကို ကြည့်ချင်ခြင်းမဟုတ်ပါ။ ကလေးတွေ ရှိမရှိကို ကြည့်ချင်ခြင်းသာဖြစ်ကြောင်း ဘန် သိပါသည်။ သို့ရာတွင် ဘန်သည် သူမကို တားမြစ်ခြင်းမပြုဘဲ သူမနှင့်အတူပင်ထိုင်ရာမှ ထလိုက်သည်။ ဆေးတံကို မီးညှိပြီး စကားကို ဘယ်လိုစရမည်ဟု စဉ်းစားသည်။ သူတို့နှစ်ယောက်ချင်းဆွဲချိတ်ပြီး လှေကားမှ အတူတက်သွားကြသည်။ အယ်လင်က ကလေးတွေ၏ အိပ်ခန်းတံခါးကို ဖြည်းညင်းစွာ ဖွင့်သည်။ ရယ်စရာတော့လည်း ကောင်းသည်။ သူမ၏ စိုးရိမ်ကြောက်လန့်မှုက သူ့ကိုပင် ကူးစက်လျက်ရှိသည်။ တံခါးကို ဖွင့်လိုက်သည့်အခါတိုင်းလိုပင် တစ်ခဏမျှတော့ သူ့အသက်ရှူရပ်သွားသည်။ ခုတင်နှစ်လုံးပေါ်တွင် အသီးသီးအိပ်နေကြသော ကလေးနှစ်ယောက်ကို မြင်လိုက်ရသောအခါတွင်မှ အသက်ရှူမှန်သွားသည်။

ယခုလည်း ကလေးနှစ်ယောက် ခုတင်ပေါ်တွင်ရှိနေကြပါသည်။ ဘန့်သည် ဗရစ်၏ ခုတင်ဘေးတွင် ရပ်လိုက်ပြီးသားငယ်ကို ငုံ့ကြည့်သည်။ လူချောလူလှကလေးတစ်ယောက်ပင်ဖြစ်သည်။ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ သူ့အမေက သူ့အပေါ်တွင် ကုန်းနမ်းလိုက်သည်ကိုပင် သူ မနိုးပါ။ နည်းနည်းကလေးမျှ မလှုပ်လှုပ်ပါ။ သူ၏ နက်မှောင်သောဆံပင်ကလေးတွေက ဖိုးရိုးဖားရား ရှိနေကြသည်။ နီမြန်းသော နှုတ်ခမ်းစုံကလေးက စူထွက်နေသည်။ အသားညိုသည်။ သို့သော် မျက်လုံးစုံက အမေလိုပဲ ပြာလဲ့နေသည်။ သူတို့ စကားမပြောကြပါ။ အယ်လင်သည် စောင်လွတ်နေသော သားငယ်၏လက်ကို စောင်ဆွဲခြုံပေးလိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ကာ အတန်ကြာအောင် ရပ်နေကြသည်။ သားငယ်ကို ငေးစိုက်ပြီးကြည့်နေကြသည်။ ထို့နောက် အယ်လင်က ဘန့်ကို မော့ကြည့်လိုက်သည်။ ပြုံးလဲ့လဲ့ကလေးဖြစ်သည်။ ဘန့်က သူမကို နမ်းလိုက်သည်။ ထို့နောက် သူမ၏ပခုံးကို လက်တစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။ ထို့နောက် ဗက်ဆီ၏ ခုတင် ဆီသို့ သူတို့လျှောက်သွားကြသည်။

ဗက်ဆီနှင့် ပတ်သက်၍မူ ဘန့်၏ စိတ်ထဲတွင် အတွေးမျှင်တစ်ခု လျှို့ဝှက်စွာ တွယ်ငြိနေရသည်။ ဗရစ်သည် တခြားကလေးတွေနည်းတူပင် သွားလာနေထိုင်ရမည်ဟု သူ ယတိပြတ်ဆိုနိုင်သည်။ အကြောင်းမှာ သူသည် ယောကျ်ားကလေးတစ်ယောက်ဖြစ်သဖြင့် သတ္တိရှိဖို့လိုအပ်သည်။ သို့သော် သည်သမီးကလေးနှင့်ပတ်သက်၍မူကား . . .

ဗက်ဆီက သမီးမိန်းကလေးဖြစ်သည်။ နွဲ့နှောင်းသူကလေးဖြစ်သည်။ သူ၏ သမီးငယ်ကလေးဖြစ်သည်။ သမီးကလေးက အမေလိုပင် အသားဖြူသည်။ သို့သော် မျက်လုံးကျတော့ သူနှင့်တူသည်။ ညိုမှောင်သည်။ သမီးငယ်၏ မျက်လုံးများကို ကြည့်ရသည်က သူ့ကိုယ်သူမှန်ထဲတွင် ကြည့်နေရသကဲ့သို့ပင်ဖြစ်သည်။ သမီးကလေး အသက်ရှုလျက်ရှိသည်။ သို့သော် အသက်ရှုပုံသိပ်မမှန်ပါ။

"သမီးအအေးမိတာ ဘယ့်နှယ်နေသေးသလဲ" ဟု တိုးဖွဖွမေးသည်။

"အတော်ကလေးသက်သာသွားပါပြီ။ ကျွန်မ သူ့ရင်ပတ်ကို ဆေးလိမ်းပေးထားတယ်" အယ်လင်က တိုးညှင်းစွာပင် ပြန်ပြောသည်။

သမီးကလေးတစ်ခုခုဖြစ်လျှင် ဘန့် စိတ်ဆိုးတတ်သည်။ ဒေါသဖြစ်တတ်သည်။ သမီးကလေးကိုထိန်းကျောင်းသူ မော်လီကို သူ စိတ်မချပါ။ မော်လီက သဘောကောင်းသည်။ သို့သော် ပေါ့ဆသည်။

ကလေးမကလေး အသက်ပြင်းပြင်းရှုလိုက်ပြီး မျက်လုံးကို ဖွင့်ကြည့်သည်။

သူမ၏ မျက်တောင်ကလေးများကို တဖျပ်ဖျပ်ခတ်ပြီး ပြုံးလဲ့လိုက်သည်။ ထို့နောက် သူမကိုခေါ်ရန် လက်ကလေးနှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။

"အစ်ကိုရေ. . . သူ့ကို မခေါ်နဲ့၊ သူကဘယ်တော့မဆို ဒီလိုပဲ အခေါ်ခိုင်းတာပဲ" အယ်လင်က ပြောသည်။

သို့ဖြင့် သမီးကလေးကို သူ မခေါ်ပါ။ သမီးကလေး လက်နှစ်ဖက်ကို တစ်ဖက် ချင်း ပြန်ဆွဲချပြီး စောင်အောက်ကို သွင်းလိုက်သည်။

"သမီးလေး. . . အိပ် အိပ်"

ကလေးကို သူ သိပ်သည်။ ကလေးမကလေး အိပ်ချင်မူးတူးဖြင့် ပြုံးသည်။ အင်မတန် လိမ်မာတဲ့ ကလေးမကလေး။

"လာ အစ်ကို မီးပိတ်လိုက်ကြစို့"

အယ်လင် လေသံဖြင့် ဆိုသည်။ သူတို့ခြေဖျားထောက်ပြီး ထွက်ခဲ့ကြသည်။ ဧည့်ခန်းသို့ ပြန်ခဲ့ကြသည်။

ဘန့် ဆိုဖာပေါ်တွင် ထိုင်ပြီး ဆေးတံကို ရှိုက်ဖွာနေသည်။ သူ့ရင်ထဲတွင် အယ်လင်ကို ပြောချင်သည့်စကားတွေ ပြည့်လျှံလျက်ရှိသည်။ သူတို့၏ဘဝတွင် အရေးအကြီးဆုံးအချက်မှာ သူတို့၏ကလေးတွေ ဘာမျှမဖြစ်နိုင်ဟု ယုံကြည်စိတ်ချထားရန်ပင်ဖြစ်သည်။

"ပြန်ပေးဆွဲတယ်ဆိုတာ လျှပ်စီးပြက်သလိုပဲ။ အခါတစ်သန်းမှာ တစ်ခါလောက်ဖြစ်တဲ့ဟာမျိုးပဲ။ တစ်ယောက်တလေလောက်ကလွဲရင် ကျန်တဲ့တစ်သန်းလုံးလုံးဟာ ဘေးအန္တရာယ်ကင်းတယ်လို့ ယုံကြည်စိတ်ချထားကြရမယ်"

ဘန့်က ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သည်။

မီးဖိုရှေ့ရှိ ဆိုဖာပေါ်တွင် အယ်လင် ထိုင်လိုက်သည်။ ထို့နောက် ဘန့်ဘက်သို့ လှည့်ပြီး. . .

"အစ်ကို ကျွန်မကို တစ်ခုမှန်မှန်ပြောစမ်းပါ၊ တကယ်လို့ တစ်ညညမှာ ကျွန်မတို့ အပေါ်ထပ်ကို တက်သွားတဲ့အခါမှာ"

အယ်လင်၏ စကားမဆုံးဘဲ ဘန့် ကြားဖြတ်ပြီး

"အဓိပ္ပာယ်မရှိတာပဲ။ ကိုယ်အခု ညီမကို ပြောနေတာ အဲဒါပေါ့၊ ဒီလိုမျိုး ဖြစ်နိုင်ဖို့ ဘာအကြောင်းမှ မရှိဘူး။ တောက် အခုလိုဖြစ်ရတာ သတင်းစာတွေကြောင့်ပဲ။ သူတို့ရေးတာနဲ့ပဲ တစ်နေရာမှာ ဖြစ်တဲ့သတင်းဟာ တစ်ပြည်လုံးကို ပျံ့ကုန်တော့တာပဲ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သိကုန်တော့တာပဲ"

"အပြင်မှာ တကယ်ဖြစ်တတ်တဲ့ ပြန်ပေးမှုတွေဟာ သတင်းစာတွေမှာ

ပါတာထက် သုံးဆလောက်များတယ်လို့ ဂျိန်းအီလီယော့က ကျွန်မကို ပြောတယ်"

"ဂျိန်းက သတင်းစာဆရာမတစ်ယောက်ပဲ၊ သူ ပြောတာတွေကို ညီမ"

"ပြန်ပေးသတင်းတွေကို သူ အများကြီးလိုက်ခဲ့ရတာပဲ။ ဝိုက်အမှု အကြောင်း ကျွန်မကို"

သည်အချိန်က ပြောပြရမည့်အချိန်ပင် ဖြစ်တော့သည်။ သူမ၏ ရင်ထဲတွင် ရှိနေသော စိုးရိမ်ပူပန်မှုများက သူမ၏ တုန်ရင်သောစကားသံတွင် ခိုကပ်ပြီး ပါလာသည်။ ဗရုစ်ကို မမွေးဖွားမီကပင် သူတို့ကို အိပ်မက်ဆိုးကြီးက ခြောက်လှန့်နေခဲ့ခြင်း ဖြစ်သည်။ တစ်ညတွင် သူမက သူ့ကို မေးခွန်းတစ်ခု အမှတ်မထင်မေးခဲ့သည်။

"အစ်ကိုရေ. . . ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ၊ တကယ်လိုများ"

သူမ၏ စကားကို သူ နားမလည်သဖြင့်. . .

"ဘာတကယ်လို့များလဲ"

"ကျွန်မတို့ကလေးကို ပြန်ပေးဆွဲခံရလို့ရင်ပေါ့"

"မဖြစ်သေးတဲ့ကိစ္စကို ဘာဖြစ်လို့ ကြိုပြီး ပူနေရတာလဲကွယ်"

သည်အတိုင်း သူ ဖြေခဲ့သည်။ ယခုလည်း သည်အတိုင်းပင် သူ ယုံကြည်လျက်ရှိသည်။ သို့တစေလည်း သူသည် ဗရုစ်ကလေးကို မွေးဖွားပြီးနောက် ဖြစ်ပွားခဲ့သော ပြန်ပေးမှုများ အားလုံးကို သူ လေ့လာမှတ်သားခဲ့ပါသည်။

သူမ၏ လက်ဖဝါးကလေးများကို သူ နမ်းလိုက်ပြီး. . .

"ညီမ စိတ်ထဲမှာ အခုလို ကြောက်နေတာကို ကိုယ်စိတ်မကောင်းပါဘူး။ တကယ်တော့ ညီမအနေနဲ့ ဘာမှကြောက်စရာမရှိပါဘူး။ အခုလို တထိတ်ထိတ် တထင့်ထင့်နဲ့တော့ အစ်ကိုတို့ နေသွားလို့ မဖြစ်ဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်ကိုတို့ ပြတ်သားကြမှနဲ့တူတယ်"

"ညီမပြောနေတာ အဲဒါပဲပေါ့ အစ်ကို။ ဘာမှကြောက်စရာ၊ လန့်စရာ မရှိဘူး ဆိုရင် ညီမ ပြောနေမှာပေါ့။ ဒါပေမဲ့ အဲဒီလိုမျိုး ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မလဲ"

"လူတော်တော်များများကတော့ ဒီကိစ္စမျိုးကို လုံးဝကို ထည့်မစဉ်းစားဘူး"

"ညီမတို့ပြောနေကြတာတော့ ဒီကိစ္စမျိုးဖြစ်လာရင် ညီမတို့ ဘာလုပ်ကြမလဲ ဆိုတာပဲ အစ်ကို"

"ဒါပေမဲ့ အစ်ကို၊ မိခင်တော်တော်များများကတော့ ဒီကိစ္စကိုပဲ တွေးနေကြရတယ်။ ညီမကို တွေ့တဲ့လူတိုင်းဟာ တွေ့တဲ့အချိန်တိုင်းလောက်မှာ ဒါပဲ ပြောနေကြတာပဲ။ ဒီကိစ္စဟာ သူတို့တွေရဲ့ ခေါင်းထဲမှာ အမြဲတမ်း ကိန်းအောင်းနေတာပဲ"

"အဲဒါပဲ ပြန်ရောက်လာတာပဲ"

ဘန့် ရွှတ်ဆိုလိုက်သည်။

"ဒါကြောင့်မို့လို့ ကိုယ်တို့ ဘာလုပ်ရမယ်ဆိုတာ အခုဆုံးဖြတ်ရမယ်လို့ ကိုယ် စဉ်းစားမိတာပဲ။ ညီမ စိတ်ထဲမှာ အမြဲတမ်းမှတ်ထားပါ။ ဒီကိစ္စဟာ ဖြစ်နိုင်ဖို့ အင်မတန် ခဲယဉ်းတယ်"

"ညီမတို့ ဘာလုပ်ကြမလဲဆိုတာ ပြောစမ်းပါ အစ်ကို"

သူမက မရမက မေးသည်။ သူက အနည်းငယ် နောက်ရွှတ်ဟန်ဖြင့်

"ကိုယ်တို့အိမ်ကို လေယာဉ်ပျံတစ်စင်းက လာတိုက်မှာထက်တောင် ဖြစ်နိုင်ဖို့ ခဲယဉ်းတယ်ဆိုတာတော့ မှတ်ထားပါ"

အမျိုးသမီး ခေါင်းညိတ်သည်။

"ကိုယ် အမြဲတမ်း စဉ်းစားထားပါတယ်။ အစ်ကိုတို့ရဲ့ ကလေးတစ်ယောက်ယောက် ပြန်ပေးဆွဲခံရလို့ရှိရင် ပြဿနာတစ်ခုလုံးကို ပုလိပ်လက်ကို ချက်ချင်း အပ်မှာပဲ"

"ဘယ်လို ပုလိပ်လဲ၊ အာချောင်တဲ့အဘိုးကြီး အိုဘရိုင်ယင်လား၊ သူက ဘာလုပ်သလဲ၊ သတင်းစာတွေကို အလျင်ဆုံးပြောမှာပဲ။ သတင်းစာထဲမှာ ပါလာပြီဆိုရင် အသက်အန္တရာယ် စိုးရိမ်ရပြီလို့ ဂျိန်းက ပြောတယ်"

"ဒါဆိုရင် ဗဟိုပုလိပ်အဖွဲ့ကို တိုင်မယ်။ စုံထောက်ဌာနချုပ်ကို တိုင်မယ်။ ဂျီမင်းတွေကိုပေါ့"

"ဘယ်လိုလုပ်ပြီးတိုင်မလဲ၊ သူတို့နဲ့ ဘယ်လိုဆက်သွယ်ရမလဲ"

သူ မသိပါ။

"ကိုယ်စုံစမ်းမှာပေါ့။ ဘာပဲဖြစ်ဖြစ် ဒါဟာမူပဲ ညီမ။ ကိုယ်တို့ဟာ မူကို ဆုံးဖြတ်ပြီးရင်ပြီးတာပဲ။ ဘာလုပ်ရမယ်ဆိုတာ ကိုယ်တို့သိထားပြီးရင် ဒီကိစ္စကို ကိုယ်တို့ မေ့ထားနိုင်တာပဲ။ ပြန်ပေးတွေတောင်းတဲ့ငွေကို ပေးနေသမျှ ပြန်ပေးဆိုတာ ရှိနေမှာပဲ။ အဲဒီတော့ တစ်ယောက်ယောက်က ပြတ်ပြတ်သားသားလုပ်ပြရမယ်။ ဒီအခါမှာ တခြားလူတွေကလည်း နမူနာယူပြီး လိုက်လုပ်ကြလိမ့်မယ်"

သို့သော် သူ့စကားကို သူမက ဘဝင်ကျဟန်မရှိပါ။

"မဟုတ်သေးဘူး အစ်ကို။ ညီမတို့ဟာ လူဆိုးတွေတောင်းတဲ့ငွေကို မပေးဘူးလို့ ဆုံးဖြတ်ထားပေမဲ့ တကယ့်တကယ်ကျရင်တော့ ဒီအချက်ကို လိုက်နာနိုင်ကြမှာ မဟုတ်ဘူး။ ဆိုကြပါစို့၊ ပြန်ပေးအဆွဲခံရတဲ့ကလေးဟာ သားသားလေး ဖြစ်မယ်ဆိုရင် သားသားလေးဟာ ဆောင်းတွင်းကြီးမှာ နှင်းတောထဲမှာ ရောက်နေ

မယ် ဆိုရင်၊ သူ့ကို အိပ်ရာပေါ်ကနေ ညဝတ်အင်္ကျီကလေး နဲ့ ခေါ်သွားမယ်ဆိုရင် ညီမတို့ဟာ သူ့အတွက် ဘာမဆို လုပ်ရတော့မှာပဲ။ ညီမတို့ ဘာလုပ်ရမယ်ဆိုတာ အစ်ကို သိပါတယ်။ ညီမတို့ တခြားကလေးတွေကိစ္စကို စဉ်းစားမနေနိုင်တော့ဘူး။ ကိုယ့်သားကလေးကိစ္စပဲ ကိုယ်စဉ်းစားကြရလိမ့်မယ်။ တခြား ဘယ်သူ့အတွက်မှ မစဉ်းစားနိုင်ဘူး။ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ကုန်ကုန်ခန်းခန်း သူ့ကို ပြန်ရအောင် လုပ်ကြရမှာပဲ"

သူက သူမ၏ စိတ်ထဲမှာ ရှိနေသည်များကို တရဟောပြောချလိုက်တော့သည်။

"တော်တော့ညီမ၊ ဒီကိစ္စကို ညီမက ဒီလိုသာ ပြောနေမယ်ဆိုရင်တော့ ကိုယ်တို့ ဘာမှ ဆက်ပြောလို့ရတော့မှာ မဟုတ်ဘူး"

ဘန့်က ပြောလိုက်သည်။

"အို. . . အစ်ကို နေပါဦး။ ညီမ ပြောပါရစေဦး၊ ညီမတို့ ဘာလုပ်ရမယ်ဆိုတာကို ညီမ သိချင်ပါတယ်။ ညီမအနေနဲ့ တထိတ်ထိတ်တလန့်လန့် ဖြစ်မနေရဖို့ပဲ အရေးကြီးတယ်"

အမျိုးသမီးက တီးတိုးစကားဆိုသည်။

"ကိုယ့်အနားကို လာပါဦး"

ဘန့်က သူမကို သူ့အနီးသို့ ဆွဲယူလိုက်သည်။

"ပထမဆုံးပြောရမယ့်အချက်ကတော့ အစ်ကိုဟာ ကလေးတွေကို ညီမချစ်သလို ချစ်တယ် ဆိုတာပါပဲ။ အဲဒါကို ညီမ နားလည်တယ် မဟုတ်လား"

အမျိုးသမီး ခေါင်းညိတ်သည်။ သူ ဆက်ပြောသည်။

"အဲဒါဆိုရင် ကိုယ်တို့ကလေးတွေနဲ့ ပတ်သက်လို့ အကောင်းဆုံး ဖြစ်အောင် ကိုယ်လုပ်မယ်"

"အစ်ကိုပြောတာ မှန်ပါတယ်။ ဒါပေမဲ့ အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ညီမတို့ သိထားပြီမို့လား"

"ဘာလုပ်ရမယ်ဆိုတာ အစ်ကို သိတယ်"

ဘန့် ပြတ်ပြတ်ပြောသည်။

"တရားဥပဒေရဲ့ အပြင်ဘက်ကနေပြီး တောင်းတာတွေပေးတာတွေ လုပ်နေရင် ပြန်ပေးဆွဲတဲ့လူတွေ ဆက်ပြီး ရှိနေမှာပဲ။ ဒီကိစ္စကို တစ်ယောက်ယောက်က အစမလုပ်ဘဲနဲ့ ဘယ်သူမှ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ ပြည်သူတွေ တိုင်ကြားမှသာ အစိုးရက အရေးယူ ဆောင်ရွက်နိုင်မယ်"

"သူတို့က ပုလိပ်ကို မတိုင်ရဘူးလို့ပြောရင် ဘယ့်နှယ်လုပ်မလဲ"

အမျိုးသမီးက မေးလိုက်သည်။

သူမ ပြောနေသည်က အခိုင်အမာပင်ဖြစ်သည်။ သည်ကိစ္စ ဖြစ်လာနိုင်သည့် သဘောမျိုးပင် ဖြစ်နေသည်။

"ဒါကတော့ ညီမအနေနဲ့လူဆိုးတွေကို အလျှော့ပေးမလား၊ ဒါမှမဟုတ် မူပေါ်မှာ ပြတ်ပြတ်သားသား ရပ်မလားဆိုတာပေါ်မှာတည်တာပဲ"

သူက တုံ့ပြန်လိုက်သည်။

"ဒါပေမဲ့ အစ်ကိုရယ်၊ အခုဥစ္စာက ညီမတို့ရဲ့ ရင်သွေးဖြစ်နေတယ် မဟုတ်လား။ မှန်မှန်ကန်ကန် စဉ်းစားကြည့်ပါ။ မူတွေလူတွေကို ပြောမနေပါနဲ့"

အမျိုးသမီးက တောင်းဆိုသည်။

"ကိုယ်အမှန်ပြောနေတာပဲ ညီမ"

သူ ခပ်လေးလေးပြောသည်။

"ကိုယ့်အနေနဲ့ မူပေါ်မှာပဲ ရပ်ရမှာပဲ။ မူပေါ်မှာ အခြေခံပြီး တစ်ခုခုကို လုပ်ရမှာပဲ"

သူမက သူ့ကို မယုံကြည်နိုင်ဟန်ဖြင့် ကြည့်နေသည်။ သူက သူမကို ဇဝေ ဇဝါဖြင့် ပြန်ကြည့်နေမိသည်။

× × ×

"ဘယ်လို၊ ဘယ်လိုဖြစ်တယ်ဆိုတာ သေသေချာချာပြန်စဉ်းစားစမ်းပါ။ မင်း သူ့ကို ဘယ်မှာထားခဲ့သလဲ"

ကလေးထိန်းကို သူ ဟစ်အော်လျက်ရှိသည်။

အယ်လင်က သူ့ထက် တည်ငြိမ်သည်။ သို့သော် လွန်ခဲ့သည့်နာရီဝက်လောက်က ဖုန်းဆက်တုန်းကမူ သူမလည်း အသံကုန်ဟစ်အော်နေသကဲ့သို့ပင် ရှိသည်။

"အစ်ကိုရေ. . . ဗက်ဆီကို ကျွန်မတို့ ရှာမတွေ့တော့ဘူး"

ထိုအချိန်က သူသည် ဒါရိုက်တာအစည်းအဝေးသို့ တက်ရောက်လျက် ရှိသည်။ အစည်းအဝေးမှ သူ ချက်ချင်းပင် ထွက်ခွာသည်။

"ကျွန်တော့်ကို ခွင့်ပြုကြပါ။ ကျွန်တော် အခုချက်ချင်း သွားမှ ဖြစ်မယ်"

ထိုအခါ သူ၏ ဖခင်က ဖြူဖွေးသော မျက်ခုံးမွေးများကို ပင့်လျက်

"အကြောင်းကိစ္စ သိပ်အရေးကြီးလို့လား"

"သိပ်အရေးကြီးမယ်တော့ မထင်ပါဘူး"

အယ်လင်ပြောသည့်ကိစ္စကို အစည်းအဝေးတွင် ထုတ်မပြောမိရန်တော့ သူ သတိရှိသည်။

"အကြောင်းထူးရင် ဖေဖေ့ဆီကို ဖုန်းဆက်လိုက်ပါ့မယ်"

ကားပေါ်သို့ သူ ခုန်တက်သည်။ ကားကို အရှူးတစ်ယောက်လိုပင် သူ မောင်းခဲ့သည်။ ခြံဝင်းတံခါးရှေ့သို့ ရောက်သောအခါ လမ်းပေါ်က ကျောက်စရစ်ခဲ ကလေးတွေ လွင့်သွားအောင်ပင် ကားကို ကြမ်းတမ်းစွာ ဘရိတ်အုပ်ပြီး ရပ်လိုက်သည်။ ခြံဝတွင် အယ်လင် စောင့်ကြိုနေသည်။ ကလေးထိန်းမော်လီလည်း ရှိနေသည်။ မော်လီ ငိုရှိုက်လျက်ရှိသည်။

"ကျွန်မတို့ ခြံဝမှာရှိနေကြပါတယ်ဆရာ၊ အခါတိုင်းနေ့တွေမှာလိုပဲ ဗရစ် ကျောင်းက ပြန်လာမှာကို စောင့်နေကြတာပါ ဆရာ။ သမီးလက်ကို သုတ်ဖို့ လက်သုတ်ပဝါထည့်သွားယူတော့ သမီးကို ကျွန်မ ဒီနားမှာ ချထားခဲ့တယ်။ သူ့ကို ချီသွားရမှာ လေးလို့ပါ။ သူ့လက်တွေက မိုးရေအိုင်ထဲကို ထောက်မိလို့ ပေးသွားတာ ပါ။ ကျွန်မ ပြန်လာတော့ သူ့ကို ကျွန်မ ထားခဲ့တဲ့နေရာမှာ မတွေ့ရတော့ဘူး။ ဒါနဲ့ ကျွန်မလည်း ချုံဖုတ်တွေနောက်မှာ လိုက်ရှာတယ်။ ဘယ်မှာမှ မတွေ့တဲ့အခါမှ ဆရာ့ကို လှမ်းခေါ်ရတာပဲ"

"ကျွန်မတို့တော့ ပိုက်စိတ်တိုက်ပြီးသွားပြီ အစ်ကို"

"ခြံဝင်းတံခါး" ဟု မေးလိုက်သည်။

"ပိတ်ထားတယ်။ ကန့်လန့်ထိုးထားတယ်။ ကျွန်မ လက်သုတ်ပဝါ သွားမယူခင်တုန်းက တံခါးသေသေချာချာ ပိတ်ထားမထားကို သေသေချာချာ ကြည့်ပါတယ်" မော်လီက ငိုယိုကာ ပြောသည်။

"မင်းသွားတာ ဘယ်လောက်ကြာသလဲ"

ဘန့် အော်ပြီး မေးလိုက်သည်။

"အဲဒါတော့ မပြောတတ်ဘူး ဆရာ၊ ကျွန်မ စိတ်ထဲမှာ တစ်မိနစ်တောင် ကြာမယ်မထင်ဘူး"

ခြံဝင်းတံခါးသို့ သူ ပြေးသွားသည်။

"ဗက်ဆီရေ. . . ဗက်ဆီ"

သူ အော်ခေါ်သည်။

"ဖေဖေ့ဆီကိုလာ၊ ဖေဖေ ဒီမှာ"

တမာခါးချုံကြီးအောက်သို့ သူ ငုံ့ကြည့်သည်။ ထို့နောက်. . .

"ကားဂိုဒေါင်ကိုကော ကြည့်ပြီးပြီလား"

အယ်လင်ကို သူ မေးလိုက်သည်။

"ပီတာ နှစ်ခါတောင် ကြည့်ပြီးပြီ"

"ကိုယ် ထပ်ကြည့်လိုက်ဦးမယ်၊ ညီမက အိမ်ထဲကို သွားကြည့်ပါ။ သမီး အိမ်ထဲကို ပြန်ရောက်ချင် ရောက်နေလိမ့်မယ်"

ကားဂိုဒေါင်အတွင်းသို့ သူ ဝင်ရောက်သွားသည်။ ကားကလေးအောက်မှ ပီတာတွားပြီး ထွက်လာသည်။

"သူ ဒီမှာ မရှိပါဘူး ဆရာ၊ ကျွန်တော် အနှံ့ရှာပြီးပါပြီ"

ပီတာက လေသံတိုးတိုးဖြင့်ပြောသည်။

သို့တစေလည်း ဘန့် ထပ်ပြီး ရှာသည်။ ပီတာက နောက်မှ ထပ်ကြပ် လိုက်ပါသည်။ ဘန့်၏ ခေါင်းထဲတွင် တယ်လီဖုန်းနံပါတ်တစ်ခုကို သတိရနေသည်။

နေရှင်နယ် ၇၁၁၇ ဖြစ်သည်။

သည်နံပါတ်ကို လွန်ခဲ့သည့်နှစ်ကတည်းက သူ ရှာဖွေထားခဲ့ခြင်းဖြစ်သည်။ သူနှင့် အယ်လင် ပြန်ပေးကိစ္စကို ပြောပြီးနောက်တစ်နေ့မှာပင်ဖြစ်သည်။ ယခုအထိ တော့ ထိုနံပါတ်ကို သူ မလှည့်သေးပါ။ သမီးကလေး တစ်နေရာရာမှာ ရှိနေပါ လိမ့်မည်။

ဝင်းတံခါးဖွင့်သံကြားရသည်။ သူ ပြေးထွက်သွားသည်။ ဗရစ်ကျောင်းမှ ပြန်လာခြင်းဖြစ်သည်။

"ဖေဖေ ဘာလုပ်နေတာလဲ"

ဗရစ်က မေးသည်။

ဘန့် လေသံကို ထိန်းပြီး. . .

"သားကျောင်းက အပြန်မှာ ညီမလေးကို လမ်းမှာများ မတွေ့ခဲ့ဖူးလား"

"မတွေ့ဘူး ဖေဖေ၊ လမ်းမှာ မိုက်တစ်ယောက်ပဲ တွေ့တယ်။ သူက သားကို လမ်းဖြတ်ကူးပေးတယ်။ ကားကြီးတစ်စီး လာနေလို့ပဲ"

ဗရစ်က ပြောသည်။

ထိုစဉ်မှာပင် ပီတာက တစ်စုံတစ်ခုကို လက်ညှိုးထိုးလျက်. . .

"ဟိုမှာ ဘာလဲ"

ကျောက်ခဲဖြင့် ဖိထားသော စာရွက်ဖြူတစ်ရွက်ဖြစ်သည်။

ဘန့်သည် ချက်ချင်းဆိုသလိုပင် ထိုအရာ ဘာဖြစ်မည်ကို သိလိုက်သည်။ သည်စာမျိုးတွေအကြောင်း သတင်းစာတွေထဲမှာ အကြိမ်ကြိမ်ဖတ်ဖူးသည်။ သူ

ကုန်းပြီး စာရွက်ကို ကောက်ယူလိုက်သည်။ လက်ရေးဖြင့် ရေးထားသောစာကို တွေ့ရသည်။

"ဒီအခွင့်အရေးကို ကျုပ်တို့ စောင့်နေတာပဲ။ တန်ဖိုးကတော့ ဒေါ်လာ တစ်ထောင်တန် အရွက်ငါးဆယ်ပဲ။ ဒီပိုက်ဆံ ခင်ဗျားမှာ မရှိဘူးဆိုရင် ခင်ဗျား အဖေမှာ ရှိတယ်။ ဘယ်နေရာမှာ ပေးရမယ်ဆိုတာကို ကျုပ်တို့ ပြောမယ်။ ပုလိပ်ကို တိုင်ရင် ကလေးကို ကျုပ်တို့ သတ်ပစ်မယ်"

ဖျက်ထားသော လက်ရေးဖြစ်သည်။ စာမတတ်သူတစ်ဦး၏ အရေးအသား ဖြစ်သည်။

"ဖေဖေ ဘာလဲ"

ဗရစ်မေးသည်။

"သူ့ကို အိမ်ထဲခေါ်သွား"

ဘန့်က ပီတာကို အမိန့်ပေးလိုက်သည်။

အယ်လင် ဘယ်မှာနည်း။ ဒီကိစ္စမျိုးမဖြစ်နိုင်ဟု သူမကို သူ ပြောခဲ့သည်။

"အယ်လင်"

သူ ဟစ်အော်လိုက်သည်။

အိမ်ပေါ်မှ ပြေးဆင်းလာသော သူမ၏ ခြေသံကို ကြားရသည်။

"အယ်လင်"

သူ ထပ်ခေါ်သည်။ သူ့အနီးသို့ သူမ ရောက်ရှိလာသည်။ သူမ တစ်ကိုယ်လုံး ဖြူဖွေးနေသည်။ တုန်လှုပ်ချောက်ချားနေသည်။ ခိုကိုးရာမဲ့ ဖြစ်နေသည်။ နှစ်ယောက်စလုံးပင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ရှိနေကြသည်။ သူ့အနေနှင့် ဘာလုပ်ရမည်ကို နားလည်ဖို့လိုသည်။

နားလည်ပြီကော မဟုတ်ပါလား။ ကမ္ဘာကမ္ဘာတည်းက သူ ဘာလုပ်ရမည် ဆိုသည်ကို သူ ဆုံးဖြတ်ပြီးသား မဟုတ်ပါလား။ လူဆိုးလူမိုက်တွေနှင့် ပြန်ပေးဓားပြတွေအကြောင်း သူ ကောင်းကောင်းသိခဲ့ပါသည်။ သင်းတို့တောင်းသည့်ငွေကိုလည်း ပေးရသည်။ ထို့နောက် မိမိတို့၏ သားသမီးများလည်း ဆုံးရှုံးရသည်။

သူ ယုံကြည်အားထားသည့်နေရာတွင်သာ အကြံဉာဏ်ရယူပါမည်။

"နေရှင်နယ် ၇၁၁၇ ကို ကိုယ် ဖုန်းဆက်မယ်"

သူ ပြောလိုက်သည်။

"အို . . . နေပါဦး"

သူမ ဟစ်အော်သည်။

"မဟုတ်ဘူး၊ ဆက်မှဖြစ်မယ်"

သူ အခိုင်အမာ ရပ်တည်သည်။ အမျိုးသမီးက ဘာမှမလုပ်နိုင်ခင်မှာပင် တယ်လီဖုန်းဆီသို့ သူ ပြေးသွားသည်။ စကားပြောခွက်ကို ကောက်ယူလိုက်သည်။

"နေရှင်နယ် ၇၁၁၇ နဲ့ ပြောချင်ပါတယ်"

သူ အော်လိုက်သည်။

သူမ၏ မျက်နှာ ဖြူရော်သွားသည်။ သူက သူ့လက်ထဲမှ ကြေမွနေသော စာရွက်ကလေးကို လှမ်းပေးလိုက်သည်။ သူမက စာရွက်ကို ဖတ်ကြည့်ပြီး သူ့လက်ထဲမှ စကားပြောခွက်ကို လှမ်းဆွဲရင်း. . .

"မဟုတ်ဘူး အစ်ကို နေပါဦး ကျွန်မတို့ ဘာမှ သေသေချာချာ မသိရသေးဘူး။ သူတို့ ဘာပြောမလဲဆိုတာ စောင့်ကြည့်ပါဦး"

ထိုစဉ်မှာပင် တစ်ဖက်မှ တည်ငြိမ်အေးဆေးသော အသံတစ်ခု ထွက်ပေါ်လာသည်။

"နေရှင်နယ် ၇၁၁၇ ကပါ"

"ပြန်ပေးမှုတစ်ခု တိုင်ချင်လို့ပါ။ ကျွန်တော်တို့ရဲ့ သမီးကလေးပါ။ ဘန့်ခရိုသာ အမှတ် ၁၃၄၊ အီစဝုစ်လမ်း၊ ဂရင်းဗေး၊ နယူးယောက်"

ဘန့် ဟစ်အော်လျက်ရှိသည်။

တစ်ဖက်မှ လူက သူ့ကို ဘာမှမလုပ်ရန်ပြောသည်။ မနက်ဖြန်အထိ စောင့်ဆိုင်းသည်။ သူတို့နှင့် မိုင် ၅၀ ခန့်ဝေးသော ကျေးရွာစားသောက်ဆိုင် တစ်ခုတွင် မီးခိုးရောင်ဝတ်စုံနှင့် လူတစ်ယောက်ကို တွေ့ဆုံရန် ညွှန်ကြားသည်။

"သမီးကို သူတို့ သတ်ပစ်လိမ့်မယ် အစ်ကို၊ သမီးကို သူတို့ သတ်ပစ်လိမ့်မယ်"

တယ်လီဖုန်းပြောနေသည့်အချိန်တွင် အယ်လင်က အထက်ပါစကားများကို ဘေးမှ တဖွဖွ ပြောနေသည်။

"သူတို့ မသိနိုင်ပါဘူး။ ဘယ်သူမှ မသိနိုင်ပါဘူး"

သူက အသံတိုးတိုးဖြင့် ပြန်ပြောသည်။

ထို့နောက် သူသည် တယ်လီဖုန်းကို ချလိုက်ပြီးနောက်

"သူတို့ ဘယ်သူ့ကိုမှ မပြောဘူး။ ဝါရှင်တန်က လူတွေက ဘယ်သူ့ကိုမှ မပြောဘူး။ ဒီမှာ အယ်လင် ဘာပဲဖြစ်ဖြစ် ကိုယ့်အနေနဲ့ အကူအညီတစ်ခုခုရဖို့ လိုအပ်နေတယ်"

သူ အော်လိုက်သည်။

သူမက သူ့ကို ထိတ်လန့်သော မျက်လုံးအစုံဖြင့် ကြည့်ရင်း ထပ်ပြော သည်။

"သူတို့၊ သူ့ကို သတ်ပစ်လိမ့်မယ်"

သူ တစ်နေရာရာမှာသွားပြီး ငိုပစ်လိုက်ချင်သည်။ သို့သော် ယောကျ်ား ရင့်မကြီး တစ်ယောက်ဖြစ်ပြီး ငို၍မဖြစ်ပါ။ နောက်ပြီး အယ်လင်သည် မငိုပါ။

ရုတ်တရက်ဆိုသလို တစ်ယောက်ကို တစ်ယောက် သိုင်းဖက်လိုက်ကြ သည်။ ထို့နောက် မျက်လုံးအိမ်များမှ မျက်ရည်များစီးကျလာကြသည်။

× × ×

သူသည် စောင့်ဆိုင်းရသည့်အလုပ်တွင် အလေ့အကျင့် မရှိပါ။ သို့သော် မတတ်နိုင်ပါ။ စောင့်ဆိုင်းနေရသည်။ အယ်လင်ကိုလည်း စောင်းဆိုင်းဖို့ ပြောရမည်။ အားပေးဖေးမရမည်။ ယောကျ်ားတွေကပိုပြီး ခံနိုင်ရည်ရှိရမည် မဟုတ်ပါလား။

ပထမတွင် အားလုံးလိုက်နာ အမိန့်တွေထုတ်ပြန်ရခြင်းသည် စိတ်ပြေ လက်ပျောက်လည်း ရှိပါသည်။ အိမ်မှ လူတွေကို ညွှန်ကြားရသည်ကလည်း လွယ်ပါ သည်။ ထမင်းချက်ဆရာရယ်၊ အိမ်ဖော်မကလေးရိုစ်ရယ်၊ မော်လီရယ်၊ ပီတာရယ် အားလုံးလေးယောက်ဖြစ်သည်။ မော်လီမှတစ်ပါး အခြားလူတွေကို ဘာမျှ အပြစ် တင်ရန် မရှိပါ။ မော်လီကမူ မိုက်မဲရိုင်းသက်သက်ထက်ပင် ပိုနိုင်ပါသေးသည်။ သူတို့ အားလုံးကို ရေငုံနှုတ်ပိတ်ပြီး နေကြရန်ပြောရမည်။

"အိမ်မှာရှိတဲ့လူတွေအားလုံး ထမင်းစားခန်းမှာ စုခိုင်းလိုက်ပါ"

အယ်လင်ကို သူ ပြောလိုက်သည်။

ထမင်းစားခန်းထဲသို့ သူ သွားရောက်သောအခါ. . .

"ဖေဖေ"

ထိတ်လန့်တုန်လှုပ်နေသော ဗရစ်ကို တံခါးဝတွင် တွေ့ရသည်။

"ဘာတွေဖြစ်နေတာလဲ ဖေဖေ၊ ဗက်ဆီ ဘယ်မှာလဲ"

ဘန့်က သူ၏အသံကို တည်ငြိမ်အောင်ထိန်းလျက်. . .

"ညီမလေးကို ဖေဖေတို့ရှာလို့ မတွေ့ဘူးသား၊ ဒါပေမဲ့ ဖေဖေတို့ သူ့ကို တွေ့မှာပဲ။ လောလောဆယ်မှာတော့ သူ ဘယ်ရောက်နေမှန်း ဘယ်သူမှမသိကြဘူး"

"သားခြံထဲမှာ သွားရှာကြည့်မယ်လေ၊ သားရှာရင်တွေ့ချင်တွေ့မှာပေါ့"

"သားမရှာပါနဲ့"

ဘန့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"သားအခန်းထဲမှာ သား သွားနေပါ။ ခဏနေရင် ဖေဖေ တက်လာခဲ့မယ်"

အခန်းတွင်းသို့ အစေခံများဝင်ရောက်လာကြသည်။ သူတို့နောက်မှ အယ်လင် လိုက်ပါလာသည်။

"သားကို မေမေ ခေါ်သွားမယ်"

သူမက ပြောလိုက်သည်။

သူမက တည်ငြိမ်သည်။ သူမ ကိုယ်ကို ထိန်းထားသည်။ သို့သော် နှုတ်ခမ်းများမှာမူ မသိမသာ တုန်ရင်လျက်ရှိသည်။

"ခဏနေရင် ကိုယ် လိုက်လာခဲ့မယ်"

သူမကို သူက ကတိပြုလိုက်သည်။

ဗရုစ်၏လက်ကိုဆွဲပြီး သူမ ထွက်သွားသည်အထိ သူ ငြိမ်သက်စွာ ရပ်နေသည်။ ပြီးမှ သူ့အား စောင့်ဆိုင်းနေသူ လေးဦးဘက်သို့ လှည့်လိုက်သည်။ မော်လီသည် ယခုအချိန်ထိ ငိုနေဆဲပင် ဖြစ်သည်။ ပြန်ပေးတွေ၏ ငွေတောင်းစာအကြောင်း သူတို့အားလုံးသိပြီးဖြစ်ကြောင်း သူတို့၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် သူ သိရှိပါသည်။

"ဘာဖြစ်တယ်ဆိုတာတော့ ခင်ဗျားတို့ အားလုံးသိပြီးကြတဲ့အတိုင်းပဲ"

သူ ပြောလိုက်သည်။

သူ မြင်တွေ့နေကျ မျက်နှာအားလုံးသည် ယခုအခါ အမှောင့်ပယောဂ ပူးကပ်နေကြသည်ဟု သူ ထင်မိသည်။ ပီတာနှင့် ဆာရာတို့ဆိုလျှင် သူ့မိခင် လက်ထက်ကတည်းကပင် ဤအိမ်မှာလုပ်ခဲ့ကြသူများဖြစ်သည်။ ရိုစ်က ဆာရာ၏ တူမကလေးဖြစ်သည်။ သို့သော် သူတို့အားလုံးကို ကြည့်နေရသည်မှာ မလိုတမာ ရှိနေကြသည်။ သူ့စိတ်က ထင်နေ၍လည်း ဖြစ်ပေမည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး အပြင်မှာ ဘယ်သူ့ကိုမှ မပြောစေချင်ဘူး။ ဗက်ဆီရဲ့ အသက်ဟာ လျှို့ဝှက်မှုပေါ်မှာ တည်နေတယ်"

သူ ခပ်မာမာ ပြောလိုက်သည်။

သူ့စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ ပါးစပ်ကို ပြင်သည်။ သူသည် မိန်းမတစ်ယောက်ကို ငိုလွယ်လိမ့်မည်ဟု မထင်ခဲ့ပါ။ ယခုတော့ ငိုနိုင်သည့် သဘော ရှိနေသည်။

သူ လည်ချောင်းရှင်းလိုက်ပြီး. . .

"သူ့ရဲ့အသက်ဟာ ကျုပ်တို့ ဘာလုပ်မယ်ဆိုတာပေါ်မှာ တည်နေတယ်"

မော်လီတမြေမြေ့ရှိုက်ငင်နေရာမှ အသံထွက်ပြီး တအားကုန်ငိုချလိုက်သည်။

သူ မတ်တတ်ထရပ်လိုက်ပြီး . . .

"ကျုပ် ပြောချင်တာကတော့ ဒါပဲ။ ကျုပ်တို့ စောင့်ကြည့်နေကြဖို့ပဲ"

တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။ တယ်လီဖုန်းဆီသို့ သူ ပြေးသွားသည်။ ပြန်ပေးတွေထံမှ နောက်ထပ် အကြောင်းကြားချက်ဖြစ်နိုင်သည်။ မည်သည့်နည်းဖြင့် ပေးပို့မည်ကို တယ်လီဖုန်းဖြင့် အကြောင်းကြားတာလည်း ဖြစ်နိုင်သည်။

တယ်လီဖုန်းကို ဘန့် ကောက်ယူနားထောင်လိုက်သောအခါ သူ၏ဖခင်ဖြစ်ကြောင်း တွေ့ရှိရသည်။

"သားအိမ်မှာ ဘာဖြစ်နေလို့လဲ"

သည်အကြောင်း သူ့ဖခင်ကို အသိပေး၍ မဖြစ်ကြောင်း သူ နားလည်သည်။ သူ့ဖခင်က လျှို့ဝှက်ထားမည်မဟုတ်ပါ။

"ဘာမှမဖြစ်ပါဘူး ဖေဖေ၊ အယ်လင် နည်းနည်း နေမကောင်းလို့ပါ"

သူ ဖြေလိုက်သည်။

"ဆရာဝန်ခေါ်သလား"

သူ့ဖခင်က တစ်ဖက်မှ လှမ်းအော်သည်။

"ခေါ်ဖို့လိုရင် ခေါ်ပါ့မယ် ဖေဖေ"

သူ ယင်းသို့ ဖြေလိုက်ပြီးနောက် တယ်လီဖုန်းကို ကမန်းကတန်း ပြန်တင်ထားလိုက်သည်။ သူ ကြာကြာဆက်ပြီး ပြောနေ၍ မဖြစ်နိုင်ပါ။

ဗရှစ်ကို သတိရသဖြင့် အိမ်ပေါ်သို့ သူ တက်သွားသည်။ ဗရှစ်သည် သူ၏အခန်းထဲတွင် ညစာစားလျက်ရှိသည်။ အယ်လင်က သူ့အနီးတွင် ထိုင်နေသည်။ သူမက မော်လီကို အောက်ထပ်မှာ နေခိုင်းသည်။ သူမလည်း ဘန့်ကဲ့သို့ပင် မော်လီကို သည်းခံ၍ မရဘဲ ရှိနေသည်။

ဘန့်သည် ကလေးတွေအခန်းမှာ နေမထိထိုင်မထိ ဖြစ်နေသည်။ သည်အချိန်က သမီးကလေး ရေချိုးပြီးချိန်ဖြစ်သည်။

"ကိုယ်အောက်ထပ် စာကြည့်ခန်းမှာ ရှိနေမယ်"

သူမကို ပြောလိုက်သည်။

သူမ ခေါင်းညိတ်သည်။

စာကြည့်ခန်းသို့ ရောက်သောအခါတွင်လည်း တိတ်ဆိတ်မှုက သူ့ကို နှိပ်စက်ညှဉ်းပန်းပြန်တော့သည်။ သူ့မှာ ဘာမျှလုပ်စရာမရှိပါ။ စောင့်နေရန်သာ ဖြစ်သည်။

သည်အချိန်တွင် သမီးကလေး ဘယ်လိုများဖြစ်နေမည်နည်း။ မည်သူမျှ

မသိနိုင်ပါ။ မနက်ဖြန်တဲ့။ ဝါရှင်တန်ကလူက စောစောက တစ်နာရီလောက်တုန်းက ပြောခဲ့သည်။ စောင့်နေပါဟု ထိုလူက ပြောသည်။ သို့ရာတွင် ယနေ့ည ဘာလုပ်ရမည်နည်း။ သမီးကလေး ဘယ်လိုနေရာမျိုးမှာ အိပ်နေရရှာမည်နည်း။

ဘန့် ခုန်ပြီး ထလိုက်သည်။ သူ တစ်ခုခု လုပ်မှ ဖြစ်မည်။ ခြံထဲကို သူ လျှောက်ကြည့်ရမည်။ နောက်ထပ် စာတစ်စောင် ရောက်ချင်ရောက်နေမည်။

သို့ဖြင့် သူသည် ဆောင်းဦးပေါက် ညနေဆည်းဆာအတွင်းသို့ ထွက်သွားသည်။ သူ့ပါးစပ်မှ တစ်စုံတစ်ရာ အော်ဟစ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း မပြုလုပ်မိစေရန် သူ့ကိုယ်သူ ထိန်းချုပ်ထားရသည်။ သူ့အနေနှင့် ဘာတစ်ခုမျှ မလုပ်နိုင်သည်မှာ အခံရ ခက်လှသည်။ အတန်ကြာသောအခါတွင်မှ သူ့ကိုယ်သူ ထိန်းချုပ်သွားနိုင်သည်။ ယထာဘူတကျကျ လုပ်သွားနိုင်ဖို့ လိုအပ်သည်။ အပြင်သို့ ထွက်လာခြင်းသည် တစ်ခုခုကို တွေ့ရှိမလားဟု ရှာဖွေရန်ဖြစ်သည်။

တစ်ခြံလုံးကို နေရာလပ် တစ်လက်မမျှမကျန် သူ ရှာဖွေသည်။ မည်သည့်အကြောင်းကြားစာမျှ မတွေ့ရှိရပါ။

ထိုစဉ်မှာပင် သူသည် လူတစ်ယောက်ကို ဝင်းတံခါးပေါက်အနီးတွင် တွေ့မြင်လိုက်ရသည်။ မှောင်ရိပ်ဝိုးဝါးတွင် ဖြစ်သည်။

ပီတာဖြစ်သည်။

ပီတာက. . .

"မစ္စတာခရိုသာ၊ ဘုရားသခင် ကယ်တော်မူပါ။ သူတို့က ဘာဖြစ်လို့များ ကျုပ်အဘွားကြီးကို မဲချလိုက်တယ်မသိဘူး။ ကျုပ် ညစာစားဖို့ အိမ်ကိုပြန်သွားတဲ့ အချိန်မှာ သူက ကျုပ်ကို စာတစ်စောင်ထုတ်ပေးတယ်။ သူ စာမဖတ်တတ်ဘူး။ အဲဒါကြောင့်မို့လို့ စာထဲမှာ ဘာတွေရေးထားတယ်ဆိုတာကို သူမ မသိဘူး။ ဒီစာကို ရရချင်း ကျုပ် တစ်လျှောက်လုံးပြေးလာခဲ့တာပဲ"

ပီတာ၏ တုန်ရင်နေသော လက်ထဲမှ စာကို ဘန့် ဆွဲယူလိုက်သည်။ ထို့နောက် အိမ်ဆီသို့ပြေးသွားပြီး အလင်းရောင်တွင် စာကို ဖတ်သည်။

"ပိုက်ဆံများ အသင့်လုပ်ထားပါ။ ငွေစက္ကူများကို မမှတ်ပါနှင့်။ မှတ်ခဲ့လျှင် နောက် ကလေးတစ်ယောက်ကို ကျုပ်တို့ ခေါ်သွားမည်။ ကျုပ်တို့ကို နှစ်ပေါက်တစ်ပေါက် မရိုက်ပါနှင့်။ သင်ဘာမျှ မရရှိနိုင်ပါ။ ငွေတွေကို သေတ္တာတစ်လုံးမှာ ထည့်ပြီး စက်ရုံချောင်းနားက ဝက်သစ်ချပင်ခြောက်ကြီးအောက်မှာ ထားပါ။ ထိုနေရာကို သင် သိပါသည်။ မနက်ဖြန် ည ၁၂ နာရီ"

ထိုနေရာကို သူ သိပါသည်။ ထိုနေရာတွင် သူသည် ကလေးဘဝအရွယ်

ကတည်းကပင် ငါးမျှားခဲ့ပါသည်။ တစ်ခုသော နွေရာသီတွင် ထိုဝက်သစ်ချပင်ကြီးကို မိုးကြိုးပစ်ခဲ့ပါသည်။ ထိုစဉ်က သူသည် ဝက်သစ်ချပင်ကြီးနှင့် ကိုက်တစ်ရာလောက်သာ ဝေးကွာသော စက်ရုံကြီးထဲတွင် မိုးခိုနေခဲ့ပါသည်။ ထိုနေရာ သူသိရှိကြောင်း သူတို့ ဘယ်လိုသိရှိကြသနည်း။

"ဒီစာကို ဘယ်သူ ယူလာသလဲ"

ပီတာဘက်သို့ သူလှည့်ပြီး မေးလိုက်သည်။

"ကျုပ်မသိပါဘူး ဆရာလေး၊ လူဖြူတစ်ယောက် လာပေးသွားတယ် ဆိုတာကလွဲလို့ အဘွားကြီး ကျုပ်ကို ဘာမျှပြောမပြနိုင်ဘူး။ အဲဒီလူက သူ့ကို ဒီစာကို ပေးပြီး. . .

"ခင်ဗျား အဘိုးကြီးကို ပေးလိုက်" လို့ ပြောတယ်တဲ့။ အဲဒါကြောင့် သူက ကျုပ်ကို ဒီစာပေးပြီး ကျုပ်က အခုလို ပြေးလာခဲ့ရတယ်"

အဘိုးကြီးက ဖြေသည်။ အဘိုးကြီးကို ဘန့် ငေးစိုက်ပြီး ကြည့်နေသည်။ သူ့ခေါင်းထဲတွင် တွေးနေမိသည်။ သည်အဘိုးကြီးကို တစ်ယောက်ယောက်က အသုံးချနေသလော။ သည် အဘိုးကြီးကို တံစိုးလာဘ်လာဘပေးပြီး ကြံရာပါဖြစ်စေသလော။ သည်အဘိုးကြီး တစ်ခုခုကို သိထားသလော။

"ဒီမယ် အဘိုးကြီး၊ ကျုပ်ပြောမယ်။ ဗက်ဆီရဲ့ကိစ္စမှာ အဘိုးကြီးပါနေတယ် ဆိုရင်တော့ အဘိုးကြီး ကျုပ် ကိုယ်တိုင် သတ်မယ်"

သူ ကြုံးဝါးလိုက်သည်။

"ဘုရားသခင် ကယ်တော်မူပါ။ ကျုပ် ဘာမှမသိရပါကလား ဆရာလေးရယ်။ ကျုပ်အကြောင်း ဆရာလေးသိပါတယ်။ ကျုပ်ဟာ ဆရာလေးနဲ့ သခင်မလေးတို့ လက်ထပ်ကြကတည်းက ဥယျာဉ်မှူး လုပ်လာခဲ့တာပဲ။ နောက်ပြီးတော့ ကျုပ်က ဒီလို မတော်တရားတဲ့ ကိစ္စမျိုးမှာ ဘာဖြစ်လို့ပါရမှာလဲ၊ ကျုပ်လိုချင်တာတွေ ကျုပ် အကုန်ရနေတာပဲ။ ကျုပ်မှာ အိမ်ရတယ်။ ကျုပ်မှာ လခရတယ်။ ကျုပ် ဘာမှ မလိုချင်တော့ဘူး"

အဘိုးကြီး ပြောသည်မှာ မှန်ပါသည်။ အမှန်တော့ မိမိက လူတကာကို မသင်္ကာနေခြင်းသာဖြစ်သည်။

"ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောဖို့ ဖလော်ဆီကို အဘိုးကြီးပြောပါ"

ဘန့် အမိန့်ပေးလိုက်သည်။

"ကျုပ် သူ့ကို ပြောပြီးပါပြီ။ အဲဒီလူဖြူကောင်အကြောင်း တစ်ယောက်ယောက်ကို သူ ပြောရင် သူ့ခေါင်းကို ကျုပ် ရိုက်ခွဲပစ်မယ်လို့ ပြောထားတယ်"

အဘိုးကြီးက ပြန်ကြားသည်။

"ကောင်းပြီ၊ သွားတော့၊ ကျုပ် ပြောတာတွေကိုတော့ ကောင်းကောင်းမှတ်ထားပါ"

"ကောင်းပါပြီ ခင်ဗျာ"

× × ×

"သူတို့ တောင်းတဲ့ငွေကို ကျွန်မတို့ ပေးကြမှဖြစ်မယ်"

အယ်လင်က ပြောသည်။

အိပ်ခန်းထဲတွင် သူတို့ ရှိနေကြသည်။ အိပ်ခန်းတံခါးကိုဖွင့်ထားသည်။ ထို့အတူပင် ကလေးတွေ၏ အိပ်ခန်းတံခါးကိုလည်း ဖွင့်ထားသည်။ သူတို့သည် မှန်အိမ်အလင်းရောင်တွင် ထိုင်လျက်ရှိကြသည်။ အိပ်ရာပေါ်တွင် ဗရစ်၏ ခေါင်းကလေးကို သူတို့နေရာမှ လှမ်းမြင်နေရသည်။

သူတို့နှစ်ယောက် မအိပ်နိုင်ကြပါ။ ဆာရာက သူတို့စားရန် ကြက်သားတင်ပို့ပေးသည်။ ဘန့်က အယ်လင်ကို ရေနွေးပူပူကလေးကျိုခိုင်းသည်။ ထို့နောက် ညဝတ်အင်္ကျီ ဖွေးဖွေးကလေးကို ဝတ်ပြီး ခုတင်ပေါ်တွင် လဲလျောင်းနေစေသည်။ သူကမူ အဝတ်အစားမလဲပါ။ အကြောင်းရှိလျှင် အလွယ်တကူ ထသွားနိုင်ရန်ဖြစ်သည်။

"နက်ဖြန်ကျရင် ဟိုလူ ဘာပြောမယ်ဆိုတာ ကိုယ်စောင့်ကြည့်ရဦးမယ်"

ဘန့်က သူမ၏ စကားကို တုံ့ပြန်လိုက်သည်။

သူသည် ပြဿနာအားလုံးကို မနက်ဖြန်တွင် တွေ့ရမည့်လူပေါ်တွင် ပုံထားရကြောင်း သတိပြုမိသောအခါ ဘန့် တုန်လှုပ်သွားရသည်။ အမှန်တော့ သူသည် ထိုသူ၏ အမည်ကိုမျှပင် မသိရှိပါချေ။ ထိုလူသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အင်္ကျီအိတ်ထဲတွင် လက်ကိုင်ပဝါအပြာကို ထည့်ထားကြောင်းသာ သူသိ ရှိပါသည်။ ဗက်ဆီ၏ အသက်ကို ကယ်တင်နိုင်ရန် သူ့ဘက်တွင် ဒီတစ်ခုသာ ရှိပါသည်။

မဟုတ်ပါ။ သည်လိုတော့ မဟုတ်သေးပါ။ ထိုလူ၏နောက်ကွယ်တွင် အခြားလူတွေ အများကြီးရှိပါသည်။ သူ့ကို ကူညီမည့်သူတွေ အရာအထောင် ရှိသည်။ ဖျတ်ဖျတ်လတ်လတ် စွမ်းစွမ်းထက်ထက်တွေ ဖြစ်သည်။

"ကျွန်မတို့ ပေးကိုပေးရမယ်။ ဒီအချိန်မှာ ပိုက်ဆံက ဘာလုပ်စရာလဲ"

အယ်လင်က စိတ်လိုက်မာန်ပါ ပြောလိုက်သည်။

"အယ်လင်"

သူ အော်လိုက်သည်။

"ဘုရားသခင်. . . မင်းက ကျုပ်ကို ပိုက်ဆံကပ်စေးနည်းတယ်လို့ ထင်နေသလား"

"ကျွန်မတို့မှာ ဘဏ်မှာ ငွေနှစ်သောင်းလောက် စုထားတာတွေ ရှိတယ်မဟုတ်လား။ လိုတဲ့ငွေကို အစ်ကို့အဖေဆီက ယူမယ်။ ကျွန်မတို့ သူ့ကို စာချုပ်စာတမ်းတွေ ပေးထားမယ်"

ဒီတော့ ကျွန်မတို့မှာ ပေးရမယ့်ငွေ ရှိနေတယ် မဟုတ်လား"

"အယ်လင် မင်းဟာ တော်တော်အဓိပ္ပာယ်မရှိတာဘဲ။ ပြဿနာတွေက ကိုယ်တို့ ဘယ်လိုလုပ်ပြီး. . ."

ဘန့်၏ စကားမဆုံးမီ အယ်လင်က ဒေါနှင့်မောနှင့် ပြောလိုက်သည်မှာ "ပြဿနာက ဗက်ဆီလေးရဲ့ အသက်ကို ဘယ်လိုကယ်မလဲဆိုတာပဲ။ ပြဿနာက ဒါပဲ၊ တခြားဘာမှ မရှိဘူး။ ဘာအကြောင်းမှ မရှိဘူး။ အစ်ကို့ အဖေမှာ ရှိတဲ့ ပိုက်ဆံတွေအားလုံး ပုံပေးရမယ်ဆိုရင်လည်း ကျွန်မကတော့ ပေးမှာပဲ" ဟု ဟစ်အော်လေသည်။

"အစ်ကိုက အစ်ကို့အဖေကို ကြောက်ရပေမဲ့ ကျွန်မကတော့ မကြောက်ဘူး။ သူ့ဆီကို အစ်ကို မသွားဘူးဆိုရင် ကျွန်မ သွားမယ်"

ယခုအခါတွင် သူတို့နှစ်ယောက်သည် ရန်ဖြစ်နေကြပြီ ဖြစ်သည်သာမက နှစ်ယောက်စလုံး ယိုးမယ်ဖွဲ့ကာ ပြောနေကြပြီဖြစ်သည်။ သူတို့နှစ်ယောက်စလုံးပင် ပုံမှန်အနေအထားတွင် မရှိကြတော့။

ရုတ်ခြည်းဆိုသလို အယ်လင်က ငိုချလိုက်ပြီ။

"ဟိုနေ့ညက အစ်ကိုပြောခဲ့တဲ့ စကားတွေကို ကျွန်မ မေ့လို့မရဘူး။ မူပေါ်မှာ ရပ်တည်ရမယ်ဆိုတဲ့ စကားတွေပဲ။ အို. . . အစ်ကိုရယ် သမီးကလေးဟာ သူစိမ်းတွေထဲမှာ ရောက်နေရရှာတယ်။ ကြောက်စရာကောင်းတဲ့ လူတွေလက်ထဲမှာ ရောက်နေရရှာတယ်။ သူ့ခမျာ ကြောက်ရွာလွန်းလို့ မျက်စိသူငယ်နဲ့ ငိုနေရှာမယ်။ အဲဒီအခါမှာ သူတို့က သူ့ကို မငိုအောင်ဆိုပြီး ရိုက်ကြနှက်ကြလိမ့်မယ် အစ်ကိုရယ်"

ထိုအခါတွင် ဘန့်သည် သူမကိုယ်လုံးကလေးကို သူ့ရင်ခွင်တွင်းသို့ ဆွဲယူလိုက်သည်။ ယခုအချိန်တွင် သူတို့နှစ်ယောက် အလှမ်းကွာနေကြ၍ မဖြစ်ပါ။ သူ့အနေနှင့် သူမကို အလေးထားပြီး စဉ်းစားရပါမည်။

"တိတ်ပါညီမရယ်၊ ကိုယ့်အနေနဲ့ လုပ်စရာရှိတာကို အကုန်လုပ်ပါ့မယ်။

မနက်ဖြန် မနက်မိုးလင်းလင်းချင်း အစ်ကို အဖေ့ဆီကို သွားပြီး လိုတဲ့ငွေကို အဆင်သင့် ဖြစ်အောင် လုပ်ထားပါ့မယ်"

ဟု နှစ်သိမ့်စကားဆိုလိုက်ရသည်။

"သူတို့ကိုပေးဖို့ ပိုက်ဆံညီမတို့မှာ အဆင်သင့်ရှိနေပြီဆိုတာကိုပဲ သူတို့သိဖို့ လိုတယ် အစ်ကို"

အမျိုးသမီးက ပြောလိုက်ရာ. . .

"သတင်းစာထဲမှာ ကိုယ်ကြော်ငြာထည့်လိုက်ရင် ဖြစ်ပါတယ်။ ကိုယ်တို့ရဲ့ ကြော်ငြာကို မဆိုင်တဲ့လူတွေ မသိရအောင် ဘယ်လိုကြော်ငြာရမယ်ဆိုတာလည်း ကိုယ်စဉ်းစားထားနိုင်ပါတယ်"

အဲဒါကို ရေးကြည့်စမ်းပါအစ်ကို. . ."

အမျိုးသမီးက တိုက်တွန်းလိုက်သည်။

ဘန့်သည် သူ့အိတ်ထဲမှ စာအိတ်တစ်လုံးနှင့် ခဲတံတစ်ချောင်းကို ထုတ်ယူပြီး ရေးသည်။

"ဝက်သစ်ချပင်ခြောက်မှာ ၁၂ နာရီ ၅၀၊ သဘောတူတယ်ဆိုရင် ဘယ့်နှယ်လဲ"

သူ မေးလိုက်သည်။

"ကောင်းတယ် ဒါဆိုရင် ဘာမှအန္တရာယ် မရှိနိုင်ဘူး"

သူမက စိတ်အားထက်သန်စွာ ပြောသည်။

"အဲဒီ ကြော်ငြာကို သူတို့ဖတ်ရရင် ကျွန်မတို့က ငွေပေးမည်ဆိုတာ သူတို့သိသွားမယ်"

"ကိုယ်အခု သတင်းစာတိုက်ကိုသွားမယ် ငွေလက်ငင်းပေးပြီး ထည့်လိုက်မယ်။ ဒါဆိုရင် ကိုယ့်နာမည်ကို ပေးနေစရာမလိုတော့ဘူး"

"ကောင်းတယ်၊ ကောင်းတယ် ဒီမှာထိုင်နေမယ့်အစားတော့ အဲဒါကိုသွားပြီး လုပ်လိုက်တာက အများကြီးကောင်းတယ်"

သူမက တိုက်တွန်းသည်။

သို့ဖြင့် သူသည် မှောင်မည်းနေသော ညထဲတွင် ကားကို မောင်းသွားသည်။ မြို့ကလေးသို့ ရောက်ရန် ၂ မိုင်မျှ သွားရသည်။ ခနော်ခနဲ့နိုင်သော သတင်းစာတိုက်ရှေ့တွင် ကားကိုရပ်လိုက်သည်။

မျက်လုံးနီနီနှင့် ညတာဝန်ကျ စာရေးက သူ၏ ကြော်ငြာစာရွက်ကို ယူပြီး ဖတ်သည်။

"ခင်ဗျား ကြော်ငြာက ရယ်စရာကြီးပါပဲ"

စာရေးက ပြောလိုက်သည်။

"အခုတလောမှာ ဒီလို ကြော်ငြာမျိုးတွေချည်းပဲ တစ်ဒေါ်လာ ကျပါတယ် မစ္စတာ"

ဘန့်က သူ့အမည်ကို ဖြည့်စွက်ပြောဆိုရင်းမရှိဘဲ တစ်ဒေါ်လာတန် ငွေစက္ကူကို စားပွဲပေါ်သို့ တင်လိုက်သည်။

"ဒီလိုကြော်ငြာမျိုးတွေ လာနေတာကို ကျုပ် ဘာလုပ်ရမှန်း မသိဘူး"

စာရေးက သူ့ကိုယ်သူ ပြောသလို ညည်းတွားလိုက်သည်။

ဘန့်သည် ပိန်းပိန်းပိတ်သော အမှောင်ညတွင် ကားကို ဖြည်းညင်းစွာ မောင်းပြန်ခဲ့သည်။ မုန်တိုင်းကြီးတစ်ခုကျတော့မည့်အသွင် ရှိသည်။ လေငြိမ်နေသည်။ အံ့သြစရာ ကောင်းလောက်အောင်ပင် ငြိမ်သက်နေသည်။ သူက ကားစက်သံကို တိုးနိုင်သမျှ တိုးအောင် မောင်းသည်။ တိတ်ဆိတ်နေသော ညကို ဖောက်ထွင်းပြီး ပေါ်ထွက်လာသော သမီးငယ်၏ ငိုသံကို ကြားရလေမလားဟူသော မျှော်လင့်ချက်ဖြင့် ဖြစ်သည်။

ထိုညက သူတို့နှစ်ယောက်စလုံး အိပ်၍မရကြပါ။ သို့သော် နောက်တစ်နေ့ နံနက်တွင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသောအခါ ညက အိပ်ထားကြသည့်အလားပင်ဖြစ်သည်။ အိပ်ရေးပျက်ထားသည့်အသွင်မရှိပါ။ သို့သော် ဘန့်က အယ်လင်ကို ဆက်ပြီး အိပ်စေသည်။ ထို့နောက် သူကိုယ်တိုင်လည်း အဝတ်အစား အပြည့်အစုံဖြင့်ပင် အိပ်ရာပေါ်တွင် လဲလျောင်းနေသည်။

သူတို့နှစ်ယောက်ကို အိပ်ရာမှ နိုးလိုက်သူမှာ ဗရုစ်ဖြစ်သည်။ ဗရုစ်ကလေးသည် သူတို့နှစ်ယောက်ခုတင်ကြားတွင် မယောင်မလည်ဖြင့် ရှိနေသည်။ သူ့အသံကိုကြားသဖြင့် သူတို့နှစ်ယောက် အိပ်ရာမှနိုးလာကြခြင်း ဖြစ်သည်။

"ဗက်ဆီ အခုထက်ထိ ပြန်မလာသေးဘူး မေမေ"

ဗက်ဆီဟူသောအသံက သူတို့နှစ်ယောက်ကို ချောက်ချားသွားစေသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

"ဘယ်လိုလုပ်ကြမလဲ အစ်ကိုရယ်"

အယ်လင်က တီးတိုးပြောလိုက်သည်။

"အချိန်ယူပြီး လုပ်ကြရမှာပေါ့ ညီမရယ်"

သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းရင်း ဘန့်က ပြောလိုက်သည်။

ထို့နောက် သူ အိပ်ရာမှထလိုက်သည်။ သူ့ရင်ထဲဝယ် ပင်ပန်းနွမ်းနယ်

လျက် ရှိသည်။

"ဗက်ဆီ ကနေ့ပြန်လာမှာလားဟင်"

ဗရစ်က မေးသည်။

"ပြန်လာမှာပေါ့ သားရယ်"

တစ်ခုကောင်းသည်ကတော့ ကနေ့ စနေနေ့ဖြစ်သည်။ ဗရစ်ကျောင်းသွားစရာ မလိုပါ။

"ညကျရင် ညီမလေးကို ဖေဖေ သွားခေါ်မယ်"

အတန်ကြာသောအခါတွင် ဘန့်က ပြောလိုက်သည်။

ရုတ်ခြည်းဆိုသလိုပင် သူ့ကိုယ်တွင် ခွန်အားများ ရရှိလာသည်။ သူတို့အနေနှင့် မျှော်လင့်ချက်များကို မစွန့်လွှတ်ပါ။ သူတို့မှာ မျှော်လင့်ချက်တွေ အများကြီးရှိနေပါသေးသည်။ သူတို့မှာ လုပ်စရာတွေ အများကြီးရှိသည်။ ဖခင်ဖြစ်သူနှင့် သွားတွေ့ရမည်။ လိုအပ်သည့်ငွေကို အသင့်ဖြစ်အောင် လုပ်ထားရမည်။

သို့သော် လူဆိုးများ တောင်းသည့်ငွေကို ပေးရေးနှင့် ပတ်သက်၍ သူ့စိတ်ထဲတွင် ခြွင်းချက်တစ်ခုကို တိတ်တဆိတ်ထားရှိပါသည်။ မီးခိုးရောင်ဝတ်စုံနှင့် လူကသည်ကိစ္စကို ဆန့်ကျင်ခဲ့လျှင် အယ်လင်ကို သူ ဘာမျှမပြောဘဲ ထားမည်။ သူ့အနေနှင့် ပိုက်ဆံကို မပေးဘဲ ထားလိုက်မည်။ တစ်စုံတစ်ခု ဖြစ်ပေါ်လာလျှင် သူ၏တာဝန်သာ ဖြစ်စေရမည်။

"ညကျလို့ရှိရင် သားနဲ့မေမေက ညီမလေးရဲ့ ပစ္စည်းတွေကို အားလုံးအဆင်သင့်လုပ်ထားကြ သိရဲ့လား"

ဘန့်က အားပါးတရ ပြောလိုက်သည်။

သူ ရေချိုးရမည်။ အဝတ်အစားလဲရမည်။ သူ့အနေနှင့် စိတ်ရောလူရောလန်းဆန်းနေဖို့ လိုသည်။ အခါမလပ် လန်းဆန်းတက်ကြွနေရမည်။ သူများတွေပြောတာကို နားထောင်ရမည်။ ထို့နောက် သူ အဆုံးအဖြတ်ကို ပေးရမည်။ အရေးကြုံသောအခါ သက်လုံကောင်းရပေမည်။

မှန်ထဲတွင် သူ့ကိုယ်ကို တွေ့မြင်လိုက်ရသောအခါ တုံ့ရပ်သွားပါသည်။

အကယ်၍ သူ၏ လုပ်ဆောင်မှုကြောင့် တစ်စုံတစ်ရာ အမှားအယွင်းဖြစ်သွားခဲ့လျှင် ယင်းကိစ္စကို အယ်လင်အား မပြောဘဲ ထားနိုင်ပါမည်လား။ ဆိုကြပါစို့ သမီးကလေးကို ပြန်မတွေ့ကြရတော့ဘူးဆိုလျှင် သည်လောကကြီးမှ သမီးကလေး အပြီးအပိုင် ပျောက်ဆုံးသွားပြီဆိုလျှင် မည်သို့လုပ်ရပါလိမ့်မည်နည်း။ သို့မဟုတ် သမီးကလေး၏ အလောင်းကိုသာ ပြန်တွေ့ကြရမည်ဆိုလျှင်ကော။

မိဘများအားလုံးပင် ဤဒုက္ခဝေဒနာကို ခံစားကြရပေမည်။ လူဆိုးတွေ တောင်းသည့်ငွေကို မပေးသဖြင့် သမီးလေးတစ်ခုခု ဖြစ်သွားခဲ့လျှင် သည်ကိစ္စမှာ သူ့အပြစ်သာ ဖြစ်ကြောင်း အယ်လင့်ကို သူ ဖွင့်ပြောနိုင်ပါမည်လား။ သို့မဟုတ် မပြောဘဲ မျိုသိပ်ထားနိုင်ပါမည်လား။

နှစ်ခုစလုံး မဖြစ်နိုင်ပါ။

အခြေအနေအရ မီးစင်ကြည့်ပြီး ကရမှာပဲ။

သူ ဆုံးဖြတ်ချက် ချလိုက်သည်။

အရေးကြီးသည့် အချက်ကတော့ မျှော်လင့်ဖွယ်ရှိနေဖို့ပင် ဖြစ်သည်။ သူ အဝတ်အစား ဝတ်ဆင်ပြီး နောက်အိပ်ခန်းသို့ ပြန်သွားသည်။ ဗရုစ်ကလေး မှာလည်း အဝတ်အစားလဲလှယ်ရန်အတွက် သူတို့၏အခန်းသို့ ပြန်လည်ရောက် ရှိနေကြသည်။ သို့တစေတည်း အယ်လင်က သူ့အိပ်ရာပေါ်တွင် ရှိနေဆဲပင် ဖြစ်သည်။ ခေါင်းအုံး များကို မှီပြီး လှဲလျောင်းနေသည်။ ဖြူရော်နေသည်။ ပန်းလျှနေသည်။

သူ ကုန်းငုံ့ကာ သူမကို နမ်းလိုက်သည်။

"ညီမအတွက် နံနက်စာပို့ခိုင်းလိုက်မယ်။ အစ်ကို ဖေဖေဆီ အလျင်သွား တွေ့မယ်။ အကြောင်းတစ်ခုခု ထူးရင် အဲဒီကို ဖုန်းဆက်လိုက် အဲဒီကပြီးရင် ဘဏ် ကို သွားမယ်"

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။ သူ့ကို မော်ကြည့်သည်။ ထို့နောက် မျက်လုံးများကို ပိတ်ထားလိုက်သည်။

ပရိဒေဝ သောကမီး လောင်မြိုက်နေသော သူမ၏မျက်နှာကို ငုံ့ကြည့်နေ သည်။

သူမ၏အကြောငယ်ကလေးများ တဆတ်ဆတ်တုန်ခါလျက် ရှိကြသည်။

စိတ်ကို လွှတ်ပစ်လိုက်လို့ မဖြစ်သေးဘူး။ ရင်ဆိုင်ရမယ့် ပြဿနာတွေက အများကြီးရှိနေသေးတယ်"

သူ ပြောလိုက်သည်။

"ညီမ သိပါတယ်"

သူမ တိုးဖွဖွ ပြောသည်။

ထို့နောက် သူမက ထလိုက်သည်။

"ညီမ ဒီမှာအိပ်နေလို့ မရပါဘူး။ တကယ့်ကို ဓားတွေ၊ လှံတွေပေါ်မှာ အိပ်နေရသလိုပဲ။ ညီမနဲ့သားကလေး အောက်ကိုဆင်းခဲ့ကြမယ်"

ရေချိုးခန်းထဲသို့ သူမ ပြေးဝင်သွားသည်။ တစ်ခဏချင်းမှာပင် ရေပန်းဖွင့်

သံကြားရသည်။ ရေသံပြင်းပြင်းပေါ် ထွက်လာသည်။

သို့သော် ဖနီးနှင့် သားကို သူ မစောင့်တော့ပါ။

"မေမေနဲ့အတူ ဆင်းခဲ့နော်သား"

သူတစ်ယောက်တည်း အောက်ထပ်သို့ ဆင်းသွားသည်။

× × ×

"ဖေဖေ ကျွန်တော့်ကို ကနေ့ငွေသုံးသောင်း ခဏပေးပါ။ ငွေစုလက်မှတ်တွေ ရောင်းပြီးရင် ကျွန်တော် ပြန်ပေးပါ့မယ်"

သူ့ဖခင်ကို သူ ပြောလိုက်သည်။

"ပြန်ပေးတာ မပေးတာအရေးမကြီးပါဘူး။ ငါ ပြောနေတာက ဒါကို ပြောနေတာမဟုတ်ဘူး။ ဒါပေမဲ့ ဒီငွေသုံးသောင်းကို မင်းဘာလုပ်မှာလဲ ဖေဖေ့ကိစ္စတော့ မဟုတ်ပါဘူး။ ငါ့အနေနဲ့ မေးဖို့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သားဘာတွေလုပ်မလို့လဲ"

ဘန့်၏ဖခင်က ခပ်ဆတ်ဆတ်ပြောသည်။

သည်ကနေ့မနက် လက်ဖက်ရည်စားပွဲတွင် သတင်းစာကို တွေ့ရှိရသောအခါ ဘန့် ဆုံးဖြတ်ချက်တစ်ခုချခဲ့သည်။ သူသည် ဗက်ဆီ ပြန်ပေးဆွဲခံရသည့်သတင်းကို သတင်းစာတွေထဲတွင် မပါအောင် လျှို့ဝှက်ထားနိုင်ခဲ့လျှင် သည်ကိစ္စကို သူ့ဖခင်မိခင်တို့ကိုလည်း မပြောဘဲ ထားရမည်။

သူသည် ယခုအခါ ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဂရုပြုနေရသည်။ မူကိစ္စထက် လူကိစ္စဘက်သို့ ဦးတည်လှည့်နေသည်။ သတင်းစာထဲတွင် သူ၏ကြော်ငြာ ပါရှိသည်။ လူဆိုးတွေကို ဖြေကြားစာပါရှိသည်။ အမှန်အတိုင်း ပြောရလျှင် ဤသို့ ပြုလုပ်ခြင်းသည် ဗက်ဆီလေးအတွက် အကျိုးရှိမည် မဟုတ်လျှင် သူ လက်ဆက် လုပ်ဆောင်မည် မဟုတ်ပါ။

လောလောဆယ်တွင်တော့ ရေငုံနှုတ်ပိတ်ထားရမည်။

ယင်းကြောင့် သူသည် မနက်က လက်ဖက်ရည်ဝိုင်းတွင် ပေါင်မုန့်လာပို့သော ရှိစ်ကို ဆတ်ခနဲ ပြောလိုက်သည်။

"မင်းတို့မမ ဆင်းမလာခင် အခုချက်ချင်းအားလုံး ဒီကိုလာကြလို့ ပြောလိုက်စမ်း"

အစေခံများအားလုံး ရောက်ရှိလာကြသည်။ ရှိသေကျိုးနွံစွာဖြင့် ဖြစ်သည်။ တုန်လှုပ်ထိတ်လန့်သော မျက်လုံးများဖြင့် သူ့ကို ကြည့်နေကြသည်။

"အို. . . ဆရာရယ်"

မော်လီ ချောက်ချားစွာ ငိုလိုက်သည်။

"မငိုပါနဲ့"

သူမကို လှမ်းကြည့်ရင်း သူ ဟန့်တားလိုက်သည်။ သည်မိန်းမကို မီးခိုးရောင်ဝတ်စုံနှင့် လူက မေးကြည့်သင့်သည်။

ယမန်နေ့ညကမူ သူသည် ပီတာကို မယုံသင်္ကာ ရှိခဲ့သည်။ ကနေ့မနက်တွင်မူ ပီတာသည် သစ္စာရှိသော ခွေးအိုကြီးပမာဖြစ်သည်။ မခုတ်တတ်သော ကြောင်ကလေးပမာ ဖြစ်သည်။

"ကျုပ်ရဲ့ မေတ္တာရပ်ခံချက်ကို လိုက်နာကြတဲ့အတွက် ခင်ဗျားတို့အားလုံးကို ကျုပ်ကျေးဇူးတင်တယ်"

သူ နွမ်းနယ်စွာဖြင့် ပြောလိုက်သည်။

"ကျုပ်တို့ဟာ ဒီသတင်းကို သတင်းစာတွေထဲမှာ မပါအောင်လုပ်ထားနိုင်လို့ရှိရင် ဗက်ဆီကလေးကို ကျုပ်တို့ ပြန်ရမှာပဲ။ ဒါမှမဟုတ်ရင် ပြန်ရနိုင်တဲ့နည်းဟာ ဒီတစ်ခုပဲ ရှိတယ်။ ဒီကိစ္စကြီး ပြီးဆုံးသွားတဲ့အထိ ခင်ဗျားတို့ လယ်သူ့ကိုမှ မပြောဘဲထားနိုင်ကြမယ်ဆိုရင် ခင်ဗျားတို့ကို ကျုပ်က ကျေးဇူးတင်တဲ့အနေနဲ့ တစ်ယောက်ကို ငွေတစ်ရာစီပေးမယ်။

"ဟုတ်ကဲ့ဆရာ"

ဆာရာနှင့် ရိုစ်တို့က ပြောသည်။

မော်လီကမူ ဘာမျှမပြော။ ငိုရှိုက်လျက်ရှိသည်။

ပီတာက. . .

"ဒေါ်လာတစ်ရာကို ကျုပ်တို့ မလိုချင်ပါဘူး။ မစ္စတာခရိုသာ။ ကျုပ်လိုချင်တာကတော့ ကောင်မကလေးကို ပြန်ရဖို့ပဲ"

သည်အဘိုးကြီးကို ဘာကြောင့်များ မယုံကြည်ခဲ့ရသနည်း။

"ကျုပ် လိုချင်တာလည်း အဲဒါပဲ ပီတာ"

ဘန့်က သူ၏ လက်နှစ်ဖက်ကို ဆုပ်ညှစ်ရင်း ပြောလိုက်သည်။

အဘယ်ကြောင့် သူ့စိတ်တွေ ဤမျှ လှုပ်ရှားနေရသနည်း။

သို့သော် ယခုမူ သူသည် ဖခင်ဖြစ်သူ၏ ရှေ့မှောက်တွင် တည်ငြိမ်စွာရှိနေသည်။ ဟုတ်ပါတယ် ဖေဖေ အခုကိစ္စက နည်းနည်းကလေး ထူးခြားနေတာကတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ သုံးလေးရက်လောက်တော့ အချိန်ပေးပါ။ ကျွန်တော် အခုဘာမှ မပြောပါရစေနဲ့ဦး"

"သားအနေနဲ့ အစုရှယ်ယာတွေ ဈေးကစားမှာတော့ မဟုတ်တန်ကောင်း

ပါဘူး။ ဒီအချိန်က ဈေးကစားဖို့ကောင်းတဲ့အချိန် မဟုတ်ဘူး။ ဈေးကွက်က ကမောက်ကမကြီး ဖြစ်နေတဲ့အချိန်မျိုးပဲ”

အမှန်တော့ ယခုကိစ္စသည် သူ့အနေနှင့် အစွန့်စားဆုံး ဈေးကစားခြင်း တစ်ရပ်ပင်ဖြစ်သည်ဟု ဘန့် တွေးမိသည်။

“ပုံမှန် ဈေးကစားတာမျိုး မဟုတ်ပါဘူး ဖေဖေ။ ဒါပေမဲ့ ကျွန်တော့် ဘဏ်စာရင်းကို ကျွန်တော် ထိန်းနိုင်ပါတယ်။ ကျွန်တော့်အိမ်ကို အပေါင်ထားလိုက်ရင် ဖြစ်ပါတယ်”

ဘန့် ဖြေကြားလိုက်သည်။

“အမိပ္ပာယ် မရှိတာဘဲ”

သူ့ဖခင်က တုံ့ပြန်လိုက်သည်။ ထို့နောက် သူ၏ဖခင်သည် ချက်စာအုပ်ကို ထုတ်ပြီးရေးရသည်။

“ကျေးဇူးပဲ ဖေဖေ”

ဘန့်က ခပ်တိုးတိုး ပြောလိုက်သည်။

ဘဏ်ကို အမြန်ဆုံးသွားရောက်ရသည်။

× × ×

နေ့တာသည် တစ်ထစ်ပြီး တစ်ထစ် ကုန်ဆုံးလျက်ရှိသည်။

အချိန်တွေ ဤမျှမြန်မြန် ခန်းသွားသည့်အတွက် အံ့သြရသည်။ သူ သတိရ၍ အချိန်ကို ဂရုပြုလိုက်သောအခါ နေ့ခင်းသို့ ရောက်နေပြီဖြစ်သည်။ နောက်တစ်နာရီကြာလျှင် ကျေးလက်ပျော်ပွဲစားရုံသို့ သူ သွားရပေတော့မည်။

သူ အိမ်ပြန်သည်။ အယ်လင်ကို အိမ်ရှေ့ဆင်ဝင်တွင် တွေ့ရသည်။ နေပူစာတွင် စာအုပ်တစ်အုပ်ဖတ်နေသည်။ ဗရုစ်ကလေးက ခြံဝင်းထဲတွင် ထရပ်ကားအနီကလေးနှင့် ဆော့ကစားနေသည်။ သည်မြင်ကွင်းကို တွေ့မြင်ရလျှင် မည်သူကမျှ သည်အိမ်တွင် ဒုက္ခတစ်ခုခုကို ခံစားနေရကြောင်း ရိပ်စားမိမည် မဟုတ်ချေ။

“အစ်ကို ရပြီလား”

အယ်လင်က မေးသည်။

သူက အကျႌအိတ်ကို ဖိပြရင်း. . .

“ရပြီ”

သူတို့ နေ့လယ်စာစားကြသည်။ စကားမပြောကြ။ ဗရုစ်ကလေး တောင်တောင် မြောက်မြောက် ပြောနေသည်များကိုသာ နားထောင်ကြသည်။ အယ်လင်

ဘာမျှ မစားပါ။ သူ အနည်းအပါးစားသည်။ သို့သော် ဇနီးသည် ထမင်းဝိုင်းတွင် ထိုင်နေသည့်အတွက် ကျေးဇူးတင်မိသည်။ ဘာမျှမဖြစ်ဟန်ဆောင်နေသည့် အတွက် ကျေနပ်ရသည်။

"အတော်ကောင်းတဲ့ဇာတ်ပဲ"

ဘန့်က ဗရစ်၏ စကားကိုဖြတ်ပြီး သူမကို လှမ်းပြောလိုက်သည်။ အယ်လင် မြွေမြွေကလေးပြုံးသည်။

"တော်ပြီ၊ တော်ပြီ ကော်ဖီ မယူတော့ဘူး"

ရိုစ်ကို သူ ပြောလိုက်သည်။

ထို့နောက်

"ကိုယ်သွားမယ် အယ်လင်"

"အင်း. . . အင်း"

ထို့နောက် သူမက ဆက်ပြီး

"ဒီမှာထိုင်ပြီး စောင့်နေရမယ့်အစား အစ်ကိုအစား ညီမသွားရရင် ဘယ်လောက်ကောင်းမလဲ"

"ကိုယ်နားလည်ပါတယ်"

သူမကို သူနမ်းလိုက်သည်။

ယမန်နေ့က သူ စောင့်ဆိုင်းရသည့် အလုပ်ကိုလည်း မခံနိုင်ရှိခဲ့ရသည်။ သို့သော် ယခုမူ သူ စောင့်ဆိုင်းခဲ့ရသည့်ကာလကို ရောက်ရှိလာပြီဖြစ်သည်။ မျှော်လင့်ချက်အနေဖြင့် သွားရောက်ရပေတော့မည်။

ကျေးရွာစားသောက်ဆိုင်ကလေးသို့ သူတစ်ယောက်တည်း ကားမောင်းသွားသည်။ လမ်းတွေက ကောင်းမွန်သည်။ လယ်ကွင်းတွေက သာယာသည်။ အိမ်ကလေးတွေက လှပသည်။

ထာဝရလှပနေသော ရှုမျှော်ခင်းက ပြောင်းလဲခြင်း မရှိပါ။

သည်လို လှပသာယာသော ပတ်ဝန်းကျင်တွင် အဘယ်ကြောင်းကြောင့် များ လူဆိုးတစ်စုက ကလေးငယ်တစ်ယောက်ကို သူ၏အိမ်၊ သူ၏ မိသားစုများထံမှ မတရားခေါ်ဆောင်သွားခြင်း ဖြစ်ရပါသနည်း။

သူသည် အနောက်စူးစူးသို့ ဦးတည်ကာ ကားကိုမောင်းသွားရင်း စဉ်းစားနေမိသည်။ သူ့သမီးလေးကို အဘယ်ကြောင့် သူတို့ ပြန်ပေးဆွဲသွားကြသည်ကို မစဉ်းစားတတ်ရှိသည်။

သူ့မှာ ရန်သူ မရှိပါ။ သူ သိရသလောက်တော့ မရှိပါ။ သို့သော် သူ

မသိလျှင်တော့ မပြောတတ်ပါ။ သူတစ်ပါး၏ အောင်မြင်မှုကို မနာလိုသူများ ရှိတတ်ပါသည်။ တစ်ခုတော့ရှိသည်။ သူ့ဖခင်မှာတော့ ရန်သူတွေ ရှိနိုင်သည်။ သူ့ဖခင်သည် ပျင်းရိ ခိုကပ်သော အလုပ်သမားများကို ဘယ်တော့မှ ခွင့်မလွှတ်တတ်ပါ။ ညှာတာတတ်ပါ။ ခပ်ကြမ်းကြမ်းပင် ဆက်ဆံတတ်ပါသည်။

"လူတစ်ယောက် မသိနားမလည်တာကို ကျုပ် ဘယ်တော့မှ အပြစ်မပြောပါဘူး။ ဒါပေမဲ့ အဲဒီလူ အလုပ်မလုပ်ဘဲ ပျင်းတာကိုတော့ ကျုပ် ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး"

သူ့ဖခင်၏စကားကို ဘန့်က အမြဲတမ်း ကြားယောင်လျက်ရှိသည်။

ဖခင်နှင့် မတည့်သော လူပျင်းလူမိုက်တစ်ယောက် ဖြစ်နိုင်သည်။

ဘန့်သည် ကားကိုစားသောက်ဆိုင်ဝင်းအတွင်းသို့ မောင်းဝင်သွားပြီး ရပ်လိုက်သည်။ သူ၏ ရင်တထိတ်ထိတ်ခုန်နေသည်။

"ဘားခန်းရှိသလား"

သို့သော် သူသည် စိတ်တည်ငြိမ်အောင် ထိန်းလျက် တံခါးပေါက်ဝရှိ မိန်းမကြီးကို မေးလိုက်သည်။

"ညာဘက်မှာ"

မိန်းမကြီးက ခပ်မြန်မြန်ပင် ဖြေသည်။

စနေနေ့လယ်ပိုင်းဖြစ်သဖြင့် လူကျနေသည်။

ဘားခန်းဆီသို့ သူ လျှောက်သွားသည်ကို မိန်းမကြီးက လှည့်၍ပင် မကြည့်ပါ။

အဖျော်ယမကာ ရောင်းချသော ဘားခန်းအတွင်းသို့ သူ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက်မှာပင် သူတွေ့လိုသော လူကို တွေ့မြင်ရပါသည်။

အဆိုပါလူသည် ဘားကောင်တာ၏ တစ်ဖက်ထိပ်တွင် ရပ်နေသည်။ လူက သေးသေးသွယ်သွယ်ပင် ဖြစ်သည်။ ပုံပန်းသဏ္ဌာန် ထူးခြားခြင်းမရှိဘဲ သူလိုကိုယ်လို သာမန်ထဲကပင် ဖြစ်သည်။ ရှပ်အင်္ကျီအပြာစင်း၊ မီးခိုးရောင်ဘောင်းဘီရှည်၊ မီးခိုးရောင် ကုတ်အင်္ကျီနှင့် ဖြစ်သည်။ လည်စည်းမှာ အပြာရောင်ဖြစ်ပြီး ကုတ်အင်္ကျီပေါ် အိတ်တွင် လက်ကိုင်ပဝါအပြာ ထည့်ထားသည်။

သူ့အနီးသို့ ဘန့် ဖြည်းလေးစွာ လျှောက်သွားသည်။

"ဝီစကီနဲ့ဆိုဒါ"

ကောင်တာနောက်ရှိ အရက်ရောင်းသူကို ဘန့် မှာကြားလိုက်သည်။

စားပွဲတွေမှာ လူတွေပြည့်နေသည်။ တစ်ခန်းလုံးပြည့်နေသည်။ ဆူညံစွာ

ပြောဆိုစားသောက်နေကြသည်။

မီးခိုးရောင်ဝတ်စုံနှင့် လူဘက်သို့ ဘန့် လှည့်လိုက်သည်။ ပြုံးလိုက်သည်။

ထို့နောက်. . .

"ကျေးရွာစားသောက်ဆိုင်တစ်ခုမှာ ဒီလို ဘားခန်းမျိုးတွေ့ရခဲ့တယ်"

"ဟုတ်တယ်"

မီးခိုးရောင်အမျိုးသားက ဘန့်စကားကို ထောက်ခံပါသည်။ သူ့အသံက နာပျော်ဖွယ်ရာ ရှိသည်။ သူက ဖန်ခွက်ရှည်ကြီးတစ်လုံးဖြင့် ကြည်လင်သော အရည်များကို သောက်နေသည်။ သောက်၍ ပြီးသွားပြီဖြစ်သည်။

"ကျွန်တော့်ကို ဒါမျိုးနောက်တစ်ခွက်ပေးပါဦး"

အရက်ရောင်းသူကို သူ ပြောလိုက်သည်။

"လန်ဒန် ခဝါသည်မ ယမကာလို့ခေါ်တယ်"

သူက ဘန့်ဘက်သို့ လှည့်ပြီး ရှင်းပြသည်။

ဤငယ်ငယ်သေးသေး လူသည် အရာရောက်အရေးပါလှသူ တစ်ဦးဟု မှန်းဆနိုင်ရန် ခဲယဉ်းပါသည်။

"ကျွန်တော်နဲ့ တစ်လမ်းတည်းများ သွားဖို့ရှိသလား"

ဘန့်က ရုတ်ခြည်းမေးလိုက်သည်။

"ကားကြုံလိုက်ရမယ်ဆိုရင်တော့ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပေါ့" သူက ပြောသည်။

ဘန့်၏ ရင်ခုန်နှုန်းကလျော့သွားသည်။ သည်လူ မိမိကိုသိမည်။

ဘန့် ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ကျသင့်ငွေများကို ရှင်းပေးပြီးနောက် ကားဆီသို့ လျှောက်သွားကြသည်။

"ရွာလမ်းအတိုင်း မြောက်ဘက်ကိုမောင်းပါ"

မီးခိုးရောင်ဝတ်စုံနှင့် လူက ဆတ်ခနဲ ပြောလိုက်သည်။ သူ၏ကိုယ်တွင် မူးယစ်ရီဝေသည့် အရိပ်အရောင်များ မရှိတော့။ သူက ဘန့်၏ဘေးတွင် လက်ပိုက်ပြီး ထိုင်နေသည်။

"ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော့်ကို တိတိကျကျ ပြောစမ်းပါ မစ္စတာ ခရိုသာ"

ယင်းသို့ဖြင့် ဘန့်သည် ဖြစ်ပျက်သမျှအားလုံးကို မယုံမကြည်နိုင် ရှိနေသည့် ကာလတွင် ဤလူ၏ အေးအေးတည်ငြိမ်မှုကို တွေ့ရှိရသောအခါ

ဝမ်းသာအားတက်ရသည်။

သေရေးရှင်ရေးကာလ၌ ရန်သူ၏ နောက်သို့လိုက်ကြရာတွင် သူသည် အားမာန်ကောင်းသော အမဲလိုက် ခွေးကြီးတစ်ကောင်နှင့်တူသည်။

သူ၏ အေးဆေးတည်ငြိမ်မှုကြောင့် ဘန့်မှာလည်း အေးဆေးတည်ငြိမ်မှုပင် ပြောနိုင်တော့သည်။

"နောင်ကြီးရဲ့နာမည်ကိုတောင် ကျွန်တော် မသိရသေးဘူး"

ဘန့်က ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး ကျွန်တော်က ဒီအလုပ်အတွက် အထူးတာဝန်ပေးခံရတဲ့ လူတစ်ယောက်ပဲ"

ထိုလူက ပြန်ပြောသည်။

"စောစောက ကျွန်တော် ပြောခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့မှာ ရန်သူမရှိပါဘူး။ ကျွန်တော် သိသလောက်တော့ မရှိဘူးပေါ့"

ဘန့်က ဆက်ပြောသည်။

"လူတိုင်းမှာ ရန်သူရှိကြတာပဲ"

မီးခိုးရောင်ဝတ်စုံနှင့်လူက ရွတ်ဆိုလိုက်သည်။

"ပြန်ပေးဂိုဏ်းတစ်ဂိုဏ်းရဲ့ လက်ချက်လို့ ပြောရအောင်လည်း"

ဘန့်စကားစလိုက်စဉ်တွင် မီးခိုးရောင်လူက ကြားဖြတ်လျက်. . .

"ပြန်ပေးဂိုဏ်းတွေက ကလေးတွေကို ဘယ်တော့မှ ပြန်ပေးမဆွဲဘူး။ လူကြီးတွေကိုပဲ ဆွဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကို ပြန်ပေးဆွဲရတာ အင်မတန် အန္တရာယ်ကြီးလို့ပဲ။ ရာဇဝတ်မှုတွေထဲမှာ ကလေးတွေကို ပြန်ပေးဆွဲတဲ့ အလုပ်ဟာ အန္တရာယ်အကြီးဆုံး ဆိုတာကို အတွေ့အကြုံရှိတဲ့ မြေအောက်သမားတိုင်းက သိတယ်။ ကလေးပြန်ပေးကို လူဆိုးအသေးစားကလေးတွေကပဲ လုပ်တတ်တယ်"

"ဘာဖြစ်လို့ အန္တရာယ်ကြီးတာလဲ"

ဘန့်က မေးလိုက်သည်။

"အမြတမ်း ဖမ်းမိလို့ပဲ အမြဲတမ်းပဲ"

မီးခိုးရောင်လူမှာ ပခုံးတွန့်လိုက်သည်။

"ကျွန်တော့်အမျိုးသမီးက သူတို့တောင်းတဲ့ငွေကို ပေးချင်နေတယ် အဲဒါ မှားတယ် မဟုတ်လား"

ဘန့်သည် ဤလူကို ကောင်းစွာ စိတ်ချယုံကြည်ပြီဖြစ်လာသဖြင့် ပွင့်လင်း

စွာပင် မေးချလိုက်သည်။

"မမှားပါဘူး။ သူ မှန်တယ် လုံးဝမှန်တယ် ကျွန်တော်တို့ဟာ အကြား အမြင် ပေါက်တဲ့ မှော်ဆရာကြီးတွေ မဟုတ်ဘူး မစ္စတာခရိုသာ။ ကျွန်တော်တို့ဟာ သူတို့တစ်တွေနဲ့ တစ်နည်းနည်းနဲ့ အဆက်အသွယ် ရမှဖြစ်မယ်။ ကျွန်တော်တို့ ဖြေရှင်းမပေးနိုင်တဲ့ ပြန်ပေးမှု နှစ်ခုဟာ ဆိုရင် မိဘတွေ လူဆိုးတွေတောင်းတဲ့ ပိုက်ဆံကို မပေးတဲ့အတွက်ပဲ။ သူတို့က ပိုက်ဆံမပေးတော့ ကျွန်တော်တို့မှာ သဲလွန်စ မရတော့ဘူးပေါ့"

"ကလေးတွေ အသတ်ခံရရောလား"

ဘန့် မေးလိုက်သည်။

မီးခိုးရောင်ဝတ်စုံနှင့် လူပခုံးကို တွန့်လိုက်ပြန်ပြီ။

"တစ်ယောက် အသတ်ခံရတယ်။ တစ်ယောက်ကတော့ ပြန်မလာတော့ ဘူး"

မိမိ၏သားသမီး သေဆုံးပြီလို့ တိတိကျကျသိရခြင်းကမှ တော်သေးသည်ဟု ဘန့် တွေးမိသည်။ သေသည် ရှင်သည်ကို မသိရသည်ထက်စာလျှင် ဗက်ဆီ၏ အလောင်းကို မိမိ၏ ရင်ခွင်တွင် ပွေ့ပိုက်ထားရသည်ကမှ. . .

"ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ပြောပါ၊ ကျွန်တော် လုပ်ပါ့မယ်"

ဘန့်က ပြောလိုက်သည်။

မီးခိုးရောင်ဝတ်စုံနှင့် လူ စီးကရက်တစ်လိပ် မီးညှိပြီးနောက်. . .

"ကျွန်တော်တို့ကို မတိုင်တောတဲ့ အနေနဲ့ပဲ ဆက်နေသွားပါ။ သူတို့တောင်း တဲ့ ငွေကို ပေးပါ။ ဒါပေမဲ့ သူတို့စာထဲမှာ ဘာပဲရေးထားထား ငွေစက္ကူတွေရဲ့ နံပါတ်တွေကို မှတ်ထားပါ။ ညည်လိုမှတ်ထားတာကို သူတို့ဘယ်လိုမှ မသိနိုင်ပါဘူး။ အဲဒီတော့ သူတို့တောင်းတဲ့အတိုင်းလုပ်ပါ။ နောက်ပြီး ကျွန်တော့်ဆီကို ဖုန်းဆက်ပါ။ ကျွန်တော် နံပါတ်ပေးခဲ့မယ်"

သူ အိတ်ထဲမှာ စာရွက်တစ်ရွက်ကို ထုတ်ယူပြီး ဘန့်လက်ထဲသို့ ထည့် လိုက်သည်။

"ခင်ဗျားကို တစ်ခုပြောရဦးမယ်။ ခင်ဗျား တယ်လီဖုန်းကို ကျွန်တော်တို့ ကြားကဖြတ်ပြီး နားထောင်ဖို့ လုပ်ထားမယ်"

"လုပ်စရာရှိတာကို လုပ်ကြပါ"

"ကျွန်တော်တို့ လိုချင်တာ အဲဒါပဲ"

ထိုလူ ရွတ်ဆိုလိုက်သည်။

"ကျွန်တော်တို့ကို အထက်က အမိန့်ပေးထားတယ်။ မိဘတွေဆန္ဒရှိတဲ့ အတိုင်း လုပ်ရမယ်လို့ ပြောထားတယ်။ ခင်ဗျားဟာ နားလည်မှုရှိတဲ့ လူတစ်ယောက် ပါပဲ မစ္စတာခရိုသာ တစ်ခါတုန်းက ကျွန်တော်တွေ့ဖူးတဲ့ မိဘတစ်ယောက်ဟာ သေနတ်ကြီး တကားကားနဲ့ ပုလိပ်တွေ မဝင်ရဘူးလို့ ပြောတယ်။ သူ့ကိစ္စကို သူ့ဟာ သူ လုပ်မယ်လို့ ဆိုတယ်"

"သူ့ကလေးကို ပြန်ရသလား"

"မရဘူး။ လူဆိုးတွေတောင်းတဲ့ငွေကို ပေးတယ် ဒါပေမဲ့ မရဘူး"

ငွေပေးတာကတော့ မှန်ပါတယ်။ ကျွန်တော်တို့ဟာ ဒီနည်းနဲ့ပဲ သူတို့ကို ဖမ်းနိုင်တယ်။ ဒါပေမဲ့ အဲဒီလူက သေနတ်ကြီးတကားကားနဲ့ သူ လုပ်ချင်ရာတွေ လျှောက်လုပ်နေတော့ ကျွန်တော်တို့ ဘယ်လိုမှ ကြားမဝင်သာဘူး ဖြစ်သွားတယ်"

ဘန့်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်. . .

"ကျွန်တော့်အနေနဲ့ ဘာမဆို လုပ်ဖို့ အဆင်သင့် ရှိပါတယ်။ ငွေပေးဆို ရင်လည်း ပေးမယ်။ ဒါမှမဟုတ် တခြားနည်းနဲ့ ရင်ဆိုင်ပါဆိုရင်လည်း ရင်ဆိုင် မယ်"

"ဝမ်းသာပါတယ်၊ ဒါပေမဲ့ အခုအတိုင်းဆိုရင် လုံလောက်ပါပြီ။ ကျွန်တော့် ကို စားသောက်ဆိုင်နားမှာ ချခဲ့ပါ။ ကျွန်တော် တစ်ခွက်လောက် ထပ်သောက် လိုက်ဦးမယ်"

ထို့နောက် သူသည် ဘာမျှအရေးတကြီး မရှိဟန်ဖြင့် အေးအေးလူလူပင် ဖြစ်သွားသည်။

ဘန့်လည်း ဘာမျှမပြောတော့ဘဲ ကားကို ရွာဘက်သို့ ပြန်မောင်းသည်။

စားသောက်ဆိုင်အနီးသို့ ရောက်သောအခါ မီးခိုးရောင်ဝတ်စုံနှင့်လူ ကားပေါ်မှ ဆင်းသွားသည်။

"ကဲသွားမယ်။ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ"

ဘားခန်းအတွင်းသို့ သူ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဘန့်သည် ညနေဆည်းဆာတွင် ကားကိုမောင်းရင်း အယ်လင်ကို ဘာပြော ရမည်နည်းဟု စဉ်းစားသည်။ ဘာမျှ ထွေထွေထူးထူး မရှိပါ။ မီးခိုးရောင်ဝတ်စုံနှင့် လူကို သူ သဘောကျကြောင်း ယုံကြည်ကြောင်းမျှသာ ပြောရန်ရှိသည်။

သည်မျှတော့ မကပါ။ သည်လူက ရိုးရိုးလူတစ်ယောက်တော့ မဟုတ်ပါ။ အစိုးရတာဝန်ကို ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။ အစိုးရ၏ အာဏာကို ကိုယ်စား ပြုဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။ ဤသည်မှာ ကျေနပ်နှစ်သိမ့်ဖွယ်ရာပင်ဖြစ်

သည်။ သည်လူ၏နောက်ဘက်တွင် နိုင်ငံတော်ရဲအဖွဲ့ကြီးတစ်ခုလုံး ရှိနေသည်။ သည်လူများအားလုံးသည် မိမိကို ဝိုင်းဝန်းကူညီကြမည်ဖြစ်သည်။ မိမိ၏ သမီးကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးကြမည်ဖြစ်သည်။

အယ်လင်က သူ့ညှော်ခန်းထဲမှ စောင့်ကြိုလျက်ရှိသည်။ ဘန့်သည် ဇနီးဖြစ်သူကို နမ်းလိုက်ပြီးနောက်. . .

"လူဆိုးတွေ တောင်းတဲ့ငွေကို ညီမ ဆုံးဖြတ်ချက်ချတာ မှန်တယ်လို့ သူ ပြောတယ်။ သည်ပိုက်ဆံကို ကိုယ်တို့ပေးကြရမယ်။ သူဟာ လူတော်တစ်ယောက်ပဲ သမီးကလေးဟာ အသက်နဲ့ကိုယ် မြဲနေသေးတယ်ဆိုရင်တော့ သမီးကလေးကို အစ်ကိုတို့ ပြန်ရမှာပဲ။ သူဟာ အဲဒီလိုဖြစ်ရအောင် စွမ်းဆောင်ပေးနိုင်မယ့် သူ တစ်ယောက်ပဲ"

ဇနီးသည်၏ ကိုယ်ကလေးက တသိမ့်သိမ့်တုန်နေသည်ကို ဘန့် တွေ့ရှိရသည်။ သို့သော် သူမကို ပေါက်ကွဲခွင့် မပြုပါ။

"အစ်ကိုတို့ ငွေတွေကို စစ်ကြည့်ကြရအောင်"

ထို့နောက် သူတို့သည် အပေါ်ထပ်အိပ်ခန်းထဲတွင် အခန်းတံခါးကိုပိတ်ကာ ငွေစက္ကူများကို ရေတွက်မှတ်သားလျက် ရှိကြသည်။

သူတို့၏ လုပ်ဆောင်ချက်မှန်ကန်ကြောင်း ဘန့်က ပြောဆိုလျက်ရှိသည်။

× × ×

ည ၁၂ နာရီထိုးရန် ၁၅ မိနစ်လောက်အလိုတွင် ဘန့်သည် ဝက်သစ်ချပင်ခြောက်ဆီသို့ သွားသောလမ်းကြောင်းပေါ်တွင် ကားကိုလူးကာလိမ့်ကာ မောင်းနှင်လျက် ရှိသည်။ သည်လမ်းကို သူကလေးဘဝအရွယ်ကတည်းက ခြေကျင် သွားခဲ့ဖူးသဖြင့် ဘယ်နေရာမှာ ဘယ်ဘက်ချိုးရပြီး ဘယ်အကွေ့ရှိသည်ကို ဘန့် ကောင်းစွာ သိရှိပါသည်။ သို့သော် ငယ်စဉ်က သွားခဲ့ရသည်မှာ ကျောင်းပိတ်ရက်အတွင်း အပျော်ခရီးထွက်ခြင်းဖြစ်ပြီး ယခု သွားနေရသည်ကတော့ သောကဗျာပါဒ ပရိဒေဝသောကမီးတွေ တောက်လောင်လျက် ဖြစ်သည်။

ဘန့်သည် ကားကို ဝက်သစ်ချပင်ခြောက်ကြီး အောက်တွင် ရပ်လိုက်သည်။ ထို့နောက် ငွေစက္ကူများထည့်ထားသော ကတ်ထူသေတ္တာကလေးကိုယူကာ ကားပေါ်မှ ဆင်းလိုက်သည်။ ညသည် မှောင်မိုက်နေသည်။ တိတ်နေသည်။ ဘာသံမျှ မကြားရပါ။ သို့သော် အလှမ်းမဝေးသော တစ်နေရာတွင် လူတစ်စုရှိနေမည်ကို သူ သိပါသည်။

သူ နားစွင့်နေသည်။ သမီးကလေး၏ ငိုသံများ ကြားရချေမည်လားဟု ယမန်နေ့အတိုင်းပင် သူ ထင်မှတ်မိသည်။ ယခုအချိန်တွင် သမီးကလေးသည် စက်ရုံဟောင်းကြီးထဲတွင်များ ရှိနေမည်လား။ သို့သော် ဘာသံမျှ မကြားရပါ။ သူသည် ကုန်းငုံ့လိုက်ပြီးနောက် ကတ်ထူသေတ္တာကလေးကို ဝက်သစ်ချမြစ်များပေါ်တွင် တင်ထားလိုက်သည်။

ယင်းသို့ သေတ္တာကလေးကို ချလိုက်စဉ်မှာပင် သူသည် ကြိုးတန်းတစ်ခုနှင့် တိုက်မိသည်။ မြေပြင်၏ အထက်ဘက် တစ်ပေလောက်အမြင့်တွင် တန်းထားခြင်းဖြစ်သည်။

ဘာများလဲ။

ကြိုးတန်းကို လက်ဖြင့်စမ်းပြီး သူ လိုက်သွားသည်။ သစ်ပင်ကြီးကို ပတ်သွားသည်။ ကြိုးက ဗန်ချည်ကြိုးဖြစ်သည်။ ထို့နောက် ကြိုးစသည် ကျောက်လုံးတစ်လုံးအောက်တွင် ဆုံးသွားသည်။ ထိုကျောက်တုံးအောက်တွင် စာရွက်တစ်ရွက်ကို တွေ့ရသည်။ သူသည် စာရွက်ကို နှိုက်ယူလိုက်ပြီး နောက်ဓာတ်မီးခြစ်ကို ခြစ်ကာ ကြည့်သည်။

"ကျွန်ုပ်တို့ ပြောသည့်အတိုင်း သင်အားလုံးကို လိုက်နာဆောင်ရွက်ပြီဆိုလျှင် မနက်ဖြန် ည ၁၂ နာရီတွင် သင်၏ အစေခံများနေသော အိမ်သို့သွားပြီး သင်၏ သမီးကလေးကို ခေါ်ပါ။ အကယ်၍ သင်သည် ကျွန်ုပ်တို့ကို တစ်ပတ်ရိုက်မည်ဆိုပါက သင်၏ကလေးကို အသေအဖြစ်သာ ပြန်လည်ရရှိမည်"

ဓာတ်မီးခြစ်ကို သူ ပိတ်လိုက်သည်။ အသေအဖြစ်သာ ပြန်လည်ရရှိမည်တဲ့ သမီးကလေး သေရေး ရှင်ရေးသည် သူ့အပေါ်တွင် တည်ရှိလျက်ရှိသည်။ သူ ဘာပဲလုပ်လုပ် သူတစ်ယောက်တည်းသာ လုပ်ရပေမည်။ သူ့အနေနှင့် ဘာလုပ်မည်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးမှသာလျှင် အယ်လင်ထံသို့ ပြန်ရပေမည်။

သူသည် ကားကို ဖြည်းဖြည်းမှန်မှန်မောင်းပြီး ပြန်ခဲ့သည်။ မီးခိုးရောင်ဝတ်စုံနှင့် လူထံသို့ သူ ဖုန်းမဆက်လျှင် ဗက်ဆီကလေးကို ပီတာ၏အိမ်တွင် အသက်ရှင်လျက် ပြန်တွေ့ရမည်။ အကယ်၍ သူ ဖုန်းဆက်ပြီး လူဆိုးများက ထိုအကြောင်းကို မသိရှိခဲ့လျှင်လည်း သမီးသည် အသက်နှင့် ကိုယ်တည်မြဲလျက်ပင် ရှိပေလိမ့်မည်။ သို့သော် မီးခိုးရောင်ဝတ်စုံနှင့် လူ အမှားအယွင်းတစ်ခုခု ပြုလုပ်မိလျှင် ကား ပုလိပ်ကို တိုင်သည့်အကြောင်း လူဆိုးများ သိရှိသွားပြီး သမီးကလေး သေဆုံးရပေလိမ့်မည်။

အယ်လင် ပြောမည့်စကားကို သူ သိပါသည်။

"အစ်ကိုရေ. . . သမီးကလေး အိမ်ပြန်ရောက်ဖို့ပဲ အရေးကြီးတယ်။ တခြားဘာမှ အရေးမကြီးဘူး လူတွေဟာ အရေးကြုံလာရင် ကိုယ့်ကိုယ်ကိုယ် အလျှင်ကြည့်ရတယ် အစ်ကို"

မှန်သည် သူမ ပြောသည်မှာ မှန်ပါသည်။ သူ့အနေနှင့် ရေငုံနှုတ်ပိတ်နေထားရမည်။ ယင်းသို့မဟုတ်ခဲ့လျှင် ပြန်ပေးသမားများကို လမ်းဖွင့်ပေးရာ ကျပေလိမ့်မည်။ သမီးကလေးအသက်ရှင်ပြီး ဘေးဘယာကင်းရှင်းသည်ဆိုလျှင် မိမိ၏လုပ်ဆောင်မှု မှန်သည်။

သမီးကလေး သေဆုံးခဲ့လျှင်. . .

သည်စဉ်မှာပင် သူသည် မီးခိုးရောင်ဝတ်စုံနှင့် လူ၏ စွမ်းရည်သတ္တိနှင့် ယုံကြည်အားထားရမှုကို သတိရလာသည်။ သည်ကိစ္စနှင့် ပတ်သက်ပြီး ဘာလုပ်ရမည်ဆိုသည်ကို ထိုလူသာလျှင် သိရှိပေလိမ့်မည်။ နောက်ပြီးတော့ ကလေးပြန်ပေးဆွဲခံရသည့်ကိစ္စတွင် ပုလိပ်အကူအညီမယူဘဲ ကိုယ့်ဘာသာကိုယ် လုပ်ဆောင်မှုများ နောက်ပိုင်းတွင် ဘာဖြစ်သွားကြသနည်း။ သူတို့ကလေးတွေ မည်သည့်အခါတွင်မှ ပြန်မလာကြတော့ပါ။

မိမိအနေနှင့် ဘာလုပ်ရမည်ဟု သိထားသည့်အတိုင်းပင် မိမိလုပ်ဆောင်ရမည်။

အိမ်တွင်းသို့ သူ ဝင်ရောက်သွားသည်။ အယ်လင်သည် အပေါ်ထပ်အိပ်ရာပေါ်တွင် လဲလျောင်းလျက်ရှိသည်။ သူမ၏ မျက်လုံးများကို မှိတ်ထားသည်။

"အချစ်"

တိုးဖွဖွကလေး သူ ခေါ်လိုက်သည်။

သူမ၏ မျက်လုံးများ ရုတ်ခြည်းပင် ပွင့်လာသည်။ အယ်လင်ထထိုင်သည်။ သူသည် စာရွက်ကလေးကို လှမ်းပေးလိုက်ပြီးနောက် ခုတင်စွန်းတွင် ထိုင်လိုက်သည်။ သူမ စာကို ဖတ်ပြီးနောက် ဒုက္ခဝေဒနာခံစားနေရသော မျက်လုံးများဖြင့် သူ့ကို ကြည့်လိုက်သည်။

"နောက်ထပ် ၂၄ နာရီတောင် စောင့်ရဦးမယ် ဟုတ်လား ညီမ မစောင့်နိုင်တော့ဘူး အစ်ကို"

"ညီမ စောင့်နိုင်ပါတယ်။ နောက်ပြီးတော့ ညီမ စောင့်ကို စောင့်ရမှာပဲ"

သူ ခပ်ပြတ်ပြတ်ပြောလိုက်သည်။ သူမကို သူ အားတင်းပေးရမည်။ ထို့ကြောင့် သူ ဆက်ပြောသည်။

"အစ်ကိုတို့ စောင့်ရမှာပဲ တခြားနည်းလမ်းမရှိဘူး ဒါမှမဟုတ်ရင် မိုက်အို

ပရိုင်ယင်ကို တိုင်ရမလား သတင်းစာတွေမှာ သတင်းထည့်ပြီး အားလုံးပြဿနာ ဖြစ်အောင် လုပ်ပစ်ရမလား"

"ဟင့်အင်း"

အမျိုးသမီးက ခေါင်းခါသည်။

သူ မတ်တပ်ထလိုက်သည်။ သူမကို သူ ဖက်ထားလိုက်ချင်သည်။ သို့သော် မရဲပါ။ သည်ကိစ္စကြီးပြီးသွားမှ သူမကို သူ ပြောရမည်။ သူမသည် တကယ့် အံ့ဩဖွယ်ရာ ဖြစ်သည်။ သတ္တိကောင်းသည်။ ခံနိုင်ရည်ရှိသည်။ သို့သော် ယခု ပြော၍ မဖြစ်သေးပါ။ သည်အချိန်မှာ သူတို့နှစ်ယောက် ခပ်ခွာခွာနေသည်က ကောင်းသည်။ သို့မဟုတ်လျှင် ပေါက်ကွဲကြလိမ့်မည်။ သူတို့စိတ်တွေကို မတင်းနိုင်ဘဲ မထိန်းနိုင်ဘဲ ဖြစ်ကုန်ကြပေလိမ့်မည်။

"ညီမထ အစ်ကိုတို့ တစ်ခုခု စားကြရအောင် အစ်ကိုက တစ်နေ့လုံး ဘာတစ်ခုမှ ဟုတ္တိပတ္တိ မစားရသေးဘူး"

သူ ပြောလိုက်သည်။

သူမအနေနှင့် အိပ်ရာမှထပြီး တစ်ခုခုလုပ်နေသည်က ကောင်းသည်။ သူမလည်း ဘာတစ်ခုမျှ မစားသေးပါ။

"အင်း. . . ထမယ် ညီမ မျက်နှာသစ်ပြီးရင် ဆင်းခဲ့မယ်"

အမျိုးသမီးက တုံ့ပြန်သည်။

"ဟုတ်ပြီ၊ ကိုယ်စောင့်နေမယ်"

အယ်လင်အပေါ်ထပ်တွင် မျက်နှာသစ်ပြီး ကျန်ရစ်ခဲ့ခြင်းသည်။ သူ လုပ်ရမည့် အလုပ်တစ်ခုအတွက် အချိန်ရရှိခြင်းပင် ဖြစ်သည်။ မိမိတို့၏ ပိုက်ဆံများ လူဆိုးကောင်တွေ၏ လက်ထဲသို့ ရောက်ရှိသွားပေပြီ။ မီးခိုးရောင်ဝတ်စုံနှင့် လူထံသို့ ဖုန်းဆက်ရပေမည်။ ထိုလူပေးသွားသော ဖုန်းနံပါတ်ကို သူ လှည့်သည်။ ချက်ချင်းဆို သလိုပင် ထိုလူ၏ အသံကို ကြားရသည်။

"ဟဲလို"

"ဘန့်ခရိုသာပါ၊ သူတို့ဆီက ဖိတ်စာကို ကျွန်တော် ရပြီ"

ဘန့် သတင်းပို့လိုက်သည်။

"ဟုတ်လား"

ဟိုလူ နိုးနိုးကြားကြား ဖြစ်သွားဟန်ရှိသည်။

"မနက်ဖြန် ၁၂ နာရီတဲ့"

"ဟုတ်လား၊ ဘယ်မှာလဲ၊ ညသန်းခေါင်လား ဒီကောင်တွေဟာ ဘယ်တော့

မဆို ညသန်းခေါင်ကိုပဲ ချိန်းတတ်တယ်"

"ကျွန်တော့်ရဲ့ ဥယျာဉ်မှူးအိမ်မှာပါ"

"ဟုတ်ပြီ မစ္စတာခရိုသာ။ ကျွန်တော်တို့ကို ဘာမှပြောမထားတဲ့အနေနဲ့ ဆက်လုပ်ပါ"

ထို့နောက် တယ်လီဖုန်း ပြတ်သွားသည်။

ဘန့်ဆက်ပြီး နားထောင်နေသေးသည်။ သို့သော် နောက်ထပ် ဘာမျှ မကြားရတော့ပါ။ အရာရာသည် ပုံမှန်အတိုင်းဟုပင် ထင်ရသည်။ သို့သော် ပုံမှန်အတိုင်း မဟုတ်ပါ။ သည်တယ်လီဖုန်းက တစ်နေရာရာ တစ်ယောက်ယောက်က ဖြတ်တောက်လောက်သည်။ ထို့နောက် သည်အိမ်မှပြောသော စကားများနှင့် သည်အိမ်သို့ ပြောသောစကားများကို တစ်စုံတစ်ယောက်က တစ်နေရာမှနေ၍ နားထောင်နေသည်။ ဤသို့ ပြုလုပ်သည်မှာ မကောင်းသော အကြောင်းအရာ တစ်ခုဖြစ်သော်လည်း ကောင်းမွန်လှပေသည်။ လူဆိုးများအတွက်ကား မကောင်း သော အချင်းအရာပင်တည်း။

အယ်လင် လှေကားမှဆင်းလာသော ခြေသံကို ကြားရသဖြင့် သူ ထွက်သွာ ပြီး ကြိုတွေ့သည်။

"ကိုယ် အတိတ်နိမိတ်တစ်ခု ရတယ်"

ဟု ပြုံးပြီး ပြောလိုက်သည်။

"ဘာအတိတ်နိမိတ်လဲ"

သူမကလည်း ပြုံးလဲ့ရင်း ပြန်မေးသည်။

သူက သူမကို ထမင်းစားခန်းထဲသို့ ဆွဲခေါ်သွားရင်း. .

"အစ်ကိုတို့ နိုင်မယ်"

မိမိ၏နှလုံးသည် ပွတ်ဖြစ်သော သမီးကလေးအသက်ရှင်လျက် ရှိနေသေး ရင်ပေါ့ဟု သူ့စိတ်ထဲတွင် ဖြည့်ပြောလိုက်သည်။ ထို့နောက် သမီးငယ်၏ မျက်နှာ ကလေးကို သူ၏ စိတ်အာရုံမှ ဖယ်ထုတ်ပစ်လိုက်သည်။

"ကိုယ်တစ်ခုခုစားမယ်၊ ညီမလည်း စားရမယ်၊ နက်ဖြန်ဆိုရင် အစ်ကိုတို့ နိုင်ပြီ"

သို့သော် 'မနက်ဖြန်' ဆိုသောအချက်က သူတို့ကို အနိုင်ယူလျက် ရှိသည်။ အချိန်တွေက ကုန်ခဲလှသည်။ အချိန်ကို ဘယ်လိုဖြုန်းကြရမှန်းမသိ။ သူတို့သည် အချိန်ဖြုန်းသည့်အနေဖြင့် အိမ်ထဲတွင် လုပ်စရာရှိသည့် အလုပ်တွေအားလုံးကို လိုက်လုပ်နေကြသည်။

သူတို့အဖို့ ကံကောင်းသည်။ လာမည့်နေ့သည် တနင်္ဂနွေနေ့ဖြစ်၏။ ပို၍ ကံကောင်းသည်ကတော့ ဘန့်၏ မိခင်ကြီးအအေးမိပြီး နေမကောင်းနေသဖြင့် အခါတိုင်းလာနေကျအတိုင်း သူတို့လင်မယားလာရောက်နိုင်တော့မည်မဟုတ်ကြောင်း ဖုန်းဆက်ခြင်းပင်ဖြစ်သည်။

သူတို့တစ်တွဲတည်း နေကြသည်။ သုံးယောက်တွဲကလေးဖြစ်သည်။ နေမွန်းတည့်သောအချိန်တွင် ဘန့်သည် ရှင်းစရာရှိသည်များအားလုံးကို ရှင်းသွားပြီးဖြစ်သည်။ တစ်နှစ်အလုပ်များပင်ဖြစ်သည်။ နောက်ထပ်အချိန်တွေ အများကြီး ကျန်နေသေးသည်။

ဗရုစ်နှင့်အတူ သူတို့ ကစားကြသည်။ နောက်ဆုံးတွင် ဗရုစ်ကလေး ညစာစားချိန်သို့ ရောက်ရှိသည်။ ညစာစားပြီးသွားသောအခါ ဗရုစ်ကို သူတို့သိပ်သည်။ ထို့နောက် သူသည် သားအခန်းနှင့် မလှမ်းမကမ်းတွင်ရှိသော သူတို့အခန်းသို့ ပြန်ပြီး ထိုင်နေကြသည်။ စာဖတ်ကြသည်။

သည်ပြဿနာကြီး ပြီးစီးသွားသည့်နောက်ပိုင်း တစ်ချိန်ချိန်တွင် သူသည် အချို့သော ကိစ္စများကို ပြန်လည်စဉ်းစားရပေလိမ့်မည်။

သို့သော် လောလောဆယ်တွင်ကား အရာရာသည်စောင့်ဆိုင်းခြင်းပင်ဖြစ်သည်။ သန်းခေါင်ယံကို မလွန်မြောက်မီအတွင်းတွင် သူသည် ဘာတစ်ခုကိုမျှ ကောင်းကောင်းစဉ်းစား၍ မရပါ။

ည ၁၁ နာရီထိုးသောအခါ သူ ထိုင်ရာမှ ထလိုက်သည်။

"ကိုယ်သွားမယ်"

သူ ကုန်းငုံ့ပြီး သူမကို နမ်းလိုက်သည်။ သူမက သူ့ကို ပြန်လည်သိုင်းဖက်ထားသည်။ သို့သော် ခဏပိုင်းမျှပင် သူတို့နှစ်ယောက် လူချင်းခွာလိုက်ကြသည်။ သည်အချိန်သည် သူတို့စိတ်ကို လျှော့ချကြလိုက်ရမည့်အချိန် မဟုတ်သေးပါ။

ဘန့်သည် ကားကို အသံညက်နိုင်သမျှ ညက်အောင် မောင်းသွားသည်။ လမ်းဆုံးသောအခါ ကားကို ရပ်ထားခဲ့ပြီး ပီတာ၏ ခြံသို့ ခြေကျင်လျှောက်သွားသည်။ ဘန့်ဂလို ပျက်သုံးလေးခုနှင့် မြေကွက်လွတ်ကြီးနှစ်ခုကို ဖြတ်ကျော်ပြီးနောက် ခြံတံခါးဝသို့ ရောက်ရှိသွားသည်။ ပီတာ၏ အိမ်တွင်မီးရောင် မမြင်ရပါ။ တံခါးပေါက်သို့ သူ လျှောက်သွားပြီး ဖြည်းညင်းစွာ ခေါက်လိုက်သည်။

"ဘယ်သူလဲ"

ပီတာ၏အသံထွက်ပေါ်လာသည်။

"ကျုပ်ပါ ပီတာ"

ဘန့်အသံတိုးတိုးဖြင့် ဖြေလိုက်သည်။

တံခါးပွင့်သွားသည်။

"ကျုပ်ပါ ဘန့်ခရိုသာပါ။ သမီးကို သူတို့ ဒီကိုခေါ်လာလိမ့်မယ်"

"ကျုပ် အိမ်ကို ဟုတ်လား။ ကျုပ် မီးထွန်းလိုက်ဦးမယ်"

"မထွန်းနဲ့ ပီတာ မီးမထွန်းနဲ့ ကျုပ်ဒီမှာ အမှောင်ထဲမှာပဲ ထိုင်နေမယ်။ တံခါးဝမှာ ကျုပ် ထိုင်နေမယ်။ ကုလားထိုင်ဘယ်မလဲ ဒီမှာတွေ့ပြီ"

သူ့တစ်ကိုယ်လုံးတုန်နေသဖြင့် ပီတာတွန်းပေးလိုက်သော ကုလားထိုင်ပေါ်သို့ ထိုင်လျက်သား ကျသွားသည်။

"မစ္စတာခရိုသာ ဘာသောက်မလဲ ကျုပ်မှာ ပြောင်းအရက်တော့ ရှိတယ်"

"ကောင်းတယ်"

ထွက်သွားသော ပီတာ၏ ခြေသံကိုကြားရသည်။ ခေတ္တမျှအကြာတွင် သူ့လက်ထဲတွင် ဖန်ခွက်တစ်လုံး ရောက်ရှိလာသည်။ ခွက်ထဲမှ အရက်များကို သူ မော့ချလိုက်သည်။ သူ့ရင်ထဲသို့ မီးနှင့်ထိုးလိုက်သလို ပူဆင်းသွားသည်။ သို့ရာတွင် အတုန် ရပ်ပြီး တည်ငြိမ်မှု ရရှိသွားသည်ကား အမှန်ပင်။

"ကျုပ် ဘာလုပ်ပေးရမလဲ မစ္စတာခရိုသာ"

ပီတာ၏ တီးတိုးသံသည် အမှောင်ထုအတွင်းမှ ချောက်ချားစွာ ပေါ်ထွက်လာသည်။

"ဘာမှလုပ်ပေးစရာမလိုပါဘူး၊ ကျုပ် ဒီမှာစောင့်နေရုံပဲ"

"ဒါဖြင့် ကျုပ်လည်း ဒီမှာစောင့်နေပါ့မယ် မစ္စတာ၊ ကျုပ်အဖွားကြီး အိပ်နေတယ် ကျုပ် အိပ်ရာထဲကို ပြန်သွားရင် သူ နိုးမှာစိုးရတယ်"

"ဒီမှာပဲနေပါ၊ စကားမပြောပါနဲ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ယခုစောင့်ဆိုင်းရသဖြင့် စိတ်ပင်ပန်းရခြင်းသည် ယနေ့တစ်နေ့လုံး စောင့်ဆိုင်းခဲ့ရသဖြင့် ခံစားခဲ့ရသော စိတ်ပင်ပန်းမှုများအနက် အပင်ပန်းဆုံးပင် ဖြစ်ပါသည်။ အခြားဘာကိုမျှ အာရုံမပြုနိုင်။ သည်တစ်ခုတည်းကိုပဲ အာရုံစိုက်နေရသည်။ တွေးနေရသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူ တစ်ခုခုအမှားအယွင်း ပြုလုပ်ခဲ့လျှင် ဗက်ဆီကို လာပို့သောလူဆိုးတို့သည် ထိတ်လန့်ချောက်ချားပြီး ကလေးကို ပြန်ခေါ်သွားပေလိမ့်မည်။ နောက်ပြီးတော့ သူဒ ီမှာ ဘယ်လောက်ကြာအောင် ထိုင်ပြီးစောင့်နေရမည်လည်းမသိ နံနက်မိုးလင်းသည်အထိလည်း စောင့်ချင်စောင့်နေရပေလိမ့်မည်။

နောက်ပြီးတော့ အိမ်မှာလည်း အယ်လင်က စောင့်ဆိုင်းလျက်ပင် ရှိချေသည်။

ကုန်ခဲလှသည်ဟု ယူဆရသော တစ်နေ့တာလုံး စောင့်ဆိုင်းရသည်က ယခုနှင့် နှိုင်းစာလိုက်သောအခါ ဘာမျှမဟုတ်တော့။ သူ့ဘဝကို သူ ပြန်လည် စဉ်းစားနေမိသည်။

ယခုသူနှင့် အယ်လင်တို့ ကြုံတွေ့နေရသော အန္တရာယ်ဆိုးကြီးကို တွေးနေမိသည်။

လွတ်လပ်စွာ ပြောဆိုခွင့်ရှိသော်လည်း သမီးကလေးအသက်ကို အသတ်ခံရမည်စိုးသဖြင့် မိမိသည် မည်သူ့ကိုမျှ မပြောရဲဘဲ ရှိနေသည်။

အကယ်၍သာ သမီးကလေး သေဆုံးခဲ့လျှင်သို့မဟုတ် သမီးကလေး ပြန်ရောက်မလာခဲ့လျှင် မီးခိုးရောင်ဝတ်စုံနှင့် လူထံသို့ မိမိဖုန်းဆက်သည့်အကြောင်း အယ်လင်ကို မပြောပါ။

ယခုကဲ့သို့ ဖုန်းဆက်ပြီး ပြောမိခဲ့သည့်အတွက်တော့ သူ ဝမ်းသာနေသည်။ မိမိတို့သည် အမှန်တရားနှင့် တရားဥပဒေကို မြတ်နိုးသူများ ဖြစ်ကြသည်။ သို့သော် သမီးကလေး သေဆုံးခဲ့လျှင် ထိုသူနှင့် တစ်စုံတစ်ရာ ပြဿနာ မရှင်းခင် မိမိကိုယ် မိမိသာလျှင် သတ်သေဖို့ကောင်းသည်။

သူ၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသဖြင့် အေးစက်နေကြသည်။ သွေးမသွားဘဲ ရှိနေကြသည်။ ထုံကျဉ်လျက်ရှိသည်။ သို့သော် သူ နည်းနည်းကလေးမျှ မလှုပ်ပါ။ သည်အတိုင်းပင် တောင့်တောင့်ကြီး ထိုင်မနေသည်။

"အမှုးသမားတစ်ယောက်က"

ပီတာက လေသံဖြင့် ပြောလိုက်သည်။

ဘန့် ဘာမျှပြန်မပြောပါ။

ခဏအကြာတွင် ပြန်လည်တိတ်ဆိတ်သွားသည်။

ထို့နောက်တွင်မှ ကားသံတစ်ခု အမှောင်ထဲတွင် ကြားလိုက်ရသည်။ သူ့စိတ်ထဲတွင် ညသန်းခေါင်အချိန်ကို နာရီပေါင်းများစွာ ကျော်လွန်နေပြီဟု ထင်မိသည်။

ဝင်းတံခါး ဖွင့်သံကြားရသည်။ နောက်ပြန်ပိတ်သွားသည်။ ထို့နောက် ကားပြန်ထွက်သွားသည်။

"ကျုပ်ကို လမ်းလိုက်ပြစမ်းပါ"

အဘိုးကြီးကို သူ ပြောလိုက်သည်။

သူ တွေ့ဖူးသမျှ ညတွေထဲမှာတော့ အမှောင်မည်းဆုံးညပင်ဖြစ်ပါသည်။ သို့သော် အိမ်အပြင်သို့ သူ ရောက်ရှိသောအခါ ကောင်းကင်တွင် ကြယ်တွေ လင်းလက်နေသည်ကို တွေ့ရသည်။

ပီတာက သူ့လက်ကိုဆွဲပြီး ခေါ်သွားသည်။ ခြံတံခါးဝသို့ ရောက်သောအခါ ပီတာ ရပ်လိုက်သည်။

"သမီးကလေး ဟောဒီမှာ"

ပီတာ ပြောလိုက်သည်။

မိမိ၏ လက်တွင်းသို့ ရောက်ရှိလာသော ပျော့အိအိလေးတွဲ့တွဲ့ ခန္ဓာကိုယ်ကလေးကို ဘန့်က ကတိမ်းကမူးဖြင့် တွေ့ထိသိရှိရသည်။

"သူ့ကိုယ်ကလေး နွေးနေတယ်"

သူ ရွတ်ဆိုလိုက်သည်။

ဘန့်သည် သမီးကလေးကို ပွေ့ချီပြီး အိမ်ထဲသို့ ခေါ်သွားသည်။ ပီတာက ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိပြီးနောက် မီးကိုမြှောက်ပြသည်။ သူ၏ သမီးကလေး ဗက်ဆီပင် ဖြစ်ပါသည်။ သူမ၏ ဂါဝန်ဖြူဖြူကလေးသည် ညစ်ပတ်ပေရေလျက် ရှိတော့သည် ။သူမ၏ ကိုယ်ပေါ်တွင် လူကြီးဝတ် ဆွယ်တာကြီးတစ်ထည်ကို ဝတ်ထားသည်။

ကလေးမကလေးသည် အသက်ကို ပြင်းပြင်းလေးရှူလျက် ရှိသည်။

"သူ့ကို အိပ်ဆေးတစ်ခုခုကို တိုက်ထားတယ်နဲ့ တူတယ်"

ပီတာက ပြောလိုက်သည်။

"သူ့ကို အိမ်ပြန်ခေါ်သွားမှဖြစ်မယ် ကားဆီကိုလိုက်ပို့စမ်းပါ ပီတာ"

ဘန့်တစ်ယောက် ကယောက်ကရက်ပြောသည်။

"ဟုတ်ကဲ့"

ပီတာဖယောင်းတိုင် မီးကို မှုတ်ငြိမ်းရင်း ပြောသည်။

သူတို့ တိတ်ဆိတ်စွာ လျှောက်သွားကြသည်။

ပီတာ၏ လက်တစ်ဖက်က ဘန့်၏လက်ကလေးကို ဆုပ်ကိုင်ကာ ဆွဲခေါ်သွားသည်။

"ကျုပ် မောင်းပို့ရမလား"

ပီတာမေးသည်။

"အေး. . . မောင်းပို့ရင် ကောင်းမယ်"

ဘန့် ပြောလိုက်သည်။

ထို့နောက် သမီးငယ်ကိုပွေ့ချီလျက် ကားပေါ်သို့ ဘန့်တက်သည်။

ကလေးမကလေး၏ ခြေလက်များ ထုံတွဲတွဲ ရှိနေကြသည်။ သူမ၏ အသက်ရှူသံကို ကြားနေရသဖြင့်သာ တော်သေးတော့သည်။ သို့သော် များမကြာမီမှာပင် သူမကို မိခင်၏ ရင်ခွင်ထဲသို့ ထည့်ပေးနိုင်တော့မည်ဖြစ်သည်။

"အိမ်ကျရင် စောင့်မနေနဲ့တော့"

"ဟုတ်ကဲ့"

ပီတာ ပြောသည်။

အယ်လင် တံခါးအနီးတွင် စောင့်နေသည်။ ဘန့်ကို တွေ့မြင်သောအခါ တံခါးဖွင့်ပြီး ဘာတစ်ခွန်းမှ မပြောဘဲနှင့် ကလေးကို ပွေ့ယူလိုက်သည်။ ဘန့်က တံခါးကို ပြန်ပိတ်သည်။

ထိုစဉ်မှာပင် ဘန့်သည် ရုတ်တရက် နေမကောင်းဖြစ်လာသလို ခံစားရသည်။

"ညီမကို ကိုယ်ပြောမယ်"

သူ အမောတကော ပြောသည်။

"ညီမကို ကိုယ်ပြောရမလား၊ မပြောရဘူးလားဆိုတာတော့"

သူ ယိမ်းယိုင်သွားကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

အယ်လင်ကား အံ့ချီးဖွယ်ရာဖြစ်သည်။ ကျောက်သားဖြင့် ထုထားသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် ဘန့် အိပ်ရာမှ နိုးသောအခါ အမျိုးသမီးသည် သူ့ ခုတင်အနီးတွင် ရှိနေသည်။ ပြုံးလဲ့နေသည်။ အနည်းငယ်တော့ ဖျော့လျော့နေပါသည်။

"အစ်ကို ကနေ့အလုပ်မသွားနဲ့လို့ ဆရာဝန်က ပြောသွားတယ်"

"ဆရာဝန်က ဟုတ်လား"

သူ အမေးငိုတ်ပြုလိုက်သည်။

"မနေ့ညက အစ်ကိုနဲ့ သမီးအတွက် ဆရာဝန် ခေါ်ရတယ်။ ဒေါက်တာက ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြန်ပြောမှာ မဟုတ်ဘူး"

"ကိုယ်တုံးတာပဲ။ သမီး ဘယ်မှာလဲ"

သူ မောလိုက်သည်။ သူ မိုက်ခနဲ ဖြစ်သွားသည်။

"သမီးနေကောင်းသွားပါပြီ"

"တကယ်လား"

"အစ်ကို လိုက်ကြည့်လေ"

သူ မတ်တပ်ထသည်။ အနည်းငယ်ယိုင်သွားသည်။ မနေ့ညက သူ ဘယ်လို လုပ်ပြီး လဲကျသွားရသနည်း။ သူ့စိတ်ထဲမှာတော့ သူ ဘာမျှမဖြစ်ဟု အခုထိ ထင်နေသည်။

ကလေးများ၏ အိပ်ခန်းသို့ သူတို့ သွားကြသည်။ သူ၏ ချစ်လှစွာသော သမီးငယ်ကလေးသည် သူမ၏ ခုတင်ပေါ်တွင် လဲလျောင်းလျက်ရှိသည်။ သူမသည် ယခုအခါ လုကောင်းပကတိအတိုင်း အိပ်ပျော်လျက်ရှိသည်။ သူမ၏ မျက်နှာကလေးသည် ဖြူဖပ်ဖြူရော် ရှိသည်မှအပ ဘာမျှမဖြစ်ပါ။

"သမီးအနေနဲ့ ဒီလိုဖြစ်ရတာကို ဘာမှမှတ်မိမှာမဟုတ်ဘူး။ တော်သေးတာပေါ့ ဗရုစ်ကလေး မဖြစ်တာ"

အယ်လင်က ပြောလိုက်သည်။

သူ ဘာမျှပြန်မပြောပါ။ သူ့အနေနှင့် သည်အချိန်တွင် ဘာမျှစဉ်းစားမရပါ။

"ကဲ. . . အစ်ကို အိပ်ရာမှာ ပြန်အိပ်နေဦး။ အစ်ကို့အတွက် မနက်စာကို ညီမ သွားယူခဲ့မယ်။ သားကလေးကတော့ အောက်မှာစားနေပြီ"

အယ်လင်က ပြောလိုက်သည်။

ခုတင်ပေါ်သို့ သူ ပြန်တက်ရသည်။ သူ၏ ပျော့ညံ့မှုအတွက် သူ ရှက်နေသည်။

"ကော်ဖီတစ်ခွက်လောက် သောက်လိုက်ရင် ကိုယ်ကောင်းသွားမှာ။ ကော်ဖီသောက်ပြီးရင် ကိုယ်ထနိုင်ပါပြီ"

သို့သော် အိပ်ရာပေါ်တွင် လဲလျောင်းနေရသည်မှာ သက်တောင့်သက်သာ ရှိလှသည်။ ကောင်းမွန်လှသည်။

သူ၏ တစ်သက်တွင် ဤအဖြစ်အပျက်က ထမင်းလုံးတစ္ဆေခြောက်နေတော့မည်မှာတော့ မလွဲချေ။

ခုတင်ဘေးမှ တယ်လီဖုန်းသံ မြည်လာသည်။ စကားပြောခွက်ကို သူ ကောက်ယူလိုက်သည်။

"ဟဲလို"

သူ မေးလိုက်သည်။

"ဟဲလို မစ္စတာခရိုသာ"

တစ်ဖက်မှ ပြန်ထူးသည်။ မီးခိုးရောင်ဝတ်စုံနှင့် လူ၏အသံဖြစ်သည်။

"ကလေးမလေး အနာတရ ဖြစ်သေးသလား"

"မဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး၊ အားလုံးကောင်းပါတယ်"

ဘန့် ဖြေလိုက်သည်။

"ဝမ်းသာပါတယ်၊ ပြန်ပေးဆွဲတဲ့လူတွေ မနေ့ညကပဲ ကျွန်တော်တို့ ဖမ်းမိထားပြီဆိုတာ ပြောမလို့ပါ"

ဘန့် ထခုန်လိုက်သည်။

"တကယ့် အံ့ဩစရာပဲ"

"အဲဒီနေရာ တစ်ဝိုက်မှာ ကျူပ်တို့လူတွေပိတ်ပြီး ချထားတယ်။ သူပြန်ထွက်လာတော့ ဖမ်းလိုက်ကြတာပဲ။ ခင်ဗျားပိုက်ဆံလည်း ပြန်ရမယ်"

"အဲဒါက အရေးမကြီးပါဘူး။ သူက ဘယ်သူလဲ"

"ဟယ်ရီဘရောင်းဆိုတဲ့ လူပဲ။ ဆေးဆိုင်မှာ လုပ်တဲ့ လူရွယ်တစ်ယောက်ပဲ"

"ကျွန်တော် မသိဘူး"

"ဟုတ်တယ် သူ့ကို ခင်ဗျားမသိဘူးလို့ သူက ပြောတယ်။ ဒါပေမဲ့ သူ့အဖေနဲ့ ခင်ဗျားအဖေက ကျောင်းနေဘက်တွေပဲတဲ့။ ခင်ဗျားအကြောင်းကိုတော့ သူအတော်ကလေး ကြားထားဖူးတယ်။ သူ့အဖေက ဆင်းရဲတယ်။ ခင်ဗျားအဖေအပေါ်မှာ ဝန်တိုမစ္ဆရိယရှိပုံရတယ်။ အဲဒါကြောင့်ပဲ ဖြစ်မှာပါပဲ။ အဲဒါကြောင့် ခင်ဗျားကို သူ လက်စားချေတာပဲ။

"အမှန်အားဖြင့်တော့ မိုက်တာပဲပေါ့"

"အမှုကတော့ အတော်လွယ်တဲ့ အမှုကလေးပါပဲ။ သူက ခပ်တုံးတုံးငနဲကိုး၊ ကြောက်လိုက်တာလည်း သေတော့မတတ်ပဲ။ ဒီကိစ္စမှာ ခင်ဗျားက အမြော်အမြင် ပြည့်ဝပါတယ်။ တချို့လူတွေဟာ သူတို့ရဲ့ အခွင့်အလမ်းကို သူတို့ဘာသာသူတို့ပိတ်ပစ်ကြတာပဲ။ ကဲနှုတ်ဆက်ပါတယ် မစ္စတာခရိုသာ၊ ပျော်ရွှင်ချမ်းမြေ့ပါစေ"

တယ်လီဖုန်းပြတ်သွားသည်။ ဇာတ်လမ်းက ဒါပဲဖြစ်သည်။ ဖြစ်ပျက်ခဲ့သည်များအားလုံးသည် မယုံကြည်နိုင်စရာပင် ဖြစ်သည်။ မဖြစ်နိုင်စရာတွေပင် ဖြစ်သည်။

ဘန့်သည် သူ၏အိပ်ခန်းကို ငေးမောပြီး ကြည့်နေမိသည်။ ဤအဖြစ်အပျက်တွေ တကယ်ပင် ဖြစ်ပွားခဲ့သည်ကော ဟုတ်ပါရဲ့လား။

တကယ်ဖြစ်ခဲ့ပါသည်။ သို့သော် ပြီးဆုံးချေပြီလည်းဖြစ်သည်။ သည်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ပြန်ပေးမှုတစ်ခုပင်ဖြစ်သည်။ အမှုပြီးသွားပြီး တရားခံအဖမ်းခံရမှပင် လူတွေအားလုံး သိရှိကြရသည်။

အောက်ထပ်သို့ သူ ဆင်းလာသောအခါ အလုပ်သမားများကို သူ ကတိပေးထားသည့် အတိုင်း ဒေါ်လာတစ်ရာစီ ပေးရပေမည်။ ဤအမှုတွင် ဘာမျှ မပတ်သက်ပါ။ အထင်မှားမှုများ အားလုံးသည် နံနက်လင်းသောအခါ နှင်းများ ပြယ်သကဲ့သို့ ပြယ်သွားတော့သည်။

လင်ဗန်းတစ်ချပ်ကို သယ်ဆောင်လျက် အခန်းတွင်းသို့ အယ်လင် ဝင်ရောက်လာလေသည်။

သူမ၏ နောက်တွင် ဗရစ် ပါရှိသည်။ ကျောင်းသွားရန် အဆင်သင့်ပြင်ဆင်ပြီးဖြစ်သည်။

"သား ကနေ့ကျောင်းသွားရင် ပီတာကို လိုက်ပို့ခိုင်းရင် ကောင်းမလား အစ်ကို"

အယ်လင် မေးလိုက်သည်။ သူမ၏အသံတုန်နေသည်။ သူမ၏မျက်လုံးများက သူ့ကိုတောင်းပန်ကြသည်။ မေးခွန်းများ မေးနေကြသည်။ ဘယ်လို လုပ်ကြမလဲ။ လိုက်ပို့ခိုင်းရမှာပဲ မဟုတ်လား စသည်ဖြင့်။

ဘန့်သည် ရုတ်တရက်ဆိုသလိုပင် မီးခိုးရောင်ဝတ်စုံနှင့် သူ၏ စကားတစ်ခွန်းကို အမှတ်ရလိုက်သည်။ ထိုလူ၏နာမည်ကို သူ မသိပါ။ သို့သော် ထိုလူသည် ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသူများအနက် တစ်ယောက်အပါအဝင်ဖြစ်သည်။

ထိုလူက ကားပေါ်မှာတုန်းက ပြောခဲ့သည်။

"ကျွန်တော်တို့လူတွေဟာ ဥပဒေကို မလိုက်နာတတ်ကြတဲ့ လူတွေပဲ။ တကယ်လို့ ကျွန်တော်တို့ဟာ ပြန်ပေးတွေ တောင်းတဲ့ငွေကို မပေးရဘူးလို့ ဥပဒေသတ်မှတ်ရင် ဘယ်သူကမှ လိုက်နာကြမှာ မဟုတ်ဘူး။ ကျွန်တော်တို့ လူတွေဟာ ဥပဒေကို မကြိုက်ကြဘူး။ ဥပဒေကို ချိုးဖောက်ကြတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ နိုင်ငံမှာ ကနေ့ထက်ထိ ပြန်ပေးဆွဲတဲ့ လူတွေ ရှိနေတာပဲ။ ကျွန်တော်တို့ဟာ ဒီအတွက် တန်ဖိုးကြီးမားစွာ ပေးနေရတာပဲ"

မှန်ပါသည်။ သည်အတွက် လူတိုင်းထက် ပေးဆပ်နေကြရပါသည်။ သူနှင့် အယ်လင်သည်လည်း ပေးဆပ်ခဲ့ရပါသည်။ သူနှင့် အယ်လင် သည်လည်း ပေးဆပ်ခဲ့ရသည်။ သူတို့၏ ရင်သွေး ကံကောင်းထောက်မသဖြင့် အသက်မပျောက်ခဲ့ရ။ သည်အတွက် လူတစ်ယောက်လည်း ထောင်ထဲသို့ ရောက်ချေပြီ။

**(Ransom ကို ပြန်ဆိုသည်။)**

မြနန္ဒာ၊ ၂၀၀၅၊ ဇန်နဝါရီ

* * *

# ရန်ပွဲ

ကောင်းညွန့်

ရွာကလေးတစ်ရွာ၏ အိမ်တစ်အိမ်ရှေ့တွင်ဖြစ်သည်။ လူတစ်ယောက်သည် လူအုပ်ကြီးကို စိတ်ဆိုးမာန်ဆိုးဖြင့် ရှူးရှူးရှားရှားကြည့်နေလေသည်။ ထိုနေရာတွင် ယောကျ်ား၊ မိန်းမ စုစုပေါင်းသုံးဆယ်ကျော်၊ လေးဆယ်လောက်ရှိမည့် ရွာသူရွာသားသည် ထိုလူကြီးနှင့် သူ့မိန်းမကို စိုးရိမ်တကြီးဖြင့် ဝိုင်းကြည့်နေကြရင်း အဖြစ်အပျက်များကို နားထောင်နေကြလေသည်။ နေပူထဲတွင် ကိုယ်တုံးလုံးနှင့်ကလေးငယ်များမှာလည်း ထိုလူနှင့် သူ့မိန်းမရှိရာ လူအုပ်ထဲသို့ တိုးဝှေ့ရင်း လှုပ်လှုပ်ရွရွ ဖြစ်နေကြပြန်သည်။ ထိုလူကြီးကမူ ငိုနေသော သူ့မိန်းမကိုမကြည့်ဘဲ လူအုပ်ဘက်သို့သာ ခပ်တွေတွေ လှည့်ကြည့်လိုက်သဖြင့် လူအုပ်ထဲရှိ ကလေးများအနက် ၈ နှစ်၊ ၉ နှစ်သားအရွယ် သူ့ကလေးကို တွေ့သွားလေသည်။ မှန်ပါသည်။ ထိုနေရာတွင် အများနည်းတူကြည့်ချင်၍ ဝိုင်းအုံနေကြသည့် သူ့ကလေးနှစ်ယောက် နှင့်အတူ သူ့မိဘများကို တအံ့တသြငေးမောနေသည့် သူ့ကလေး သုံးယောက်ပါ ရှိနေကြပေသည်။

လူကြီးသည် ချက်ခြင်းပင် မခံမရပ်နိုင်အောင် ဖြစ်သွား၏။ အခြားအကြောင်း တစ်ခုကလည်း၊ သူ့ကို နှုတ်က မပြောသော်လည်း မသက်ာစိတ်ဖြင့် နေ့စဉ်ရက်ဆက် ဒေါသတကြီးပြစ်တင် ဆူပူကြိမ်းမောင်းနေခဲ့သော သူ့မိန်းမ၏ မျက်ရည်မျက်ခွက်နှင့် မျက်နှာကြောင့်ပင်ဖြစ်သည်။ လူကြီးသည် သူ၏ တတိယမြောက် သားတော်မောင်ရှိရာသို့ တစ်ဟုန်ထိုးသွားလိုက်၍ လက်ဝါးဖြင့် ခပ်ဆတ်ဆတ်လေးရိုက်ရင်း အော်ကြီးဟစ်ကျယ်အော်ငေါက်လိုက်သည်။

"ခွေးကောင်လေး. . . သွား. . . အိမ်ပြန်စမ်း"

ကလေးမှာ လူအုပ်ကို အကူအညီ ရလိုရငြား မျက်နှာငယ်ကလေးဖြင့်

ကြည့်၍ ခေါင်းကို ပွတ်လိုက်ရင်း စူးစူးဝါးဝါးအော်ငိုလိုက်သည်။ ထိုအခါမှ မိန်းမကြီးသည်လည်း ဟိုလူ့ကြည့်လိုက်၊ သည်လူကြည့်လိုက်ဖြင့် မျက်ရည်လည်ရွဲအောင် ပြောလေတော့သည်။

"ကဲ. . . ကြည့်စမ်း၊ ကြည့်စမ်း၊ ရှင်တို့အမြင်ပဲ၊ ဒင်းအခု ဘယ်လိုဖြစ်နေသလဲဆိုတာ"

လူအုပ်မှာ တကယ့်ကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လူကြီး၏အဖြစ်ကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေကြသည်။ အကယ်စင်စစ် သူတို့သည် မိန်းမကြီး၏ စွပ်စွဲချက်များ၊ လူကြီး၏ ခပ်ပြတ်ပြတ်အဖြေများ၊ တစ်ယောက်ကိုတစ်ယောက် စောင်နေကြပုံများကို အကုန်ကြားသိခဲ့ပြီး ဖြစ်သည်။ သို့သော် ယခုအချိန်တွင်မူ လူကြီးမှာ အလိုမကျပြီး ရင်မောနေပုံရလေသည်။ သူက သူ၏ ပုံဆိုးပန်းဆိုး ခြေထောက်ကြီးကို ဟိုပွတ် သည်ပွတ်လုပ်နေ၏။ မြေကြီးကို မြင်လိုက်ရခြင်းအားဖြင့် ရေသွင်းရဦးမည့် သူ့လယ် ပပ်ကြားအက်များကို သတိရသွားစေတော့သည်။

"ငါ့မှာလုပ်စရာတွေလည်း ရှိသေးတယ်ကွာ။ ငါဒီမှာ အလကား အချိန်ကုန်နေရတာပဲ"

သူက မကြားတကြားတွတ်တိုးလိုက်သည်။ အကယ်စင်စစ် ဤအတွေးက ပင်လျှင် သူ့ကိုတဖြည်းဖြည်း ဒေါပွသွားစေပြီး ချက်ချင်းပင် သူ့မျက်နှာတစ်ခုလုံးမှာလည်း မည်းရာမှ ညိုပုပ်သွား၍ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်အထိ ဖြစ်သွားလေတော့သည်။ သူက ခေါင်းကို ဆတ်ခနဲ ထောင်လိုက်၍ သူ့မိန်းမကို မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်ရင်း လှမ်းအော်ပြောလိုက်၏။

"အလကားဟာမ၊ မင်းဘာလိုချင်တာလဲဆိုတာ ပြောစမ်း၊ ငါလယ်ထဲကိုလည်း သွားရဦးမယ်ကွ။ ဘယ့်နှယ်ကွာ ငါ့မှာတော့ မင်းနဲ့မင်းတို့တွေအတွက် ကျွေးဖို့မွေးဖို့ ပိုက်ဆံရှာလိုက်ရတာ"

"အမယ် မယ်၊ ကြည့်စမ်းပါဦးတော်၊ အခုသူ ပြောလိုက်တာတွေကို၊ အင်းပေ့ါလေ. . . အရင်နှစ်လလောက်တုန်းကတော့ သူ ပြောသလိုပဲ သိပ်ကောင်းပါတယ်။ ကြင်လည်း ကြင်နာပါတယ်။ အစ်မတို့လည်း ကြားမှာပေ့ါ။ သူ့အတွက်ဆိုဘုရားမှာ ကျွန်မ ဘယ်လောက်အထိ ဆုတောင်းပေးခဲ့ရသလဲဆိုတာ၊ ဒီတုန်းကတော့ သူ ရသမျှငွေကို တစ်ပြားမကျန်အပ်ပါရဲ့၊ ရိုးရိုးကုတ်ကုတ်ကလေးလည်း နေပါရဲ့၊ နေ့တိုင်းလည်း ဟိုဟာ ဝယ်လာရတာနဲ့၊ ဒီဟာဝယ်လာရတာနဲ့။ အင်း အခုနှစ်လလောက်မှာတော့လား ဘယ်မှာလဲ သူ့ဆီကရတဲ့ငွေ။ စပါးရောင်းပြီးလို့ ရတဲ့ငွေကိုတောင် ဘာသုံးလိုက်သလဲ ဆိုတာ ကျွန်မကို ပြောတာမှ မဟုတ်ဘဲ"

သူက ပါးရည်တွန့်ကြောင်းများတစ်လျှောက် မျက်ရည်များသီးလာသည်အထိ ပြောဆိုဟစ်ငိုလိုက်ပြီး မျက်ရည်များကို ခါးစီးပြာစဖြင့် သုတ်ကာ သုတ်ကာ အားပါးတရ ထပ်ထပ်ငိုနေလေသည်။

ပရိသတ်မှာ ငြိမ်သက်ဆဲဖြစ်၍ ကလေးများမှာလည်း အသက်ပင်မရှူသလောက် ငေးကြည့်နေဆဲသာဖြစ်၏။ သူတို့၏ကလေးငယ်နှစ်ယောက်ကမူ သူ့အမေဆီသို့ ခပ်ကုတ်ကုတ်သွားလိုက်၍ သူ့အမေ၏ ဘောင်းဘီပွကြီးနားသို့ ရောက်သည်နှင့် ခေါင်းထိုးပြီး တက်မတတ် ချက်မတတ် ငိုလိုက်လေတော့သည်။ ဤသို့ တိတ်သူက တိတ်၍ ငိုသူက ငိုနေချိန်တွင် လူကြီးသည် တံခါးပေါက်တစ်ခုကို ရှုတည်တည် ခပ်တန်းတန်း စိုက်ကြည့်နေလေသည်။

မှန်ပါသည်။ ထိုနေရာတွင် တစ်စုံတစ်ယောက်သည် မတ်တပ်ရပ်နေ၏။ ထိုသူမှာ အစိမ်းရောင်ဖက်ရှင်ဝတ်ထားသည့် ဆံတိုဂုတ်ဝဲ မိန်းမပျိုကလေးတစ်ဦးဖြစ်၍ ထိုနေ့မှာမှ တကယ့်ကို မြို့ကြီးသူ ပုံပေါက်နေလေသည်။ သူကလေးမှာ ချောမော လှပသူကလေးဖြစ်ပြီး တံခါးပေါင်ကို နွဲ့နွဲ့ကလေးမှီရပ်ရင်း ရန်ပွဲကို ပြုံးသလိုလို၊ ခနဲ့သလို မျက်နှာပေးဖြင့် ကြည့်နေလေသည်။ ထိုအချိန်တွင် လူကြီးက သူ့ကို ခိုးကြည့်နေမှန်း သိသွားသည်နှင့်တစ်ပြိုင်နက် ဆံပင်ကို ဘီးဝိုင်းကလေး တစ်ခုဖြင့် ဆောင့်ဆောင့် အောင့်အောင့်ကလေး ဖြီးလိုက်၍ သိသိသာသာပင် မျက်နှာလွှဲပစ်လိုက်ပြန်သည်။

သို့သော် လူကြီးကမူ ကြည့်မြဲကြည့်လျက်သာ ဖြစ်သည်။ သူ့မျက်နှာမှာလည်း တဖြည်းဖြည်း ဖြူဖပ်ဖြူယော်ဖြစ်လာပြီး သူ့မိန်းမကို လှိုက်မောသံဖြင့် လှမ်းပြောလိုက်ပြန်သည်။

"ခက်တာပဲကွာ၊ ပိုက်ဆံကို ဘာဖြစ်လို့များ တစ်ချိန်လုံး လိုချင်နေရတာလဲဆိုတာ ငါတော့ စဉ်းစားလို့တောင် မရတော့ဘူး။ ခုဆိုအိမ်မှာလည်း ဆီဆန်ဆိုတာ အပြည့်နဲ့ ခြံထဲမှာလည်း ဂေါ်ဖီထုပ်တွေ ရှိနေသေးသားပဲလို့"

မိန်းမကြီးသည် မျက်နှာပေါ်မှ အဖာတစ်ရာအဝတ်ကို ပြန်းခနဲခွာလိုက်၍ စိတ်ဆိုးမာန်ဆိုးဖြင့် မျက်နှာချင်းဆိုင်လိုက်၏။ ထို့နောက် အရိုးပေါ် အရေတင်နေသော လက်ကို တင်ပိန်ကလေးပေါ်တွင် ထောက်လိုက်၍ ရိုးပိန်နံပိန် ကိုယ်ကလေးကို ခါကာခါကာဖြင့် လူကြီးကို ကက်ကက်လန်အောင် ရန်တွေ့လိုက်၏။

"ဘာ. . . ဘာပြောတယ်၊ ဟုတ်ပါလိမ့်မယ် အားကြီး၊ အစားအသောက်အပြည့်နဲ့ဆိုတာ၊ ကလေးတွေဆိုရင် ဖိနပ်နဲ့ဝေးနေတာ ဘယ်လောက်ကြာပြီလဲလို့၊ အစ်မတို့ရယ်. . . ကျွန်မ အဖြစ်ကိုလည်းကြည့်ပါဦး၊ ဒီအဖာတစ်ရာအဝတ်ကိုလည်း

ကြည့်ပါဦး။ ကျွန်မမှာ အဝတ်အစားသစ်နဲ့ ဘယ်တုန်းကများရှိဘူးလို့လဲ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းကတော့ အသင်းက သူ ရလာတဲ့ငွေကို အဲဒီ ငွေ ၁၀ ကို အပေါ်စား ပိတ်ဖြူကြမ်း နှစ်ထည်ဝယ်လာတာနဲ့ ကျွန်မလည်း အပြာရင့်ရောင်ကို ဟောဒီ လက်နဲ့ပါ၊ ဟောဒီလက်နဲ့ဆိုးပြီးတော့ သူ့အတွက်နှစ်ဝတ်စာရယ်၊ ကျွန်မအတွက် တစ်ဝတ်စာရယ်၊ အငယ်ဆုံးကောင်အတွက် တစ်ဝတ်စာ ချုပ်ဝတ်လာလိုက်တာ ကျွန်မမှာ ဖာပြီးရင်း ဖာရင်းနဲ့ ခုဆိုကြည့်ပါဦး၊ ဒီထက်ထိလည်း မဖာနိုင်တော့ဘူး။ ဖာစရာလည်း မရှိတော့ဘူး၊ ဖိနပ်လည်းဒီအတိုင်းပဲ၊ အစ်မတို့ ပဲစဉ်းစားကြည့်၊ ဒီလို ဖိနပ်မပါဘဲနဲ့ ဘယ်လောက်အထိ လျှောက်နိုင်မှာတုန်းလို့၊ ဒီမနက်တော့ ကျွန်မလည်း ဖိနပ်ဝယ်ဖို့ ပိုက်ဆံနဲနဲထပ်တောင်းမိလိုက်ပါတယ်။ အဲဒါ ဘာလုပ်တယ်မှတ်သလဲသိလား၊ ကျွန်မကို တစ်ပြားမမှ မပေးတဲ့အပြင် ကျိန်ဆဲတယ်လေ။ နောက်ပြီး နေ့ခင်းပြန်မလာနိုင်လောက်အောင်ကို သူက စိတ်ဆိုးသေးတယ်တဲ့။ ဒီတော့ စားပါစေတော့ဆိုပြီး သူ့အတွက် ဝယ်ထားတဲ့ပေါင်မုန့်ကိုတော့ သွားဝယ်နိုင်သေးတယ်တဲ့လား။ ဒါကျွန်မကို သက်သက်စော်ကားတာ"

မိန်းမကြီးမှာ ပြောရင်းဆိုရင်းဖြင့် မျက်ရည်များ တွေတွေစီးကျလာပြန်သည်။

"ကျွန်မ တောင်းတာက ဒီနေ့ သူများတွေ ဝတ်နေကြသလို အင်္ကျီအကောင်းစားတွေ ဝယ်ဝတ်ဖို့ မဟုတ်ပါဘူး။ အေးလေ ကျွန်မ သိပါတယ်။ ပိုက်ဆံရှိရင် ဒီလို အကောင်းစားမျိုးကို။ ဒီပြင်ဟာမတွေအတွက်သာ ဝယ်ပေးချင် ဝယ်ပေးမယ် ကိုယ့်မယားအတွက်တော့ ဝေးပါသေးရဲ့ဆိုတာ"

လူကြီး၏မျက်နှာမှာ ချက်ချင်းပင် ခက်ထန်တင်းမာသွား၏။ သူသည် သူ့မိန်းမကို ခုန်ရိုက်ရန် ပြေးရွယ်လိုက်သော်လည်း အနီးရှိလူများက သူ့လက်ကို ဖမ်းချုပ်ထားလိုက်ပြီး သူ့မိန်းမကိုလည်း ဝိုင်းဆွဲထားလိုက်ကြသဖြင့် မရိုက်ဖြစ်တော့ပေ။

"ခင်ဗျားရဲ့ မိန်းမ၊ ကလေးတွေရဲ့အမေဆိုတာလည်း သတိထားဦးမှပေါ့ဗျာ"

သူ့ကို ဆွဲထားသူများအနက် တစ်ယောက်က ဝင်၍ ဖျောင်းဖျလိုက်၏။

"သူ့ကိုလွှတ်သာ လွှတ်လိုက်ကြပါတော်၊ လွှတ်လိုက်ကြစမ်းပါ"

မိန်းမကြီးကမူ မချိတင်ကဲပြောရင်း ငိုလေတော့သည်။

ထိုအချိန်တွင် ညင်သာသိမ့်မွေ့သော အသံတစ်သံကို ကြားလိုက်ရသည်။ အသံရှင်မှာ ပါးရေနားရေတွန့်နေပြီဖြစ်သော အဘွားအိုကြီးတစ်ဦးဖြစ်၏။ အကယ်စင်စစ် အဘွားကြီးမှာ တောင်ဝှေးကိုထောက်ရင်း လူအုပ်နှင့်ခပ်လှမ်းလှမ်းလောက်တွင် တစ်ချိန်လုံး ရှိနေခဲ့ပြီး ဝင်ပြောလိုက်လေတော့သည်။

"တကယ်တော့ မင်းတို့နှစ်ယောက်လုံး ငယ်ကြတော့တာမှမဟုတ်ဘဲကွယ်၊ ခုဆိုရင်ပဲကြည့်စမ်း၊ ခုဆို မင်း ၄၀၊ ၄၅ နှစ်ပဲ ရှိနေပြီမို့လား၊ မင်းကိုစမွေးတော့ မင်းအမေနားမှာ ငါရှိနေခဲ့တာပဲ၊ သိတာပေါ့၊ မင်းမိန်းမဆိုရင်လည်း ၄၀၊ ၄၁ နှစ်ထဲ ရောက်နေပြီ။ ဘာလို့ ဒီလိုပြောနိုင်သလဲဆိုတော့ မင်းအဖေအိမ်မှာ မင်းတို့ မင်္ဂလာဆောင်တုန်းက ခန်းဝင်ပစ္စည်းတွေကို သူနဲ့အတူ ကူပြီးပြင်ဆင်လုပ်ကိုင်ပေးခဲ့တာပဲ၊ မသိဘဲနေပါမလား၊ ထားပါတော့လေ၊ ဘာပဲပြောပြော မင်းတို့လက်ထပ်တာပဲ၊ ၂၈ နှစ်ရှိလို့ သူ့အိုးသူ့အိမ်နဲ့ နေနေပြီ၊ မင်းတို့ကိုယ် မင်းတို့ အဘိုး၊ အဘွား အရွယ်တွေဖြစ်နေကြပြီဆိုတာလည်း သတိထားဦးမှပေါ့ကွဲ့၊ မင်းတို့သားအငယ်ဆုံး ကောင်ကိုပဲကြည့်၊ ၃ နှစ်တောင် ရှိပြီမို့လား၊ ဒီတော့ ဒီလို ဒိုးတူဘောင်ဘက် တစ်သက်လုံးအတူနေလာကြပြီးမှတော့ တည့်အောင်နေကြမှပေါ့ကွယ်"

အဘွားကြီးက အသံတုန်တုန်ယင်ယင်ဖြင့် တစ်လုံးချင်း ပြတ်ပြတ် သားသား ပြောလိုက်လေသည်။ အဘွားကြီးမှာ တစ်ရွာလုံးတွင် အသက်အကြီးဆုံး ပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ ရွာမျက်နှာဖုံး သူဌေးကြီး၏ ကတော်တစ်ဦးအဖြစ် လည်း ကောင်း၊ ဩဇာတိက္ကမ ရှိသဖြင့် သူ စကားပြောနေစဉ်အတွင်း အားလုံးက လေးလေး စားစားပင် နားထောင်နေကြလေသည်။ အဘွားကြီးပြောပြီးသွားသောအခါ အဘွားကြီးဘက်သို့ လှည့်၍ ရှိရှိကျိုးကျိုးဖြင့် ပြန်ပြောလိုက်သည်။

"အဘွားလည်း သိမှာပေါ့လေ၊ ကျွန်မ ယောကျာ်း ကောင်းပုံ၊ တော်ပုံ၊ ကြင်နာပုံတွေကို ကျွန်မ အမြဲပြောတတ်တယ်ဆိုတာ၊ အရင်နှစ်လလောက် အထိ တော့ အဲဒီအတိုင်းပါပဲ။ အခုတော့ ကျမကို ဘယ်လိုကြည့်နေသလဲဆိုတာတောင် အဘွားမြင်တဲ့အတိုင်းပါပဲ"

မိန်းမကြီးက သူ့ယောကျာ်းဘက်သို့ လှည့်ကြည့်၍ ပြောလိုက်သောအခါ ကြည့်နေကြသူ လူအားလုံး၏ မျက်စိများမှာလည်း လူကြီးဘက်ဆီသို့ ရောက်သွား ကြပြန်သည်။ လူကြီးကမူ ခေါင်းငိုက်စိုက်ချရင်း အံတကြိတ်ကြိတ် ဖြစ်နေလေသည်။

"အဘွားမြင်တဲ့အတိုင်းပါပဲ။ အမြဲသိမ့်မွေ့ပြီး ကောင်းတဲ့သူက အခုတော့ စိတ်ဆိုးရတာနဲ့၊ စိတ်တိုရတာနဲ့ အိမ်ပြင်များ ရောက်သွားပြီးလားဆိုရင်တော့ ရယ်လိုက် မောလိုက်၊ ပြောလိုက် ဆိုလိုက်ရတာ သူ့အပြင်ကို မရှိဘူး။ အိမ်ပြန် ရောက်တာနဲ့ ဘယ်သူ့ကိုမှလည်း စကားမပြောတော့ဘူး။ တကယ့် ဝါတော်ရ ကိုယ်တော်ကြီးလို ဣန္ဒြေကြီးနဲ့ မျက်မှောင်ကြီးကုပ်လို့၊ အဲ. . . ကျွန်မကို အပြစ်တင်ဖို့ များ ဆိုရင်တော့ ပါးစပ်က ထွက်ပါပေရဲ့။ အေးလေ. . . ကျွန်မ ဆံပင်ကလည်း မနက်တော့တာ၊ အဝတ်အစားဆိုလည်း ပြောင်မှမပြောင်တော့တာ။ ဒီပြင် သူ

မကြိုက်တာတွေလည်း ရှိဦးမှာပေါ့လေ။ အဘွားပဲ စဉ်းစားကြည့်၊ ကျွန်မမှာ ဒီအဝတ်တစ်ထည်တည်းနဲ့ ဘယ်လိုလုပ်ပြီး အမြဲပြောင်ပြောင်ရောင်ရောင် ရှိနိုင်ပါ့မတုံး။ နောက်ပြီး အိမ်အလုပ်ကတစ်ဖက်၊ ယာအလုပ်ကတစ်ဖက်၊ ကလေးတွေက တစ်ဖက်နဲ့ ဆိုတော့ ဒို့ပြင် မိန်းမတွေလို သနပ်ခါးအဖွေးသားနဲ့ ဘော်ကြော့ကလေး ဘယ်လိုနေလို့ရမှာလဲလို့"

လူကြီးမှာ ဒေါသကို မထိန်းနိုင်အောင် ဖြစ်သွားပြန်သည်။ သို့သော် သူ့မိန်းမကို ဘာမျှမလုပ်တော့ဘဲ သူ့လက် သူ ထုနေလိုက်၊ လက်သီးဆုပ်လိုက်၊ အံကြိတ်လိုက်ဖြင့်သာ ဂဏာမငြိမ် ဖြစ်နေလေသည်။

"ငါးမေးမယ်၊ ငါ့ဆီက ဘာလိုချင်လို့လဲ ပြော"

သူက ခပ်ဆတ်ဆတ် မေးလိုက်၏။

"ဒို့ပြင်ဟာတွေ သဝေထိုးပြီး လျှောက်ပြောမနေနဲ့၊ ငါ့ဆီက ဘာလိုချင်သလဲ ဆိုတာသာ ပြော"

"ရှင့်ဆီက ကျွန်မ ဘာလိုချင်သလဲ ပြော၊ ဟုတ်လား"

မိန်းမကြီးက သူ့ယောကျ်ား၏စကားကိုပင် ထပ်မံရေရွတ်လိုက်သည်။

"ကျွန်မ ဒါကလေးတစ်ခုပဲ လိုချင်တာပါ။ ဟိုလွန်ခဲ့တဲ့နှစ်လလောက်တုန်းကအထိ ရှင် နေသလိုကလေးတစ်ခုပါပဲ၊ ကျွန်မ တောင်းပန်နေတာလည်း အဲဒါပါပဲ၊ ရှင့်မေတ္တာက ခုဆိုပြောင်းလဲနေပြီ၊ ကျွန်မအပေါ်မှာ တကယ့်ကို ပြောင်းလဲသွားပြီး၊ ကျွန်မ တောင်းခံနေတာ အဲဒါကလေးတစ်ခုပါ။ အရင်က ကျွန်မ အပေါ် ရှင်ထားခဲ့တဲ့ စိတ်မျိုးကလေးတစ်ခုတည်းပါ"

လူအုပ်မှာ မရှိသလောက်ပင် ထင်ရအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ပြောရစတမ်းဆိုလျှင် ကမ္ဘာကလေးတစ်ခုထဲတွင် လင်မယားနှစ်ယောက်သာရှိပြီး မိန်းမဖြစ်သူ၏ တစ်ဖက်သတ် အပြောများကို ကြားနေရသကဲ့သို့ ဖြစ်လေသည်။ မိန်းမကြီးသည် အက်ကြောင်းထ မည်းညစ်နေသော လက်သဲထူကြီးရှိသည့် အရိုးငေါငေါလက်ညိုးဖြင့် လူကြီးကို တစ်ငေါက်ငေါက်ထိုး၍ ဆက်လက်ညည်းညူနေလေသည်။

"အရင်က ကျွန်မ အပေါ် ရှင်ထားခဲ့တဲ့ စိတ်ထားမျိုးကလေးတစ်ခုတည်းပါ။ အရင်က ရှင်ထားခဲ့တဲ့ စိတ်ထားမျိုး တစ်ခုတည်းပါ"

လူအုပ်ဆီမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။ လူကြီးကမူ သူ့နှုတ်ခမ်းကိုသူနှစ်ကြိမ် သုံးကြိမ်မျှ တံတွေးခပ်မြန်မြန်ဆွတ်ပစ်လိုက်၏။ သူ့ဆံပင်ငုတ်တိုများဆီမှ ချွေးသီးပေါက်နှစ်ပေါက်ကလည်း မေးရိုးပြင်အထိ စီးကျနေသည်။ သူသည်

အစိမ်းဖျော့ရောင် ဖက်ရှင်ဝတ်ထားသော ငရဲ့ကိုယ်လုံးပိုင်ရှင်ကလေး မှီထားရာ တံခါးဆီသို့ မသိမသာစောင်းငဲ့ကြည့်လိုက်ပြန်သည်။ မိန်းကလေးကို ကြည့်ရသည်မှာ ဆောင်းအခါရွက်သစ်စိမ်းများ ဝေနေသကဲ့သို့ စိမ်းဖန့်ဖန့်ကလေး ဖြစ်နေလေသည်။ အကယ်စင်စစ် သူ မြင်နေရသည်မှာ အဝေးကသာဖြစ်၏။ သို့သော် မိန်ကလေး၏ မျက်နှာကဘယ်လို၊ အသားအရေကဘယ်ပုံ၊ အမြဲပြုံးရောင်သမ်းနေတတ်သည့် သန္တာရောင်နှုတ်ခမ်းကလေးကအစ စိုးရိမ်ကြောင့်ကြကင်းသည့် မျက်နက်ဝန်း ကလေးများအလယ် သူ့ကိုရင်ဆိုင်ရဲတတ်ပုံများအဆုံး စသည်များကိုအသေအချာ မမြင်ရသော်လည်း သူ သိပြီးဖြစ်သည်။ သူ ဖြတ်သွားသည့်အခါတိုင်းလည်း သည် အကြည့်များဖြင့် သူ့ကို ညို့ယူဖမ်းစားခဲ့ဘူးသည်မဟုတ်လား၊ သည်အကြည့်များ အတွက်ပင် စကားခွန်းဟမဆိုးဘူးသော်လည်း လျှောက်ပြန်သံပေး ခြေအေး ဝမ်းရောင်လုပ်ခဲ့ရပေါင်း မနည်းတော့ပြီးဖြစ်သည်။ သူဋ္ဌေးကြီး၏မြေးငယ်မလေး ဆိုတော့လည်း မည်သို့စကားပြောနိုင်ပါတော့အံ့နည်း။

စင်စစ် သူက မြေတစ်ကွက်ပင် မပိုင်ဆိုင်သည့်လယ်သမားမျှသာ ဖြစ်ပါ သည်။ သို့သော် သူ စုဆောင်းထားသမျှ ရှိစုမဲ့စုကလေးများကို ပေးရမည်ဆိုက သူ ပေးလိုက်ပါမည်။ သူ့တွင် သည်နှစ်လအတောအတွင်း ဝင်ငွေအပိုရှိသူများသာ ဝယ်ဝတ်နိုင်သည့် နိုင်လွန်ပြာ အင်္ကျီရှည်များ၊ အကောင်းစားဖိနပ်နှင့် ခြေအိတ် တစ်စုံတို့ကို ဝယ်ယူ စုဆောင်းထားပြီး ဖြစ်လေသည်။

လူကြီးသည် ဤသို့ ကုတ်ကုတ်ကတ်ကတ်ဖြင့် စုဆောင်းထားရသည့် အကြောင်းကို တွေးမိသောအခါ ယခုကဲ့သို့ တငိုငို တရီရီဖြစ်နေသည့် သူ့မိန်းမကို အော့နှလုံးနာမိသွားတော့သည်။ မှန်ပါသည်။ သူ့အဖို့ တွေးမည့်သာတွေးရသည်။ သည်နှစ်များတစ်လျှောက်လုံး သူ သစ္စာရှိခဲ့ပါသည်။ ယခုအသက် ၄၀၊ ၄၅ နှစ်အထိ ပင် သူ့ကိုယ်သူ သက်တောင့်သက်သာကလေးမျှ မနေခဲ့ဖူးသေးပေ။ ပြောရစတမ်း ဆိုလျှင် ပိုက်ဆံအနည်းငယ်မျှဖြင့် ဆင်းရဲသားများပင် သွားရောက်ပျော်ပါးနိုင်သည့် ဘုံရိပ်သာသို့ပင် တစ်ကြိမ်တစ်ခေါက် မရောက်ခဲ့ဖူးသေးပေ။ နေ့ရောညပါ သား အတွက်၊ မယားအတွက် ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့သည်မှာ ယခုဆိုလျှင် အသက် ၄၀၊ ၄၅ နှစ်ပင် ရှိခဲ့ပြီဖြစ်သည်။ သည်မျှ ပင်ပန်းဆင်းရဲ လုပ်ကိုင်ခဲ့သော်လည်း အဖွာတစ်ရာ အဝတ်ဟောင်းတစ်ခုကလွဲ၍ ဘာမျှအကျိုးအမြတ် မခံစားခဲ့ရဖူးပေ။

ထို့ပြင် စိတ်ရှုပ်စရာကလေး တစ်ခုကလည်း ရှိသေးသည်။ ဤမိန်းမချော လေးသည် သူ တစ်ဦးတည်းကိုမျှမက အခြားသူများကိုလည်း ဤသို့ပင် မျက်စိ ကစားတတ်သလော။ ဤသည်မှာ သူ့အဖို့ နေ့တိုင်းညတိုင်း ဝေခွဲမရစရာသာ ဖြစ်နေ

ရပေသည်။ သူတစ်ယောက်တည်းကိုမှ ရွေး၍ သီးသန့်ကြည့်သည်ဟု သူ မည်သို့ သိနိုင်ပါမည်နည်း။ ဤတံခါးပေါက်နားသို့ သူ ဖြတ်သွားသည့် အခါတိုင်းတွင်မူ သူကသာ ခိုးခိုးကြည့်သော်လည်း သင်းကလေးကမူ သမင်လည်ပြန်လှည့်၍ ရဲရဲတင်းတင်းပင် ကြည့်ခဲ့ပေသေးသည်။ သည်ခေတ်မိန်းကလေးများသည် ယောကျာ်းများနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ ပြောဆိုလုပ်ကိုင်ရာတွင်ဖြစ်စေ ယခင်နှင့် မတူ ရဲတင်းလွန်းလှသော်လည်း ထိုအပြုအမူကလေးများကပင်လျှင် တစ်နည်းအားဖြင့် စွဲမက်ချင်စရာကောင်းပုံများကိုမူ ယောကျာ်းတို့၏ စကားဝိုင်းများတွင် သူ မကြာ ခဏကြားခဲ့ပြီးဖြစ်သည်။

သူသည် ချွေးစေများ ပျံလာပြီး နှုတ်ခမ်းကိုလည်း တံတွေးထပ်ဆွတ်လိုက်ပြန်၏။ သည်အတိုင်းဆိုလျှင် မချောကလေးသည် အခြားသူများကိုလည်း ဤသို့ပင် မျက်စိကစားတတ်သလော၊ သို့မဟုတ် လူတစ်ဦးတည်းကိုပင် ကြည့်သလော ဆိုသည်ကို သူ မည်သို့ သိနိုင်ပါမည်နည်း။ မည်သို့ပင်ဖြစ်စေ အမှန်အတိုင်း သူ သိကို သိရမည်ဖြစ်သည်။

"အရင်က ကျွန်မအပေါ် ရှင်ထားခဲ့တဲ့ စိတ်ထားမျိုးကလေးတစ်ခုတည်း ပါ"

သူ့မိန်းမ၏ တိုးတိုးညည်းညည်းအသံက ပြန့်လွင့်လာပြန်သည်။ မိန်းမကြီးသည် ခါးစည်းအဝတ်၏ ထောင့်အစကို ဆွဲယူလိုက်ပြီး မျက်ရည်သုတ်နေ၏။ ယခုအချိန်တွင် မိန်းမကြီးမှာ စိတ်လျှော့ထားလိုက်ပြီဖြစ်၍ လေသံယဲ့ယဲ့ကလေးမျှသာ ထွက်နိုင်ရှာလေတော့သည်။

လူကြီးသည် ခေါင်းကို ဆတ်ခနဲ ထောင်လိုက်၍ တံခါးပေါက်ဘက်သို့ သိသိသာသာကြီးပင် ကြည့်ပစ်လိုက်၏။ သူက ခေါင်းကိုထောင်လိုက်၍ လှမ်းကြည့်လိုက်သကဲ့သို့ သူတို့ကလည်း သူကြည့်သလိုပင် လိုက်ကြည့်ကြလေသည်။ သူတို့ ကြည့်ရာနေရာတွင် သူ့ကိုသူ သနေသောမိန်းမချောကလေးမှာ တံခါးပေါက်နား၌ ရပ်လျက်ရှိနေ၏။ မိန်းကလေးသည် သူ၏ပိတုန်းရောင်ထနေသောဆံပင်ကို ဆင်စွယ်ဘီးဖြူကလေးဖြင့်ဖီးရင် ရွှေနားဆွဲကလေးရှိသည့်နားရွက်နားမှစ၍ သပ်တင် နေလေသည်။ မိန်းမများသည် ကလေးမကလေးကို မကျေမချမ်းဖြင့် စိုက်ကြည့် နေကြ၏။

"အခု သူ ဝတ်ထားတဲ့အင်္ကျီဟာ ဟိုလူတစ်ယောက်ရဲ့ဟာနဲ့ တူတယ်"

တချို့မိန်းမများကလည်း မကြားတကြားအတင်းပြောနေကြ၏။ သို့သော် ယောကျာ်းတိုင်းကမူ အေးအေးငြိမ်ငြိမ်ပင် အကဲခတ်နေကြလေသည်။

လူအုပ်ဘေးနားရှိ အဘွားကြီးမှာလည်း လူတိုင်းလှမ်းကြည့်နေသည်ကို မြင်သောအခါ သူကပါ လိုက်ကြည့်လိုက်ပြီးနောက် တအံ့တဩ ဖြစ်သွားလေသည်။ အကြောင်းမှာ ဤမိန်းကလေးသည် သူ့သားရွှာသူကြီးက အလိုလိုက်ထားသဖြင့် ထင်ရာစိုင်းနေသော သူ့မြေးငယ်တစ်ယောက်ဖြစ်နေသောကြောင့်ပင်တည်း။ ထို့ကြောင့်လည်း သင့်တော်သူနှင့် စေ့စပ်ပြီးသည့်တိုင် လက်ထပ်ရက်ကို နေ့ရွှေ့ ညရွှေ့ အချိန်ဆွဲထားခြင်းအားဖြင့် ပျက်စီးခြင်းမက ပျက်စီးနေဦးမည်ဆိုသည်ကို သူ့သားအား အခါ ၂၀ မျှမက သူ ပြောခဲ့ဖူးပြီး မဟုတ်လော။ သို့သော် ယခုတော့မူ ဒင်းကလေးကို သူ မျက်စိစပါးမွေးစူးလှပြီဖြစ်သည်။ ပထမဦးစွာ လူအုပ်ထဲရှိ လူတစ်ယောက်ဘက်သို့လှည့်၍ မြူးချိုချိုမျက်နှာပေးဖြင့် မူတူတူလုပ်နေပုံကို သူ တွေ့ခဲ့ပြီးဖြစ်သည်။ အဘွားကြီး၏ပါးရေတွန့်များမှာ ပို၍ရှုံ့တွ သွားလေသည်။ သူသည်တောင်ဝှေးကို ကျောပေါ်တွင် တစ်ဒေါက်ဒေါက်ခေါက်လိုက်၍ မိန်းကလေး၏အကြည့်ကို မျက်နှာချင်းဆိုင်လိုက်သည်။ မိန်းကလေး၏ ညို့ဓာတ်ပါသော အကြည့်မှာ တံခါးပေါက်တစ်ခုကို မှီရပ်နေသော လူရွယ်ကလေးတစ်ဦးရှိရာ တူရူသို့ ရောက်နေသည်။ ထိုလူရွယ်မှာ ပထမက လူအုပ်နှင့်အတူ ရန်ပွဲကို နားထောင်နေခဲ့သော်လည်း ရှက်ကိုးရှက်ကန်းလှမ်းကြည့်လိုက်၊ ခေါင်းငုံ့သွားလိုက်ဖြင့် သွားရေများပင် ကျနေသေးတော့သည်။

အဘွားကြီးက ကျောက်ခဲများပေါ်သို့ တောင်ဝှေးဖြင့် ဒေါက်ခနဲ ခေါက်လိုက်ပြန်သည်။ ဤသူငယ်ကလေးသည် လယ်မဲ့ယာမဲ့ ဘုံကျွန် သာသာမျှသာဖြစ်သော ထမင်းသယ်မ၏သားဖြစ်ကြောင်း သူ သိပါသည်။

"သွား. . . အိမ်ထဲကိုဝင်စမ်း၊ အရှက်မရှိတဲ့ ကောင်မ"

အဘွားကြီး၏ ရုတ်တရက်ထအော်လိုက်သော အသံမှာဒေါသဖြင့် ဟိန်းထွက်သွားသော်လည်း အာဏာသံပါနေသဖြင့် မိန်းကလေးမှာ နှုတ်ခမ်းစူရင်း တစ်ဖက်လှည့်သွားလေသည်။

"အိမ်ထဲဝင်လို့ ငါ ပြောတာ မကြားဘူးလား"

အဘွားကြီးက ထပ်အော်လိုက်ရင် တောင်ဝှေးကိုမြှောက်၍ ရိုက်မည် တကဲကဲ လုပ်လိုက်မှ မိန်းကလေးသည် တံခါးကွယ်နောက်သို့ အသာတိုးဝင်သွားလေတော့သည်။

ဤသို့ပင်လျှင် ရွှေလက်စွပ်ဝတ်ထားသည့်လက်ကလေးဖြင့်မူ တံခါးပေါင်ကို ကိုင်ထားဆဲရှိသေးသည်။ အဘွားကြီးက ခပ်ဆတ်ဆတ် သွားရိုက်လိုက်မှ ထိုလက်လည်း အထဲသို့ ရုတ်သွားလေတော့သည်။

"ဒါလား စေ့စပ်ထားတဲ့လူ၊ တံခါးပေါက်ကနေ လာသမျှလူကိုငေးရတာနဲ့၊ ပြုံးပြရတာနဲ့ ဒါကြောင့်လည်း ဒီခေတ်မိန်းကလေးတွေဆိုရင် ဒီလိုပဲဆိုတာ ပြောကြတာပေါ့၊ ဒင်းတို့ ဘာပဲလုပ်လုပ်ပါ၊ တတ်နိုင်လို့ တစ်ကမ္ဘာလုံးပဲ လုပ်လုပ်၊ ဒါငါနဲ့ မဆိုင်ဘူး၊ သိလည်း မသိဘူး"

လူအုပ်မှာ ငြိမ်သက်သွားပြီးဖြစ်သည်။ လူကြီး၏ မိန်းမကမူ ပြုံးရောင်သန်းနေလေသည်။ မည်သို့ဆိုစေ သူ့အတွက် သက်သာရာရယ်စရာပင် ဖြစ်ပေသည်။ မိန်းမများမှာလည်း မကျေမနပ် သိပ်မဖြစ်ကြတော့ပေ။ ယောကျ်ားများပင် မိုးကိုကြည့်သလိုလို လယ်ကိုကြည့်သလိုလိုဖြင့် တစ်ယောက်ကမူ ငိုယိုနေလေသည်။ နောက်ဆုံးတွင် လူအုပ်မှာ စိတ်ဝင်စားဖို့ မကောင်းတော့သည့်အလျောက် တစ်ယောက်တစ်လမ်း လူစုခွဲသွားကြလေတော့သည်။ ထမင်းသယ်မ၏ သားတစ်ယောက်သာလျှင် မည်သူမျှ မရှိသည့်တံခါးပေါက်ဘက်သို့ ငေးရင်း အတွေးနယ်ချဲ့ကာ ရပ်လျက်သာ ကျန်ရစ်ခဲ့လေသည်။

အကယ်စင်စစ် သူ တစ်ယောက်သာလျှင် ညှို့ဓာတ်ပါသော အကြည့်ကို မြင်ခဲ့ရသည် မဟုတ်ပေ။ လူကြီးနှင့်သူ့မိန်းမလည်း မြင်တွေ့ခဲ့ပြီး ဖြစ်သည်။ လူကြီး၏ မျက်နှာမှာ ရွက်ကြွေသစ်ရွက်တစ်ရွက်ကဲ့သို့ ဖြူဖပ်ဖြူလျော်ဖြစ်နေ၏။ သူသည် ဖုန်လုံးများကို အဓိပ္ပာယ်မဲ့ကြည့်နေလေသည်။ ခုတော့ သူ သိလေပြီ။

သို့သော် အဘွားကြီးကမူ ပြော၍မပြီးနိုင်သေးပေ။ သူ့အဖို့ခဏကလေးအတွင်း ခြံဝိုနားလည်လိုက်သဖြင့်လည်း မပြီးနိုင်သေးခြင်းဖြစ်လေသည်။ သူက လူကြီးဘက်သို့လှည့်၍ တောင်ဝှေးဖြင့် လှမ်းတို့ပြီး ပြောလိုက်၏။

"လီ ဒီမှာကြည့်စမ်း"

သူက သံပြတ်ဖြင့် လှမ်းခေါ်လိုက်သည်။

"မင်းလည်း အလကားကောင်ပဲ၊ သွား လယ်ထဲကိုပြန်တော့၊ အဲ. . . မပြန်ခင် မင်းမိန်းမကို ခါးပုံစထဲက ပိုက်ဆံထုတ်ပေးသွားဦး"

လူကြီးသည် သူ့ခါးပုံစထဲသို့ ဖြည်းဖြည်းချင်း စမ်းနှိုက်၍ ပိုက်ဆံ ၄၀ ထုတ်ပြီး ရှေ့တိုးပေးလိုက်၏။ ဆန့်ထားသောလက်ထဲတွင် ပိုက်ဆံကိုင်ထားသော်လည်း လူကမူ လှည့်မကြည့်ပေ။ ထိုကဲ့သို့ပင် သူ့မိန်းမကလည်း သူ့လက်ဖဝါးကြမ်းကြီးထဲသို့ သူ့ယောကျ်ားလာထည့်ပေးသည်အထိ လက်ကိုရှေ့သို့ ထိုးခံထားလိုက်သည်။ နောက်ဆုံးတွင် သူလည်း သူ့မိန်းမလက်ထဲသို့ ပိုက်ဆံနှင့်အတူ သူ၏ စိတ်ကူးအိပ်မက်များပါ ရောသွန်ထည့်ပေးလိုက်လေတော့သည်။

ထို့နောက် လူကြီးသည် သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်၍ အကွဲကွဲအပြားပြား

ထွက်သွားပြီဖြစ်သော လူများကိုကြည့်ရင်း သူ့မျက်နှာမှာလည်း သုန်မှုန်နေရာမှ တည်ကြည်လာပြီးလျှင် ပြောနေကျအသံခြကြီးဖြင့် ပြောလိုက်၏။

"ဒီမိန်းမဟာ ခုလို ရန်ဖြစ်အောင် ဘာဖြစ်လို့လုပ်သလဲဆိုတာ ငါတော့ မစဉ်းစားတတ်တော့ပါဘူးကွာ၊ တကယ်ဆို သူ ပြောရမှာက ဘာအတွက်ဖြင့် ပိုက်ဆံ ဘယ်လောက်လိုတယ်၊ ဘာတယ်ပေါ့၊ ခုတော့ မဟုတ်ပါဘူး၊ ငါ့မှာရှိတဲ့ငွေကို ငါကပဲ တစ်ခါမှ မပေးဘူးလိုလို၊ ဘာလိုလိုနဲ့"

သူသည် ပြောပြောဆိုဆိုဖြင့် ရန်ဖြစ်စဉ်က လွှင့်ပစ်ထားသော ပေါက်တူးကို ကောက်ထမ်းလိုက်၍ တစ်ချက်ကလေးမျှ လှည့်မကြည့်တော့ဘဲ သူ့ ဘဝမှန်သို့ ထွက်ခွာသွားလေတော့သည်။

**(Pearl S.Buck ၏ The Quarrel ကို ပြန်ဆိုသည်။)**

ငွေတာရီ
၁၉၇၅၊ အောက်တိုဘာ

# မောင့်စိတ်ထဲမှာ စွဲလမ်းစရာ

**နတ်နွယ်**

သူ နောက်ကျသည်။ ရထားတစ်စီးလုံး လူပြည့်နေပြီဖြစ်သည်။ တွဲတစ်လျှောက်ကို ပထမအကြိမ် အပြန်အလှန်ကြည့်လိုက်သည်တွင် ထိုင်စရာတစ်နေရာမျှ မရှိတော့ဟု သူ ထင်လိုက်သည်။ သည့်နောက်တွင်မှ တွဲအလယ်လောက်တွင် အမျိုးသမီးတစ်ယောက်တည်း ထိုင်နေသည်ကို တွေ့မြင်မိသည်။ သူ ခေတ္တမျှ တုံ့ဆိုင်းနေမိသည်။ သူစိမ်း မိန်းကလေးတစ်ယောက်ဘေးတွင် မထိုင်လို၍ဖြစ်သည်။ သို့သော် တစ်နေကုန် တစ်နေခန်း အလုပ်ပင်ပန်းလာသဖြင့် တစ်နာရီနီးပါးမျှ မတ်တတ်မရပ်ချင်ပါ။ ရထားကြီးလှုပ်ခါသွားပြီ။ စတင်ထွက်ခွာချေပြီတည်း။ သူသည် နောက်ဆုံးခရီးသည်ဖြစ်ပြီး ထိုနေရာသည် နောက်ဆုံးကျန်ရှိနေသော ထိုင်ခုံပင် ဖြစ်တော့သည်။ သူသည် တွဲသုံးတွဲကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ရထား၏ အရှိန်ကြောင့် သူသည် ယိမ်းထိုးလျက်ရှိသည်။ လက်ထဲမှ လက်ဆွဲသေတ္တာကလည်း လေးလာသည်။ သူသည် ခေတ်ကောင်းစဉ်က အခြေအနေများကို သတိရမိသည်။ ထိုစဉ်ကဆိုလျှင် ရုံးပေါ်ကဆင်းသည်ဆိုလျှင် လေအေးစက်တပ်ဆင်ထားသော ကားပေါ်တက်လိုက်ရုံပင်ဖြစ်သည်။

သူသည် ရုတ်ချည်းဆိုသလိုပင် ပိုပြီးပင်ပန်းနွမ်းနယ်လာသလို ခံစားရသည်။ သို့ဖြင့် ခုံကြားလမ်းအတိုင်း သူ လျှောက်သွားသည်။

"လူရှိလား"

သူက အမျိုးသမီးကို မကြည့်ဘဲ မေးလိုက်သည်။

"မရှိပါဘူး"

သူမက ကြည်လင်သောအသံဖြင့် ဖြေသည်။

သူက လက်ဆွဲသေတ္တာကို မြှောက်ပြီး စင်ပေါ်တွင် တင်ထားရန် နေရာ

ရှာသည်။ သို့သော် စင်ပေါ်တွင် အထုပ်အပိုးတွေ ပြည့်နေပြီ။ သူ၏လက်ဆွဲသေတ္တာ တင်ထားရန် စိတ်မချရဖြစ်နေသည်။ သူက သူမ အပေါ်တွင် အုပ်မိုးလျက်ရှိရာ ငုံ့ကြည့်လိုက်သည်။ သူမကလည်း အပေါ်ကို မော့ကြည့်လျက်ရှိသည်။ မျက်လုံးချင်း ဆုံမိကြသည်။ ထိုအခါ သူ အံ့ဩတုန်လှုပ်ရသည်။ သူမက အတိုင်းအဆမရှိ လှပ သည်။

"ဒီအပေါ်မှာ ထားဖို့ စိတ်မချရဘူးနဲ့တူတယ်၊ အောက်ကိုများ ပြန်ကျလာ မလား မသိဘူး"

သူက ဇဝေဇဝါပြောသည်။

"ဟုတ်တယ် စိတ်မချရဘူး"

သူမက အဆုံးအဖြတ်ပေးသည်။

သို့ဖြင့် သူသည် လက်ဆွဲသေတ္တာကို စင်ပေါ်မှ ပြန်ယူပြီး ထိုင်ခုံတွင် ထိုင်လိုက်သည်။ လက်ဆွဲသေတ္တာကို သူ၏ ဒူးနှစ်ဖက်ကြားတွင် ချထားလိုက်သည်။

သူ့အနေနှင့် သူမကို စကားပြောလိုစိတ်မရှိပါ။ သူက ပန်းနေပြီဖြစ်သည်။ ရှယ်တစ်ယောက် စောင့်ကြိုနေမည့် မိမိ၏နေအိမ်ခန်းသာ အမြန်ဆုံး ပြန်လည် ရောက်ရှိလိုတော့သည်။ သည်စစ်ကြီးအတွင်းတွင် သူ၏အိမ်သာလျှင် သူ့အတွက် နားခိုရာဖြစ်တော့သည်။ သူသည် ထိုင်ခုံတွင် ကျောမှီလိုက်သည်။ မျက်လုံးများကို မှိတ်ကာတွေးနေမိသည်။ ရှယ်နှင့် သူ၏အိမ်သာလျှင် သူ၏ဘဝဖြစ်တော့သည်။ မြို့ထဲတွင် အဘယ်မျှပင် ဆူညံရှုပ်ထွေးသည်ဖြစ်စေ၊ မြို့အပြင်တွင် အေးချမ်း တိတ်ဆိတ်သောသူ၏ အိမ်ရှိသည်။

သူနှင့် ရှယ်တို့သည် ငယ်ရွယ်ကြသေးသည်။ သူတို့နှစ်ယောက်သည် ငယ်ငယ်ရွယ်ရွယ်ပင် လက်ထပ်ခဲ့ကြပြီး ကလေးနှစ်ယောက်ရရှိခဲ့ကြသည်။ သား နှစ်ယောက်ဖြစ်သည်။ ယခုအခါတွင် တစ်ရပ်တစ်ကျေးတွင် ရှိနေကြသည်။ တစ်ယောက်က ဥရောပတွင် ရှိပြီး တစ်ယောက်က ပစိဖိတ်တွင်ဖြစ်သည်။ သူ၏ လက်ဆွဲသေတ္တာထဲတွင် ညနေထုတ်သတင်းစာပါရှိသည်။ သို့သော် သူက သတင်း စာကို ညစာစားပြီး ရှယ်နှင့် နှစ်ယောက်တည်း အေးအေးဆေးဆေးရှိသောအခါတွင်မှ ဖတ်လေ့ရှိသည်။ အနီးတွင် သူမ ရှိနေလျှင် သူက မည်သည့်သတင်းကိုမဆို ရင်ဆိုင် နိုင်ပါသည်။

သူသည် ရှယ်နှင့် အိမ်အကြောင်းကို တွေးနေစဉ်မှာပင် သူ၏မျက်နှာ ပေါ်တွင် အားကောင်းသော အလင်းရောင်ကြီးတစ်ခု ထိုးကျနေသည်ဟု ခံစား ရသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ အမျိုးသမီးက သူ့ကို ကြည့်နေသည်။

သူမက မိန်းမူးလောက်အောင်ပင် လှပသည်။ သူသည် ကုန်လွန်ခဲ့သော နှစ်ကာလများ အတွင်းတွင် ရှည်နှင့် ပျော်ရွှင်စွာ နေနိုင်ခဲ့သဖြင့် အခြားမိန်းကလေးများကို ဂရုမပြုခဲ့မိပါ။ ယခုတော့ သူသည် ခံစားမှု မရှိဘဲနှင့် အမျိုးသမီး၏ သွယ်ဝန်းသောမျက်နှာနှင့် ညိုမှောင်သော မျက်လုံးများနှင့် ရှည်လျားသော မျက်တောင်များတို့ကို ကြည့်နေမိပြီတည်း။ ဆံပင်များက သူမ၏ မျက်နှာပေါ်တွင် ဖွာရရာကျနေသည်။ သူမက ခေါင်းပေါ်တွင် ဦးထုပ်အနက်တစ်လုံးကို ကပိုကရို ဆောင်းထားသည်။ ကုတ်အင်္ကျီ အနက်ကို မဝတ်ဘဲ ပခုံးပေါ်တွင် ခြုံလွှမ်းထားသည်။

"အစ်ကိုကြီး ကျွန်မကို တစ်ခု ကူညီပါလားရှင်"

သူမက တိုးညှင်းစွာ ပြောလိုက်သည်။

သူ ထိတ်လန့်သွားသည်။ ခါးဆန့်ပြီး ထိုင်လိုက်သည်။ စစ်ကြီးဖြစ်ကတည်းက သည်လမ်းတွင် သူ အသွားအပြန် ရထားစီးခဲ့သည်။ တစ်ခါတစ်ရံတွင် ယောကျ်ား အသိမိတ်ဆွေတစ်ယောက်ယောက်နှင့် တွေ့သည်အခါမျိုးမှလွဲ၍ သူကလည်း မည်သူ့ကိုမျှ စကားမပြောပါ။ မည်သူကမျှလည်း သူ့ကို စကားမပြောခဲ့ပါ။ အကယ်၍သာ ဤအမျိုးသမီး၏အကြည့်တွင် ရိုးသားမှုကို မတွေ့ရှိရပါက သည်အမျိုးသမီးကို ချက်ချင်းပင် သူ ရွံ့မုန်းမိပေမည်။

"အစ်ကိုကြီး ဘယ်မှာဆင်းမှာလဲ"

အမျိုးသမီးက သူ့ဘက်သို့ ယိမ်းနွဲ့ရင်း မေးသည်။ သူမ၏ ခေါင်းကို ငုံ့ထားသည်။ သို့ဖြင့် ဦးထုပ်ကြီးက သူမ၏မျက်နှာကို အခြားသူတွေ မမြင်သာအောင် ဖုံးကွယ်ထားသည်။

သူ သတိထားနေသည်။ သူသည် 'ကင့်တဝဲကုမ္ပဏီ' က ရော်ဂျာကင့်တဝဲ ဆိုသည်ကို သူမ သိရှိတန်ရာသည်။

"ကိုယ် ဘာလုပ်ပေးရမလဲ"

သူက ဝေ့လည်ကြောင်ပတ် ပြန်မေးလိုက်သည်။

"အစ်ကိုကြီး ဘယ်ဘူတာမှာပဲ ဆင်းဆင်း၊ အစ်ကိုကြီးနဲ့အတူ ကျွန်မ ဆင်းပါရစေ၊ ဘူတာအပြင်ဘက်ကို ရောက်ရင် အစ်ကိုကြီးရဲ့အကူအညီ မလိုတော့ပါဘူး၊ ရထားပေါ်က ဆင်းတဲ့အချိန်ကလေးတင်ပါပဲ"

သူမက တိုးညှင်းစွာ ဆိုသည်။

သူက မည်သည့်ပြဿနာမျိုးတွင်မှ မပတ်သက်လိုသူဖြစ်သည်။ သူသည် မသိမသာပင် ခေါင်းနပန်းကြီးသွားသည်ဟု ထင်မိသည်။

"အကျိုးအကြောင်းနည်းနည်းတော့ ရှင်းပြပါဦး"

"ကျွန်မ ဘယ်သူဆိုတာ အစ်ကိုကြီး လုံးလုံးမသိဘူးလို့ ပြောနိုင်ပါတယ်။ ကျွန်မကို သတိမထားမိဘူးလို့ ဆိုနိုင်ပါတယ်"

သူမက ပြောသည်။

သူ ပြုံးလိုက်ပြီး. . .

"အဲဒီစကားကို ဘယ်သူကမှ ယုံမှာမဟုတ်ဘူး"

ထိုစကားကိုပြောလိုက်မိပြီးမှ သူကိုယ်သူ အပြစ်တင်မိသည်။ သူမကို လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ သူမ၏ မျက်နှာ ဝင်းလက်လာသည်။

"အစ်ကိုကြီး ပြောတာမှန်ပါတယ်။ အစ်ကိုကြီးဟာ သူတစ်ပါးကို သနားကြင်နာတတ်တဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်"

သူ ဘာမှမပြောဘဲ နေသည်။ သို့သော် မဖြစ်နိုင်ပါ။ ထို့ကြောင့် သူ ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"ကောင်းပြီလေ၊ မင်းအတွက် အကျိုးရှိမယ်ဆိုရင် ကိုယ်နဲ့အတူ လိုက်ခဲ့ပေါ့။ ကိုယ့်မိန်းမက ကိုယ့်ကို ဘူတာရဲ့အပြင်ဘက်မှာ ကားနဲ့ အမြဲတမ်းစောင့်ကြိုနေတတ်တယ်"

"အိုး. . . ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်"

ထို့နောက် သူမ တိတ်ဆိတ်သွားသည်။

သည်နောက်ပိုင်းတွင် သူက သူမကို တစ်ခါ နှစ်ခါဆိုသလို အမှတ်မထင်ကြည့်မိသည်။ သူမက မလှုပ်မယှက်ထိုင်နေသည်။ သူမ၏ လှပသောမျက်နှာကလေးကို ဦးထုပ်အနက်ကလေး ဆောင်းထားသည်တွင် ပေါ်လွင်လျက်ရှိသည်။ ဖြူဖွေးနုညက်သော လက်ကလေးနှစ်ဖက်ကိုလည်း ကုတ်အင်္ကျီအနက်ပေါ်တွင် ယှက်ပိုက်ထားသည်။ သည်အခါတွင် သူသည် စိတ်တွင် ကိန်းဝပ်လာသော စိတ်ဝင်စားမှုများကို တွန်းဖယ်နေရသည်။ သူမကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။ သို့သော် သူမကို နောက်တစ်ကြိမ် ပြန်မကြည့်ဘဲ မနေနိုင်ရှိသည်။ အကြောင်းမှာ သူသည် ယခုအသက်အရွယ်အထိ အမှန်တကယ် လှပသော အမျိုးသမီးတစ်ယောက်ကို မမြင်ခဲ့ဖူး၍ပင်ဖြစ်သည်။ အမှန်တော့လည်း သူသည် ဤလိုအလှမျိုးကို ဂရုမထားခဲ့၍ပင်ဖြစ်သည်။ မိန်းမနှင့်ယောကျ်ားအကြားတွင် အလှအပသည် ပျော်ရွှင်ချမ်းမြေ့ခြင်း၏ အဓိကအချက် မဟုတ်ပါချေ။ ရှသ်သည် မလှပါချေ။

သူသည် မျက်လုံးများကို တစ်ဖန်ပြန်၍မှိတ်ထားလိုက်ပြီး ရှသ်၏ ရုပ်ပုံလွှာကို စိတ်ထဲတွင် ထင်ယောင်ကြည့်သည်။ ရှသ်က အင်မတန် ရိုးသားသည်။ သူမတွင် အလှအပအဖွဲ့အဖြိုးများမရှိသည်ကို ဘယ်သောအခါမှ မဖုံးကွယ်ခဲ့ပါ။ သူမက

ယင်းတို့ကိုလည်း ဂရုပြုဟန်မရှိပါ။ သူမတွင် အခြားသောအရည်အချင်းများဖြင့် ကြွယ်ဝလျက်ရှိသဖြင့် သူမ၏ မျက်နှာကလေးသည် အစဉ်လှပလျက်ရှိတော့သည်။

ရထားသည် လင်တန်ဘူတာရုံအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သဖြင့် သူ ထိုင်ရာမှ ထလိုက်သည်။ သူသည် သူ့ဘေးမှ အမျိုးသမီးကို ကောင်းစွာ သတိပြုမိလျက်ရှိသော်လည်း သူ့ပုံစံအတိုင်းပင် ခုံကြားလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက် သွားသည်။ ရထားသည် စကြိုကို လွန်သွားသဖြင့် သူသည် ကျောက်မီးသွေးချော်များ ခင်းထားသောလမ်းပေါ်သို့ ခုန်ဆင်းလိုက်ရသည်။ ကျောက်မီးသွေးလမ်းပေါ်တွင် သူ နှစ်လှမ်းလောက် လျှောက်သွားမိစဉ်မှာပင် နောက်ဘက်မှ အသံကြားလိုက် ရသည်။

"အစ်ကိုကြီးရေ. . . လုပ်ပါဦး"

သူ လှည့်ကြည့်လိုက်သောအခါ သူမကို ရထားတွဲလှေကားထစ်ပေါ်တွင် မဆင်းနိုင်ဘဲ ဒယီးဒယိုင်ဖြစ်နေသည်ကို တွေ့ရသည်။ ရထားက ထွက်စပြုနေပြီ။ သို့ဖြင့် သူသည် လက်ဆွဲသေတ္တာကိုချပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။ သူမက သူ၏ လက်ထဲသို့ ခုန်ချလိုက်သည်။ သူသည် သူမ၏ အထိအတွေ့ကို တဒင်္ဂမျှ ခံစားမိရသည်။ ရေမွှေးနံ့က သင်းပျံ့သည်။ သူမက သူ့ထံမှ လျင်မြန်စွာ ခွာလိုက်ပြီး ဘေးဘီကို ကြည့်သည်။

"တခြား ဘယ်သူမှ မဆင်းပါဘူးနော်"

"မဆင်းပါဘူး"

သူက တိုတောင်းစွာ ဖြေလိုက်သည်။

ထို့နောက် သူသည် လက်ဆွဲသေတ္တာကို ကောက်ယူပြီး စကြိုသို့ လျင်မြန်စွာ လျှောက်သွားသည်။ သို့တစေလည်း သူမက သူ့နောက်သို့ လွယ်ကူစွာပင် လိုက်ပါသွားသည်။

သူတို့နှစ်ယောက် စကားမပြောကြပါ။ သူမက ဦးခေါင်းကို မော့ပြီး ခပ်မတ်မတ်ကလေး လျှောက်သည်။ ညနေဆည်းဆာရောင်က သူမ၏ ကိုယ်ပေါ်တွင် ထိုးကျလျက်ရှိသဖြင့် သူက သူမကို ကောင်းစွာ တွေ့မြင်ရသည်။ သူမက ငယ်ရွယ်သော်လည်း ကလေးမလေးတစ်ယောက်ကား မဟုတ်ပါချေ။ အသက် ၂၅ နှစ် ၆ နှစ် လောက်ရှိပြီဟု ခန့်မှန်းရသည်။ သူမ၏ လက်တစ်ဖက်တွင် ရွှေလက်စွပ် ကလေး တစ်ကွင်းရှိသည်ကို တွေ့ရသည်။ လက်ထပ်လက်စွပ်ကား မဟုတ်ပါချေ။ သူသည် သူမ၏ အလှကို တစ်ကြိမ်ခံစားမိရပြန်သည်။ လှပသော အမျိုးသမီး တစ်ယောက် ဖြစ်သည်။ အလှသက်သက်ပင်ဖြစ်သည်။ အမျိုးသမီးတစ်ယောက် သည်မျှ

လှပသောအခါ သူမ ဆိုသည်မှာ ပျောက်နေပြီး အလှကသာလျှင် ကြီးစိုးလျက် ရှိတော့သည်။

သူတို့ နှစ်ယောက်ထံသို့ စကြီအတိုင်း ရှယ်လျှောက်လာသည်ကို တွေ့မြင်ရသောအခါ သူသည် ကသိကအောက် ဖြစ်ရတော့သည်။ ထုံးစံအတိုင်းဆိုလျှင် ရှယ်သည် ကားထဲတွင် ထိုင်ပြီး စောင့်နေတတ်သည်။ သူ့အနီးသို့ သူမ ရောက်ရှိလာသောအခါ သူမ၏မျက်နှာတွင် အံ့ဩသည့်အမူအရာရှိနေသည်ကို သူ တွေ့မြင်ရသည်။ သို့သော် ယင်းအချက်ကို မသိကျိုးကျွန်ကျွံ ပြုထားလိုက်သည်။ သူက အခါတိုင်းကဲ့သို့ပင် ကုန်းငုံ့ပြီး ဇနီးဖြစ်သူကို မြတ်နိုးယုယစွာ နမ်းလိုက်သည်။

"မောင့်အချစ်ဆုံးကလေးရယ်"

သူက ထုံးစံအတိုင်း နှုတ်ဆက်သည်။

"ကားထဲမှာ စောင့်နေရတာ အေးလွန်းလို့ နွေးသွားအောင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတာ၊ ဒီကနေ့ ရထားနည်းနည်း နောက်ကျတယ်"

သူမက ပြောလိုက်သည်။

"ဒါတောင် မောင် ရထား မမီဘဲ ဖြစ်တော့မလို့"

သူက သူစိမ်းအမျိုးသမီးကို လုံးဝ ဂရုမပြုပါ။ သူမက နောက်ဘက်တွင် တစ်လှမ်းကျန်ရစ်သည်။ သို့တစေလည်း သူမသည် သူနှစ်ယောက်နှင့် နီးကပ်စွာ ရှိနေသည်။ မသိသူတစ်ဦးကဆိုလျှင် သူတို့သုံးယောက်ကို အတူတူပင် ထင်ပေလိမ့်မည်။

ရှယ်က သူမကို ကြည့်လိုက်သည်။

သူတို့သည် စကြီအတိုင်း လျှောက်သွားကြပြီးနောက် ဘူတာရုံအတွင်းသို့ လျှောက်ဝင်သွားကြသည်။ သူတို့နှင့် သိကျွမ်းသူနှစ်ဦးသည် မြို့ထဲသို့သွားမည့် ရထားကို စောင့်ဆိုင်းနေကြသည်။ ၎င်းတို့က သူတို့ကို နှုတ်ဆက်ကြသည်။ သူစိမ်းအမျိုးသမီးကို ငေးစိုက်ကြည့်ကြသည်။ သို့သော် ရော်ဂျာသည် လျှောက်မြဲတိုင်း ဆက်ပြီးလျှောက်သွားနေသည်။ ရှယ်က သူ၏ လက်ဝဲဘေးမှဖြစ်၍ သူစိမ်းအမျိုးသမီးက သူမ၏ လက်ယာဘက်ဘေးတွင်ဖြစ်သည်။ ဘူတာရုံအပြင်ဘက်သို့ ရောက်ရှိသောအခါ အမျိုးသမီးက သူ့ဘက်သို့ လှည့်ပြီး. . .

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ အစ်ကိုကြီးကို ဘယ်တော့မှ မမေ့ပါဘူး"

သူမ ချိုလွင်သောအသံဖြင့် ပြောသည်။ သည်တော့လည်း သူသည် သူမနှင့် မခွဲချင်သလိုရှိသည်။

"မင်း အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်။ ကျွန်မ ကြောက်နေတဲ့လူကို မတွေ့ရဘူး။ ကျွန်မကို ကြိုနေတဲ့သူကို တွေ့တယ်"

"မင်းယောကျ်ားလား"

"ကျွန်မ ကြောက်နေတဲ့လူက ကျွန်မ ယောကျ်ားပဲ"

ထို့နောက် အမျိုးသမီးသည် သူ့လက်ကို သူမ၏လက်နှစ်ဖက်နှင့် ဆုပ်ကိုင်နှုတ်ဆက်ပြီးနောက် အသင့်စောင့်ဆိုင်းနေသော ကားတစ်စီးပေါ်သို့ တက်သွားသည်။ သူမကို စောင့်နေသော ကားအမှန်ပင်ပဲလား။ ရော်ဂျာရပ်ပြီး ကြည့်နေသည်။ ကားမောင်းသူက လူငယ်တစ်ဦးဖြစ်သည်။ သူမ၏ ချစ်သူပင်ဖြစ်သည်။ သူမ၏ လက်ကလေးကို နမ်းရှုံ့နေသည်။

"ဘယ်လိုလဲ"

ရှသ်က ဖွဖွကလေး မေးလိုက်သည်။

"သူ ဘယ်သူလဲဆိုတာ မောင်လုံးလုံး မသိဘူး၊ ရထားပေါ်မှာ နောက်ဆုံး ကျန်နေတဲ့ခုံတစ်ခုံမှာ မောင် ဝင်ထိုင်လိုက်တယ်။ အဲဒီထိုင်ခုံက သူ့ဘေးမှာ ဖြစ်နေတယ်။ ရထားပေါ်က မောင် ဆင်းတဲ့အချိန်မှာ မောင့်ဘေးကနေ လိုက်ပါရစေလို့ သူ ပြောတယ်။ အဲဒါပဲ"

"သူက တော်တော့်ကို လှတာပဲ၊ ဟုတ်တယ်မဟုတ်လား"

သူတို့နှစ်ယောက် ကားပေါ်သို့ တက်ကြသည်။ ရှသ်က မောင်းသည်။

"အင်း. . . ပြောနိုင်ပါတယ်"

"ပြောနိုင်တာ မဟုတ်ဘူး၊ တကယ့်ကိုလှတာ၊ တကယ်လှတဲ့ မိန်းမတွေကို ညီမ ဘယ်တော့မဆို သတိပြုမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညီမက အရုပ်ဆိုးတာကိုး"

သူမက သည်စကားကို အမှတ်မထင်ပြောလိုက်သော်လည်း သူမ အကြောင်းကို သူ သိပါသည်။ သူမ၏ လေသံတွင် နာကျည်းမှုပါရှိသည်ကို သူ သတိပြုမိသည်။

"ညီမ အရုပ်မဆိုးပါဘူး၊ မောင့်အဖို့တော့ ညီမဟာ ကမ္ဘာ့ပေါ်မှာ ချစ်စရာ အကောင်းဆုံး အမျိုးသမီးတစ်ယောက်ပဲ"

သူမ ပြုံးသည်။ သူက သူမ၏ မလှပသော မျက်နှာကို ကြည့်မိသည်။ သူမ၏ အဖြူရောင်ဆံပင်များက ဖြောင့်စင်းလျက်ရှိသည်။ သူမက ဘယ်သောအခါတွင်မှ ဆံပင်မကောက်ပါ။ သူမက မည်သည့်အခါတွင်မှ ဟန်ဆောင်ခြင်းမပြုခဲ့ပါ။ သူမ၏ မလှပမှုကို ဂုဏ်ယူဟန်ပင်ရှိသူက ယခုတော့ ယင်းကဲ့သို့ ဂုဏ်ယူခဲ့ခြင်းသည်

သူမ၏ ခံစားမှုဝေဒနာကို ဖုံးကွယ်ခဲ့ခြင်းသာဖြစ်ကြောင်း သူ သိရှိရပေပြီ။ သူမ၏ မလှုပမှုကို သူမက အထူးပင် အလေးပြုလျက်ရှိပေသည်။

"ဒီအမျိုးသမီးကို မောင် တကယ်မသိဘူးဆိုတာကိုတော့ ညီမ ယုံတယ် မဟုတ်လား"

ဆတ်ခနဲ မေးလိုက်သည်။

"ယုံပါတယ် မောင်ရယ်"

သူမက တည်ငြိမ်စွာဖြေသည်။

ကားသည် ညင်သာစွာ ပြေးလာလျက်ရှိသည်။

"ဩော်. . . ဒါနဲ့ မောင်ရေ. . . တောထဲမှာ ဆေးပုလဲပန်းအပြာတွေ ညီမ တွေ့တယ်။ မောင် မှတ်မိသေးသလား၊ လွန်ခဲ့တဲ့သုံးနှစ်လောက်တုန်းက ဆေးပုလဲ ပန်းတွေ ညီမတို့ တစ်ခါတွေ့ပြီးနောက် မတွေ့တော့ဘူး။ အဲဒီတုန်းက တစ်ယောက် ယောက် တောထဲမှာ ပစ်ချထားခဲ့တဲ့ ပုံစံမျိုးပဲ။ အခုတော့ သူတို့ပြန်ပေါ်လာ ကြပြန်ပြီ။ ရောမ အစည်းကြီးတစ်စည်း ညီမခူးပြီး ခန်းမကြီးထဲက စားပွဲပေါ်မှာ တင်ထားတယ်။ မောင် အိမ်ရောက်ရင် တွေ့ရမယ်"

သူမက စကားလမ်းကြောင်း ပြောင်းပြီး နှစ်သိမ့်ဖွယ်ရာ ပြောသည်။

"ကောင်းတာပေါ့"

သူ တိုးဖွစွာ ဆိုလိုက်သည်။

ဇနီးသည် တည်ငြိမ်မှု ရရှိသွားသည်ကို တွေ့ရသဖြင့် သူလည်း စိတ်သက် သာရ ရရှိသွားသည်။ တစ်နေ့တာလုံး ပင်ပန်းနွမ်းနယ်လာပြီးသည့်နောက်ပိုင်းတွင် ဆေးပုလဲပန်းအပြာအကြောင်း ကြားလိုက်ရခြင်းသည် တေးသံသာတစ်ခုကို ကြားလိုက်ရသကဲ့သို့ပင် ဖြစ်သည်။ သူမသည် သူ့ကို ဘယ်တော့မှ စနိုးစနောင့် ဖြစ်အောင် မလုပ်ပါ။ ရွှင်လန်းနှစ်သိမ့်ခြင်းကိုသာ ဖြစ်စေပါသည်။ သူမက သူ့ဘဝ ကြီးတစ်ခုလုံးကို သာယာအောင် ဖန်တီးပါသည်။ သူမနှင့် ထိုက်တန်သော စကားလုံး တစ်ခု ရှိသည်။ ချစ်စဖွယ်သော ရှည်ရယ်။

သူတို့သည် ယခုအခါ ခြံဝင်းထဲသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကားကို ခြံဝင်းအတိုင်း မောင်းနှင်လျက်ရှိသည်။ သူတို့၏ အိမ်ကလေးသည် မီးရောင် လဲ့လဲ့ကလေး လင်းလျက်ရှိသည်။ အမဲလိုက်ခွေးကြီးသည် အိမ်ရှေ့လှေကားထစ်များမှ ပြေးဆင်းလာပြီး သူတို့ကို စောင့်ကြိုလျက်ရှိသည်။ ရှည်သည် ခွေးကြီးကို လက်ဆွဲ သေတ္တာ သယ်ဆောင်တတ်အောင် သင်ထားသည်။

"ထရစ်ဇီ. . . ရော့. . . ရော့"

သူက ခွေးကြီးကို လက်ဆွဲသေတ္တာပေးလိုက်သည်။ ထရစ်ဇီသည် လက်ဆွဲသေတ္တာကို ကိုက်ချီလျက် လှေကားထစ်များကို တက်သွားသည်။ အိမ်ရှေ့တံခါးကို တွန်းဖွင့်ပြီး ဝင်သွားသည်။ ထို့နောက် လက်ဆွဲသေတ္တာကို ကျောမှီထိုင်ခုံရှည်ကလေးပေါ်တွင် တင်ထားလိုက်သည်။ ရှယ် ရယ်မောသည်။ ထိုအခါ သူလည်း ရယ်မောလိုက်သည်။ သူမ ရယ်မောပုံက ချိုလွင်သည်။ တိုးညှင်းသည်။ လှိုက်လှိုက်လှဲလှဲရှိသည်။

တံခါးကို သူ ပိတ်လိုက်သည်။ လတ်ဆတ်သော အိမ်ရနံ့များကို ရှူရှိုက်မိသည်။

"အိမ်ပြန်ရောက်မှပဲ စိတ်ချမ်းသာတော့တယ်။ ကနေ့လောက် ပင်ပန်းတာမျိုး မရှိတော့ဘူး။ ဆေးပုလဲပန်းတွေ လှလိုက်တာ၊ မွှေးလိုက်တာ ဘာနံ့လဲ"

"မောင် ကြိုက်တဲ့ အမဲသား ကင်ထားတယ်လေ"

သူမက သူ၏ကိုယ်မှ ကုတ်အင်္ကျီချွတ်ယူပြီး ချိတ်ထားလိုက်သည်။

"မောင် ဆာတဲ့အချိန်မှာ ညစာစားရုံပဲ"

အပေါ်ထပ်သို့ သူ တက်သွားသည်။ ခဏနားပြီး ရေချိုးသည်။ ပြီးတော့မှ အောက်ထပ်သို့ ပြန်ဆင်းလာသည်။ စိတ်ထဲမှာ ကျေနပ်လျက်ရှိသည်။ ဇနီးသည်မှာ အားကိုးရသည်။ ဇနီးသည်ကို အမြဲတမ်းပင် အားကိုးသည်။ လှပသော အမျိုးသမီး၏ ယောကျ်ားဖြစ်ခဲ့ပါလျှင် သူ ဘယ့်နှယ်နေမည်နည်း။ အခြားတစ်ယောက်နှင့် ချစ်ကြိုက်နေသဖြင့် သူ့ယောကျ်ားကို သူ ကြောက်လန့်နေသော အမျိုးသမီးကို သူ သနားမိသည်။ ထို့နောက် သူ့ကိုယ်သူ ချီးကျူးလိုက်သည်။ ရှယ်သည် ဘယ်သော အခါတွင်မှ အခြားယောကျ်ားတစ်ယောက်ကို ချစ်ကြိုက်ချေမည်မဟုတ်ပေ။

သူသည် ဧည့်ခန်းထဲသို့ ပြုံးပြုံးလေး ဝင်ရောက်သွားသည်။ ကော်ဇောပေါ်တွင် လျှောက်သွားသော သူ၏ ညှပ်ဖိနပ်ခြေသံကို မကြားရပါ။

တံခါးပေါက်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော မှန်ထဲတွင် ရှယ်ကို မြင်တွေ့လိုက်ရသည်။ ထိုအခါ သူ့မျက်နှာမှအပြုံး ပျောက်ကွယ်သွားသည်။ သို့သော် သူ မြင်တွေ့နေရသည်ကို သူ မယုံနိုင်ဘဲ ရှိနေသည်။ သူသည် မတ်တတ်ရပ်ပြီး သူမကို စူးစိုက်ကာ ကြည့်နေမိသည်။

"ညီမ ဘာတွေ စဉ်းစားနေတာလဲ"

သူ မေးလိုက်သည်။

သူတို့သည် မည်သည့်အခါတွင်မှ တစ်ဦးကိုတစ်ဦး ဖုံးကွယ်လေ့မရှိကြပါ။ ယခုအကြိမ်၌လည်း အမျိုးသမီးက ဖုံးကွယ်ခြင်းမပြုပါ။

"ဟုတ်တယ်၊ ညီမဟာ တကယ့်ကို အရုပ်ဆိုးတာပဲ"

သူမက ဝန်ခံစကားဆိုလိုက်သည်။ ထို့နောက် သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး ထမင်းစားခန်းသို့ အခေါ်ဆောင်သွားသည်။

"ဒါဟာ အသစ်အဆန်းတော့လည်း မဟုတ်ပါဘူး"

သူမက စားပွဲတွင် ထိုင်ရင်း ပြောသည်။

ထမင်းစားပွဲသည် အခါတိုင်းကဲ့သို့ပင် ပြည့်စုံစွာ ခင်းကျင်းထားသည်။ အိမ်ဖော်မကလေးတစ်ဦးက စွပ်ပြုတ်ထည့်ပေးသည်။ ဖယောင်းတိုင်မီးရောင်က ရှယ်၏ မျက်နှာပေါ်သို့ ကျရောက်လျက်ရှိသည်။ သူသည် အတိတ်ကာလ တစ်လျှောက်လုံးပင် သူမကို ချစ်ခင်မြတ်နိုးခဲ့သည်။ သူမ၏မျက်နှာကို သူ၏ ချစ်ခြင်း မေတ္တာမှခွဲခြားပြီး မကြည့်မြင်ခဲ့ပါ။ ယခုမှ သူသည် သူမ၏ အကျည်းတန်မှုကို ထိတ်လန့်စွာ တွေ့မြင်ရသည်။ သူ၏ အတွင်းစိတ်သည် သူ၏မျက်လုံးများ၌ ပေါ်လွင်လာသည်။ ယင်းကို သူမက တွေ့မြင်သွားသည်။ ထိုအခါ သူမသည် ခေါင်းငုံ့သွားပြီး ခပ်မြန်မြန်သောက်သည်။ သူမ၏ လက်မှာ တုန်ရင်လျက်ရှိသည်။

"ရှယ် ဘာတွေဖြစ်နေတာလဲ"

"အမျိုးသမီးတစ်ယောက်ဟာ သူ ချစ်တဲ့ယောကျ်ားအတွက်တော့ အမြဲတမ်း လှနေချင်တယ်"

သူမက မော့မကြည့်ဘဲ ပြောသည်။

"ဒါပေမဲ့ မောင်တို့ရဲ့ အိမ်ထောင်သက်တစ်လျှောက်လုံးဟာ အမြဲတမ်းပဲ ပျော်ရွှင်ချမ်းမြေ့ခဲ့တယ် မဟုတ်လား"

"ညီမ ရူးတာပဲ ဖြစ်မယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ အို. . . ညီမ လှသားပဲ ကွယ်လို့ မောင့်ပါးစပ်က ပြောလိုက်တဲ့စကားကလေးကို ညီမ ကြားချင်တယ်"

"ညီမရဲ့ မျက်နှာကလေးကို မောင် ချစ်တယ်လို့ ပြောတာဟာ ဒီသဘောပဲ မဟုတ်လား"

သူမက ဆတ်ခနဲ ထလိုက်သည်။ ထို့နောက် ရုတ်ချည်းပင် ပြန်ထိုင်လိုက်ပြီး. . .

"မဟုတ်ဘူး"

သူတို့နှစ်ယောက်၏ ရိုးသားမှုသည် သူတို့၏ အိမ်ထောင်ရေးသက်တမ်း တစ်လျှောက်လုံးပင် တည်ရှိခဲ့ပြီးဖြစ်သည်။ ယခုကျမှ သူက သူ့စိတ်ထဲတွင် မပြောချင်သည်ကို မပြောနိုင်ပါ။ သူမ အင်မတန်လှပါသည်ဟု မဆိုနိုင်ပါ။ စောစောက သူတို့မြင်တွေ့ခဲ့သော အမျိုးသမီးသည် လှပခြင်း၏ စံချိန်ပင်ဖြစ်သည်။ သူ့အနေနှင့်

လိမ်ပြောနိုင်သည်ထားဦး။ ရှယ်အနေနှင့် အလိမ်အညာမခံသင့်ပါ။

သူတို့နှစ်ယောက်ကြား၌ ဘာမဟုတ် ညာမဟုတ်နှင့် ပေါ်လာသော ဘေးကျပ်နံကျပ် အခြေအနေကို သူ မည်သို့ ဖြေရှင်းရမည်မသိပါ။ သူ၏အိမ်တွင် ထာဝရတည်ရှိခဲ့သော ငြိမ်းချမ်းမှုသည် ပျက်သုဉ်းချေပြီ။ ရှယ်သည် သူစိမ်း တစ်ယောက် ဖြစ်ချေတော့သည်။

သူက သူမကို သူစိမ်းတစ်ယောက်အဖြစ်နှင့် ထပ်ပြီး ကြည့်မိသည်။ ထိုအခါ ပိန်ပိန်ရှည်ရှည် အမျိုးသမီးတစ်ယောက် တွေ့မြင်ရသည်။ အသက်အရွယ် အလယ် အလတ်ပိုင်း ရောက်နေပြီ။ သူမ၏ မျက်လုံးများ ဖြူဖျော့လျက်ရှိသည်။ သူမကို ယခုလို မြင်တွေ့ရသောအခါ သူမှာ သည်းခံနိုင်စွမ်းမရှိတော့ပါ။ သူပါးစပ်ထဲ တွင်လည်း ဘာစား၍မှု ခံတွင်းမတွေ့တော့ပါ။

"ကိုယ် ဘာပြောပြီး ဘာလုပ်ရမလဲမသိတော့ဘူး။ ကိုယ်တို့ဟာ တစ်ခါမှ ရန်မဖြစ်ဖူးဘူး ရှယ်"

"အို အခုလည်း ဘာမှ ရန်ဖြစ်စရာအကြောင်း မရှိပါဘူး။ ဘာတစ်ခုမှ ပြောင်းလဲမသွားပါဘူး၊ ညီမရဲ့ရုပ်က အမြဲတမ်း ဒီအတိုင်းပါပဲ"

သူမက ပြောလိုက်သည်။

"မဟုတ်ဘူး၊ ညီမဟာ တစ်မျိုးဖြစ်နေတယ်။ ညီမကို အခုမြင်ရတာမျိုး ကိုယ်တစ်ခါမှ မမြင်ခဲ့ဖူးဘူး"

"မောင်က အခုမှ ညီမကို တကယ့်ပုံမှန်အတိုင်း မြင်တာပဲဖြစ်မှာပေါ့"

သူမက တည်ငြိမ်သောလေသံဖြင့် ပြောသည်။

အိမ်ဖော်မလေး ဝင်ရောက်လာပြီး စွပ်ပြုတ်ပန်းကန်များကို သိမ်းသည်။ အမဲသားကင်၊ ဆလပ်ရွက်နှင့် ပေါင်မုန့်ပူပူများကို ချပေးသည်။ ထို့နောက် အိမ်ဖော် မလေး ထွက်သွားသည်။

"ကိုယ်တို့ အစကနေ ပြန်ပြီး ပြောကြရအောင်။ ညီမက ဘာဖြစ်လို့ ဒီလိုမျိုး တွေးရတာလဲ၊ ဟိုမိန်းမကို မြင်လိုက်ရလို့ပဲ မဟုတ်လား"

သူ မေးသည်။

"အဲဒီမိန်းမကို မြင်လိုက်ရလို့ ပြောင်းလဲသွားတာက မောင်ပါ။ ညီမ မဟုတ် ပါဘူး။ ညီမ ပြောမယ်။ ညီမကတော့ အမြဲတမ်း ဒီအတိုင်းပါပဲ"

သူမက ပြောသည်။

"ညီမပြောတာက"

သူက ထိုစကားပိုဒ်ကို ဆက်ပြော၍ မရနိုင်သဖြင့် စကားတစ်မျိုးလွှဲကာ

"ညီမဟာ ညီမရဲ့ ရုပ်ကြောင့် အမြဲတမ်း စိတ်ဒုက္ခရောက်နေရတယ် ဟုတ်လား"

"အမြဲတမ်းပဲ"

"မောင်နဲ့နေရတာ ညီမ မပျော်ဘူးလား"

သူက ခါးနှင့် ခက်ရင်းတို့ကို ချထားရင်း မေးလိုက်သည်။

"မောင်နဲ့ နေရတာ ပျော်တယ်။ ညီမဘာသာ ညီမ နည်းနည်းမှ မပျော်ဘူး။ တစ်ခါတုန်းက စတူးဝပ်ကလေးက ပြောတယ်။ အဲဒီတုန်းက သူက ၅ နှစ်သားပဲ ရှိသေးတယ် "မေမေ သူများတွေရဲ့ မေမေလို ဘာဖြစ်လို့ မလှတာလဲဟင်" တဲ့

"ကလေးတွေအကြောင်းကို ညီမလည်း သိသားနဲ့ကွယ်"

သူက နှစ်သိမ့်စကားဆိုလိုက်သည်။

"ကလေးတွေစကားက အမှန်ဆုံးပေါ့"

ထိုစကားကို သူ မည်သို့မျှ ငြင်းချက်မပေးနိုင်သဖြင့် အစားကို ဆက်စားရန် ကြိုးစားသည်။

နှစ်ယောက်စလုံး တိတ်ဆိတ်နေသည်။ အတန်ငယ်ကြာသောအခါ သူမက လူခေါ်ခေါင်းလောင်းကိုနှိပ်ပြီး ရေခဲစိမ်သစ်သီးမှာသည်။ သူတို့ စားကြသည်။ ထို့နောက် သူ ပေါက်ကွဲသည်။

"ဒီမယ် ရှသ်၊ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ကိုယ် နားမလည်တော့ဘူး။ ညီမဟာ ဘယ်တုန်းကမှ ဒီလိုမျိုး မလုပ်ခဲ့ဘူး။ သူတို့မိန်းမတွေ ကသိကအောက် လုပ်တတ်တဲ့အကြောင်း တခြားယောကျ်ားတွေပြောတာ ကိုယ်ကြားဖူးတယ်။ ဒါပေမဲ့ ညီမဟာ တခြားမိန်းမတွေလို မဟုတ်တဲ့အတွက် ကိုယ်အမြဲတမ်း ဝမ်းသာခဲ့ရတယ်။ အခုတော့ ညီမဟာ ကိုယ် အလျင်က တစ်ခါမှမတွေ့ခဲ့ဖူးတဲ့ မိန်းမ တစ်ယောက်ကို မနာလိုဝန်တိုဖြစ်နေတယ်ဆိုရင် အဲဒီမိန်းမနဲ့ ကိုယ် နောက်လည်း ဘယ်တော့မှ တွေ့မှာ မဟုတ်ဘူး။ တွေ့လည်း မတွေ့ချင်ဘူး။ နောက်ပြီးတော့ ပြောရရင် ကိုယ့်ရုံးမှာ မိန်းမချောမိန်းမလှတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ ဒါပေမဲ့ ကိုယ် သူတို့ကို ဘယ်တော့မှ မျက်စိနဲ့တောင် မကြည့်ခဲ့ဘူး။ ကိုယ်က အမြဲတမ်းပဲ ကိုယ့်အိမ်အတွက် ကသာ သုခကလေးကိုပဲ မှန်းဆခဲ့တယ်"

သူမ မတ်တတ်ရပ်လိုက်သည်။ ပြုံးလဲ့လဲ့ကလေးဖြစ်သည်။

"ညီမကို ၅ မိနစ်လေး ထပ်အချိန်ပေးပါလား"

"ဒါပေမဲ့ ညီမစိတ်ထဲမှာ တစ်ခုခုကို ခံစားနေရတယ်လို့ဆိုရင်"

"၅ မိနစ်တည်းပါ မောင်"

သူမက တောင်းပန်သည်။

"ပြီးရင် ညီမတို့ညှိခန်းထဲမှာ ကော်ဖီသောက်ကြမယ်။ မီးဖိုလည်း အားလုံး အဆင်သင့်ပဲ။ မီးတို့လိုက်ရုံပဲ"

သူမ အပေါ်ထပ်သို့ တက်သွားသည်။ သူမ၏အခန်းသို့ ရောက်ရှိသော အခါ တံခါးကို သော့ခတ်လိုက်သည်။ ပြတင်းပေါက်သို့ လျှောက်သွားပြီး တံခါးဖွင့် လိုက်သည်။ ညလေအေးကို အားရပါးရ ရှိုက်ရှုလိုက်သည်။ ထို့နောက် ပြတင်းပေါက် ကို ပြန်ပိတ်လိုက်ပြီး မှန်တင်ခုံသို့ လျှောက်သွားသည်။ အခန်းတွင်းရှိ မီးများ အားလုံး ကို ဖွင့်လိုက်သည်။ သူမ၏ ကိုယ်ပေါ်သို့ အလင်းရောင်များ ဆင်းကျစေသည်။

"နင် မိုက်တယ်။ နင် သိပ်မိုက်တယ်။ နှစ်ပရိစ္ဆေဒတွေ ဒါလောက်ကြာခဲ့ပြီး မှ နင် မေ့သွားရသလား"

သူမကိုယ် သူမ တည်ငြိမ်စွာ ပြောလိုက်သည်။

သူမသည် ထိုင်ခုံပေါ်တွင် ငြိမ်သက်စွာထိုင်လျက် သူမကိုယ် သူမက မှန်ထဲတွင် စူးစိုက်ပြီး ကြည့်နေသည်။ သူမသည် ၁၂ နှစ် သမီးအရွယ်ကတည်းကပင် သူမကိုယ် သူမ နားလည်ခဲ့သည်။

ငါ့ကို ဘယ်သူကမှ ချစ်မှာမဟုတ်ဘူး၊ ၁၂ နှစ်သမီးကလေး တွေးခဲ့သည်။ ထိုအခါ ချစ်ခြင်းမေတ္တာကင်းမဲ့သော ကလေးမကလေးသည် ငိုရှိုက်ခဲ့ရသည်။ အို မဟုတ်သေးဘူး၊ ငါ့ကို တစ်ယောက်ယောက်က ချစ်ရမယ်. . .

သည်လိုနှင့် ကလေးမကလေးသည် ၃ နှစ်တာကာလလောက် အထီးကျန် ဖြစ်ခဲ့ရသည်။ သည့်နောက်တွင်မှ သူမသည် ဆရာမမိုဘီကို ချစ်လာရသည်။ ဆရာမက အသက် ၃၀ ကျော်အရွယ်ဖြစ်ပြီး ရုပ်မလှသူတစ်ဦးဖြစ်သည်။

"ဆရာမကို ငါ ချစ်တယ်။ ဆရာမကို ဘာဖြစ်လို့ ငါ ချစ်ရသလဲ၊ ဆရာမ ဟာ ငါ့လိုပဲ အရုပ်ဆိုးတာပဲ။ ဒါပေမဲ့ ဆရာမက ချစ်စရာကောင်းတယ်"

သည်အခါတွင် သူမသည် အလင်းရောင်တစ်ခုကို ရရှိသွားသည်။ ချစ်စရာ ကောင်းသည်ဟူသော စကားလုံးပင် ဖြစ်သည်။ ချစ်စရာကောင်းသဖြင့် ချစ်ကြရသည်။ နှစ်လိုဖွယ်ဖြစ်၍ ချစ်ကြရသည်။ ၁၅ နှစ်သမီးကလေး ပုံစံပြောင်း သွားသည်။ ယခင်ကလို ထိုးထိုးထောင်ထောင်မရှိအောင် နေတတ်လာသည်။ မိမိနှင့် ပတ်သက်ပြီး သူများတွေ စိတ်ချမ်းသာအောင် ကြိုးစားသည်။ သူမက တိတ်ဆိတ် ငြိမ်သက်စွာနှင့် နားထောင်တတ်သည့်အကျင့်ကို မွေးယူသည်။

သည်လိုနှင့် သူမ အသက် ၂၄ နှစ်အရွယ်၌ ရော်ဂျာက သူမကို ချစ်ကြိုက် ခဲ့ခြင်းဖြစ်သည်။ အလျှင်အမြန်ကြီးလည်း မဟုတ်ချေ။ အငမ်းမရလည်း

မဟုတ်ပါချေ။ တဖြည်းဖြည်းနှင့် ချစ်ကြိုက်လာခြင်းပင် ဖြစ်ပါသည်။ သူမက သူ့ကို ကျွမ်းကျင်စွာ ဖမ်းစားခဲ့ရပါသည်။ သူမကို ရော်ဂျာနှစ်သက်လာအောင် ဖန်တီးခဲ့ရပါသည်။ သူ့ကို တစ်ခါမျှ အပြစ်စကားမဆိုခဲ့ပါ။ ပထမတွင် သူသည် သူမထံမှ လှည့်ထွက်သွားပါသေးသည်။ လှပသော ညီမဝမ်းကွဲတစ်ယောက်ဘက်သို့ ယိမ်းသွားသေးသည်။ သို့သော် ထိုမိန်းကလေးက အနိုင်ရလိုသူလည်းဖြစ်သည်။ ဘာမဆို သူ့ စိတ်ချည်းဖြစ်သည်။ သို့ဖြင့် သူသည် သူမထံသို့ ပြန်ပြီးလည်လာသည်။ သူမထံတွင် လက်ထပ်ခွင့်တောင်းသည်။ သူမက သူ၏ ခွင့်တောင်းမှုကို လက်ခံလိုက်သည်။ သူတို့ နှစ်ယောက် ချက်ချင်းပင် လက်ထပ်လိုက်ကြသည်။ သည့်နောက်တွင်ကား သူမသည် သူ့ကို နှစ်လိုဖွယ်ရာများ၊ ချစ်ခင်ဖွယ်များနှင့် အထပ်ထပ်နှောင်ဖွဲ့ခဲ့သည်။ သူ့စိတ်ထဲမှာ စွဲလမ်းစရာ ဖြစ်စေခဲ့သည်။

"နင် လူမိုက်ပဲ"

သူမက မှန်ထဲမှ မျက်နှာကို ပြောလိုက်သည်။

မှန်ထဲက မျက်နှာက သူမကို ငေးကြည့်နေသည်။ အကျည်းတန်သော မျက်နှာဖြင့် ကြည့်နေသည်။

"နင် အားလုံးကို ဖျက်ဆီးပစ်တာပဲ၊ နင့်ကို ငါ မုန်းတယ်"

ထို့နောက် သူမသည် သက်ပြင်းချလိုက်ပြီး

"ဒါပေမဲ့ ငါဟာ နင်နဲ့ပဲ နေရမှာပဲ"

အမှန်ပဲဖြစ်သည်။ သူမ၏ဘဝ အမှန်ပဲဖြစ်သည်။ သူမအနေနှင့် နှစ်သက်စွဲလမ်းဖွယ် ဖမ်းစားမှုများ မပြုနိုင်လျှင် သူသည် သူမကို အရှိအတိုင်း တွေ့မြင်သွားနိုင်လိမ့်မည်။ ကနေ့ညဆိုလျှင် သူသည် အမှန်ကို တွေ့မြင်သွားသလောက်ပင်ရှိသည်။ ရထားပေါ်က အမျိုးသမီးကို သူမ နည်းနည်းမျှ မနာလိုမရှိပါ။ သည်မျှလှပသော အမျိုးသမီးတစ်ယောက်ကို မြင်တွေ့လိုက်ရသဖြင့် သူမအနေနှင့် လက်လွတ်စပယ် ဖြစ်သွားခြင်းသာ ဖြစ်ပေသည်။

၅ မိနစ်စေ့သွားပြီဖြစ်သည်။ နောက်တစ်မိနစ်နှင့် နှစ်မိနစ်ဆိုလျှင် သူ အပေါ်သို့ တက်လာပေတော့မည်။ သူမက နှုတ်ခမ်းစုံကို လက်ကိုင်ပဝါဖြင့် တို့လိုက်သည်။ အစိမ်းနုနုဂါဝန်ကို ချွတ်ပြီး အနီရဲရဲကတ္တီပါကို ဝတ်လိုက်သည်။ သည်အကျီက သူမနှင့် လိုက်ဖက်သည်။ သူမက ခေါင်းကို ဖြီးလိုက်သည်။ သူမသည် ကာလအတန်ကြာကတည်းက နှုတ်ခမ်းဆိုးဆေး မသုံးပါ။ သူမ၏ ရုပ်ကို လူတွေ ဂရုမပြုစေသင့်ပါ။

သူမသည် အောက်ထပ်သို့ ငြိမ်သက်စွာ ဆင်းသွားသည်။ ညင်သာစွာ

ပျော့ပျောင်းသော ခြေလှမ်းများဖြင့် ဖြစ်သည်။ ဧည့်ခန်းအတွင်းသို့ သူမ ဝင်ရောက်သွားသည်။ သူ မီးဖိုအနီးတွင် စောင့်နေသည်။ သူ့အကြည့်ကို မြင်လိုက်ရသောအခါ သူမ ထိတ်လန့်သွားသည်။ နှစ်လိုဖွယ်ရာ ဖမ်းစားမှုပျက်သုဉ်းရန် နည်းနည်းကလေးပဲ လိုတော့သည်။

သူမ ရယ်မောလိုက်ပြီး. . .

"မောင် သတိထားမိသလား၊ ညီမကတော့ အဲဒီအင်္ကျီစိမ်းကြီးကြောင့်လို့ ထင်တာပဲ၊ အဲဒီအင်္ကျီကို ညီမ ဘယ်တော့မှ မဝတ်တော့ဘူး၊ အဲဒါကြီးကို ညီမ ဘယ်တော့မှ မကြိုက်တော့ဘူး"

သူ့မျက်နှာတွင် စိတ်သက်သာရာရသည့် အမူအရာပေါ် လွင်သွားသည်။

"အတော်ဆိုးတာပဲ၊ ကဲ. . . လာ မောင့်ကို ကော်ဖီငှဲ့ပေးပါ"

**(Pearl S.Buck ၏ Enchantment ကို ပြန်ဆိုသည်)**




**John Steinbeck (1902-1968 )**

၁၉၀၂ ခုနှစ်တွင် မွေးဖွား၍ ၁၉၆၈ ခုနှစ်၌ ကွယ်လွန်သည်။ စတန်းဖို့ တက္ကသိုလ်တွင် ၁၉၁၉ ခုနှစ်မှ ၁၉၂၈ ခုနှစ်အထိ ပြတ်တောင်း ပြတ်တောင်း ပညာဆည်းပူးသည်။ ၁၉၂၉ ခုနှစ်တွင် Cup of Gold ဝတ္ထုစာအုပ်ဖြင့် စာပေနယ်သို့ ဝင်ခဲ့သည်။ ထို့နောက် ဝတ္ထုများ ဆက်တိုက် ရေးကာ ၁၉၃၅ ခုနှစ်ဆီ၌ ရေးသော Tortilla Flat ဝတ္ထုဖြင့် လူသိများ လာသည်။ ၁၉၄၀ ပြည့်နှစ်တွင် ရေးသော Grapes of Wrath စာအုပ် ဖြင့် အမေရိကန်ပြည် ပူလစ်ဇာ စာပေဆုကို ရရှိသည်။ လူသိအများဆုံး စာအုပ်မှာ East of Eden ဖြစ်၍ ရုပ်ရှင်ကားအဖြစ်လည်း ကျော်ကြား သည်။ ၁၉၆၂ ခုနှစ်တွင် စာပေဆိုင်ရာ နိုဗယ်ဆုရရှိသည်။

# အိမ်အပြန်

စိုးသိဏ်း

ဆလီဂိုနှင့် ချာတိတ်တို့သည် ၎င်းတို့ရရှိသော ၄၈ နာရီ အပြင်ထွက်ခွင့်ကို အပြည့်အဝအသုံးချကြသည်။ အယ်ဂျီရီးယားနိုင်ငံ၌ အရက်ဆိုင်များ ည(၈)နာရီ ပိတ်ကြသည်။ သို့သော် သူတို့နှစ်ဦးသည် ဆိုင်မပိတ်ခင် ဝိုင်အရက်မူးအောင်သောက်ပြီး နောင်ထပ်ဝိုင်ပုလင်းတစ်လုံးစီယူကာ ရေချိုးဆိပ်ကမ်း၌ သွားလဲလျောင်းကြသည်။ ညသည်ပူနွေးနေ၏။ ဒုတိယဝိုင်ပုလင်းကုန်သောအခါ သူတို့နှစ်ဦး အဝတ်အစားချွတ်ပြီး ငြိမ်သက်သော ရေထဲဆင်းကာ ဦးခေါင်းသာဖော်၍ ဆောင့်ကြောင့်ထိုင်နေကြသည်။

"ဇိမ်ရှိလိုက်တာ ချာတိတ်ရာ။ ဒီလိုဇိမ်ခံဖို့ ပိုက်ဆံအများကြီး အကုန်ခံရတဲ့ ငနဲတွေရှိသကွ၊ ငါတို့က တစ်ပြားမှ မကုန်ဘူး" ဆလီဂိုက ပြောသည်။

"ကျွန်တော်ကတော့ ဒသမရိပ်သာလမ်းမက ကျွန်တော့်အိမ်မှာပဲ ပြန်နေချင်တယ်။ ကျွန်တော့်မိန်းမနဲ့ တွေ့ချင်လှပြီ။ ဒီနှစ် 'ဝေါလ်စီးရီး' ဘော့စ်ဘောပွဲစဉ်တွေ ကြည့်ချင်တယ်" ချာတိတ်က ပြောသည်။

"မင်းနှုတ်ခမ်းမှာ ဒဏ်ရာရချင်တယ်ထင်ပါ့"

"ဂရိစားသောက်ဆိုင်သွားပြီး ကြက်ဥခြောက်လုံးနဲ့ ချောကလက်ဖျော်ရည် သောက်ချင်တယ်။ ဒီနေရာက အထီးကျန်တယ်။ ကျွန်တော်က ကွန်နီအိုင်းလင်းမြို့ကို ကြိုက်တယ်။"

ချာတိတ်က သူ့နှုတ်ခမ်းပေါ်မှာ ရေမြှုပ်ကလေးကို ထွေးထုတ်ရန် ခေါင်းအပေါ်မော့လိုက်သည်။

"အဲဒီမှာ လူတွေပြည့်ကျပ်နေတယ်"

"ဒီနေရာက အထီးကျန်တယ်ဗျ" ချာတိတ်က ပြောသည်။

"ဝေါလ်စီးရီးဆိုလို့ ပြောရဦးမယ်။ အဲဒီမှာ ငါ ကိုယ်တိုင်ဝင်ကစားချင်တယ်။

လူတစ်ဦး အဆုံးစွန် လုပ်ကြည့်ချင်စိတ်ပေါက်တာ ဒီလိုအချိန်အခါမျိုးပဲကွ”

“ခင်ဗျား အဆုံးစွန်လုပ်ဖြစ်တယ်ပဲထား။ ခင်ဗျား ဘယ်နေရာသွားမလဲ။ သွားစရာနေရာမှမရှိတာ”

“ငါ့အိမ်ငါပြန်မှာပေါ့။ ဝေါလ်စီးရီး ဘေ့စ်ဘောပွဲတွေ သွားကြည့်မယ်။ ၁၉၄၀ ပြည့်နှစ်တုန်းကလိုပဲ ရှေ့ဆုံးတန်းက ဦးဦးဖျားဖျား သွားထိုင်ကြည့်မယ်ကွာ” ဆလီဂိုက ပြောသည်။

“ခင်ဗျား အိမ်ပြန်လို့မရဘူး။ အိမ်ပြန်ဖို့ နည်းလမ်းမရှိဘူး”ဟု ချာတိတ်က ပြောသည်။

ထို့ကြောင့် ဆလီဂို သွေးပူလာသည်။ ရေကလည်း အေးစိမ့်စိမ့်။

“ငါ အိမ်ပြန်ဖို့အတွက် ငွေရှိတယ်” ဆလီဂိုက ခပ်ပေါ့ပေါ့ပြောသည်။

“ငွေ ဘယ်လောက်လဲ”

“ဒေါ်လာနှစ်ဆယ်”

“ခင်ဗျား ပြန်လို့မရပါဘူး” ချာတိတ်ကပြောသည်။

“မင်း. . . ငါနဲ့ လောင်းမလား”

“လောင်းမယ်။ ခင်ဗျား ဘယ်တော့ပေးမလဲ”

“ငါ မပေးဘူး။ မင်းပဲ ပေးရမှာ။ ငါတို့ကမ်းပေါ်ပြန်တက်ပြီး ခဏလောက် အိပ်ရအောင်”

သင်္ဘောဆိပ်ကမ်းများ၌ သင်္ဘောများဆိုက်ကပ်ထားသည်။ ၎င်းတို့သည် ကမ်းတက်ယာဉ်များ၊ တင့်ကားများနှင့် စစ်သားများကို သယ်ဆောင်လာခဲ့ကြသည်။ ယခုတော့ သူတို့သည် သံတိုသံစများကို တင်ဆောင်လျက်ရှိသည်။ ၎င်းတို့ တင့်ကားများနှင့် ကမ်းတက်ယာဉ်များ ထပ်မံထုတ်လုပ်ရန်အတွက် ရောမမီးဖိုများဆီသို့ ပေးပို့ခံရမည့် မြောက်အာဖရိကစစ်တလင်းများမှ ကိရိယာတန်ဆာပလာ အပျက်များဖြစ်သည်။

ဆလီဂိုနှင့် ချာတိတ်တို့သည် ‘စီ’ ခွဲတမ်း ကတ်ထူစက္ကူပုံးများပေါ်တွင် ထိုင်ကာ ထိုသင်္ဘောကြီးများကို ငေးကြည့်နေသည်။ နယူးယောက်မြို့သို့ တင်ပို့ခံရမည့် အီတလီအကျဉ်းသား အယောက် ၁၀၀ နှင့်အတူ အမေရိကန်တစ်စု တောင်ကုန်းပေါ်မှ ဆင်းလာသည်။

အကျဉ်းသားအချို့မှာ ညစ်ပတ်စုတ်ပြတ်နေကြပြီး အချို့ကား အမြင် မတော်လောက်အောင် အဝတ်စုတ်ပြဲနေသောကြောင့် အမေရိကန်တို့၏ ဘောင်းဘီတိုများ ဝတ်ထားကြသည်။ မည်သည့်သုံ့ပန်းမျှ အမေရိကန်နိုင်ငံသွားဖို့ ပျော်ရွှင်ပုံ

မရချေ။ သူတို့သည် ကုန်းပေါင်ကြီးပေါ်မှ ဆင်းလာကြပြီး သင်္ဘောပေါ် တက်ရန် အမိန့်ကို လူအုပ်ကြား၌ ရပ်စောင့်နေကြသည်။

"ကြည့်စမ်း. . . သူတို့တွေ အိမ်ပြန်ခွင့်ရပြီး ကျွန်တော်တို့ကျတော့ နေရစ်ခဲ့ရတယ်။ ခင်ဗျား ဘာလုပ်တာလဲ ဆလီဂို။ ခင်ဗျားဘောင်းဘီကို ဘာလို့ ဆီတွေ သုတ်နေရတာလဲ" ချာတိတ်က မေးသည်။

"ဒေါ်လာနှစ်ဆယ် ကြေးနော်။ မင်းကို ငါ လိုက်ရှာပြီး ပိုက်ဆံယူမယ်" ဆလီဂိုက မတ်တတ်ချွတ်ကာ ချာတိတ်ဆီ ပစ်ပေးလိုက်သည်။

"ရော့. . . မင်းအတွက် လက်ဆောင်ပဲ ချာတိတ်"

"ခင်ဗျား ဘာလုပ်မလို့လဲ ဆလီဂို"

"ငါ့နောက် မင်း မလိုက်လာနဲ့၊ မင်းက သိပ်အတယ်။ ဒေါ်လာ (၂၀) ကြေးနော်။ မင်းမမေ့နဲ့။ ကဲ. . . သွားပြီးနော်။ ဒသမရိပ်သာလမ်းမှာ ပြန်ဆုံမယ်"

ချာတိတ်သည် နားလည်ရခက်စွာဖြင့် ဆလီဂို ထွက်သွားပုံကို ငေးကြည့်နေသည်။ ညစ်ပတ်သော ဘောင်းဘီနှင့် စုတ်ပြဲနေသော ရှပ်အင်္ကျီဝတ်ဆင်ထားသော ဆလီဂိုက သံ့ပန်းများဆီသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်သွားသည်။ ထို့နောက် သူက သံ့ပန်းများကြား၌ မသိမသာဝင်ရောသည်။ ဦးထုပ်မရှိသော ဆလီဂိုဆီ လှည့်ကြည့်သည်။

အစောင့်များအား တစ်စုံတစ်ယောက် အမိန့်ပေးရာ သံ့ပန်းများကို ကုန်းပေါင်ပေါ်သို့ တက်ခိုင်းကြသည်။ ဆလီဂိုအသံက ကြည်လင်ပီသစွာ ထွက်လာသည်။

"ကျွန်တော် ဒီမှာ မရှိသင့်ဘူး . . . ဟေ့ ကျွန်တော့်ကို ဒီသင်္ဘောပေါ် မတက်ခိုင်းနဲ့လေ. . . "

"ပါးစပ်ပိတ်စမ်း၊ အီတလီကောင်။ ဘရွတ်ကလင်းမှာ မင်း ၁၆ နှစ်လုံးလုံး နေထိုင်ခဲ့ရင်လည်း ငါ ဂရုမစိုက်ဘူး။ အဲဒီ ကုန်းပေါင်ပေါ်တက်စမ်း" စစ်သား တစ်ယောက်က အော်လိုက်၏။

အင်တင်တင်လုပ်နေသော ဆလီဂိုအား အစောင့်တစ်ယောက်က ကုန်းပေါင် ပေါ် တွန်းထုတ်လိုက်သည်။

ကတ်ထူပုံးများပေါ် ထိုင်နေသော'ချာတိတ်'သည် ဆလီဂိုကို အထင်တကြီးနှင့် လှမ်းကြည့်နေသည်။ ဆလီဂို လက်ရန်းနားရောက်သွားပုံ၊ သင်္ဘောဆိပ်ခံတံတားပေါ် ပြန်ဆင်းဖို့ ရုန်းကန်ကြိုးစားနေပုံကို သူ မြင်လိုက်ရသည်။

"ကျွန်တော် အမေရိကန်နိုင်ငံသားပါ။ ကျွန်တော် အမေရိကန်စစ်သားပါ။ ခင်ဗျားတို့ ကျွန်တော့်ကို ဒီသင်္ဘောပေါ်တက်ခိုင်းလို့မဖြစ်ဘူး" ဆလီဂိုက အီတလီ

သံဝဲဝဲဖြင့် စူးစူးဝါးဝါး အော်ပြောနေသည်။

ချာတိတ်သည် ဆလီဂိုရုန်းကန်နေပုံကို တွေ့လိုက်သည်။ ပြီးတော့ . . . ဆလီဂို၏နောက်ဆုံးအောင်မြင်မှုကို တွေ့ရသည်။ ဆလီဂိုက အစောင့်တစ်ဦးအား လက်သီးနှင့် လှမ်းထိုးသည်။ အစောင့်က ဆလီဂို ဦးခေါင်းကို နံပါတ်တုတ်နှင့် လွှဲရိုက်သည်။ ဆလီဂို ခွေလဲကျပြီး သင်္ဘောပေါ်သို့ သယ်ဆောင်ခြင်းခံရရာ လူမြင်းကွင်းမှ ပျောက်သွားသည်။

"ကောင်းပါ့ကွာ။ တော်တော်လည်တဲ့ ငနဲကြီးပဲ။ သူ့ကို သူတို့ဘာမှလုပ်လို့ မရဘူး။ သူ့မှာ မျက်မြင်သက်သေတွေရှိတယ်။ တကယ့်လူလည်ကြီးပါပဲ။ အလို ဘုရားသခင် . . . အဲဒါ ဒေါ်လာ ၂၀ တန်ပါပေတယ်"

ချာတိတ်က တစ်ယောက်တည်း မပွင့်တပွင့် ပြောလိုက်သည်။ စက္ကူပုံးများ ပေါ်၌ သူ အကြာကြီး ထိုင်နေသည်။

သင်္ဘောကြီး ကမ်းမှခွာပြီး ဆွဲသင်္ဘောများက ရေငုပ်သင်္ဘောထောင်ဖမ်းသည့် ပိုက်ကွန်များနှင့် လွတ်ကင်းရာသို့ ဆွဲယူသွားသည်အထိ ထိုင်နေရာမှ သူ မထနိုင်ရှာ။ သင်္ဘောကြီးသည် အခြားသင်္ဘောအုပ်စုနှင့် ပူးပေါင်းလိုက်ပုံ၊ ဖျက်သင်္ဘောများက ချဉ်းကပ်လာပြီး သင်္ဘောများကို စောင့်ရှောက်ဖို့ နေရာယူကြပုံကို ချာတိတ်မြင်ရသည်။ ချာတိတ်သည် မြို့ထဲသို့ စိတ်ပျက်စွာ ခြေကျင်လျှောက်သွားသည်။ အယ်ဂျီးရီးယား ဝိုင်ပုလင်းတစ်လုံးဝယ်ပြီး သူ၏ ၄၈ နာရီ ခွင့်မစေ့မချင်း အိပ်စက်ရန် ရေချိုး ဆိပ်ကမ်းဆီသို့ ပြန်လျှောက်လာလေသည်။

**(John Steinbeck ၏ Over the Hill ကို ပြန်ဆိုသည်။)**

စံပယ်ဖြူ
၂၀၀၈၊ မတ်